
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုပြတ်မွန်မွန်

## သူမကို ကျွန်တော်က တိမ်တွေပေါ် ဆွဲတင်လိုက်တဲ့အခါ

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၇၄၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၂၇၁၀၁၀

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၁၃
ဆုပြတ်မွန်မွန်
သူမကို ကျွန်တော်က တိမ်တွေပေါ်ဆွဲတင်လိုက်တဲ့အခါ/ဆုပြတ်မွန်မွန်၊-ရန်ကုန်၊
စေတနာစာပေ၊ ၂၀၁၀။
၁၁၆ - စာ၊ ၁၂x၁၈ စင်တီ။
(၁) သူမကို ကျွန်တော်က တိမ်တွေပေါ်ဆွဲတင်လိုက်တဲ့အခါ

BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်မွန်မွန်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း ၁

"တီ တီ ... တီ တီ ... တီတီ"

ဖုန်းမြည်သံတစ်ခုက နား်ထဲသို့ တိုးဝင်လာလျှင် အိတုံသည် အဲဒီဖုန်းသံကို ဟင်းမှာသောဖုန်းသံ မဖြစ်ပါစေနဲ့ဟု ဆုတောင်းမိသည်။ အဲဒီ ဆုတောင်းကိုသာ အမေ သိလျှင်တော့ အိတုံကို ဆဲဦးလေမလားတော့ မသိချေ။ သိဘူး ... ဆဲလည်း မတတ်နိုင်ချေ။ အခုနကလေးတင်မှ ဆယ့်ငါးမိနစ်လောက် စက်ဘီး နင်းသွားရသော စက်ရုံတစ်ခုကို ဟင်းပါဆယ်တွေ သွားပို့ပြီး ပြန်လာခဲ့တာ အမောတောင် မပြေသေးပါ။

"အိတုံရေ"

လာပြီ ... ဒေါ်မွေးတို့ရဲ့ အသံပြကြီးရဲ့ ကြားရလျှင်တော့ အိတုံက မျက်နှာကို ရှုံ့မဲ့ထားလိုက်သည်။

"အိတုံရေ ... ဇီဇဝါလမ်းထဲက အထည်ချုပ်ကို ကြက်သား နှစ်ပွဲ၊ ဆိတ်ကလီစာတစ်ပွဲ၊ ပြောင်းဖူးကြော်ရှိသေးရင် ပြောင်းဖူးကြော်ပါ တစ်ပွဲတဲ့ဟော့ ...

မြန်မြန်လေး လာပို့ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မနေဘူး။ အရေးကြီးရင် မနေ့တည်းက ကြိုမှာထားကြ ... ဟင်း"

အိတုံက မကျေမနပ်နှင့် ရေရွတ်လိုက်ရင်း ဆေါင်ပေါ်က လက်သုတ်ပဝါကို စားပွဲပေါ်သို့ ပစ်ပေါက်ချလိုက်သည်။ အိတုံရဲ့ပွစိ ပွစိ မကျေနပ် ရေရွတ်သံကို အမေက ကြားသွားကာ ဟဲ့ဟု မာန်မဲသည်။

ပြီးတော့ ဟင်းပွဲတွေ ထည့်ပေးရင်းမှ အိတုံကိုလှည့်ကြည့်ကာ ...

"ဒီကောင်မလေး တစ်ယောက်ဟာလေ ကိုယ့်ဆီကို အားပေးတာတောင် ကျေးဇူးတင်ရကောင်းမှန်း မသိဘဲနဲ့ ငြူစူနေသေးတယ် ...

သူများတွေဖြင့် ရောင်းချင်လွန်းလို့၊ ဘယ့်နှယ်ဟာလေးမှန်း မသိဘူး"

"အမေ့ဖောက်သည်တွေက အားပေးမှာပေါ့။ ဖုန်းလေးတစ်ချက် ကောက်ဆက်လိုက်တာနဲ့ အဆင်ပြေနေကြတာကိုး ...

ကိုယ်တိုင် လာဝယ်ကြပါလား ... ဟင်း။ ဒေါ်မွေးကြီး အဲဒီဖုန်းနဲ့ လုပ်စားနေတာကိုတ မမိုက်တာ"

အိတုံက ကုမလားမနိုင် ရခိုင်မဲ၊ ဆောအိမ်က ဒေါ်မွေးကိုပါ မာန်မဲလိုက်လျှင် ဒေါ်မွေးက ရင်ဘတ်ဖိကာ ...

"အလိုတော် ... ညည်းက ကျုပ်စီးပွားကိုပါ တုတ်နဲ့လာထိုးနေပြန်ပြီ။ အဆင်ပြေတော့ ညည်းတို့ စီးပွားရေး





အဆင်ပြေတာပါတော့၊ ကျုပ်က ကြားထဲက ဘာမှမစားရ မသောက်ရ ပြောပေးနေရတာ"

"မပြောပေးနဲ့၊ နောက်ကျရင် ဟင်းကုန်ပြီလို့ ပြောလိုက်"

"ဟဲ့ ... ဒီကောင်မလေး။ ရော့ ... ရော့ ... ချဉ်ရည်ဟင်းကို ပါဆယ်ထည့်၊ နင် ဘာမှ အပျင်းထူမနေနဲ့၊ တစ်သက်လုံးက နင်တို့ကို ဒီဆိုင်လေးနဲ့ပဲ ရှာဖွေကျွေးလာရတာ၊ ပြီးတော့ မအေကို အခုမှ ကူရတာ ...

သူတစ်ယောက်ဖြင့် စာမေးပွဲအောင်သွားလို့ မအေကို ကူဖော်လောင်ဖက်ရမလား မှတ်ရတယ်၊ စက်ဘီးလေးနဲ့ ဟိုနား ဒီနားပြေးရတာကို သူက ပင်ပန်းပြနေတာ"

"အွန် ... ဟိုနား ဒီနား ဟုတ်လား၊ နေက ခေါင်းပေါ်တည့်တည့်ရောက်နေတာ အမေရဲ့၊ ဟင်း ... ခုဆို မှာတာတွေက များများလာပြီ၊ အမေ သမီးကို လခပေးသင့်ပြီ"

"အောင်မယ်လေး ... သူက အမေဆီက လခလာတောင်းနေသေးတယ်၊ ကဲ ... သွားစမ်းပါဟယ် သွား ... သွား၊ နင့်ကိုပြောရတာ လေကုန်တယ် ...

ငါ့တူလေး လာပြီကိုး၊ ဘာဟင်းနဲ့စားမလဲ၊ ကြက်သည်းမြစ်က ကုန်သွားပြီကလေးရဲ့၊ ဩော် ... ငါးမြင်းဆီပြန်ရှိသေးတယ် ရမယ်"

အမေက စားသုံးသူတစ်ယောက်ထံ အာရုံအပြည့်ရောက်သွားလျှင် အိတုံက ဟင်းခန်း ရှုံ့မဲ့ကာ ဟင်းပါဆယ်တွေများ



www.burmeseclassic.com

www.burmeseclassic.com



ကို စက်ဘီးခြင်းထဲက ချိတ်လေးများမှာ ချိတ်ပြီးနောက် လက်စွဲတော်ကပ်ဦးထုပ်ကို ဆောင်းကာ စက်စီးကိုနင်း၍ ထွက်လာခဲ့ရသည်။ အချိန်က ဆယ့်နှစ်နာရီရှိပြီမို့ နေက ခေါင်းပေါ်မှာ တည့်တည့်ပဲဖြစ်သည်။ ဪ ... လုပ်စားရတဲ့ဘဝဟု စိတ်နှာစွာတွေးကာ စက်ဘီးကို အားကုန်ထည့် နင်းမိတော့သည်။

အိတုံတို့နေထိုင်ရာ ရပ်ကွက်သည် စက်မှုဇုန်ကြီးတစ်ခုနားက ရပ်ကွက်ငယ်လေးမှာ ဖြစ်ပါသည်။ အိတုံငယ်ငယ်တည်းက အဖေက ကုန်ကားဒရိုင်ဘာဖြစ်ပြီး အမေက အသုပ်ဆိုင်လေးဖွင့်ခဲ့တာဖြစ်သည်။ ယခင်ကတော့ ဒီဘက်က အဲဒီလောက်မစည်ကားသေးချေ။ နောက်တော့မှ စက်ရုံတွေ၊ အလုပ်သမားတွေပေါ်များလာတာနှင့် အမြင်ကျယ်သောအမေဟာ အသုပ်ဆိုင်ကနေ ထမင်းဆိုင်ဘဝသို့ ရာထူးတိုးယူလိုက်တာဖြစ်သည်။ လက်ဆိပ်လည်းရှိပြီး ဟင်းချက်ကောင်းလှသော အမေ့လက်ရာကို စားဖူးသူတိုင်းက နှစ်ခြိုက်ကြပါသည်။ ရည်ရွယ်တာကတော့ အခြေခံလူတန်းစားတွေအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ရောင်းချတာဖြစ်ပေမယ့် စေတနာကောင်းပြီး သန့်ရှင်းမှုကို အထူးအလေးပေးသောကြောင့် စက်ရုံတွေက ဝန်ထမ်းအကြီးပိုင်းတွေကပါ စိတ်ဝင်စားပြီး အားပေးစားသောက်ကြသည်။

အမေက ရာသီစာလေးတွေကိုပါ ဖွယ်ဖွယ်ရာရာ စီမံချက်ပြုတ်တတ်သောကြောင့် ဒေါ်ထွေး ထမင်းဆိုင်လေးဟာ ဒီနားတစ်ဝိုက်မှာတော့ ကောင်းခြင်းဖြင့် ပျံ့နှံ့လေသည်။ အိတုံ





ရှစ်တန်းနှစ်မှာ အဖေတစ်ယောက် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးပါးသွားသော်လည်း အခြေအနေမပျက်ခဲ့။ အမေ့ ထမင်းဆိုင်လေးဟာ အိတုံတို့သားအမိကို မချမ်းသာစေသော်လည်း ခါးလှအောင်၊ ဝမ်းဝအောင်တော့ အကျိုးပြုနိုင်ခဲ့သည်။

အိတုံ ဆယ်တန်းမအောင်ခင်ကတော့ အမေ့ဆိုင်ကို သိပ်မကူနိုင်ခဲ့ပါ။ အမေရယ် အရင်တည်းကခေါ်ထားသော ဆွေမျိုးနီးစပ်တော်သည့် မမြစိမ်း ဆိုသော အစ်မကြီးရယ်ပဲ ရှိခဲ့ကာ ပန်းကန်ဆေး အိုးတိုက် ခွက်တိုက်အတွက်ကတော့ နေ့စားမိန်းမတစ်ယောက်ကို ငှားထားခဲ့သည်။ အိတုံကတော့ တစ်ခါတလေ ကျောင်းပိတ်ရက်မှသာ ကူဖြစ်သည်။ အိတုံတို့ဘေးအိမ်က တယ်လီဖုန်းပြောစားသော ဒေါ်မွေးရဲ့အိမ်ဖြစ်လေရာ ဟင်းဝယ်လာရင်း စကားဆက်စပ်မိသော ဈေးဖောက်သည်များမှာ ဘေးအိမ်ကို ဖုန်းဆက်ပြီး' အော်ဒါမှာရကောင်းမှန်း သိလာသည်။

အော်ဒါပါလျှင် လာပို့ပေးခပေးသော်လည်း သိပ်နေပူသောအခါမျိုးမှာတော့ အိတုံက သွားမပို့ပေးချင်တော့။ ဒါကြောင့် ဖုန်းသံကြားလျှင် လူက အလိုလို လန့်နေတော့တာဖြစ်သည်။ စက်ရုံတွေက ဟင်း;အော်ဒါမှာတာကလည်း မနက်ပိုင်း ထမင်းစားချိန်သာဖြစ်တာမို့သာ တော်တော့သည်။ ညနေသာ ပို့ပေးရလို့ကတော့ အိတုံတော့ အသက်ထွက်မှာပင်။

အိတုံသည် ဟင်းမှာထားသော စက်ရုံရှေ့သို့ ရောက်လျှင် စက်ဘီးကိုရပ်ကာ ဘဲလ်တီးလိုက်သည်။ မှာထားသော ဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းအမျိုးသမီးက ထွက်လာပြီး ဟင်းထုပ်တွေကိုယူကာ ငွေရှင်းပေးသည်။ အိတုံက ပိုက်ဆံကို ရေတွက်ပြီးနောက် အိတ်ကပ်ထဲထည့်ကာ ပြန်ထွက်လာခဲ့သည်။ အိမ်လည်းပြန်ရောက်သောအခါ လူက တော်တော်မောနေပေပြီ။ အမေ့ကို ပိုက်ဆံပေးရင်းမှ ...

"အမေ ကြက်သားဟင်းနဲ့ ထမင်းပုံပေးဗျာ၊ ထမင်းစားတော့မယ်၊ ချဉ်ပေါင်ကြော် ကျန်သေးတယ်မဟုတ်လား ထည့် ...

မမြစိမ်း ငါးပိရည် တို့စရာချပေး၊ ဟင်းချိုက ကြက်ရိုးနဲ့ခွေးတောက်ရွက်ဟင်းချို သောက်မှာနော်"

အိတုံရဲ့အကြောင်းကို သိနေသော မမြစိမ်းကတော့ ပြုံးစိပြုံးစိ လုပ်နေသော်လည်း အမေကတော့ မျက်စောင်းတစ်ချက်ဝဲပျံထိုးလာကာ ...

"စက်ဘီးလေးနင်းပြီး ဟင်းပါဆယ် သွားပို့ပေးရတာများ စစ်ထွက်တိုက်ရတာကျနေတာပဲ မောပန်းပြနေတယ် ...

ဆိုင်မှာရော ဟင်းချက်တဲ့နေရာမှာရော ဟုတ်တိပတ်တိကူတာလည်းမဟုတ်ဘဲနဲ့၊ ပါဆယ်ပို့ရတာကို အကြောင်းပြပြီး စားလိုက်ရင်တော့ ရှယ်ချည်း"

"အမယ်လေး ... ကြက်ရိုးလေးထည့်ပေးပြီး ရှယ်လို့ပြောပြန်ပြီ၊ ဒါဆို ပုစွန်ဟင်းထည့်ပေးလေ ... ဟင်း"

"ပုစွန်ဟင်းတော့မရဘူး၊ ပုစွန်ခေါင်းပဲရမယ်၊ ကဲ ... စားစား၊ စကားမများစမ်းနဲ့၊ နင်နဲ့ ဖက်မပြောနိုင်အားသေးဘူး ...





ဩော် ... အန်တီဝင်း၊ ကိုယ်တိုင်လာဝယ်သလား၊ ဖုန်းဆက်မှာလိုက်ပြီးရော အန်တီဝင်းရယ်၊ စာရေးကြီးအကြိုက် ဝက်ပုန်းရည်လေး ကျန်သေးတယ်"

"ဟုတ်လား ထည့် ... ထည့်၊ အင်း ... ဖုန်းဆက်မှာဖို့ရာ မမွေး ဖုန်းနံပါတ်က မေ့,မေ့သွားလို့၊ အသက်ကြီးတော့ မှတ်ဉာဏ်တွေက မကောင်းတော့ဘူးလေ၊ ဒီတစ်ခါကျမှပဲ မမွေးဖုန်းနံပါတ်ကို သေချာမှတ်သွားရမယ်"

အပေးအယူတည့်နေလေသော အမေနှင့် သူ့ဖောက်သည်ကို အိတုံက မျက်လုံးပြူးကြည့်လိုက်ပြီးမှ ထမင်းတစ်လုတ်ကို စတင်စားလိုက်သည်။ မမြစိမ်းက အိတုံသောက်ဖို့ ဟင်းချိုပန်းကန် လာချပေးရင်းမှ ...

"ငါလည်း စက်ဘီးစီးတတ်ရင် သွားပို့ပေးပါတယ် အိတုံရယ်၊ ခက်တာက ငါကလည်း စက်ဘီးမစီးတတ်"

အိတုံက လာချပေးသော ဟင်းချိုကို ဖူးခနဲမြည်အောင် မှုတ်သောက်ရင်းမှ ...

"စက်ဘီးစီးတာများ ဘာခက်တာမှတ်လို့၊ ကလေးပေါက်စ သင်ပေးတောင် တတ်တဲ့ဟာ၊ မမြစိမ်းကို သင်ပေးမယ်ဆိုတော့ လက်မှမခံဘဲ"

"ဟဲ့ ... သင်ရအောင် ဘယ်မလဲအချိန်၊ ညမိုးချုပ်မှ ဆိုင်က သိမ်းတဲ့ဟာ၊ ဆိုင်သိမ်းတော့လည်း နောက်တစ်နေ့အတွက် ပြင်ဆင်ချက်ပြုတ်ရသေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ကြည့်ချင်တဲ့ ကိုရီးယားကားလေး တောင် ပြီးအောင်မကြည့်ရဘူး၊ အိပ်ပျော်သွားလို့"

"ဒါပဲ ဆင်ခြေကတော့အပြည့်ပဲ၊ အမေတို့မျှား ကိုယ့်သမီး ကိုယ် နိုင်နင်းသာနိုင်းချင်တာ၊ လိုချင်တာကျတော့ ဘာမှ ဝယ်မပေးချင်ဘူး ...

ဒါကြောင့် အိတုံတို့က ကိုယ်ပိုင်အလုပ်လုပ်ချင်တာ၊ ကိုယ့်ဝင်ငွေ ကိုယ်ရမှ ကိုယ်သုံးချင်တာ သုံးလို့ရမှာ ...

ခက်တာက ဘာအလုပ်လုပ်ရမယ် ဆိုတာကို မသိ တာပဲ"

"ဒီအလုပ်ပဲကောင်းပါတယ်ဟယ်၊ ဘယ်ဆောက်အေးချမ်း သလဲ"

"အေးချမ်းပါဘူး၊ မမြစိမ်းသာ အေးချမ်းနေ၊ အဲဒီလိုရောင့် ရဲတတ်တဲ့စိတ်ဓာတ်မျိုးနဲ့တော့ တစ်သက်လုံး ဒီဘဝက တက်မှာကို မဟုတ်ဘူး"

"အောင်မာ ... နင်ကများ ငါ့ကို ကြီးကြီးကျယ်ကျယ် တွေ ပြောနေတယ်၊ နင်က ဒီဘဝကနေ ဘယ်ဘဝကို တက်ချင်လို့လဲ"

"ဩော် ... ချမ်းသာတဲ့ဘဝပေါ့ မမြစိမ်းရဲ့၊ လောကမှာ ကြိုက်တဲ့သူကိုသွားမေး၊ ချမ်းသာချင်တဲ့လူချည်းပဲ၊ ပိုက်ဆံလိုချင်တဲ့လူချည်းပဲ ...





အိတုံက ကျိုကျိုတက်ကြီး ချမ်းသာချင်တာကိုပြော တာမဟုတ်ပါဘူး၊ တိုက်တစ်လုံး ကားတစ်စီးနဲ့ လစဉ်ဝင်ငွေ ဆယ်သိန်းလောက်ရှိရင် တော်ပါပြီ ... ဟဲ ဟဲ၊ တစ်နှစ်ကို နှစ်ခါလောက် ခရီးလေး ဘာလေးထွက် ...

စင်ကာပူ ဗန်ကောက်ကို ရှော့ပင်းသွား၊ အဲဒီလောက်ဆို ရပါပြီ ... ဟီး ဟီး"

"ဟင့် ..., နင့် ရပါပြီကလည်း တော်ဦးမှပဲ"

"ဟုတ်တယ်လေ၊ ဘဝမှာ လူရယ်လို့ဖြစ်လာပြီး အဲဒီလောက်လေးတော့ နေချင်တာပေါ့၊ သူများတွေလို သံလွင်လမ်းမှာ တိုက်ကြီးအခံ့ပျံစားနဲ့ LV အိတ်တွေ ဘာတွေကိုင်ရမှ၊ i phonc တွေ ဘာတွေကိုင်ရမှ ဆိုတဲ့ဟာမျိုး မဟုတ်ပါဘူး"

"ဟဲ့ ... LV အိတ်တို့၊ i phone ဆိုတာတွေက ဘာလဲ"

"သိဘူးဗျာ၊ အဲဒါတွေက ရွှေဝါပြောတာပဲ၊ ရွှေဝါလာတော့မှ မေးကြည့်ပေတော့"

"ရွှေဝါဆိုလို့ သူက မော်ဒယ်လ်သင်တန်း တက်နေတာနော်၊ မော်ဒယ်လ်လုပ်မလို့လား"

"ဩော် ... ကျားကိုက်ပါတယ်ဆို အပေါက်နဲ့လာမေးနေပြန်ပြီ၊ ပျော်လို့တက်တာရှိမလားဗျ၊ ပိုက်ဆံရချင်လို့ပေါ့"

"မော်ဒယ်လ်လုပ်ရင် ပိုက်ဆံရတယ်ပေါ့၊ ဒါဖြင့်ရင် နင်က ဘာလို့မလုပ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



အိတုံက ငါးမီရည်နှင့် ကြက်သားဟင်းအနှစ် သမစွာ နယ်ထားပြီး သခွားသီးမြှုပ်ထားသော ထမင်းကို အားပါးတရ ငါးဝင်း အရသာခံရင်းမှ ...

"မလုပ်ချင်ပါဘူး၊ အိဖေကိုယ်မှ ဝါသနာမပါဘဲ၊ မိတ်ကပ်တွေလိမ်းပြီး လမ်းတွေလျှောက်ပြရတာ ပျင်းစရာ ...

ပြီးတော့ အဲဒီအလုပ်က ဘဝအာမခံချက်လည်းရှိတာမဟုတ်ဘူး၊ သူဌေးသမီးတွေပဲ ပေါ်ပြူလာဖြစ်ရုံ လုပ်လို့ကောင်းတယ်ကွယ့်၊ အဲဒီမိန်းမသာ မနေနိုင် မထိုင်နိုင် ပိုးထနေတာ၊ ကောင်းတော့ ကောင်းပါတယ်လေ ...

သူပြောပြလို့ပဲ အဲဒီ LVအိတ်တွေ ဘာတွေအကြောင်း သိရတာ၊ အဲဒီ LVအိတ်တစ်အိတ်ကို သိန်းနှစ်ဆယ်အစိတ်လောက် တန်တယ်တဲ့"

အိတုံရဲ့စကားကြောင့် မမြစိမ်းရဲ့ မျက်လုံးက ဆန်ကောလောက်ပြူးထွက်လာကာ ရင်ဘတ်ကို အလန့်တကြားဖိလျက် ...

"ဘုရားရေ ... အဲဒါ ဘာအိတ်တုံး၊ အဝတ်ထည့်ရတဲ့အိတ်အကြီးကြီးတွေလား"

"ဟီး ဟီး ... ဟုတ်နေဦးမယ်၊ ရိုးရိုးပိုက်ဆံအိတ်ပဲ၊ ဒါပေမဲ့ ဈေးက အဲဒီလောက်ရှိတယ်၊ အဲဒါမျိုးတွေ ဟိုးနားဒီနားသွား ကိုင်ကြတယ် ဒေါ်မြစိမ်းရဲ့၊ မယုံရင် ပုံပြင်မှတ် ... ဟဲ ဟဲ"





"အမယ်လေး ... လက်ကိုင်အိတ်တစ်လုံးကို သိန်းနှစ်ဆယ်၊ ဘုရား ... ဘုရား ... ဘယ်လိုလူမျိုးတွေက ကိုင်ကြသလဲကွယ်"

"အင်း ... အဲဒါကြောင့် ဒီတ်အောက်သွားပြီ၊ ခုဆို သိန်းရှစ်ဆယ်တန်အိတ်တောင် ကိုင်တဲ့လူရှိတယ်တော်ရေ"

"အောင်မယ်လေး ... မြတ်စွာဘုရား၊ တို့ရွာမှာ အိမ်ရောထော်လာဂျီရောပါ ဝယ်ရင်တောင်ရတဲ့ ပိုက်ဆံပါလား"

"ဟဲ့ ... မြစိမ်း ထမင်းနည်းနေပြီ၊ နောက်တစ်အိုးတည်ဖို့လုပ်ဦး၊ ဘာတွေ စကားများနေတာလဲ၊ ဟိုကောင်မလေး ထမင်းကို ဖိမ်ဆွဲပြီးစားမနေနဲ့ ...

စားပြီးရင် အအေးကတ် သွားလဲဖို့လုပ်ဦး"

အမေက လှမ်းအော်ပြီး လူစုခွဲလိုက်လျှင် မမြစိမ်းက လျှာတစ်လစ်ထုတ်ပြီး ထွက်ပြေးသွားသည်။ အိတုံကတော့ မကျေမနပ်နှင့် ဟင်ခနဲ လုပ်ပြီးမှ ထမင်းကို လက်စသတ်ရသည်။ ပြီးတော့ ဆိုင်မှာတင်ရောင်းသည့် အအေးပုလင်းတွေ အခွံလဲဖို့အတွက် စက်ဘီးတိုနင်းကာ ထွက်ရပြန်လေသည်။

အိတုံရဲ့ နေ့စဉ်ဘဝတွေကတော့ ဒီလိုပဲ စိုင်းထီးဆိုင်သီချင်းထဲကလို ဘီးလေးကိုစီး ဆိုတာမျိုးပဲ ဖြစ်တော့သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဘော့စ် ... လူကြီးမင်းနဲ့ V.Z.O ပြောဖို့ အဆင်သင့်ဖြစ်ပါပြီ၊ ကွန်ပျူတာရှေ့ လာထိုင်ပါတော့"

အန်ကယ်ဂျိမ်း၏ အောင်မြင်ခဲ့ညားသော တင်ပြသံအဆုံးတွင် သူက မျက်ခုံးကို တွန့်ချိုးကာ ကျစ်ခနဲ စုတ်သပ်လိုက်သည်။ သူက ဖုန်းပြောနေတာမို့ ဖုန်းကို နားအနားမှခွာကာ ...

"ကျွန်တော် ဖုန်းပြောနေတာ မပြီးသေးဘူးလေဗျာ၊ ဘာလို့ လက်ခံလိုက်ရတာလဲ"

"လက်မခံလို့မဖြစ်ပါဘူး ဘော့စ်၊ တစ်ဖက်က လေဒီဂရေ့စ်က လူကြီးမင်း ရယ်ဒီဖြစ်နေပြီလို့ သတင်းပို့လို့ပါ ..."

ဘော့စ်ရဲ့ဖုန်းက ပြီးရင် ပြန်ပြောလို့ ရပါတယ်၊ အိုခေနော် ဘော့စ်"

သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းကာ ဘေးသို့ချထားသောဖုန်းကို ပြန်ကောက်ယူလိုက်ရင်း ...





"အဲဇာ ကိုယ် ခဏနေမှ ပြန်ဆက်မယ်၊ အဘိုးနဲ့ V.Z.O ပြောရမှာမို့လို့ ပလိစ်"

"ရပါတယ် ဒါပဲနော်"

အဲဇာက အလိုက်တသိ ဖုန်းချသွားသည်။ သူက ထိုင်ရာမှထလိုက်လျှင် အန်ကယ်ဂျိမ်းထံမှ ဒီလိုမှပေါ့ ဟူသော အပြုံးကြီးက မိန့်မိန့်ကြီး ထွက်ပေါ်လာကာ သူ့ကို လာပါ ကြွပါ ဟူသောသဘောမျိုးဖြင့် ရှေ့ကဦးဆောင်ခေါ်သွားကာ ကွန်ပျူတာရှေ့မှာ ထိုင်စေသည်။ ကွန်ပျူတာပေါ်မှာ ပေါ်နေတာက သူ့ရဲ့ ချစ်လှစွာသော အဘိုး ဆိုတာထက် ကြောက်ရလှစွာသော အဘိုး ဦးမင်းခန့်၏ ရုပ်ပုံလွှာဖြစ်သည်။

တစ်နိုင်ငံစီ ဝေးကွာနေထိုင်ကြသော သူတို့မြေးအဘိုးသည် တွေ့ဆုံစကားပြောစရာရှိလျှင် ဒီလိုနည်းနဲ့သာ တွေ့ဆုံကြရလေသည်။ သူက ရှုတည်တည်ကြီး ထိုင်နေသော အဘိုးရဲ့ရုပ်ပုံလွှာကို ခေါင်းတစ်ချက်ညွှတ် အရိုအသေပေးလိုက်ပြီးတော့မှ စတင်နှုတ်ဆက်လိုက်ရသည်။

"မင်္ဂလာပါ အဘိုး"

အဲဒါက သူတို့မိသားစုရဲ့ အစဉ်အလာပင်။ စည်းကမ်းကြီးသော၊ ငယ်သူက ကြီးသူကို ဂါဝရထား ရှိသေလေးစားရမည်ဟု ငယ်စဉ်တည်းက ပုံစံသွင်း လေ့ကျင့်ထားခြင်း ခံရသော သူ့အတွက်တော့ စည်းကမ်းနှင့် တစ်သားတည်း ကျနေပြီဟု ပြော၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်္ဂလာပါ၊ ဘယ်လိုလဲ ထည်ဝါ၊ မင်း ဒီကို ပြန်လာဖို့ မစဉ်းစားတော့ဘူးလား"

"အဲဒီလို မဟုတ်ပါဘူး အဘိုး"

"ဒါဖြင့် ဘယ်လိုလဲ၊ ရှင်းစမ်းပါဦးကွ"

"ဟို ... အင်း"

သူက ဘာပြန်ပြောရမှန်းမသိစွာနှင့် နားထင်ကို လက်ညှိုးနှင့်အသာကုတ်ကာ ဆေးနားမှာရပ်နေသော အန်ကယ်ဂျိမ်းကို မော့်ကြည့်မိသည်။ အန်ကယ်ဂျိမ်းက ဘာမှ မတတ်နိုင်ဘူး ဟူသော ပုံစံဖြင့် မျက်ခုံးတစ်ချက် ပင့်ပြသည်။ သူက စိတ်အိုက်စွာဖြင့် ကွန်ပျူတာမျက်နှာပြင်ကို ပြန်ကြည့်လိုက်သည်။

အပြင်မှာတွေ့တာတောင် မဟုတ်ဘဲ ကွန်ပျူတာထဲမှာတောင် အဘိုးရဲ့စူးရှသော အကြည့်ဒဏ်တွေကို မခံနိုင်ပါ။

"ဟို ... ဒီလိုပါ အဘိုး၊ ဆရာတစ်ယောက်လေ၊ အော်ပရေးရှင်းလုပ်ရမှာဆိုတော့ အဲဒါ ကျွန်တော်က လူနာမေးဖို့ကိစ္စလေး ... ဟင်း ဟင်း ... အဲဒါလေး ရှိနေသေးလို့ပါ"

သူ့အဘိုးက သူ့ကို ကွန်ပျူတာထဲမှ မခိုးမခန့် ပြုံးစိုက်ကြည့်ကာ ...

"အဲဒါက ဘယ်တော့လဲ"

"ဗျာ ... ဟို ... လကုန်ပါ၊ ဒီလကုန်မှပါ"

"ဒီလကုန် အေး ... အခုမှ လဆန်းဆယ်ရက်လောက်ပဲ ရှိသေးတာဆိုတော့ နှစ်ပတ်လောက် လိုသေးတာပေါ့၊ အဲဒီ





နှစ်ပတ်ပြီးရင်တော့ မင်းမှာ ဘာကိစ္စရှိသေးလဲ ပြော၊ တစ်ခါတည်းပြော၊ မင်း စင်ကာပူမှာ နောက်ထပ် ထပ်နေဖို့ ဘာအကြောင်းကိစ္စတွေ ကျန်သေးလဲ၊ ဒီနေရာမှာ ငါ့ကို တစ်ခါတည်းပြော"

သူက အာခေါင်တွေ ခြောက်လာသဖြင့် တံတွေးကို တစ်ချက်မျိုချလိုက်ကာ ...

"ဟို ... အဲ ... အဲဒါပါပဲ၊ ဆရာ ဆေးရုံတက်ပြီး တစ်ပတ်လောက်နေရင် ပြီးပါပြီ၊ ဘာကိစ္စမှ မရှိတော့ပါဘူး"

"သေချာပြီပေါ့၊ ဒါဖြင့်ရင် ရှေ့လ (၁၀)ရက်နေ့မှာ မင်း မြန်မာနိုင်ငံကို အရောက်ပြန်လာနိုင်ပြီပေါ့"

"ဟုတ်ကဲ့ပါ အဘိုး"

"အေး ပေါ့ကွာ၊ မင်း ရှေ့လ (၁၀)ရက်နေ့မှာ ရန်ကုန်ကို ရောက်လာနိုင်မယ်လို့ ငါ အတိအကျ ယုံထားလိုက်ပြီ ...

မင်း ဒီဂရီယူပြီးတာ သုံးလရှိခဲ့ပြီ၊ ဟိုကိစ္စ ဒီကိစ္စတွေကို အကြောင်းပြပြီး စင်ကာပူမှာနေခဲ့တာ သုံးလရှိခဲ့ပြီ၊ အေး ... မင်းက မြန်မာပြည်မှာ မွေးခဲ့ပေမယ့် အဲဒီမှာပဲ လူဖြစ်လာခဲ့သူမို့ မင်း ရုတ်တရက်ခွဲပြီး ပြန်မလာချင်ဘူး ဆိုတာ ငါ နားလည်တယ် ...

ဒါပေမဲ့ မင်းကို ငါ ငယ်ငယ်လေးတည်းက ရိုက်သွင်းပေးထားတဲ့အသိ ရှိပြီးသားပဲ၊ အဲဒါကို မင်းကိုယ်တိုင်လည်း နားလည်လက်ခံပြီးသားပဲ၊ မင်းသည် မြန်မာစစ်စစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ အဲဒီမှာ ပညာတွေသင်နေရပေမယ့် အားလုံးပြီးဆုံးသွားတဲ့အခါ မင်း ဒီကို ပြန်လာရမယ်၊ ဒီမှာ အလုပ်တွေ လုပ်ရမယ်ဆိုတာ မင်း သိထား၊ နားလည်ပြီ သားကိစ္စတွေ ...

ဒီကိစ္စတွေကို မင်း ချိုးဖျက်စရာ ဘာအကြောင်းမှ မရှိဘူး၊ အဲဒီတော့ မင်းဟာ ငါ့မြေးဖြစ်တယ်၊ ငါ့လိုပဲ စကားတည်ပါ၊ ကတိတစ်လုံးကို တန်ဖိုးထားပါ၊ မင်းကို အဲဒီလောက်ပဲ ပြောချင်တယ်၊ ဒီလောက်ဆို မင်း သဘောပေါက်ပါ"

"ဟုတ်ကဲ့ပါ အဘိုး"

အဘိုးက သူ့ကို ခပ်တည်တည်ဖြင့် တစ်ချက်ကြည့်ကာ ...

"လူတိုင်းမှာ ဖိလင်တွေတော့ရှိတတ်တာပဲကွ၊ အဲဒီဖိလင်ကို အမြဲတမ်း ဦးစားပေးနေရရင် ဘဝဆိုတာ ဘယ်ပီပြင်တော့မလဲ ...

ရင့်ကျက်တဲ့စိတ်ဓာတ်ကို မွေးယူစမ်းပါ၊ ကြားသလား"

"ဟုတ်ကဲ့"

"အေး ... ဒါဆိုရင် ငါ နားတော့မယ်၊ မင်း ဘာပြောစရာ ရှိသေးလဲ"

"မရှိတော့ပါဘူး အဘိုး"





"မရှိရင်လည်း ပြီးတာပဲ၊ မင်း မှတ်ထားနော်၊ ဂျိမ်းလည်း ကြားမှာပဲ၊ ရှေ့လ (၁၀)ရက်နေ့ မင်းတို့ ရန်ကုန်မြေကို နင်းပြီးသား ဖြစ်ရမယ်"

"ဟုတ်ကဲ့ပါ အဘိုး"

သူရော အန်ကယ်ဂျိမ်းရောက ခေါင်းညွှတ်ပြီး တစ်ပြိုင်နက်ပြောလိုက်ကြချိန်ဝယ် သူ့အဘိုးရဲ့ရုပ်ပုံလွှာက ပျောက်ကွယ်သွားပြီဖြစ်ပြီး ပေါ်လာတာက အဘိုးရဲ့ P.S.Oအန်တီဂရေ့စ် ဖြစ်သည်။ ဆံပင်တိုတို၊ ကုတ်အနက်ရောင်ဖြင့် တကျသပ်ရပ်နေသော အန်တီဂရေ့စ်က သူ့ကို ပြုံးပြီးနှုတ်ဆက်သည်။

"ဟိုင်း ... ဘော့စ်"

"အန်တီဂရေ့စ် ... အဘိုး နေကောင်းတယ် မဟုတ်လား"

"လူကတော့ နေကောင်းပါတယ်၊ ဒါပေမဲ့ ဘော့စ် ပြန်ရောက်လာရင် ပိုကောင်းသွားလိမ့်မယ်"

"အိုကေ ... ပြန်လာမှာပါခင်ဗျာ"

"ပြန်လာရမှာပေါ့ ဘော့စ်၊ မြန်မာပြည်မှာပဲ ဘော့စ်ရဲ့အိမ် ရှိတယ်လေ၊ ဒီရောက်ရင် ဘော့စ် ပျော်သွားမှာပါ"

မပျော်နိုင်ပါဘူးဗျာ ဟူသော စကားကိုတော့ သူ့ရင်ထဲမှာပဲ ကျိတ်ပြောမိသည်။

"အန်တီဂရေ့စ် ... အန်ကယ်ဂျိမ်းနဲ့ ပြောလိုက်ဦး၊ ကျွန်တော် နားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ကွန်ပျူတာရှေ့မှ ထွက်ခွာလာပြီးနောက် မှန်တံခါးများသို့သွားကာ ဆယ့်ခြောက်ထပ်မှ မြင်နေရသော စင်ကာပူညချမ်းရှုခင်းကို ငေးမောနေမိကာ ရင်ထဲမှာ မွန်းကျပ်လာသည်။ ကြယ်တွေ သိပ်မမြင်ရသော စင်ကာပူရဲ့ကောင်းကင်သည် သူ့အဖြစ်ကို ကိုယ်ချင်းစာနေသည့်အလား ရှိနေသည်။ သူက ကြယ်လေးတစ်ပွင့်ကို စိုက်ငေးနေမိကာ သူ့ဘဝဇာတ်ကြောင်းကို ပြန်လည်သုံးသပ်ဆင်ခြင်မိသွားသည်။

အခုနက သူနဲ့ On line မှာတွေ့ကာ V.Z.O ပြောခဲ့သော သူ့အဘိုးသည် ဦးမင်းခန့်ဟု အမည်တွင်ပါသည်။ အဘိုးသည် မြန်မာပြည်တွင် မသိသူမရှိသော DAWN အမည်ရသော စီးပွားရေးလုပ်ငန်းများစွာကို ပိုင်ဆိုင်သည်။ လူသိများ ထင်ရှားသော လုပ်ငန်းများကို ခွဲထုတ်ပြရလျှင် လေကြောင်းလိုင်းတစ်ခုအပါအဝင် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများ၊ သတ္တုတူးဖော်သည့်လုပ်ငန်းများ စသဖြင့်များပြားစွာရှိသည်။

ဒါပေမဲ့ အဘိုးမှာ အားကိုးစရာ ညာလက်ရုံးဖြစ်သူ သားတော်မောင်က မရှိတော့။ သူ့မိဘနှစ်ပါးသည် သူ သုံးနှစ်သားအရွယ်ကပင် ဥရောပနိုင်ငံတစ်ခုသို့ သွားရင်း လေယာဉ်ပျက်ကျသည့်အထဲ ပါသွားခဲ့သည်။ သူဟာ မိဘနှစ်ပါးကို ရေရေရာရာတောင် မမှတ်မိတော့ချေ။ သူ လူမှန်းသိတတ်စအရွယ် ငယ်ငယ်တည်းက စင်ကာပူမှာ ကျောင်းသွားတက်ခဲ့ရသည်။ မူလတန်းမှ





ဧ ယခုဘွဲ့ရသည့်အချိန်ထိ စင်ကာပူမှာပဲ နေခဲ့ရသည်။ ရန်ကုန်သို့ ကျောင်းပိတ်မှ ပြန်ရသည်။ ပြန်တိုင်းလည်း သူ့အိမ်ဟာ ရန်ကုန်မှာ၊ တစ်နေ့ အိမ်ကိုပဲ ပြန်လာရမည်ဟူသော အသိအား အဘိုးက စွဲနေအောင် ထည့်ပေးပြီးသားဖြစ်သည်။

သူ့ကို စင်ကာပူမှာ ကျောင်းတက်စေခဲ့တဲ့ ရည်ရွယ်ချက်က နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး လုပ်ငန်းတွေကို လုပ်ကိုင်နေသူ အဘိုးသည် သူ့ကိုလည်းငယ်ငယ်တည်းက International အသိုင်းအဝိုင်းနှင့် ထိစပ်စေချင်ခဲ့၍ဖြစ်သည်။ လူကိုသာ ငယ်ငယ်တည်းက ကမ္ဘာနှင့် မိတ်ဆက်ပေးထားခဲ့သော်လည်း မြန်မာစိတ်ဓာတ်ကိုတော့ အပျောက်မခံစေခဲ့။ သူကလည်း မပျောက်ခဲ့ပါ။ ဒါကြောင့် အရွယ်ရောက်ပြီး ရင်ခုန်လှုပ်ရှား ချစ်တတ်ချိန်မှာတောင် မြန်မာမိန်းကလေးကိုပဲ ချစ်ခဲ့တာဖြစ်သည်။

ဒါပေမဲ့ အဲဒီ ဒါပေမဲ့သည် အများကြီးတာသွားသော ဒါပေမဲ့ဖြစ်သည်။ သူ့ချစ်သူ အဲဏီသည် မြန်မာအမျိုးသမီးလေးဖြစ်သည်။ မိဘစစ်စစ်ကလည်း မြန်မာစစ်စစ်တွေ၊ ဗုဒ္ဓဘာသာဝင်တွေ။ ခက်နေတာက အဲဏီတို့မိသားစုက စင်ကာပူနိုင်ငံသားအဖြစ်ခံယူထားသူတွေဖြစ်သည်။ အဲဏီရဲ့အဖေက သင်္ဘောကပ္ပတိန်တစ်ယောက်ဖြစ်ကာ မိခင်က ရုံးဝန်ထမ်းတစ်ဦးဖြစ်သည်။ အဲဏီက တစ်ဦးတည်းသောသမီးဖြစ်ပြီး မိဘတွေနှင့် မခွဲမခွာဘဲ စင်ကာပူမှာပဲ အပြီးနေထိုင်မည့်သူဖြစ်ပြီး အခြေအနေပေးပါက အမေရိကားမှာ အမျိုးတွေရှိရာသို့ပါ ပြောင်းမည့်သဘောမှာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်စဉ်ကာလ တစ်လျှောက်လုံးမှာတော့ သူတို့သည်သာ ကမ္ဘာလောကကြီးရဲ့ အပျော်ဆုံးလူသားတွေ ဖြစ်ခဲ့ကြသည်။ ဒါပေမဲ့ ရပ်တန့်မနေသော အချိန်တွေသည် တွေ့ဆုံခြင်းကိုလည်း ဖြစ်စေခဲ့သလို ခွဲခွာခြင်းကိုလည်း ဖြစ်စေတာကို သူတို့ သတိပြုချိန်မှာတော့ ချစ်သူနှစ်ဦးဟာ ခွဲခွာခြင်းအတွက် တုန်လှုပ်နေခဲ့ပြီ။ တကယ်ဆို အဘိုးရဲ့ အစီအစဉ်တွေအရ သူဟာ စီးပွားရေးဆိုင်ရာဘွဲ့ကို ရပြီးတာနှင့် မြန်မာပြည်သို့ ပြန်ရတော့မှာဖြစ်သည်။ ဒါပေမဲ့ အဲဏီနှင့် ခွဲခွာရဖို့အရေး ရက်တွေကို နောက်ဆုတ် နောက်ဆုတ်ရာမှ ဤကဲ့သို့ အဘိုးရဲ့ရာဇသံနှင့် တိုးနေတော့တာ ဖြစ်လေသည်။

“ဘော့စ်”

အနားသို့ရောက်လာရင်း ခေါ်လိုက်သော အန်ကယ်ဂျိမ်းရဲ့အသံကြောင့် သူက အသာလှည့်ကြည့်မိသည်။ အရပ်မြင့်မြင့် အသားအရေက ဖြူဖြူဖွေးဖွေးနှင့် အသက်သုံးဆယ့်ရှစ်နှစ်အရွယ် အန်ကယ်ဂျိမ်းဟာ ဂျူးသွေးရောစပ်သူတစ်ဦးဖြစ်သည်။ အန်ကယ်ဂျိမ်းနှင့် အန်တီဂရေ့စ်တို့ မောင်နှမနှစ်ဦးကို အဘိုးရဲ့အဖေက မွေးစားခဲ့တာဖြစ်ပြီး ငယ်စဉ်တည်းက လူယုံတော်ဖြစ်လာစေဖို့ ရည်ရွယ်ပုံစံသွင်းခဲ့တာဖြစ်သည်။

သာသနာပြုကျောင်းထွက်များဖြစ်ကြသော အန်ကယ်ဂျိမ်းနှင့် အန်တီဂရေ့စ်တို့ကို ဘွဲ့အသီးသီးရတဲ့အထိလည်း အဘိုးက ဆက်၍ တာဝန်ယူခဲ့သည်။ ခုချိန်မှာတော့ အန်တီဂရေ့စ်





ဟာ အဘိုးရဲ့ကိုယ်ရေးအရာရှိဖြစ်လျက် အန်ကယ်ဂျိမ်းကတော့ သူ ငယ်ငယ်လေးတည်းက သူ့ကို ပုံစံသွင်းထိန်းကျောင်းလာခဲ့သူ ဖြစ်သည်။ ဒါပေမဲ့ အဘိုးရဲ့ပုံစံဝင်နေမှုအရ အားလုံးဟာ သူ့ကို ဘော့စ်ဟုသာ ခေါ်ကြသည်။

“ကိုယ်တို့ (၁၀)ရက်နေ့တော့ အရောက်ပြန်မှ ဖြစ်မယ်ထင်တယ်နော်”

“အင်း”

သူ့ရဲ့အင်းက မသဲကွဲ မပီမသ အားမရှိ စိတ်ပျက်လက်ပျက်။ အို ... စိတ်ဓာတ်ကျခြင်းများစွာ စုပုံနေသော အင်းသာ ဖြစ်သည်။ အန်ကယ်ဂျိမ်းက သူ့ပခုံးကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ...

“ဘော့စ်တို့ရဲ့ ဗုဒ္ဓကလည်း ဟောထားတယ်၊ လူတော်တော်များများကလည်း လက်ခံထားတဲ့ အယူအဆတစ်ခုရှိတယ်လေ ...

ပစ္စုပ္ပန်ကိုသာ တည့်တည့်ကြည့်ပြီး အဲဒီမှာပဲ နေသင့်တယ်၊ ဘော့စ် အဝေးကြီးကို မျှော်တွေးပြီး သိပ်စိတ်ဓာတ်မကျပါနဲ့၊ ဘော့စ်တို့က အခုမှ ငယ်ငယ်လေးတွေပဲ ရှိပါသေးတယ်၊ ပြေလည်အောင် ညှိနှိုင်းနိုင်ဖို့ အခြေအနေတွေ အများကြီးရှိပါတယ်၊ ဘော့စ်တို့ရင်ထဲမှာသာ စစ်မှန်ခိုင်မာတဲ့ ချစ်ခြင်းမေတ္တာရှိရင် ဝေးသွားစရာ အကြောင်းမရှိပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူနဲ့ ရန်ကုန်ဆိုတာ နီးနီးလေးပါ၊ သာမန်လူတွေအတွက်တောင် နီးနေတဲ့အချိန်မှာ ဘော့စ်အတွက်ဆိုရင် တစ်ပတ်တစ်ခါ သွားလို့ရပါတယ်”

အန်ကယ်ဂျိမ်းရဲ့ အားပေးစကားတွေကလည်း လက်ခံဖွယ်ရာရှိပါသည်။ ဒါပေမဲ့လည်း ချစ်သူနဲ့ ဘယ်သူက တစ်နိုင်ငံစီခွဲချင်ပါ့မလဲ။ တကယ်ချစ်တဲ့သူတွေဆိုတာ နည်းနည်းလေးမှ မခွဲဘဲ တတွဲတွဲ အတူရှိနေချင်ကြတာ မဟုတ်လား။ သူ့သဘောဆန္ဒအတိုင်းသာဆို ဘာစည်းစိမ်ဥစ္စာကိုမှ ဆက်ခံမနေချင်တော့။ ကြီးမှူး များပြားသော လုပ်ငန်းတွေကိုလည်း ဦးစီးမနေချင်တော့ပါ။

သူ ရထားသောဘွဲ့နှင့်ဆိုလျှင် ဒီနိုင်ငံမှာ အလုပ်ကောင်းကောင်းရမည်။ ကိုကိုတက် သူဌေးမဖြစ်နိုင်သော်လည်း လူနေမှုအဆင့်အတန်း မြင့်မားသောနိုင်ငံမို့ အလုပ်တစ်ခုရှိလျှင် ဘာမှ ပူစရာမလိုတော့။ နေစရာအိမ်၊ စီးစရာကား စတာတွေက ပြည့်စုံအောင် ဖန်တီးလို့ရသည်။ သင့်တင့်သောဝင်ငွေနှင့် အချိန်မှန်ရုံးတက်ရုံးဆင်းလေးလုပ်ကာ ချစ်တဲ့သူနဲ့ပဲ မခွဲမခွာနေချင်တော့သည်။ ဘာရာထူး အဆောင်အယောင်တွေကိုမှ မက်မနေချင်တော့။ ချစ်သူရှိတဲ့နိုင်ငံကလည်း မခွာချင်တော့ပေ။

“ခက်တယ်ဗျာ၊ အန်ကယ်ဂျိမ်းက အချစ်ကို မတွေ့ဖူးတဲ့ လူပျိုကြီးဆိုတော့ ဘယ်ကိုယ်ချင်းစာနိုင်မလဲ”

“အချစ်ကို မတွေ့ဖူးဘူး ... ဘယ်သူပြောသလဲ”





သူက အလန့်တကြားမော့ကြည့်လိုက်လျှင် အန်ကယ်ဂျိမ်းက လျှို့ဝှက်စွာပြုံးနေသည်။ သူ့လက်မောင်းကို တစ်ချက်ဖျစ်ညှစ်ကာ ...

“အချစ်ဆိုတာကို ဘယ်သူမှ တော့တော့ဆိုင်ဆိုင် စ,ပြီးမတွေ့တတ်ကြဘူး၊ အားလုံး အမှတ်တမဲ့ပဲ တွေ့ရှိခဲ့ကြတာ၊ Love in accident ပါ ...

ဘော့စ် ချစ်ခဲ့ပြီးပြီ၊ လွမ်းတဲ့အရသာလေးလည်း တစ်လှည့်ခံစားကြည့်ပါဦး၊ သူလည်း ကောင်းပါတယ်”

သူက တစ်ခုခုပြန်ပြောဖို့ လုပ်တုန်းမှာပဲ အန်ကယ်ဂျိမ်းထံမှ စကားသံ ထပ်ထွက်လာသည်။

“ရန်ကုန်ကို ပြန်ကြပါစို့ ဘော့စ်”

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။ တကယ်ကိုပဲ ခွဲရတော့မယ့်အချိန် ရောက်ပြီလား အဲဗ်ရယ် ...။ ။



www.burmeseclassic.com

www.burmeseclassic.com



# ၃

"ဒါဖြင့်ရင် ထည်ဝါက ရှေ့လ ဆယ်ရက်နေ့ ရန်ကုန်ကို ပြန်ရတော့မှာပေါ့နော်"

အဲဏီက သူ့ပခုံးကို ဖွဖွဆုပ်ကိုင်ကာ တိုးတိတ်ဆို့နင့်နေသော အသံဖြင့်မေးသည်။ ပြန်ရတော့မယ်။ ပြန်ကို ပြန်ရတော့မယ်လို့ အတိအလင်း ပြောထားတာတောင် ပြန်ရတော့မှာလားလို့မေးနေသူကို သူက မည်သို့ပြန်ဖြေရမည်နည်း။ သိပြီးသား မေးခွန်းတွေကို ရင်နာအောင် ထပ်ဖြေနေရတာလောက် ပင်ပန်းစေတာမရှိပါ။

သူက အဲဏီကို ကြေကွဲစွာ စိုက်ကြည့်လိုက်ပြီးမှ ...

"ဟုတ်တယ် အဲဏီ၊ ဒါပေမဲ့ ဘာမှ ဝမ်းမနည်းပါနဲ့ကွာ၊ ကိုယ်တို့ အမြဲတမ်း အဆက်အသွယ်ရှိကြမှာပဲ ...

ကိုယ်လည်း ဒီကို ပြန်ပြန်လာမှာပါ၊ အဲဏီလည်း လာခဲ့ပေါ့၊ ကိုယ်တို့အသက်တွေက ခုမှ ငယ်ငယ်လေး





တွေပဲ ရှိပါသေးတယ်၊ သူများတွေတောင် ဆယ်နှစ် ဆယ်မိုးလောက် ချစ်ကြိုက်ပြီးမှ ယူသေးတာတွေ ရှိတာပဲ ...

အဲဏီနဲ့ မဝေးရဖို့၊ နီးရဖို့ ကိုယ် အမြဲတမ်း ကြိုးစားနေမှာပါ"

အဲဏီက ဝေ့သီလာသော မျက်ရည်စများဖြင့် သူ့ကို မော့ကြည့်သည်။ ဘယ်လောက်ပဲ အဆက်အသွယ်တွေ ကောင်းတယ်ဆိုပေမယ့် နှစ်ဦးသားက တစ်နယ်စီဝေးနေကြတယ်ဆိုတဲ့ အသိက သူတို့နှလုံးသားကို ဘယ်လောက် ပင်ပန်းဆင်းရဲစေမည်ဆိုတာ သူတို့ကိုယ်တိုင်လည်း သိကြတာပင်။

ဒီမှာတော့ သူတို့နှစ်ယောက်ဟာ မတွေ့ဖြစ်တဲ့နေ့ဆိုတာ မရှိသလောက် ရှားပါးခဲ့သည်။ သူ့ဘဝမှာ ပထမဆုံး ချစ်မြတ်နိုးရသော မိန်းကလေးမို့ သူက အဲဏီကို ရင်ခွင်တစ်ခုလုံးပုံအောပြီး ချစ်ခဲ့ရသည်။ အဲဏီလည်း အဲဒီလိုပဲဖြစ်သည်။ ချစ်သူရည်းစားမို့ တစ်ယောက်နဲ့တစ်ယောက်ဟာ နင့်နေအောင်ချစ်ကြပါသည်။

မျက်စိအောက်က အပျောက်မခံ၊ တစ်နာရီလောက်အသံမကြားရတာနှင့် နေမထိထိုင်မသာဖြစ်ကာ ဖုန်းတွေဆက်ကြတာလည်း ဒီနှစ်ယောက်ပဲဖြစ်သည်။

ဒီလို သည်းသည်းလှုပ်ချစ်ကြသော ချစ်သူနှစ်ဦးဟာ တစ်မြေစီခွဲရတော့မယ်ဆိုတော့ ရှူးအောင်ခံစားကြရတာ အဆန်းမဟုတ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အဲဏီတော့ ဘာပြောရမှန်းမသိအောင်ပါပဲ ထည်ဝါရယ်၊ အဲဏီတို့တွေ ပေါ့ခဲ့ကြတယ်နော်၊ တစ်ချိန်မှာ ဒီလိုခွဲကြရမယ်မှန်းသိရက်နဲ့ ဘာမှ ကြိုတင်မပြင်ဆင်ခဲ့ကြဘူး"

"အော် ... ခွဲခွာခြင်းအတွက် ကြိုတင်ပြင်ဆင်ထားစရာမလိုပါဘူး အဲဏီရယ်၊ အတွေးထဲမှာတောင် ခါးသီးလွန်းလို့ မေ့ထားတာပဲဟာ ...

ကိုယ်ပြောမယ်၊ အဓိက,က ကိုယ်တို့နှစ်ယောက်ကြားမှာ သစ္စာတရားနဲ့ ချစ်ခြင်းသာ အမြဲတမ်းခိုင်မြဲနေရင် ဘယ်တော့မှ ဝေးသွားမှာမဟုတ်ဘူး ...

ဒီတော့ အဲဏီလည်း ကြိုးစား၊ ကိုယ်လည်းကြိုးစားမယ် ဟုတ်ပြီလား"

သူချစ်သော ကောင်မလေးက မျက်လုံးဝိုင်းဝိုင်းလေးများဖြင့် သူ့ကို မော့ကြည့်ကာ ခေါင်းညိတ်ပြသည်။ သူချစ်သော အဲဏီဟာ ရှမ်းသွေးရောစပ်သော တိုင်းရင်းသူလေးတစ်ယောက်မို့ ပန်းနုရောင်သမ်းသော အသားအရေနှင့် အင်မတန်ချစ်စရာကောင်းသူလေးတစ်ယောက်ဖြစ်သည်။ စင်ကာပူသို့ ဆယ်တန်းအောင်ပြီးမှ ရောက်လာတာဖြစ်ပြီး တစ်နှစ်ကြာတော့ မိသားစုလိုက် ဒီမှာပဲ ပြောင်းရွှေ့နေထိုင်လိုက်တော့တာဖြစ်သည်။ ဒီနိုင်ငံသားတွေအဖြစ် မိဘနှစ်ပါးက ခံယူလိုက်ပြီမို့ သူနဲ့က နိုင်ငံသားချင်းတောင် ခြားနားသွားပြီဖြစ်သည်။





"ကိုယ်လည်း ဖြစ်နိုင်ရင် မပြန်ချင်ပါဘူးကွာ၊ အဘိုးရဲ့ စည်းစိမ်တွေကိုလည်း ဘာမှ မမက်ဘူး၊ လိုလည်းမလိုချင်ဘူး ...

ဒီမှာပဲ ရိုးရှင်းတဲ့ life style နဲ့ အေးအေးချမ်းချမ်း နေသွားပြီး အဲဏီနဲ့အတူတူ သာယာအေးချမ်းတဲ့ဘဝလေးကို ထူထောင်သွားချင်တာ ...

ကိုယ့် Type က အေးအေးချမ်းချမ်းနေချင်တဲ့ Type လေ၊ အဘိုးရဲ့လုပ်ငန်းတွေကို အုပ်ချုပ်ပြီး Stress များတဲ့ ဘဝမျိုးကို မပိုင်ဆိုင်ချင်ဘူး"

"အဲဏီလည်းတူတူပဲ၊ မေမေတို့နဲ့ အမေရိကားကိုလည်း မပြောင်းချင်ဘူး၊ ဒီမှာ အသားကျနေတော့ ဒီမှာပဲနေချင်တယ် ...

ထည်ဝါလည်း အလုပ်လုပ်၊ အဲဏီလည်း အလုပ်လုပ်ပြီးပိုက်ဆံစုမယ်၊ နှစ်နှစ်လောက်နေရင် လက်ထပ်၊ မနက်ဆို ရုံးသွား၊ ညနေရုံးဆင်းရင် ပြန်တွေ့ပြီ၊ Week end တွေမှာ အတူကူဟင်းချက်စားနဲ့ ဘယ်လောက်ပျော်ဖို့ ကောင်းသလဲ၊ ဘဝက အေးအေးချမ်းချမ်းလေးပဲနော်"

"ဟုတ်တယ်၊ ကိုယ်လည်း အဲဒီလိုပဲ မျှော်လင့်ခဲ့တာပါပဲ၊ ဒါပေမဲ့ အဲဏီရယ် ကိုယ်က အဘိုးကိုလည်း စာနာသနားတာပါ၊ ကိုယ်ငယ်ငယ်လေးတည်းက အဘိုးက ကိုယ့်ကို ပြုစုစောင့်ရှောက်လာတာလေ ...


www.burmeseclassic.com

www.burmeseclassic.com


မိဘတွေမရှိတော့တဲ့ အချိန်ကစပြီး ဂရုစိုက်လာတာ၊ အဘိုးဟာ အပြင်ပန်းကြည့်ရင်တော့ စိတ်ဓာတ်မာကျော တယ်လို့ ထင်ရပေမယ့် မာကျောချင်ဟန်ဆောင်ထားရုံတယ် ဆိုတာ ကိုယ် သိနေတယ် ...

သူချစ်တဲ့ဇနီးနဲ့ သားရော ချွေးမရော ဆုံးရှုံးထားရ လို့ အရမ်းစိတ်ထိခိုက်နေရတာကို သူများမသိအောင် မာန်တင်းထားရတာ၊ ဒါကြောင့် သူက ကိုယ့်ကို အရမ်း မျှော်လင့်ထားတာ၊ အဲဒီမျှော်လင့်ချက်တွေကို ကိုယ် မဖျက် ဆီးချင်ဘူး ...

ပြီးတော့ အဘိုးကိုလည်း သနားတယ်၊ ဒါကြောင့် ပါ ...

ခုလို ကိုယ် ပြန်သွားတာ ကိုယ်နဲ့ အဲဇာနဲ့ ပိုနီးရဖို့ အတွက် ပြန်သွားရတယ်လို့ မှတ်ပါကွာ ... နော်"

"အဲဇာ ယုံကြည်နေပါ့မယ် ထည်ဝါရယ်"

အဲဇာက သူ့ရင်ခွင်ထဲသို့ တိုးဝင်ကာ သူ့မေးဖျား လေးကို အသာအယာနမ်းရှိုက်သည်။ သူက အဲဇာရဲ့ ရှန်ပူနံ့သင်း နေသော ဆံနွယ်စလေးများကို ငုံ့မှိုးနမ်းရှိုက်မိလေသည်။ နောက်ဆို လျှင် ဒီလိုအနမ်းတွေနဲ့ ဝေးသွားရပြီပဲ။ ဖုန်းတွေ ဘယ်လောက်ပဲ ဆက်ဆက်၊ On lineမှာ ဘယ်လောက်ပဲတွေ့တွေ့ အနမ်းစစ်စစ် တွေကိုတော့ ဖန်တီး၍မရနိုင်တော့ပြီ။

"အဲဇာလည်း မိဘတွေနဲ့ အဆင်ပြေအောင် ကြိုးစားနော်၊ မိဘတွေကို နားလည်လက်ခံလာအောင် ပြောပြပေါ့"

"အင်းပါ၊ ဖေဖေတို့ မေမေတို့ကလည်း ထည်ဝါတို့ ချမ်း သာတာကို သိပါတယ်၊ ဒါပေမဲ့ သူတို့က အဲဒါကိုလည်း စိတ်မဝင်စားဘူးလေ"

ဟုတ်လည်းဟုတ်သည်။ အဲဒါကြောင့်လ
တော့ခက်နေတာဟု ပြောနိုင်သည်။ အဲဇာရဲ့ မိဘတွေမှာ
လောက် ချမ်းသာကြွယ်ဝမနေသော်ငြားလည်း သူတို့
တော့ တင့်တင့်တယ်တယ် နေနိုင်ကြသူများဖြစ်သ
အဖေက သင်္ဘောကပ္ပတိန်တစ်ယောက်မို့ မိသားစု
တောင် တင့်တောင့်တင့်တယ်ထားနိုင်သည်။

အမေလုပ်သူကလည်း ကုမ္ပဏီဝန်
မို့ ဝင်ငွေကလည်း မဆိုးလှ။ မွေးထားတာ
ယောက်တည်းပဲမို့ ထူးထူးထွေထွေ ကုန်ကျ
ချေ။

ဘွဲ့ရသွားပြီဖြစ်သော အဲဇာ
က သေချာပေါက် ရမှာမို့ အဲဇာတို့မိဘ
သည်း ကမ္ဘာပတ်နိုင်သူများ ဖြစ်ကြ
သာတာကိုလည်း သိပ်ဂရုစိုက်ပေ
ကြောင့်လည်း ခက်နေတာပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ထည်ဝါကို ဒီမှာပဲ အခြေကျစေချင်တာ။ နောက်ကျရင် US ကိုပါ ပြောင်းစေချင်တယ်ပေါ့၊ အဲလို မျိုး ...

မေမေတို့က မြန်မာပြည်ကို လုံးဝပြန်မယ့်သူတွေ မဟုတ်တော့ဘူးလေ"

မ့်အဲဏီကရော"

မျှော်ဘာကိုလဲ"

ဆိုးချ်ှ ... အဲဏီကရော မြန်မာပြည်မှာ လုံးဝမနေချင်ဘူး

ါ"

ပြ

ပါ ... လား။ အဲဏီကလေ ထည်ဝါ ရှိတဲ့ ဘယ်လိုနေရာ

ခုလို နေချင်တယ်။ ရန်ကုန်၊ စင်ကာပူ၊ ယူအက်စ်

အတွက် ပြန် မခွေးဘူး ...

"အဲဏီ ယုံကြ မဲ့ အဲဒါကို အဲဏီရဲ့ မိဘတွေ ကြည်ဖြူကျေနပ်

အဲဏီက ကျေကျေနပ်နပ်နဲ့ မိဘတွေက ကြည်ဖြူစွာ

လေးကို အသာအယာနမ်း၊ အဲဏီလည်း အပြည့်အဝပျော်ပြီး စိတ်

နေသော ဆံနွယ်စလေးများ(.

လျှင် ဒီလိုအနမ်းတွေနဲ့ ဝေသွ ကိုယ် ကြိုးစားပါမယ်။ အဲဏီလည်း

ဆက်ဆက်၊ On line မှာ ဘယ်ငေ ်ပါ။ ကိုယ်လည်း အဲဏီကို သစ္စာ

တွေကိုတော့ ဖန်တီး၍မရနိုင်တော့ romise ! "





သူက လက်သန်းတစ်ဖက်ကို ထောင်ပေးလိုက်လျှင် အဲဏီက လက်သန်းတစ်ချောင်း ထပ်ထောင်လာကာ သူ့ကိုဆွဲယူ ကျိတ်ဆက်လိုက်ရင်း ကတိကဝတ်ပြုလိုက်ကြသည်။ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာဦးမယ်ဆိုတာ မသိသေးတာမို့ သူတို့အတွက် သစ္စာတရားသည်သာ ကိုယ်စောင့်နတ်ပဲ ဖြစ်တော့သည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



အိတုံသည် ဟင်းပါဆယ်တွေ သွားပို့ပေးအပြီး ဆိုင်ရှေ့သို့ ပြန်ရောက်လာချင်းမှာပဲ ပြုံးစိစိဖြင့် ထိုင်စောင့်နေသော ရွှေဝါကို မြင်လိုက်ရလျှင် နှာခေါင်းတစ်ချက် ရှုံ့ပြလိုက်သည်။ လက်တစ်ဖက်ကို ထောင်ပြကာ "ဟိုင်း"ဟုဆိုလျက် ပဲများများ နှုတ်ဆက်လေသော ရွှေဝါ့ကို ပြုံးမဲ့မဲ့ဖြင့် စိုက်ကြည့်ပြီးမှ လှလှ ပပ အင်္ကျီအသစ် ဝတ်ထားတာကို သတိပြုမိကာ ...

"အောင်မယ် ... အင်္ကျီတွေ ဘာတွေနဲ့ပါလား မယ်တော် ရဲ့"

မော်ဒယ်သင်တန်း တက်နေသူမို့ အိတုံက သူ့ကို အမြဲနာမည်ဖျက်ကာ မယ်တော်ဟု ခေါ်လေ့ရှိသည်။

"ငါက ဘယ်တုန်းက ချွတ်ပြီး လာဖူးလို့လဲ"

သူကလည်း အားကျမခံ ပြန်ပက်သည်။ တကယ်တော့ အိတုံနဲ့ ရွှေဝါသည် ငယ်ငယ်တည်းက အိမ်နီးနားချင်း





သက်တူရွယ်တူ သူငယ်ချင်းများ ဖြစ်ကြသူတွေမို့ ပြောမနာ ဆို မနာ ညီအစ်မအရင်းတွေလို ပေါင်းကြသူတွေဖြစ်သည်။ အနုပညာ ကို စိတ်ဝင်စားတာထက် ဖလန်း ဖလန်းထကာ နေချင်သော စိတ်ကြောင့်သာ မော်ဒယ်သင်တန်းတက်နေသော ရွှေဝါ့ကို အိတုံ ကလည်း မယ်တော်ဟု အမြဲတမ်း လှောင်လေ့ရှိသည်။

ဒါပေမဲ့ ရွှေဝါ့ဆီကပဲ သူတို့လောက၏ အတင်း အဖျင်းသတင်းပေါင်းစုံကိုလည်း ကြားရသေးတာကြောင့် သူနဲ့တွေ့ လျှင် အပန်းပြေရသည်သာပင်။

"သိဘူးလေ။ နင်တို့ မယ်တော်တွေက တစ်ခါတလေကျ ရင် ချွတ်သလောက်နီးနီး မော်ထားကြလို့ ပြောတာလေ"

"သြော် ... အလှူပေးထားတာပါဟယ်။ ခွင့်ပြုလိုက်ပါ ဟာ ... ကုသိုလ်ရပါတယ် ... ဖဲ ဖဲ ..."

ငပေါ်မက မနာသည့်အပြင် သီချင်းတစ်ပိုင်းတစ်စ တောင် ဟစ်ပြလိုက်သေးသည်။ အိတုံ ပြောလည်း ပြောလောက် အောင်ပင် ရွှေဝါ ဆိုသော မိန်းမဟာ ဝတ်လိုက်လျှင် ဘယ်တော့မှ လုံလုံခြုံခြုံ မရှိချေ။

လူကလည်း သေးသေးကွေးကွေး၊ ပိန်ပိန်ပါးပါးနှင့် Slim မို့သာ တော်တော့သည်။

"အိတုံ ... နင် ဘာစားပြီးပြီလဲ။ ငါ ဗိုက်ဆာတယ်ဟာ။ ဘာစားစရာရှိလဲ"

အိတုံက မျက်စောင်းတစ်ချက် ရွယ်ထိုးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင်က မြို့ထဲက ပြန်လာတဲ့သူ မဟုတ်လား။ ဘာလေးညာလေးတော့ ဝယ်လာမယ် မရှိဘဲ သူက ပြန်တောင်းစားနေတယ်"

"မြို့ထဲက ဘာမှမရှိဘူးလေ။ ငါက နင့်ကို အတင်းတုတ်ရင်းနဲ့စားမှ ပိုစားဝင်လို့ပါဟာ။ ချစ်သယ်ရင်းအတွက် စားစရာလေးတစ်ခုခု ဝယ်ခဲ့ဖို့ သတိရပါတယ်။ ဒါပေမဲ့ ငါ့မှာ ရေခန်းနေတယ်ဟယ်"

"ဟင့် ... နင့် ရေကလည်း ဆယ့်နှစ်ရာသီ ခန်းနေတာပဲ မဟုတ်လား။ မယ်တော်အမွဲ ... မယ်တော်ဖွတ်တက်"

"ဟ ... လာမှာပေါ့။ ဘာဖြစ်လို့ အထင်သေးတဲ့ စကားတွေ ပြောနေရတာလဲ၊ ငါက အခုမှ သင်တန်းတက်တုန်းပဲ ရှိသေးတဲ့ဟာကို။ နောက် သင်တန်းဆင်းသွားရင် Show တွေ လျှောက်ရမှာ။ အဲဒီကျရင် ထောပြီပဲ"

"ဟား ဟား ... ဘာ Show လျှောက်မှာလဲ။ နိက်ကလပ်ရှိုးလား"

"ကြည့် ... အိတ့်မဟာလေ၊ ငါ့ဆိုရင် နှစ်ပြားမတန်အောင်ပြောချင်တယ်"

"ပြောချင်တာ မဟုတ်ဘူး။ ဖြစ်လာမယ့်ဟာတွေကို ကြိုမြင်လို့ ပြောနေတာ။ အနုပညာအလုပ်ဆိုတာ နာမည်ကသာ အနုပညာ၊ တကယ်တမ်းက ခက်ခဲကြမ်းတမ်းပါတယ်





ဟာ။ အဲဒီလောက,က မိဘပိုက်ဆံတတ်နိုင်မှပဲ ကောင်းတာကလား ...

ဒါတွေ နင်က ငါထက် ပိုသိပါတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်ဟယ်။ ဒါပေမဲ့လည်း ကိုယ်က ဝါသနာပါနေတာကိုး။ ဘယ်တတ်နိုင်မလဲနော်"

မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်ဖြင့် တမင်ပဲ များကာ ပြောနေသော ရွှေဝါ့ကို အိတ့်က မျက်စောင်းတစ်ချက် ထိုးလိုက်မိသည်။

"တော်စမ်းပါ၊ နင်က တကယ်ဖြစ်ဖြစ်မြောက်မြောက် လုပ်ချင်တာလည်း မဟုတ်ပါဘူး။ ဖလန်း ဖလန်း ထရုံ ကဲချင်နေတာ။ အေး ... ကဲချင်တာကို ငါ မပြောလိုဘူး။ အဓိက,က နင် လမ်းမှားရောက်မသွားဖို့ပဲ"

"ရောက်စရာလားဟာ။ အဲဒီလိုတော့ မဟုတ်ပါဘူး။ ကဲ ... မမ လက်ချာရိုက်မှာဆိုလည်း အစားအသောက်လေး ကျွေးမွေးရင်းနဲ့ ရိုက်ပါ ...

ဘာလိုင်းကြီး ထိုင်နားထောင်ရတာ ခေါင်းထဲမဝင်ဘူး"

"မယ်တော်ကလည်း ငတ်ပါ့။ မယ်တော် ငတ်တတ်မှန်း သိလို့ မုန့်ဖတ်တွေ ဝယ်ထားတယ်။ အဲဒါ မုန့်တီသုပ်စားဖို့ မမြစိမ်းကို ပြောပြီးသား ...



www.burmeseclassic.com

www.burmeseclassic.com



ဟော ... ပြောရင်း ဆိုရင်း လာပါပြီ။ ရော ... မျိုးဆို"

မမြစိမ်းက မုန့်တီသုပ်ပန်းကန်နှစ်ချပ်ကို လာချပေးတာမို့ ရွှေဝါက ဝမ်းသာအားရဖြင့် ကောက်ယူပြီး စားလေတော့သည်။ လက်ဆိပ်ရှိသော မမြစိမ်းမှာ အသုပ်မှာတော့ ထိပ်တန်းပင်။ ဘာအသားမှ မပါဘဲနှင့် ဆီချက်နှင့်သာသုပ်သော မုန့်တီသုပ်မှာ တော်တော်စားကောင်းတာမို့ ရွှေဝါက ခေါင်းမဖော်စတမ်းကို တီးနေသည်။

သူ စားနေပုံမှာ ကိုရီးယားကားတွေထဲက ပဲခေါက်ဆွဲကို အားရပါးရ စားပုံမျိုးမို့ အိတုံက သဘောတကျနှင့် ပြုံးမိသည်။ အစားအသောက်လေးဝင်သွားမှ နေသာထိုင်သာ ရှိသွားသော ရွှေဝါက အိတုံကို စကားပြောရကောင်းမှန်း သတိရလာသည်။

"ဟဲ့ ... အိတုံ။ နင်ရော ဘယ်လိုလဲ"

"ဘာကို ဘယ်လိုရမှာလဲ"

"ဩော် ... ဘာလုပ်ဖို့ စဉ်းစားထားလဲ မေးတာပါ"

"ဘာကို စဉ်းစားရမှာလဲ။ ကျောင်းတက်ဖို့လား"

"ကျောင်းတက်ဖို့က ဘာစဉ်းစားစရာလိုလို့လဲ။ တို့အမှတ်တွေက ဘယ်လောက်ကောင်းတာမှတ်လို့။ အဝေးသင်ပဲ တက်ပြီး အချိန်တန် ဘွဲ့တစ်ခုကတော့ ရမယ့်ဥစ္စာပဲ။ ငါ ပြောတာက နင် ဘာအလုပ် လုပ်ဖို့ စိတ်ကူးထားလဲ မေးတာ ...





ဒေါ်ထွေးရဲ့ Deliver ဝန်ထမ်းပဲ လုပ်နေမှာလား။ အဲဒါကို ပြောတာ"

"ဒေါ်ထွေးရဲ့ Deliver တော့ မလုပ်ချင်ပါဘူးဟာ။ ကြာရင် ခြေထောက်ညောင်း အမောဆို့ပြီး သေတော့မယ်ဟ ...

ခုဆို အမှာတော်တွေက အရမ်းများလာပြီ။ အရင်ကတော့ ခင်မင်ရာ နီးစပ်ရာပဲ ပို့ရသေးတာ။ ခုတော့ လူတွေက လာပို့မှန်း သိတာနဲ့ နင့်အမေဆီ ဖုန်းဆက်ပြီး ဖွတ်ကိုပဲ မှာနေကြတော့တာပဲ"

"ဒါဆိုလည်း ဆိုင်မှာပဲ ကူပေါ့"

"ရနေဦးမယ်။ ဆိုင်မှာက စက်ဘီးစီးတတ်တဲ့လူက ငါပဲ ရှိတယ်။ ဒီတော့ ငါပဲ ပြေးပေါ့ ... ဟင်း။ ဘွားတော်ကလည်း မလုပ်ပေးရင် ထမင်းတောင် ကောင်းကောင်းကျွေးချင်တာ မဟုတ်ဘူး"

"အင်း ... ဒီလိုပါပဲဟာ၊ မအောင်မြင်သေးခင်မှာ မိဘကအစ ကိုယ့်ကိုအထင်မကြီးဘူးလေ"

စကားကြီးစကားကျယ်တွေ ပြောနေသော ရွှေဝါ့ကို အိတုံက မျက်လုံးပြူးကြည့်လိုက်ပြီးနောက် နှုတ်ခမ်းကို မဲ့မိသွားသည်။ တကယ်တော့ အိတုံထံမှာ ဘာလုပ်ချင်သည်ဟူသော စိတ်ကူးအိပ်မက်က ရှိကိုရှိပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအလုပ်ကိုမှ အိတုံက ဖြစ်ချင်သည်။ လုပ်ချင်သည်။ အဲဒီအလုပ်ကလွဲပြီး တခြား ဘာမှမဖြစ်ချင်၊ မလုပ်ချင်ဘူးဆိုတာ တစ်နေ့ထက်တစ်နေ့ သေချာပြီးသား ဖြစ်လေသည်။

"နင် ဘာအလုပ် လုပ်ချင်လဲ။ မြို့ထဲမှာ ငါ စုံစမ်းပေးရမလား"

"နင် စုံစမ်းလည်း ရမှာမဟုတ်ပါဘူး"

"ဟဲ့ ... နင့်ဟာက ဘာအလုပ်မို့လို့လဲ"

"အလုပ်တောင် မဟုတ်သေးပါဘူးဟာ၊ ငါ စိတ်ဝင်စားတာက သင်တန်းတစ်ခုပါ"

"ဘာသင်တန်းလဲ။ ကွန်ပျူတာသင်တန်းလား။ အေး ... ငါတောင် တက်ချင်နေတာဟ။ တခြားဟာတော့ တတ်ချင်တာ မဟုတ်ပါဘူး ...

အင်တာနက်လေး ဘာလေး သုံးတတ်ချင်လို့ပါ။ Chatting ထဲမှာ ဘဲလေး ဘာလေး ရှာမလားလို့လေ ... ဟီး ဟီး"

"လာပြန်ပြီ။ ရွှေဝါ ... နင်ဟာလေ ရွှံ့ထဲမှာ ထိုင်လောက်ပဲ စဉ်းစားနေတဲ့ မိန်းမပဲ။ ဒီခေတ်ကြီးထဲမှာ လူအကောင်လိုက်ကြီး မြင်နေရတာတောင် မယုံရတဲ့ကိစ္စတွေ အများကြီးရှိတယ်။ လူထင်ပြပြီး လိမ်နေတာတွေ အများကြီး ...

ဒါကို နင်က မမြင်ရတဲ့ လူတွေကို သွားယုံဦးမယ်။ ဟင်း ... အင်တာနက်ကနေ လူကုန်ကူး ခံနေရမယ် မမ"





"ဟယ် ... အင်တာနက်ကနေ လူကုန်ကူးတယ်။ အောင်မာ ဒီတစ်ခါ သူက ငါ့ထက် တစ်ကွက်ကျော်သွားပြန်ပြီ။ နင်က ဘယ်ကသိ"

"ဩော် ... ဂျာနယ်တွေထဲမှာပါတာ သိတာပေါ့ဟဲ့။ ငါက အိမ်ရှေ့အိမ်က ဆရာကြီးဆီက ဂျာနယ်တွေ အမြဲတမ်း ငှားဖတ်နေတာ ...

စာအုပ်ကောင်းတွေဆိုလည်း ဆရာကြီးက အမြဲတမ်း ငှားတယ်။ နင်လည်း စာလေး ဘာလေးဖတ်။ စာဖတ်ရင် အနည်းဆုံး ခေတ်ကို သိတယ်။ နောက် မအ,ဘူးပေါ့ဟာ။ အေး ... အခုနေ ငါ ပြောတာလည်း သတိရဦး။ အင်တာနက် သုံးချင်တဲ့ စိတ်ကတော့ ကောင်းပါတယ်။ Chatting ထိုင်ပြီး ရည်းစားရှာမှာတော့ ငါ လုံးဝရှုတ်ချတယ်"

"အေးပါ ... အေးပါ၊ အင်တာနက်ထဲမှာ မရှာတော့ဘူး။ အပြင်မှာပဲ ရှာတော့မယ်"

အိတုံက ရွှေဝါ့ကို အံသံမထွက်ဘဲ ဆဲလိုက်လျှင် ရွှေဝါက တဟားဟားနှင့် ရယ်မောလေသည်။ ကုန်သွားပြီဖြစ်သော မုန့်တီသုပ်ပန်းကန်ကို ရှေ့သို့တွန်းထုတ်လိုက်ရင်းမှ ပျင်းကြောဆွဲကာ ...

"ဝါး ... မုန့်တီသုပ်က စားလို့ကောင်းလိုက်တာ။ ဒါပေမဲ့ ကော်ဖီလေး တစ်ခွက်နဲ့ ပိတ်လိုက်ရရင်တော့ နောနေ (အတိုင်းထက်အလွန်)ဖြစ်သွားမှာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"သွားသေလိုက်"

"ဟား ဟား ... မယ်အိတုံက တယ်လည်း ကပ်စေးနဲ သကိုး။ ကော်ဖီမစ်တစ်ထုပ်မှ တစ်ရာပဲ ရှိတာပါဟာ။ အောင်မယ်လေး ... မြို့ထဲက ကော်ဖီဆိုင်မှာလေ၊ ကော်ဖီ တစ်ခွက်ကို ရှစ်ထောင်ထိ ရှိတယ်နော်"

"ဟင် ... ဘယ်လိုလူတွေ သောက်ကြသလဲ"

"သိဘူး ... သောက်တာတော့ သောက်နေကြတာပဲ"

"တစ်ခွက်ကို ရှစ်ထောင်ဆိုတော့ အရသာက တော်တော် ကောင်းမှာပဲနော်။ နင် သောက်ဖူးလား၊ ဘယ်လိုအရသာ မျိုးလဲ"

"တစ်ခါပဲ သောက်ဖူးတာပါဟာ။ အရသာက သိပ်ပြီး ကောင်းလှတယ်လည်း မဟုတ်ပါဘူး။ ခါးကျဲကျဲနဲ့ ဘာ မှန်းမသိဘူး ..."

ငါကတော့ အိမ်မှာ ဖျော်သောက်တဲ့ ကော်ဖီမစ် လောက်တောင် မကောင်းဘူး ထင်တာပဲ။ ဒါနဲ့ နေပါဦး အခုနက နင်ပြောနေတာ စကားစတောင် ဘယ်ရောက် သွားမှန်း မသိဘူး။ နင် စိတ်ဝင်စားတဲ့ သင်တန်းက ဘာလဲ"

"အလှပြင်သင်တန်း"

"ဘာရယ် ..."





"နားလေးနေသလား။ အလှပြင်သင်တန်းလို့ ပြောနေတာ။ ငါ အဲဒီသင်တန်း တက်ချင်တယ်ဟာ။ ပြီးရင် သူများဆိုင် မှာ အလုပ် လုပ်ရတဲ့ ဘဝမျိုးထက် ကိုယ့်ဟာကိုယ် ကိုယ် ပိုင်ဆိုင်လေး ဖွင့်ချင်တာ ...

တစ်ပိုင်တစ်နိုင်ပေါ့၊ တဖြည်းဖြည်းနဲ့ ဆိုင်ကအောင် မြင်လာပြီး နောက်ဆို ဆိုင်ခွဲတွေ အများကြီးဖွင့်နိုင်တဲ့အထိ နာမည်ကြီး အလှပြင်ဆိုင်ကြီး ဖြစ်သွားစေချင်တာ"

"ဩော် ... နင့်ဝါသနာက အဲဒီလိုလား။ ကောင်းပါတယ် နင်က အလှပြင်၊ ငါက မော်ဒယ်လုပ် အံကိုက်ပဲလေ"

အိတုံက ဘယ်နေရာမဆို အချောင်ရဖို့ ထွက်နေသော ချေဝါကို မျက်စောင်းတစ်ချက် ထိုးကြည့်ရင်းမှ ကိုယ့်အဖြစ်ကိုယ် ပြန်သတိရပြီး စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူမိသည်။

"အလှပြင်သင်တန်းကြေးတွေကလည်း ကြီးတယ်ဟာ။ ဘာသာရပ်စုံဆိုရင် ဆယ်သိန်းလောက် ကုန်မှာတဲ့။ ကိုယ် ပိုင်ဆိုင်ဖွင့်ဖို့ အိပ်မက်ဆိုတာကတော့ အိပ်မက်ဆိုတဲ့အတိုင်း အိပ်မက်ထဲမှာပဲ ရှိပါတယ် ...

အနည်းဆုံး သိန်းတစ်ရာလောက် ရှိမှကို၊ သပ်သပ် ရပ်ရပ်ရှိတဲ့ Beauty Saloon လေးတစ်ခု ဖွင့်နိုင်မှာ။ ငါလေ အဲဒီလို ဆိုင်မျိုးဖွင့်နိုင်ဖို့ ညတိုင်း အိပ်မက်,မက် ရင်းရူးသွပ်နေခဲ့ရတာဟဲ့။ မြို့ထဲသွားလို့ Bueauty Saloon လှလှလေးတွေများ မြင်ရရင် ရပ်ကိုငေးနေမိတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တော့ ဟုတ်တယ်ဟဲ့။ Beauty Saloon တစ်ခု အောင်မြင်သွားပြီဆိုရင် ဝင်ငွေက သောက်သောက်လဲ ရတာဟ။ အငြိမ်ပဲ ...

စမ်းချောင်းက မဋ္ဌူဆိုင်ဆိုရင် ဆိုင်ခွဲတွေဖွင့်ပြီး ဘယ်လောက် အောင်မြင်သလဲ။ လူတွေမှ ကြိတ်ကြိတ်တိုး။ အလကားလုပ်ပေးနေသလား မှတ်ရတယ်။ အဲဒီ့မျိုးတော့ အားကျတယ်ဟာ"

"အေး ... အဲဒါမျိုး လျှမ်းလျှမ်းတောက် အောင်မြင်ဖို့က တော့ အနာဂတ်အိပ်မက်ပေါ့ဟာ။ လောလောဆယ်မှာတော့ သင်တန်းတက်ဖို့ကို အနိုင်နိုင်ဟေ့"

"နင့်ဘွားတော်ဆီက တောင်းပေါ့ဟ။ သူ့ဆိုင်လည်း ရောင်းကောင်းနေတာပဲ"

"ရောင်းကောင်းပေမယ့် ဆယ်သိန်းကြီးကျတော့ သူက ထုတ်မပေးချင်ဘူးဟ။ အင်တင်တင်နဲ့ ဖြစ်နေတာ ...

သူကတော့ ဖြစ်နိုင်ရင် ငါ့ကို စက်ဘီးတစ်စီးနဲ့ပဲ ပြေးလွှားနေတာကို မြင်ချင်နေတာယ်။ သင်တန်းသွား တက်ရင် သင်တန်းကြေးအပြင် သွားစရိတ်၊ လာစရိတ် ဘာညာ သာရကာ ကုန်မှာတွေကိုလည်း ရင်လေးနေသေး တယ် ...

နင့်အမေ ဒေါ်မွေးနဲ့များ ကွာပါ့ဟာ"





"ငါ့အမေကတော့ သူကိုယ်တိုင်ကိုက မင်းသမီး ဖြစ်ခဲ့တာလေ။ သိပ်စိတ်ဓာတ်မကျပါနဲ့ဟာ ဖြစ်လာမှာပေ ငါတို့လည်း ဒေါ်ထွေးကို ဝိုင်းပြောပေးပါ့မယ်"

အိတုံက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းမိသည်။ အိတုံကတော့ ကိုယ့်အမေအကြောင်း ကိုယ်အသိဆုံးပင်။ နဂိုတည်းက ပြင်ပကမ္ဘာမှာ ဘာဖြစ်နေတယ် ဆိုတာကို မစူးစမ်း မလေ့လာတတ်သော နွားခြေရာခွက်ထဲက ရေအိုင်ငယ်လေးထဲမှာပဲ ပျော်မွေ့နေသည် ဆိုလျှင်လည်း ပြောတဲ့သူကပဲ ငရဲကြီးမည်။ အမေဖြစ်စေချင်သော ဆန္ဒက ဒီထမင်းဆိုင်လေးမှာပဲ အရိုးထုတ်သွားချင်ပုံရသည်။ အလှည့်အပြောင်းတွေကို သိပ်ဝါသနာမပါသလို အိတုံရဲ့ ဝါသနာကိုလည်း ပံ့ပိုးပေးချင်ပုံ မရချေ။

အိတုံရဲ့အိပ်မက်တွေထဲမှာတော့ Beauty Saloon လှလှလေးတစ်ခုက လှည့်ပတ်နေရာယူဆဲ။

"ငါ မြို့ထဲရောက်ရင် သင်တန်းတွေ စုံစမ်းပေးထားမယ် လေ။ နင်က ဘာတတ်ချင်တာလဲ။ ဆံပင်လား မိတ်ကပ်လား"

"ဆံပင်ဝါ။ Hair နဲ့ ပတ်သက်တာတွေကိုပဲ ငါက အမိက ဝါသနာပါတာ။ ဟင်း ... နင် စုံစမ်းလည်းပဲ သင်တန်း တက်ရမယ့် ပိုက်ဆံက လက်ထဲမှာ ရှိမှမရှိတာ။ တောက် သိန်းတစ်ထောင်လောက်ပေါက်ရင် သိပ်ကောင်းမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင်တော့ ငါ ဖွင့်ချင်တဲ့ Beauty Saloon လေး ဖွင့်နိုင်မှာပါဟယ်”

အိတုံရဲ့စိတ်ပျက်လက်ပျက် အသံကြောင့် ရွှေဝါလည်း ခပ်မှိုင်မှိုင်လေးကြည့်ကာ ဘာပြောရမှန်း မသိတော့ချေ။ အိတုံရဲ့ရှုံ့မဲ့မဲ့ချက်ကလည်း နည်းနည်းမြင့်နေတာကြောင့် ဘယ်လို ဆက်အားပေးရမှန်းတောင် မသိတော့။ အိတုံကတော့ ခပ်ဝေးဝေးက ကောင်းကင်ကို လှမ်းပြီးငေးမောနေဆဲ။

○ ❦ ○





၅

အကြာကြီး ခွဲမနေခဲ့ရသော်လည်း မကြာခဏ ပြန်ရောက်ဖြစ်နေသော်လည်း စိတ်နှလုံးသားတို့က ဒီမြေမှာ မရှိတော့ဍ္ဍထင်သည်။ သူ့အတွက် ရန်ကုန်မြေသည် ရင်းနှီးနွေးထွေးမနေဘဲ စိမ်းသက်စွာ ကြိုဆိုနေသလို ခံစားရသည်။ လမ်းဘေးဝဲယာ ရှုခင်းတွေကို ငေးမောနေရင်းမှ သူ့စိတ်တွေဟာ စင်ကာပူကိုပဲ တမ်းတနေမိသည်။ သူ့ကို လေဆိပ်မှာ ကြိုလာသောကားက မှိုင်မှာမိသွားတာမို့ သူက စိတ်ပျက်လက်ပျက်ဖြင့် လမ်းဘေးက ဘုတ်တွေကို ဘာရယ်မဟုတ် ငေးကြည့်မိသည်။

စွဲလမ်းစိတ်ကြောင့်လားတော့ မသိ။ ကြော်ငြာဘုတ်ထဲက မော်ဒယ်ဟာ အဲဇာနဲ့တူလှသည်ဟု ထင်မိသည်။ အဲဒီဘုတ်ကို မော့်ငေးနေတုန်းမှာပဲ သူ့နားထဲသို့ အန်ကယ်ဂျိမ်းနှင့် ဒရိုင်ဘာတို့ ပြောနေကြသော စကားသံတွေက တိုးဝင်ပြီးလာသည်။

“ရန်ကုန်မှာ ကားတွေ တော်တော်ကျပ်လာတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်။ ဒီနှစ်ပိုင်း တော်တော်ကို ဆိုးလာတယ်။ မိုးပျံ့တဲ့တားတို့ မြေအောက်ဥမင်လိုဏ်ခေါင်းလမ်းတွေမှ မရှိတာ ...

ကြာရင် ဒီ့ထက်ဆိုးမှာ”

“အင်း ... ကားမောင်းရတာ တော်တော်စိတ်မရှည်ဖို့ကောင်းမှာပဲ။ ဘော့စ် ... ဒီလိုပုံစံမျိုးနဲ့ ကားမောင်းဖို့ ဖြစ်နိုင်မယ် မထင်ဘူးနော်”

အန်ကယ်ဂျိမ်းက သူ့ကို ရှေ့ခန်းကနေ၍ လှည့်ပြောသည်။ သူက ဘာမှပြန်မပြောဘဲ အန်ကယ်ဂျိမ်းကို စိတ်ပျက်လက်ပျက် ပုံစံဖြင့်သာ ပြန်ကြည့်နေလိုက်သည်။ သူ့ရဲ့ ရှုပ်နေသော လောကကြီးကို စိတ်ကုန်နေသည့် ပုံစံကို အန်ကယ်ဂျိမ်းက ရှုံ့မဲ့ပြီး ကြည့်လာကာ ...

“ဘော့စ် ... ဒီပုံစံနဲ့ လူကြီးမင်းကို တွေ့မလို့လား”

“ဒီပုံစံနဲ့မတွေ့လို့ ဘယ်ပုံစံနဲ့ တွေ့ရမှာလဲ”

“ဘော့စ်ရဲ့ဒီဇိုင်းကို နည်းနည်းပြင်မှ ကောင်းမယ်ထင်ပါတယ်။ ဘွဲ့ရပြီးလို့ ကိုယ့်မိဘအသိုင်းဝန်းရှိတဲ့ တိုင်းပြည်ကို ပြန်လာတဲ့ပုံစံဟာ၊ ဒီပုံစံမျိုး မဟုတ်ပါဘူး”

“ကျွန်တော်က သီအိုရီအတိုင်း နေရမှာလား။ တော်ပြီဗျာ တတ်နိုင်သမျှ ကျွန်တော့်ကို စကားမပြောဘဲနေပါ။ ကျွန်တော် ဘယ်သူနဲ့မှ စကားမပြောချင်ဘူး”





“အိုခေပါ ။ ဒါပေမဲ့ လူကြီးမင်းရဲ့အရှေ့မှာတော့ ဘော့စ် အိုက်တင် လုပ်သင့်ရင် လုပ်ရပါမယ် ...

Please ဘော့စ်။ အဲဒါကို နားလည်လက်ခံပေးပါ”

သူက စိတ်ရှုပ်သဖြင့် ဘာမှဆက်မပြောတော့ပေ။ သူ့စိတ်ထဲတွင် အိမ်ရောက်တာနှင့် အဘိုးကို ဝတ္တရားကြေ နှုတ်ဆက်မည်။ ပြီးတာနှင့် သူ့အခန်းထဲဝင်ကာ အဲဗာထဲသို့ ဖုန်းဆက်မည်သာ စိတ်ကူးထားတာဖြစ်သည်။ သိပ်ချစ်သောသူနဲ့ လောလောဆယ် ပြေးတွေ့ချင်ရင်တောင် တွေ့လို့မရတော့သော အနေအထားမို့ သူ့အပြစ်က ရေထဲကငါးကို ကုန်းပေါ်တင်ထားသလို ဖျပ်ဖျပ်လူးနေသည်။ ချစ်သူရော ... သူလည်း အဲဒီလိုပဲ နေမှာပါပဲ။

သူ အတွေးရေယာဉ်ထဲမှာ ဘယ်လောက်တောင်များ နစ်မြောသွားသလဲတော့ မပြောတတ်ချေ။ အန်ကယ်ဂျိမ်းက သတိပေးတော့မှ သူတို့အိမ်သို့ ရောက်တော့မယ်ဆိုတာ သိရသည်။ သူတို့အိမ်သည် ရန်ကုန်မြို့တွင်တော့ အကြီးဆုံးအိမ်ခြံဝင်းဟု ပြောရ၍ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ခြံဝကနေ၍ အထဲသို့ ရောက်ဖို့ ဆယ်မိနစ်လောက် ကားမောင်းဝင်ရသည်။ ဂေါက်ကွင်းပြုလုပ်ထားသော ဥယျာဉ်ပန်းခြံကြီးကို ဖြတ်ကျော်လာပြီးမှ ရေကန်းတွေနှင့် အလှရေကန်၊ တင်းနစ်ကွင်း၊ ဘတ်စ်ကက်ဘောကွင်း၊ ရေကူးကန် စတာတွေပြီးမှ နန်းတော်လို ဆောက်လုပ်ထားသော အိမ်ကြီးတစ်ဆောင်ကို တွေ့ရမှာ ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

အဲဒီ အိမ်ထဲတွင် အဘိုး၊ သူနှင့် သက်တော်စောင့်ဝန်ထမ်းများနေထိုင်ကြတာဖြစ်သည်။ အိမ်မကြီး၏ ပေါ်တီကိုအောက်သို့ ရောက်တာနှင့် အိမ်မှာရှိသော ဝန်ထမ်းတွေက သူ့ကို အစီအရီရပ်၍ စောင့်ကြိုနေတာကို တွေ့မြင်လိုက်ရလျှင် သူ တော်တော်စိတ်ဆင်းရဲသွားသည်။ အဲဒီလို တခမ်းတနားကြီး ပြုမူနေထိုင်တာမျိုးကို သူ အင်မတန်မုန်းသည်။ သူသည် လူထဲက လူသားတစ်ယောက်ဖြစ်သည်။ ဒါကြောင့် လူပီသစွာပဲ လူသားဆန်စွာပဲ နေချင်ပါသည်။

သူက ကားပေါ်မှ ဆင်းလိုက်လျှင် အန်တီဂရေ့စ် ဦးဆောင်သော အိမ်ထိန်း၊ ဝန်ထမ်းများက တညီတညာတည်း ဦးညွှတ်နှုတ်ဆက်လိုက်ကြသည်။

"မင်္ဂလာပါ ဘော့စ်"

သူက စိတ်ပျက်နေတာကြောင့် ဘာမှမပြောဘဲ ခေါင်းသာတစ်ချက်ဆတ်ပြလိုက်လျှင် အန်ကယ်ဂျိမ်းထံမှ သတိပေးသော ချောင်းဟန့်သံတစ်ချက် ထွက်လာသည်။ အဲဒီအခါမှ ...

"အင်း ... အားလုံးပဲ နေကောင်းကြတယ်နော်"

အန်တီဂရေ့စ်က သူ့ကိုအတော်ကပ်ဆုံးပြုံးပြလျက် ...

"နေကောင်းကြပါတယ်။ အားလုံးကလည်း ဘော့စ်ကိုပဲ မျှော်နေကြတာပါ။ အိမ်တော်ရဲ့ စားဖိုဆောင်အဖွဲ့ကလည်း ဘော့စ်အတွက် နေ့လယ်စာကို အထူးစပါယ်ရှယ် ပြင်ဆင်ချက်ပြုတ်နေကြလေရဲ့ ...





လူကြီးမင်းကလည်း ဘော့စ် ပြန်လာမှာမို့ ဒီနေ့ရုံးမတက်ဘဲနဲ့ အိမ်ကနေပဲ On Duty လုပ်ပြီး စောင့်နေတာပါ။ ဘော့စ် ပြန်ရောက်လာတဲ့အတွက် အားလုံးက ဝမ်းသာနေကြပါတယ်"

"ကောင်းပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့။ ဒါဆို ဘော့စ် လူကြီးမင်းကို နှုတ်ဆက်ရအောင်"

အန်တီဂရေ့စ်က နားမှာတပ်ထားသော နားကြပ်ဆီးကို ခပ်ဖွဖွကိုင်ကာ တစ်ခုခုကို တီးတိုးပြောရင်း ရှေ့က ဦးဆောင်ပြီး ထွက်သွားသည်။ သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို အသာယမ်းမိသည်။ သူ အရင်တစ်ခေါက် ပြန်လာတုန်းအထောင် အန်တီဂရေ့စ်တို့နားတွေမှာ နားကြပ်တွေ မပါသေး။ ဒါကီတော်လ်ကီ စကားပြောစက်တွေ ကိုင်ထားတုန်းပဲ ရှိသေးသည်။ အဘိုးဟာ အင်မတန်ကြွယ်ဝချမ်းသာသူမှန်း လူတိုင်းက သိပါသည်။ ဒါပေမဲ့ ဒီလောက်ကြီး Heavy ဆန်စွာ နေထိုင်ဖို့တော့ မလိုဘူးဟု ထင်သည်။ စင်ကာပူမှာ သူနှင့် အဲဏီ အတူတူ ကြည့်ခဲ့ဖူးသော ကိုရီးယားဇာတ်လမ်းတွဲ မမလေးရဲ့သက်တော်စောင့်ထဲကလို ရုပ်ရှင်ဆန်ဆန် ဖြစ်နေသဖြင့် သူ့မှာ ရယ်ရမလို ငိုရမလို ဖြစ်နေသည်။

"နောက်နေ့ကျရင် အန်ကယ်ဂျိမ်းရဲ့နားမှာလည်း အဲဒီ နားကြပ်တွေ တွေ့ရတော့မယ်နဲ့ တူတယ်"


www.burmeseclassic.com

www.burmeseclassic.com



သူက လျောင်သလို ပြောလိုက်လျှင် အန်ကယ်ဂျိမ်းက ပခုံးတစ်ချက်တွန့်ပြသည်။ ရှေ့ကသွားနေသော အန်တီဂရေ့စ်က သူ့ဘက်ကို လှည့်ကြည့်ကာ ...

"ဘော့စ်အတွက်ပါ"

"ကျွန်တော့်အတွက် ဆိုရင်တော့ မလိုအပ်ပေါင်ဗျာ"

အန်တီဂရေ့စ်က ကျွန်းတံခါးကြီးကို တွန်းဖွင့်လိုက်လျှင် ဧည့်ခန်းဆောင်ထဲမှာ ခပ်မိန့်မိန့် ထိုင်နေသော အဘိုးအိုကို တွေ့လိုက်ရသည်။ ဘာကြောင့်မှန်းမသိဘဲ အဘိုးကို တွေ့လိုက်ရလျှင်တော့ သူ့စိတ်ထဲမှာ ရှိန်းခနဲ ဖြစ်သွားကာ ဘာမှကို သတိမရနိုင်အောင် ဖြစ်သွားစမြဲပဲပင်။ ဘယ်ဘဝက ဘုန်းကံကြောင့်လည်းတော့ မပြောတတ်ပါ။ အဘိုးကို တွေ့လိုက်တဲ့သူတိုင်းသည် အဘိုးရဲ့အရှိန်အဝါကို မြင်တာနဲ့တင် အလိုလို ရိုကျိုးရစမြဲ။

သူက အဘိုးရှေ့ကို ရောက်သွားကာ အဘိုးကို တစ်ချက် ဦးညွှတ်လိုက်ရသည်။ ပြီးတော့မှ အဘိုးနဲ့ မျက်နှာချင်းဆိုင်ကခုံမှာ ဝင်ထိုင်လိုက်သည်။

"အဘိုး ... နေကောင်းတယ်နော်"

"အင်း ... ကောင်းပါတယ်။ မင်းရော ဘယ်လိုလဲ"

"ကျွန်တော်လည်း အားလုံး အဆင်ပြေပါတယ်။ နေလည်းကောင်းပါတယ်"

"ငါ့အထင်တော့ မင်း ကြည့်ရတာ ဒီပြန်ရောက်လာတာကို သိပ်ပျော်ပုံမရဘူးကွ။ ဟုတ်သလား"





"ကျွန်တော် မလိမ်ချင်ပါဘူး အဘိုး။ ဟုတ်ပါတယ်၊ ဒီပြန်ရောက်လာတာကို မပျော်ပါဘူး"

"အေ ... ကောင်းတယ်။ အဲဒီလို အမှန်အတိုင်းဖြေတာကောင်းတယ်။ စိတ်ထဲမှာလည်း ဒီကို ပြန်မလာချင်ဘူး မဟုတ်လား"

အဲဒီမေးခွန်းကိုတော့ သူက ဖြေဖို့ နည်းနည်းတွန့်ဆုတ်သွားသည်။ အဘိုးရဲ့စူးရှသော မျက်လုံးများက သူ့ကို တည့်တည့်စိုက်ကြည့်နေကာ ဖြေလေဟု ပြောနေသယောင်ရှိသည်။ သူက လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးမှ ...

"အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော် ပြန်မလာချင်ပါဘူး အဘိုး၊ ဒါပေမဲ့ ..."

သူက ဆက်မပြောသေးဘဲ အဘိုးရဲ့မျက်နှာကို ကြည့်လိုက်သည်။ အဘိုးက သူ့ကို ဘာမှမပြောဘဲ မျက်မှောင်ကြုတ်ပြီး ကြည့်နေသည်။

"ဒါပေမဲ့ ကျွန်တော် အဘိုးကို ကတိပေးထားတယ်။ ကျွန်တော် ဒီကို ပြန်လာရမယ်ဆိုတဲ့အသိ ကျွန်တော့်ရင်ထဲမှာ ရှိတယ် ...

ကျွန်တော် ပြန်လာချင်သည်ဖြစ်စေ မလာချင်သည်ဖြစ်စေ ဒီကို ပြန်ကိုပြန်လာရမယ်ဆိုတဲ့အသိ ရင်ထဲမှာ လုံးဝရှိနေပြီးသားပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ပြန်လာတာ။ ခံစားချက်ကြောင့် ဆိုရင်တော့ ကျွန်တော် ပြန်လာဖြစ်မှာ မဟုတ်ဘူး။ ခု ပြန်လာတာက အသိစိတ်ဓာတ်ကြောင့် ပြန်လာတာ”

သူ့စကားသံအဆုံးတွင် ဧည့်ခန်းဆောင်တစ်ခုလုံးက အပ်ကျသံကြားရအောင်ပင် တိတ်ဆိတ်သွားသည်။ ခဏနေသောအခါ အဘိုး၏ အောင်မြင်ခန့်ညားသော ရယ်သံကြီးက ဟိန်းနေအောင် ထွက်လာလေသည်။ ပြီးတော့မှ လက်ခုပ်တဖြောင်းဖြောင်း တီးကာ ...

“ဟား ဟား ဟား ... ငါလိုချင်တာ အဲဒီ Point ပဲကွ။ မင်း တော်တယ်။ ငါ့မြေးဟာ ဒီလိုပဲ ဖြစ်နေရမယ် ...

လူပဲကွာ ခံစားချက်ဆိုတာ ရှိမှာပဲ၊ ဖီလင်ဆိုတာ ရှိမှာပဲ။ အေး ... ဒါပေမဲ့ အဲဒီခံစားချက်တွေ ဖီလင်တွေ အတိုင်း လိုက်လုပ်သင့်လား ဆိုတဲ့ အသိစိတ်ဓာတ်ရှိဖို့ လိုအပ်တယ်။ တစ်နည်းအားဖြင့် ပြောရရင် ဦးနှောက်ပေါ့။ ဦးနှောက်နဲ့ ဆုံးဖြတ်တတ်ရမယ်။ မင်းမှာ ဒီကို ပြန်လာချင်တဲ့ ခံစားချက် မရှိဘူး။ ဒါပေမဲ့ ပြန်လာရမယ်၊ ပြန်လာသင့်တယ်ဆိုတဲ့ အသိစိတ်ဓာတ်ရှိတယ်။ ပြီးပြီလေ၊ အဲဒါပဲပေါ့ ...

ငါက လောဘမကြီးပါဘူး။ မင်း မပေးချင်တဲ့ ပြန်လာချင်တဲ့ ဖီလင်ကြီးကို ဇွတ်မတောင်းပါဘူး။ ငါ့အတွက် လိုလည်း မလိုအပ်ဘူး ...





စီးပွားရေး လုပ်တယ်ဆိုတာ ဒီစိတ်ဓာတ်မျိုးနဲ့လုပ်ရတာပဲ။ ဖီလင်လာမှ လုပ်တာမဟုတ်ဘူး။ လုပ်သင့်တယ်ထင်လို့ လုပ်ရတာ။ လုပ်ချင်ပေမယ့် မလုပ်သင့်ဘူးထင်ရင် မလုပ်ရဘူး။ အိုခေကွာ ...

ဒီလောက်ဆို မင်းအတွက် ငါ အများကြီးကျေနပ်ပါတယ်။ ကဲ ... မင်း ခဏနားတော့။ ခဏနေရင် နေ့လယ်စာ စားရင်း ပြန်ဆုံကြမယ်”

“ဟုတ်ကဲ့ပါ အဘိုး”

သူက မတ်တတ်ထရပ်ကာ အဘိုးကို ဂါရဝပြုနှုတ်ဆက်ပြီးနောက် အဘိုး၏ဧည့်ခန်းဆောင်ထဲမှ ပြန်ထွက်လာခဲ့သည်။ သူနေရမည့် အခန်းထဲသို့ ရောက်လျှင်တော့ ဆိုဖာပေါ်မှာ စိတ်ပျက်လက်ပျက် ပစ်ထိုင်ချမိတော့သည်။ အနောက်မှာပါလာသော အန်ကယ်ဂျိမ်းက သူ့ကို ပြုံးစစဖြင့် စိုက်ကြည့်ကာ ...

“ဘော့စ်တို့များ ကံကောင်းချင်တော့ အမှန်အတိုင်း ဖြေတော့မှပဲ လူကြီးမင်းက သဘောကျ နှစ်ခြိုက်သွားတော့တာပဲ ...

ဒါပေမဲ့ ကံဆိုတာ အမြဲတမ်း မကောင်းနိုင်ဘူးနော်”

“အဲဒီကံတွေ ဘာတွေကို ကျွန်တော် စိတ်မဝင်စားပါဘူး။ ကျွန်တော့်ကို ဖုန်းပေး၊ ကျွန်တော် စ,လုံးကို ဖုန်းခေါ်ရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



“Sorry ပဲ ဘော့စ်ရယ်။ စင်ကာပူကို ဖုန်းခေါ်ဖို့ ကျွန်တော် ခွင့်မပြုပေးနိုင်ပါဘူး။ ဘော့စ် ... ခဏတဖြုတ်နားပြီး ရေမိုးချိုး၊ ခဏနေရင် လူကြီးမင်းနဲ့အတူတူ နေ့လယ်စာစားရမယ်လေ”

“ကျွတ် ... အဲဒါတွေ ကျွန်တော် မသိဘူးဗျာ။ ဖုန်းသာပေးစမ်းပါ။ အဲဇီက ကျွန်တော့်ဖုန်းကို မျှော်နေမှာဗျ”

“မျှော်နေတော့ မကောင်းပေဘူးလား ဘော့စ်။ မျှော်လင့်စောင့်စားခြင်း အလုပ်တွေနဲ့ အခုတည်းက သူ့ အသားကျပါစေလား”

“ဘာတွေလဲဗျာ။ စိတ်ညစ်ရတဲ့အထဲ ဘာတွေလာပြောနေတာလဲ။ ဖုန်းပေးစမ်းပါ။ အန်ကယ်ဂျိမ်း ပြောနေတာ အချိန်တွေ ပိုကြာတယ်နော်”

“ဒါဆိုရင်တော့ ငါးမိနစ်ပဲ ရမယ် ဘော့စ်။ ညဘက်မှ အေးအေးဆေးဆေး ပြောကြပါ”

သူက စိတ်မရှည်တော့သဖြင့် အန်ကယ်ဂျိမ်းကို စိုက်ကြည့်လိုက်လျှင် အန်ကယ်ဂျိမ်းက ဘာမှမပြောတော့ဘဲ အိတ်ထဲမှဖုန်းကို ထုတ်ပေးလိုက်သည်။ အန်ကယ်ဂျိမ်းနှင့် သူနဲ့ဟာ ဟိုးငယ်ငယ်လေးတည်းက အတူတူ နေလာခဲ့ကြတာမို့ သံယောဇဉ်က အင်မတန် ရှိလှသော်လည်း စာအုပ်ကြီးအတိုင်း လုပ်လှသော၊ အဘိုးရဲ့အမိန့်ကို တစ်သဝေမတိမ်း နာခံတတ်သော အန်ကယ်ဂျိမ်းနှင့် တကျက်ကျက် ဖြစ်တတ်လေသည်။ သူက





လက်ထဲရောက်သွားတာနှင့် ဖုန်းနံပါတ်များကို နှိပ်ခေါ်လိုက်သည်။ နိုင်ငံ ခြားသွားပြီမို့ ဖုန်းခေါ်တာတောင် သက်ဆိုင်ရာနံပါတ်တွေကို ရှေ့က ကုဒ်ခံရပြီ။ ဒါကိုက သူတို့ ဘယ်လောက်ဝေးနေတယ်ဆိုတာကို ဖော်ပြနေတာပင်။ သည်းတယ်ဆိုဆို ပိုတယ်ပဲဆိုဆို သူကတော့ အဲဒီလိုပဲ တွေးလေသည်။

ဖုန်းက ချက်ချင်းဝင်သွားပြီး အဲဇီက ချက်ချင်းပဲ ဖွင့်ကိုင်လေသည်။

“ထည်ဝါ ... ထည်ဝါ မဟုတ်လားဟင်”

“အင်း ... ဟုတ်ပြီ အဲဇီ။ ကိုယ် ပြန်ရောက်နေပြီ။ အဲဒါ ရောက်ရောက်ချင်းပဲ ဖုန်းဆက်လိုက်တာ”

“အင် ... ထည်ဝါ နေကောင်းတယ် မဟုတ်လား။ ကျန်းမာရေးကို ဂရုစိုက်နော်”

“အင်းပါ။ အဲဇီလည်း ဂရုစိုက်နော်။ ကိုယ့်ကို ဘာမှစိတ်မပူနဲ့။ ကိုယ် နေ့တိုင်း ဖုန်းဆက်မယ် သိလား။ ပြီးတော့ ဒီည V.Z.O ပြောမယ်”

“အင်း ... အဲဇီလည်း ဖုန်းဆက်မှာပေါ့။ ထည်ဝါ့ ဖုန်းနံပါတ်က ...”

“အင်း ... ညကျမှ ကိုယ်ပြောမယ်။ နံပါတ်က မသေချာဘူး။ ကိုယ် ဆက်ပါ့မယ်။ ကိုယ် အမြဲဆက်မှာပေါ့”

“ထည်ဝါ အဲဇီကို အမြဲတမ်း သတိရနေနော်။ မေ့သွားနဲ့ဦး”



www.burmeseclassic.com

www.burmeseclassic.com



ငိုမဲ့မဲ့သံလေးနှင့် မှာနေသော အဲဏီရဲ့အသံကြောင့် သူက စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရသည်။ ဖြစ်နိုင်လျှင် အခုကိုပဲ ညနေလေယာဉ်နှင့် စင်ကာပူကို ပြန်လိုက်ချင်ပါသည်။

"ဪ ... အဲဏီရယ်။ ကိုယ်ကလေ ဖြစ်နိုင်ရင် ဒီညနေ လေယာဉ်နဲ့တောင် စလုံးကို ပြေးလာချင်တာ။ အရမ်းဆိုး တယ်ကွာ အဲဒီခွဲခွာရတဲ့ ဗီလင်ကြီးက သေမတတ်ဘဲ ...

အဲဏီ ကိုယ့်ကို အမြဲတမ်းလွမ်းနေ။ တခြားဘဲတွေ ကို လုံးဝခေါင်းထဲ မထည့်နဲ့နော်။ ကြားလား"

"အင်းပါ ... သူသာ ရန်ကုန်က ကောင်မလေးတွေနဲ့ အီစီ ကလီလုပ်နေမှာသာ စိုးရိမ်ရတာပါ။ စလုံးက လူတွေက အဲဏီမှာ ထည်ဝါရှိတယ်ဆိုတာကို အကုန်သိကြတယ်။ ဒါကြောင့် လောလောဆယ် အနားမှာ ဘယ်သူမှ ကပ်မှာ မဟုတ်ဘူး ...

ထည်ဝါ့ကိုသာ အဲဏီ ရှိနေမှန်း ဘယ်သူမှ မသိတာ"

"ဘာလို့မသိရမှာလဲကွာ။ ဒီက ကိုယ့်သူငယ်ချင်းတွေက အဲဏီကို သိတာပဲ။ ပြီးတော့ ကိုယ်တို့ဓာတ်ပုံတွေတောင် Face Book မှာ တင်ထားသေးတာပဲ။ အဲဒါ ကိုယ်က ကြော်ငြာထားတာ ... နော်။ အဲဏီဆိုတာ ကိုယ့်ချစ်သူ ဆိုတာ တစ်ကမ္ဘာလုံးသိအောင် ကြော်ငြာထားတာ"

"ဟွန်း ... အပြောကတော့ ဟုတ်နေတာပဲ"





"အပြောမဟုတ်ပါဘူး အဲဏီရာ။ ကိုယ် အဲဏီကို ဘယ် လောက်ချစ်တယ်ဆိုတာ အဲဏီ အသိဆုံးပါ။ ကိုယ် ဘယ် လောက်ခံစားနေရတယ်ဆိုတာ အဲဏီ ..."

"ဘော့စ် ... ငါးမိနစ်ကျော်နေပြီ"

သူက အရှိန်ကောင်းတုန်းမှာ လာဖျက်လိုက်သော အန့်ကယ်ဂျိမ်းကို မျက်ထောင့်နီဖြင့် မော့ကြည့်လိုက်သည်။ အန် ကယ်ဂျိမ်းကတော့ သူ့ကို ခပ်တည်တည်နဲ့ပဲ လက်ကနာရီကို မြှောက်ပြကာ ...

"လေဒီဂရေ့စ်က သတင်းပေးတယ်။ ဆယ့်နှစ်နာရီခွဲအတိ မှာ ထမင်းစားခန်းထဲအရောက် ဖြစ်ရမယ်တဲ့ ...

ဘော့စ် ရေချိုးဦးမယ် မဟုတ်လား။ အချိန်မရတော့ ဘူး ဘော့စ်၊ ဖုန်းချသင့်ပါပြီ"

သူက ဘာမှမပြောချင်တော့ဟန်ဖြင့် ကျစ်ခနဲ့ စုတ် သပ်လိုက်ကာ ...

"အဲဏီ ... ညကျမှ ကိုယ် ဖုန်းပြန်ဆက်တော့မယ်ကွာ။ အနှောင့်အယှက်တွေ အရမ်းများတယ်။ အိုခေ"

"အင်း ... အဲဏီ ဆက်ဆက်စောင့်နေမယ်။ ဒါပဲနော်"

အဲဏီက ဖုန်းချလိုက်သွားသည်။ သူက စိတ်ပျက်လက် ပျက်ဖြင့် ဟားခနဲ ရေရွတ်ကာ ဆိုဖာပေါ်မှာ ပက်လက်လှန် လှဲချပစ်လိုက်သည်။ လူက ဘာလုပ်ချင်မှန်း မသိအောင်ပင် အရာအားလုံးပေါ်မှာ စိတ်ကုန် စိတ်ပျက်လို့ နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူတို့အတွက် ခွဲခွာခြင်းဒုက္ခဆိုတာ ဤမျှပင် ကြီးမားပါသလား။ သူ ဘယ်လိုမှ မခံစားနိုင်တော့ပါ။

"ဘော့စ် ... ရေချိုးတော့လေ။ အချိန်မရှိတော့ဘူး"

သူက အဲဒီအသံကြီးကို ထပ်မကြားချင်တော့တာကြောင့် နားနှစ်ဖက်ကိုပိတ်ကာ ရေချိုးခန်းထဲသို့ ဝင်လာခဲ့တာတောင်မှ အန်ကယ်ဂျိမ်း၏ အားပေးသံ အသံဝါဝါကြီးက ရေချိုးခန်းထဲအထိ ကပ်ငြိပြီး ပါလာသေးလေသည်။

"ဘော့စ် ... Practice is Perfect တဲ့။ ကြာလာရင် ဒီအလွမ်းဝေဒနာတွေကပဲ ခံစားလို့ သိပ်ကောင်းတဲ့ ဖီလင်တစ်မျိုးဖြစ် ပြောင်းလဲသွားမှာပါ။ Fighting ! "

○ ❦ ○

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၆

အီတုံသည် နေပူပူ နွေနေ့လယ်မှာ စကီဘီးကို အံကြိတ်နင်းရင်း ဟင်းပါဆယ်မှာသော သူများကို မေတ္တာပို့နေသည်ဟုဆိုလျှင် စားသောက်ကြမည့်သူများအားလုံး မျိုကျပါ့မလားတောင် မသိချေ။ ဟုတ်လည်း ဟုတ်သားပဲ။ ကိုယ့်အလုပ်ရုံကအလုပ်သမားများကိုတော့ လာမဝယ်ခိုင်းဘဲ တစ်ဆိတ်ရှိ ဖုန်းလေးတစ်ချက် ကောက်ဆက်ကာ အိုကေမှာ စိုပြည်နေကြသူ အပေါင်းတို့အား သိပ်ကြည့်မရချင်တော့။

"အင်း ... ကိုရီးယား မဟုတ်တော့လည်း နင်းထားဦးပေါ့ဟာ"

အီတုံက ကိုယ့်ကိုယ်ကိုယ် အားတင်းရင်း စက်ဘီးကို အားစိုက်ပြီး ထပ်နင်းလိုက်သည်။ ကိုရီးယားကားတွေထဲကလို အစားအသောက်တွေကို ဆိုင်ကယ်လေးတွေနှင့် လိုက်ပို့ရတယ် ဆိုလျှင်လည်း မပြောလိုပါ။ စက်ဘီးထက်စာလျှင်တော့


www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ကယ်က အများကြီး သက်သာသေးသည်။ ခက်တာက ရန်ကုန်မှာလည်း ဆိုင်ကယ်က စီးလို့မရ။

အိတုံက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကို ခါယမ်းမိကာ စက်ဘီးကို အရှိန်တင်လိုက်သည်။ အတက်ကို ကျော်ဖြတ်ပြီးသွားတာမို့ စက်ဘီးက ကုန်းဆင်းအတိုင်း အရှိန်နှင့်ပြေးဆင်းသွားကာ လေအဟုန်ကို တိုးသွားသောအရှိန်ကြောင့် ချွေးစို့နေသော ခန္ဓာကိုယ်က အေးခနဲ ဖြစ်သွားသည်။ ဒါကိုပင် အိတုံက သဘောတကျဖြစ်ကာ မျက်လုံးလေးကို ဖျတ်ခနဲပိတ်၊ မျက်နှာလေးကို ရှေ့သို့တွန်းထုတ်လျက် လေနုအေးများကို အရသာ ခံစားလိုက်သေးသည်။

အဲဒီနောက် စက်ဘီးအရှိန်က သိသိသာသာ မြန်နေတာမို့ အိတုံက ဘရိတ်ကို နည်းနည်းဖမ်းမေးလိုက်သည်။ အဲဒီမှာပဲ ထိတ်လန့်စရာကောင်းစွာ သိမြင်လိုက်တာက အိတုံရဲ့စက်ဘီးမှာ ဘရိတ်မမိတော့ဘူး ဆိုတာပဲ ဖြစ်တော့သည်။

"ဗုဒ္ဓေါ ... ဘုရား။ ငါတော့ သွားပါပြီ"

အိတုံက စက်ဘီးကို ထိန်းသိမ်းဖို့ ကြိုးစားသေးသည်။ သို့သော် အတက်တုန်းက အားကုန်နင်းထားခဲ့သော ကိုရွှေ ဘိုင်စကယ်လ်သည် အဆင်းမှာလည်း ဘယ်လိုမှ ထိန်းသိမ်း၍ မရတော့ပါ။ တစ်ရှိန်ထိုး ပြေးဆင်းနေသော စက်ဘီးသည် လမ်းကွေ့ချိုးတစ်ခုက ချိုးဝင်လာသော ကားအကောင်းစားကြီးတစ်စီးထဲ တစ်ရှိန်ထိုး ပြေးဝင်သွားတော့မလို ဖြစ်တာမို့ အိတုံသည် ခေါင်းနပန်းတွေ ကြီးသွားကာ စက်ဘီးကို လမ်းဘေးသို့ ဖွတ်ဆွဲချလိုက်ရသည်။

အဲဒီနောက်မှာတော့ လမ်းဘေးခုံတိုင်နှင့် ဝင်တိုက်မိကာ အုန်းခနဲပဲ ပစ်လဲကျသွားတော့သည်။ အိတုံသည် လှုလဲကျသွားတာကို ဂရုမစိုက်နိုင်အားပဲ ထမင်းထုပ် ဟင်းထုပ်များ လွင့်စင်ကျသွားတာကိုသာ အသည်းအသန် လိုက်ကြည့်ရင်း ငိုချင်စိတ်က ရင်ထဲသို့ ဆောင့်တက်လာသည်။ သွားပြီ ... ဟင်းတွေက သုံးထောင့်ငါးရာဖိုးဖြစ်သည်။ အားလုံးကတော့ မြေကြီးပေါ် ပြုတ်ကျကုန်ပြီ ဖြစ်တာကြောင့် ဘယ်လိုမှ စားလို့ရမှာမဟုတ်တော့ပေ။

အိတုံက ရှုံ့မဲ့တွန့်လိမ်နေသော မျက်နှာထားဖြင့် ဆောဘီစဲယာသို့ လှည့်ကြည့်လိုက်လျှင် မည်းမည်းလုံးလုံး ကားအနက်ရောင်ကြီးထဲမှ လူကြီးတစ်ယောက် ဆင်းလာတာကို တွေ့လိုက်ရသည်။ ဖြူဖြူထောင်ထောင်မောင်းမောင်းနှင့် နိုင်ငံခြားသားလိုလို ဘာလိုလို လူကြီးဟာ အိတုံကို ကူညီဖို့လာတာ ဖြစ်နိုင်သည်။ ဒါကြောင့် အိတုံက နည်းနည်းနာတာကို များများနာနေဟန်ဖြင့် တအားအား တအီးအီး အသံပိုထွက်ပြထားလိုက်သည်။

"ဘာဖြစ်သွားသေးလဲ ကလေးမ"

"အဲ ... ဟို ... လူ ... လူက ... ဘာမှ မဖြစ် ... အဲ ... ဘာဖြစ်မှန်းတောင် မသိပါဘူး။ ခြေထောက်က တအားနာနေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးလည်း ဘာဖြစ်သွားလဲ မသိဘူး။ အခိုက,က ဟိုမှာ ... ဟိုမှာ ... ကျွန်မ ဟင်းထုပ်တွေပါ။ ဟင်းထုပ်တွေ ပြုတ်ကျကုန်ပြီ ...

ကုန်ပြီ ... ဘာမှစားလို့ရမှာ မဟုတ်တော့ဘူး"

"ကလေးကို ဦးတို့ကားနဲ့ ဝင်မတိုက်မိပါဘူးနော်"

"ဩော် ... ဟုတ်။ မတိုက်တော့ မတိုက်မိပါဘူး။ ဒါပေမဲ့ ကားကြီးက ရုတ်တရက် ကွေ့လာတော့လေ ကျွန်မက လန့်ပြီး ရှောင်မိတာပါ ...

အဲ ... အဲဒါ ဓာတ်တိုင်နဲ့ ဝင်တိုက်သွားတာ"

"ဟုတ်လား ... အခုရော ဘယ်လိုနေသေးလဲ။ ထရော ထနိုင်ရဲ့လားဟင်"

"ဟုတ် ... ထတော့ ထကြည့်ဦးမယ်"

အိတုံက ကြိုးစားပြီး ထကြည့်လိုက်သည်။ ခြေထောက်က နည်းနည်းနာနေသော်လည်း ထလို့တော့ ရပါသည်။ စက်ဘီးကတော့ ဓာတ်တိုင်နှင့် တိုက်မိသဖြင့် လက်ကိုင်ကြီး စောင်းသွားသည်။ ဟင်းတွေကလည်း တစ်ပွဲမှ သုံးစား၍ရမှာ မဟုတ်တော့။ အိတုံသည် တကယ်ကိုပဲ ငိုချင်၍ လာလေသည်။ အဆင်မပြေချင်လျှင် လုပ်နေကျ အလုပ်မှာတောင် ကြံဖန်ပြီး အဆင်မပြေ လာဖြစ်ရသည်။

အိတုံ မတ်တတ်ထရပ်ပုံကို လူကြီးက တစ်ချက် အကဲခတ်ပြီး ...





"အိုကေတယ်နော် ... ဖြစ်လား"

"ဟုတ် ... ဖြစ် ... ဖြစ်ပါတယ်"

"ကလေးမ အခုလိုဖြစ်ရတဲ့ကိစ္စမှာ ဦးတို့ကားရဲ့အမှားပါတယ်လို့ ယူဆသလား"

"အဲ ... အဲဒီလိုတော့ မဟုတ်ပါဘူး"

"ဒါဖြင့်ရင် ဦးတို့အမှား မရှိဘူးပေါ့နော်"

"ဟုတ် ... ဟုတ်ကဲ့"

မြင်လိုက်တာနှင့်ကို သူဌေးတစ်ဦး၏ အရှိန်အဝါ ...်နေသော ထိုလူကြီးအား အိတုံက ညာလည်း မညာချင်တော့ ...နှင့် စိတ်ညစ်ညျူးစွာဖြင့် ခေါင်းညိတ်ကာ ဟုတ်ကဲ့ လုပ်လိုက် ...သည်။ အိတုံရဲ့စကားကြောင့် လူကြီးက ခေါင်းတစ်ချက်ဆတ် ...ာ ...

"အဲဒါဆိုလည်း ပြီးတာပါပဲ။ ဦးတို့ရဲ့အမှားလည်း ပါတယ်လို့ ကလေးမက ယူဆရင် ဦးတို့က ကလေးမကို ထိုက်သင့်တဲ့ တန်ဖိုးငွေ အလျော်ပေးမလို့ပါ ...

အခု ကလေးမကိုယ်တိုင်က ဦးတို့ရဲ့အမှား မဟုတ်ပါဘူးလို့ ယူဆတဲ့အတွက် ဦးတို့မှာ တာဝန်မရှိတော့ဘူးပေါ့နော်"

တအဲအဲ တအင်းအင်းနှင့် ဘာပြန်ပြောရမှန်းမသိ ...်နေပုံရသော အိတုံကို လူကြီးက တစ်ချက်ပြုံးကြည့်လိုက်ကာ ...

"ကဲ ... ဒါဖြင့်ရင် ခွင့်ပြုဦး။ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ ဟုတောင် အသံမထွက်နိုင်တော့ဘဲ အိတုံက အိလည်လည် မျက်နှာဖြင့်ပင် ခေါင်းညိတ်ပြလိုက်ရသည်။ လူကြီးအနားက လှည့်ထွက်သွားတာနှင့် အိတုံသည်လည်း စိတ်ပျက်လက်ပျက်နှင့်ပင် မြက်တောထဲသို့ ထိုင်ချပစ်လိုက်လေသည်။ ပြီးတော့ စိတ်ညစ်စွာနှင့်ပင် မျက်နှာကို အစွမ်းကုန် ရှုံ့မဲ့တွန့်လိမ်မိသည်။ ကိုယ့်ပေါင်ကိုယ်လည်း သုံးလေးချက် ပစ်ထုကာ ကိုယ့်ကြမ္မာကိုယ်လည်း ကျိန်ဆဲမိသည်။

ဘာကြောင့်များ ဒီလိုဖြစ်ရတာပါလိမ့်။ စက်ဘီးဘရိတ်ကြီးကရော ဘာကြောင့် ဒီနေရာကျမှ ပြတ်သွားရတာတဲ့လဲ။ မကောင်းတာဖြစ်ဖို့အတွက်ဆိုလျှင် အားလုံးဟာ ချိန်သားကိုက် ဖြစ်ပွားတတ်ကြသည်။

ဟိုကားပေါ်က ဘိုးတော်ကြီးကရော ဟုတ်ပြီ ဟုတ်ရဲ့နဲ့ ဆင်းလာပြီးတော့မှ ဘာမှလဲ အလျော်လေး ဘာလေးတောင် ပေးမသွားချေ။ သူတို့ကားနဲ့ တိုက်မိတာ မဟုတ်ပေမယ့် သူတို့ပယောဂကလည်း ကင်းမှမကင်းတဲ့ဥစ္စာ။ တကယ်ဆို အလိုက်တသိလေးနဲ့ လေးငါးထောင်လောက်တော့ ပေးဖို့ကောင်းတာပေါ့။ သူတို့အတွက် လေးငါးထောင်ဆိုတာဟာ ကလေးမုန့်ဖိုးပေးသလောက်တောင် ရှိမှာမဟုတ်ချေ။

အခုတော့ စက်ဘီးလက်ကိုင်ကလည်းကောက်၊ ဟင်းဖိုးပိုက်ဆံတွေလည်း တစ်ပြားမှ ရမှာမဟုတ်၍ အိတုံတို့တော့ အမေရဲ့ပါးစပ်သေနတ်အောက်မှာ မွမွကြေတော့မှာ ဖြစ်





သည်။ အိတုံသည် ကိုယ့်ပေါင်နှစ်ဖက်ကို လက်နှင့်ထုကာ ထုကာ စိတ်ပျက်လက်ပျက်ဖြင့် အော်မိသည်။

"ဟာ ... စိတ်ညစ်လိုက်တာ။ စိတ်ညစ်လိုက်တာနော်။ ဗွတ်ပိ ကံမကောင်းပါလား။ ဟင်း သေချင်တယ်။ တောက် ... ဘဝကြီးက ဘာတစ်ခုမှ အဆင်မပြေဘူး။ ဟီး ... ငိုချင်တယ်"

အိတုံက တကယ်ကို ရှုံးချင်နေသောစိတ်ဖြင့် ဟိုဟိုဒီဒီ ပြန့်ကျဲနေသော ထမင်းထုပ် ဟင်းထုပ်လေးများကို သံယောဇဉ်ကြောင်းကြင်စွာကြည့်ကာ စိတ်ညစ်ခြင်းဟူတည်းသော ခံစားမှုအဟုန်က ထိုက်တက်ပြီးလာသည်။ ဟင်းထုပ်တွေကို စိုက်ကြည့်နေခဲ့တာ အချိန်လောက်တောင် ကြာသွားသလဲတော့ မပြောတတ်ချေ။ ပွမ်ခနဲမြည်သော ကားဟွန်းတီးသံ တစ်ချက်ကြား၍ ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင်ပင် အခုနက ကားကြီးပဲ ဘက်ခ်ပြန်ဆုတ်လာတာကို တွေ့လိုက်ရသည်။

အိတုံက ကြောင်တောင်တောင်နှင့် လှမ်းငေးနေတုန်းမှာပဲ ကားရှေ့ခန်းမှ အခုနက ဘိုးတော်ကြီးပဲ ပြန်ဆင်းလာသည်။ အိတုံရဲ့အနားသို့ လျှောက်လာရင်း အိတုံကို တစ်ချက်အကဲခတ်ကြည့်ကာ ...

"ကလေးမ ဘာဖြစ်လို့ အခုထိ ထ,မသွားသေးတာလဲ။ မထနိုင်ဘူးလား"

"ဟို ... ထနိုင်ပါတယ်။ ကျွန်မ ... ကျွန်မ"



www.burmeseclassic.com

www.burmeseclassic.com



အိတုံကးဟိုဟိုဒီဒီ ကျဲပြန့်နေသော ဟင်းထုပ်လေး များကို လိုက်ကြည့်နေလျှင် လူကြီးက သဘောပေါက်သွားပုံရပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်း ကြည့်ရတာ အဲဒီအရာတွေအတွက် စိတ်ညစ်နေ တယ်နဲ့တူတယ်။ မင်း မိသားစုစားဖို့အတွက် ဝယ်လာတာ လား ...

အခု ပြုတ်ကျကုန်တော့ အားလုံး ပစ်ရတော့မှာပေါ့။ ဒီအတွက် စိတ်ညစ်နေတာလား"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့"

"ဒီဟင်းတွေကို ထပ်ဝယ်ဖို့အတွက် မင်းမှာ အခက်အခဲ ဖြစ်နေသလား"

"ဟုတ် ... ဟုတ်ကဲ့"

"ကောင်းပြီလေ။ မင်းရဲ့အခက်အခဲကို ကူညီတာနာပေါ့တဲ့ အနေနဲ့ ဒီဟင်းဖိုးတွေ အတွက်ရော တစ်သောင်းလျော် ပေးမယ်ဆိုရင် ရမလား"

"ရှင် ... တ ... တစ်သောင်း"

"ဟုတ်တယ်။ တစ်သောင်းဆိုရင် ကလေးမရဲ့အခက်အခဲ ပြေလည်မလား"

"ဟုတ် ... ပြေလည်ပါတယ်၊ ပြေလည်ပါတယ်ရှင့်"

"အိုခေလေ ... ရော့ ... အဲဒီမှာ တစ်သောင်း"





လူကြီးရဲ့လက်ထဲကနေ၍ တစ်ထောင်တန်ဆယ်ရွက် ထွက်ကျလာသည်။ အိတုံသည် အသစ်စက်စက် တစ်ထောင်တန် လေးများကို တရိုက်မက်မက် ငေးကြည့်ရင်းမှ လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ လက်ခံယူမိသည်။

"ကျေးဇူးအများကြီး တင်ပါတယ် ဦး။ အမှန်အတိုင်း ပြောရရင်လေ ကျွန်မ အိမ်ပြန်ရမှာကို အရမ်းစိတ်ညစ် နေတာ ...

စက်ဘီးက လက်ကိုင်လည်း ကောက်သွားတော့ ပြင်ရဦးမှာနဲ့၊ ဟင်းတွေကလည်း စားလို့မတော့တာနဲ့ပေါင်း ပြီး အမေက ရေရေလည်လည် ဆူတော့မှာကို တွေးပြီး တအားစိတ်ညစ်နေတာ ...

ခုတော့ အရမ်း အဆင်ပြေသွားပြီ။ ကျေးဇူးတင်ပါ တယ်ရှင့်"

"ကောင်းပါပြီ။ ကဲ ... ဦးကို ခွင့်ပြုဦး ကလေးမ"

"ဟုတ်ကဲ့ပါရှင့်"

အိတုံက ကျေးဇူးတင်လွန်းသဖြင့် ခေါင်းတွေ ဘာ တွေတောင် အထပ်ထပ် အခါခါ ညွတ်ပြလိုက်သေးသည်။ လေ ထဲသို့ လက်သီးတစ်လုံး ပစ်သွင်းပြီး ယာ့စ်ဟု အော်လိုက်ချင် သော်လည်း ကားက မထွက်သေးတာမို့ အောင့်အီးပြီး စောင့်နေ ရသည်။ ခဏနေတော့ ကားမည်းမည်းကြီးက ငြိမ့်ခနဲ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



လျှင် အိတုံက အင်မတန် ရွှင်လန်းသောစိတ်ဖြင့် ခုန်ပေါက်လိုက်လေသည်။ အမယ်လေးဟဲ့ ... သူဌေးဆိုတာ ဒါမျိုးမှပေါ့ဟုသော အတွေးလည်း မှတ်မှတ်ထင်ထင် တွေးမိသွားရသေးသည်။

ခြေထောက်နာတာတွေ ဘာတွေကိုတောင် သတိမရတော့ဘဲ စက်ဘီးကို ပေါက်ခနဲ ဆွဲထောင်လိုက်သော အိတုံကို ကားပေါ်က လူငယ်လေးတစ်ယောက်ကတော့ ဤသို့ မှတ်ချက်ချနေတာကို အိတုံက သိနိုင်မည် မဟုတ်တော့ပါ။

"ကျွန်တော့်ရဲ့ဆုံးဖြတ်ချက် မှန်သွားတယ် မဟုတ်လား အန်ကယ်ဂျိမ်း။ အဲဒီကောင်မလေးဟာ ပိုက်ဆံရရင် အတော်ပျော်သွားမှာပါလို့"

"ကိုယ်က သူ့ကို မေးပါသေးတယ်။ ကိုယ်တို့ကားနဲ့တိုက်မိတာလည်း မဟုတ်၊ တိုးမိတာလည်း မဟုတ်ဘဲ သူ့ဟာသူဖြစ်တာကြောင့် ကိုယ်တို့မှာ တာဝန်ရှိလားလို့ မေးတာ ...

ဒါပေမဲ့ သူက မရှိပါဘူးတဲ့လေ"

"မရှိဘူး ဆိုပေမယ့် အလျော်သဘောမျိုး ပေးတော့လည်း ချက်ချင်းယူတာပဲ မဟုတ်လား ...

သူ တော်တော်ပျော်သွားပုံရတယ်"

"ဘော့စ်က သေချာကြည့်နေတာကိုး။ ကောင်မလေးကြည့်ရတာ ရိုးသားပုံ ရပါတယ်။ ဒါကြောင့်လည်း ဖွတ်အလျော်မတောင်းတာကိုး ...





ဒါပေမဲ့ ပေးတော့လည်း ဝမ်းပန်းတသာ ယူရှာတယ်။ မဟုတ်ရင် သူ့အမေက ဆူမှာတဲ့။ ဘော့စ် ကြည့်ရတာ သူများပျော်နေတာကို တော်တော်စိတ်ဝင်စားနေတဲ့ပုံပဲ"

"အင်း ... ဝင်စားတာပေါ့ဗျာ။ ကျွန်တော်က ခုလောလောဆယ်မှာ မပျော်နိုင်တဲ့သူဆိုတော့ ပျော်နေတဲ့သူတွေကို စိတ်ဝင်စားတယ် ...

ငွေလေးတစ်သောင်းနဲ့များ သူ ပျော်နေလိုက်တာ။ ကျွန်တော်ကျတော့ ငွေတွေအများကြီးရှိပြီး ဘာကြောင့် မပျော်နိုင်ရတာလဲ ...

Something is Wrong! "

သူ့ရဲ့တိုးတိတ်သော ရေရွတ်သံ အဆုံးတွင် အန်ကယ်ဂျိမ်းက နောက်ကြည့်မှန်ထဲမှတစ်ဆင့် သူ့ကို လေးနက်တည်ငြိမ်စွာ ကြည့်လာကာ ဘာမှမပြောတော့ချေ။ သူကလည်း အပြင်ဘက်ကို ငေးပြီး ဘာမှထပ်မပြောတော့။ စိတ်တွေကတော့ စင်ကာပူကိုသာ ရောက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ဘော့စ် ... ရယ်ဒီဖြစ်ပြီလား။ ဖြစ်ရင် ဆင်းကြစို့နော်"

အခန်းတံခါးဝမှာရပ်ပြီး အန်ကယ်ဂျိမ်းက အသာလာပြောလိုက်လျှင် သူက သက်ပြင်းတစ်ချက်ချကာ ခေါင်းကို မသိမသာ ယမ်းမိသည်။ ဒီပြန်ရောက်တည်းက သူ့ဘဝကြီးဟာ သံမတ်ပေးထားသော စက်ရုပ်တစ်ရုပ်လို ဖြစ်နေတာကို ဘယ်လိုမှ မငြင်းနိုင်ချေ။ မနက်ဆို အိပ်ရာကို ဘယ်အချိန်ထ ဘယ်အချိန်မှာ Breakfast စားဖို့၊ ဘယ်အချိန်မှာ နေ့လယ်စာစားဖို့ စသဖြင့် Time table တွေနဲ့ သွားရသော ဘဝကို တကယ်ပဲ မုန်းမိတော့သည်။

ဟိုမှာတုန်းက အဲဒီနဲ့အတူတူ နေခဲ့ဖူးသောဘဝလို ထချင်တဲ့အချိန်ထ၊ အိပ်ချင်တဲ့အချိန်အိပ်၊ စားချင်တဲ့အချိန်စား၊ သွားချင်ရာ လျှောက်သွားရသော ဘဝမျိုးကို ဒီတစ်သက်ပြန်မရတော့ဘူးတဲ့လား။





"ဘော့စ်ရေ ... သွားကြရအောင်လေ"

အန်ကယ်ဂျိမ်းက ထပ်မံနှိုးဆော်လျှင် သူက အသာလှည့်ထွက်လာခဲ့သည်။ မနက်ခင်းစာ Breakfast စားဖို့ရာအတွက် အောက်ထပ်က ထမင်းစားခန်းထဲတွင် အဘိုးက သူ့ကိုစောင့်နေသည်။ အဘိုးရဲ့နောက်မှာက formal ဝတ်စုံပြည့်ဖြင့် အန်တီရေချယ်က လက်နှစ်ဖက် နောက်သို့ပစ်ကာ ရပ်စောင့်နေသည်။ သူက အဘိုးကို ခေါင်းတစ်ချက်ညွှတ်ကာ နှုတ်ဆက်လိုက်သည်။

"မောနင်းပါ အဘိုး"

"အေ ... မောနင်း။ ထိုင်ကွာ"

သူက အဘိုးရဲ့တစ်ခုံကျော် ဘေးခုံတွင် ဝင်ထိုင်လိုက်လျှင် အိမ်ဝန်ထမ်းတစ်ယောက်က ကော်ဖီလာငှဲ့ပေးသည်။ ညတည်းက သူ စားချင်သဖြင့် မှာထားသော နန်းကြီးသုပ်တစ်ပွန်းကို သူက အသာအယာ နယ်နေတုန်းမှာပဲ အဘိုးထံက စကားသံ ထွက်ပေါ်လာသည်။

"ဘယ်လိုလဲ၊ တစ်နေ့က မင်း စက်မှုဇုန်က စက်ရုံတွေဘက် သွားကြည့်ဖြစ်တယ်ဆို။ ဘာတွေ ထူးခြားတာတွေ့လဲ"

အဲဒီမေးခွန်းကြောင့် သူ စီးလာသော ကားထဲသို့ စက်ဘီးနှင့် ပြေးဝင်လာသော ကောင်မလေးကို ဖျတ်ခနဲပြေးမြင်ယောင်မိသည်။ ထူးခြားတာကတော့ အဲဒီကောင်မလေးပါပဲ။ ပိုက်ဆံတစ်သောင်း ရသွားသော အပျော်မျက်နှာကို သူ့မျက်လုံးထဲကကို မထွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ထူးထူးခြားခြား မတွေ့မိပါဘူး။ အားလုံးက သူ့ဟာနဲ့သူ ပုံမှန်လည်ပတ်နေတာပဲလေ"

"မင်း အဲဒီစက်ရုံတွေကို စိတ်ဝင်စားသလား"

ပြောရလျှင်တော့ သူဟာ အဘိုးရဲ့ဘာလုပ်ငန်းကိုမှ စိတ်မဝင်စားပါ။ အခုလောလောဆယ်မှာ ဘာကိုမှလဲ စိတ်မဝင်စား။ လွှမ်းနာကျနေတာသာဖြစ်လျှက် ပုံမှန်အခြေအနေရောက်ဖို့ တစ်လလောက်တော့ အချိန်ယူရပေဦးမည်။

"ကျွန်တော် သိပ်စိတ်မဝင်စားပါဘူး အဘိုး"

"ဒါဖြင့်ရင် ဘာလုပ်ငန်းကို စိတ်ဝင်စားသလဲ"

"ဗျာ ... ဟို ..."

"ဟိုတွေ ဒီတွေ လုပ်မနေနဲ့။ မင်း အလုပ်တွေကို ဘာတစ်ခုမှ စိတ်မဝင်စားဘူး ဆိုတာ ငါ သိတယ် ...

ဒါပေမဲ့ ဒါဟာ အကူးအပြောင်းကာလတစ်ခုမို့ မင်းကို နားလည်ခွင့်လွှတ်ပေးလိုက်မယ်။ မင်းကို တစ်လတိတိ အချိန်ပေးထားမယ် ...

အဲဒီတစ်လအတွင်းမှာ မင်း ဘယ်အလုပ်ကို စိတ်ဝင်စားသလဲ။ ဘာကို ဖြစ်ဖြစ်မြောက်မြောက် အောင်မြင်အောင် လုပ်ချင်သလဲဆိုတာ ကိုယ့်ဟာကိုယ် စဉ်းစားဆုံးဖြတ် ရွေးချယ် ...

ကြားသလား"

"ဟုတ်ကဲ့ ... ကြားပါတယ် အဘိုး"





"အေ ... ဒီနေ့ မင်း ဘယ်ကိုသွားမှာလဲ"

"ကျွန်တော် ဟိုတယ်ကို သွားမှာပါ"

"ဟုတ်ပြီ ... သွား။ သွား ဆိုပြီးတော့လည်း ဝတ္တရားကျေမျက်နှာသွားပြပြီး ဟိုကတိုက်တဲ့ ကော်ဖီသောက်ပြီး ပြန်မလာခဲ့နဲ့ဦး။ ဘာက ဘယ်လိုဆိုတာကို သေချာလေ့လာခဲ့။ ဘာတွေ လိုအပ်တယ် ဆိုတာကိုလည်း သေချာကြည့်ခဲ့"

"အဲဒီလို ကြည့်ရင်တော့လည်း အပြစ်က သိပ်တော့တွေ့မှာ မဟုတ်ဘူး အဘိုး။ တကယ်တမ်း ထဲထဲဝင်ဝင် သိချင်ရင် Customer ပုံစံ ဟန်ဆောင်သွားမှ သိရလိမ့်မယ်"

"ဘာလဲ ... မင်းက Customer ပုံစံ ဟန်ဆောင်သွားမယ်ပေါ့"

"အဲလို မဟုတ်ပါဘူး။ သဘောကို ပြောပြတာပါ။ အဘိုးအနေနဲ့ ကိုယ့်ဟိုတယ်က ဝန်ထမ်းတွေရဲ့ စိတ်ရင်းအမှန်ကို သိချင်ရင် အဘိုးနဲ့ နီးစပ်တဲ့သူတွေ အဲဒီမှာ တည်းတဲ့အခါ ဒါ အဘိုးရဲ့မိတ်ဆွေတွေပါလို့ ကြိုတင် သတင်းမပေးထားတာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ် ...

အဲဒီလိုမျိုး ငါ့ညီသည်တွေ၊ ငါ့မိတ်ဆွေတွေ လာမယ်၊ မင်းတို့ ဂရုစိုက်လိုက် ဆိုတာမျိုးကတော့ ဟိုတယ်ဝန်ထမ်းတွေက ပျာနေအောင် ဂရုစိုက်မှာပေါ့။ အဘိုးလည်း မိတ်ဆွေတွေကို အဆင်ပြေကြရဲ့လားလို့ မြန်မေး


www.burmeseclassic.com

www.burmeseclassic.com



ရင် သည်းသည်းလှုပ် ဂရုစိုက်ခံရတဲ့ မိတ်ဆွေတွေကလည်း OK တယ်လို့ ပြန်ပြောမှာပေါ့ ...

တကယ်တမ်းက အဲဒီလို မဖြစ်သင့်ဘူးလေ။ ဝန်ထမ်းတွေက အဘိုးရဲ့မိတ်ဆွေတွေမှပဲ ဂရုစိုက်တော့မှာလား။ တခြားသူတွေလည်း ထိုက်သင့်တဲ့ ငွေကြေးပေးပြီး လာတည်းကြတာပဲ။ အဲဒီတော့ အဘိုးရဲ့မိတ်ဆွေတွေကို မိတ်ဆွေတွေပါလို့ မပြောဘဲ တည်းခိုင်းလိုက်၊ ဒါမှ ဝန်ထမ်းတွေရဲ့ တကယ့်ဝန်ဆောင်မှု အစစ်အမှန်တွေကို သိမှာပေါ့"

သူ့စကားကို အဘိုးက ခပ်ပြုံးပြုံးဖြင့် စိုက်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"မင်းက ခုလိုကျတော့လည်း ဘယ်ဆိုးလို့လဲ။ Idea ရှိသားပဲ။ မင်းရဲ့စိတ်ခံစားမှုတွေ အားလုံးကိုသာ ဒီထဲကို ပုံထားလိုက်ရင် စီးပွားရေးလောကရဲ့ ကျားတစ်ကောင်ဖြစ်လာမှာ သေချာတယ်"

အခုလောလောဆယ်မှာတော့ သူဟာ စီးပွားရေးလောကရဲ့ ကျားတစ်ကောင်ထက် အချစ်ရဲ့ကြောင်တစ်ကောင်သာ ဖြစ်လိုလှလေသည်။

"မင်းအနေနဲ့ရော ဘာစီးပွားရေးတွေ အသစ်ဖန်တီးချင်တာရှိလဲ"





"အခုလောလောဆယ်တော့ မရှိသေးပါဘူး အဘိုး"

"အေး ... လုပ်ချင်တာ ရှိရင်လည်း ပြောပေါ့ကွာ။ လူဆိုတာ အလုပ်နဲ့ဘဝကို တည်ဆောက်ရတယ်ကွ။ ကိုယ်က ဘုရင်ဖြစ်ဖို့ပဲ အရေးကြီးတယ် ...

ဘုရင်ဖြစ်ရင် မိဖုရား မရှားဘူးလေ"

သူက အဘိုးရဲ့စကားကို လက်မခံသောကြောင့် ဟုတ်ကဲ့ဟု မထောက်ခံမိပါ။ ဒါကိုလည်း အဘိုးက ရိပ်မိဟန်ဖြင့် ...

"မင်းအသက် အခု ဘယ်လောက်လဲ"

"နှစ်ဆယ် ပါ"

"နှစ်ဆယ် ... အေး ... နှစ်ဆယ် ဆိုတဲ့ အရွယ်မှာ ဘာမှ အခြေတကျ မဖြစ်သေးဘူးကွ သိလား။ စိတ်ခံစားမှုအားဖြင့် ဆိုရင်လည်း နှစ်ဆယ်မှာ ဖြစ်နေတဲ့ ဖီလင်ဟာ Confirm ဖြစ်ပြီလို့ ပြောလို့မရသေးဘူး ...

ယောက်ျားတစ်ယောက်ပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ဖြစ်ဖြစ် အသက်သုံးဆယ်မှာ တော်တော်များများ Stable ဖြစ်ကြတယ်။ အဲဒီအချိန်မှာ ဖြစ်နေတဲ့ စိတ်ခံစားမှုနဲ့ ဆုံးဖြတ်ချက်ကလည်း တိကျခိုင်မာတယ် ...

ဒါကြောင့် မင်းကို ပြောချင်တာက ဒီအရွယ်နဲ့ ဒီအချိန်မှာ ဖြစ်နေတဲ့ စိတ်ခံစားမှုကို အတည်လို့ထင်ပြီး ဆုံးဖြတ်ချက် သွားမချလိုက်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးထဲမှာ ကိုယ့်ကိုပေးထားတဲ့ အခွင့်အရေးတွေက အများကြီး။ အဲဒီထဲမှာ မှားဖို့အခွင့်အရေးက အများဆုံးပဲ။ မင်း ငါပြောတာကို နားလည်လား"

"ဟုတ်ကဲ့"

"နောက်ပြီးတော့ မင်းကို ပြောစရာရှိသေးတယ်။ ရှေ့လထဲမှာ ငါ့မွေးနေ့ရှိတယ်။ ငါ့ရဲ့အသက်ခြောက်ဆယ်ပြည့်မွေးနေ့မို့ ခမ်းခမ်းနားနား ကျင်းပဖို့ စီစဉ်ထားတယ် ...

စီစဉ်ထားတယ် ဆိုတာကလည်း တခြားကြောင့်မဟုတ်ဘူး။ မင်းကို ပွဲထုတ်ချင်တဲ့ သဘောကြောင့်ပဲ။ ငါ့မိတ်ဆွေတွေ၊ စီးပွားဖက်တွေ အားလုံးကြားမှာ မင်းကို မိတ်ဆက်ပေးတဲ့ သဘောပဲ ...

လွတ်လွတ်လပ်လပ်နဲ့ အားလုံး ပျော်ပျော်ရွှင်ရွှင်ဖြစ်ရအောင် အဲဒီပွဲကို ဒီခြံကြီးထဲမှာပဲ လုပ်ဖို့စိတ်ကူးထားတယ်။ ဖျော်ဖြေရေး အစီအစဉ်တွေလည်း ထည့်သင့်တယ်လို့ လေဒီဂရေ့စ်က အကြံပေးထားလို့ အဲဒါလည်း ထည့်မယ် ...

မင်းရော ဘာအကြံပေးချင်လဲ"

"ကောင်းပါတယ်။ ဘာမှ အကြံပေးစရာတော့ မရှိပါဘူး။ တကယ်လို့ ရှိလာတယ် ဆိုရင်လည်း ကျွန်တော်ပြောပါ့မယ်"





"ကောင်းပြီ။ ကဲ ... စား ... စား။ ပြီးရင် ဟိုတယ်သွားဖို့လုပ်တော့"

"ဟုတ်ကဲ့"

သူ့ပါးစပ်ထဲတွင် ဝေးကွာနေသော အရသာတစ်ခု ... သည့် မန္တလေးနန်းကြီးသုပ်ရဲ့အရသာဟာ အထူးကောင်းမွန် ... ကြောင့် အစားကောင်း စားရသည့်အခါ ချစ်သောသူတို့ကို ... ရသွားသည့် ထုံးစံအတိုင်း အဲဇာီကို သတိရသွားမိသည်။ ... နဲ့ ခွဲခွာခဲ့ရတာ ဒီနေ့နဲ့ပါဆိုလျှင် နှစ်ပတ်ရှိခဲ့ပြီဖြစ်လေသည်။

○ ❦ ○

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၈

"အိတုံရေ ... အနုပညာရှင်ရဲ့တစ်နေ့တာ လာပြီဟေ့၊ မြန်မြန်လာ"

တစ်ဖက်အိမ်က ရွှေဝါရဲ့အသံကျယ်ကြီး ကြားလိုက်ရတာနှင့် အိတုံက သင်နေသော ချဉ်ပေါင်ရွက်ခြင်းကို အသာပစ်ချကာ တစ်ဖက်အိမ်သို့ လစ်ပြေးဖို့ ကြံစည်သည်။ ဒါကို အမေက ဟဲ့ခနဲ အော်ကာ ...

"ဟဲ့ ... အဲဒီချဉ်ပေါင်ရွက်တွေပါ ယူသွားလေ။ ခုက္ခပဲ ... မျက်လုံးက TV ကြည့်ပြီး လက်က သင်နေလို့ရတာပဲ ...

အမယ်လေး ... ဒါကျတော့ လိုက်ပြောနေလိုက်ရတာ"

"ဟွန်း ... အမေတို့ကလည်း"

"ဒါပဲ။ ပြောလိုက်ရင် အမေတို့ကလည်း။ အလုပ်ဆိုရင်တော့ ... xx ? ++ ÷ xx "





အမေရဲ့ ပွစိ ပွစိ ကွီကျာကွကျာ အသံတွေနှင့် ကင်းအေးရာ ရွှေဝါတို့အိမ်သို့ အပြေးထွက်လာခဲ့မိသည်။ အရာရာမှာ သွက်မြန်ပြီး အလုပ်ကို လက်နဲ့မပြတ် လုပ်တတ်သူ အမေနှင့် အေးအေးဆေးဆေး နေချင်လှသော အိတုံတို့မှာ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ ဖြစ်တော့သည်။ ရွှေဝါတို့သားအမိကတော့ လိုက်ဖက်သည်။ အမေရော သမီးရောဟာ အနုပညာဝါသနာပါပြီး မြန်မာအား၊ ကိုရီးယားကား လာသမျှ ဘာမှမလွတ်စေရသူမို့ အတိုင်အဖောက်ညီညီ အားပေးနိုင်ကြသည်။ ဒေါ်မွှေး ယောကျ်ား၊ ရွှေဝါ့အဖေက နေပြည်တော်မှာ တာဝန်ကျနေတာမို့ အဲဒီကိုလည်း လိုက်မသွားကြသော သားအမိနှစ်ယောက်မှာ ဒီမှာပဲ အဆင်ပြေနေကြသည်။ ဒေါ်မွှေးကလည်း အိုးမကွာ အိမ်မကွာ ဘယ်လီဖုန်းပြောတဲ့ဆိုင်လေး ဖွင့်ထားသဖြင့် ဟိုသတင်း ဒီသတင်း နားစွင့်ကာ အိမ်မှာပဲ အလုပ်ဖြစ်နေသူဖြစ်သည်။

"ဟဲ့ ... လာပြီလား။ ဘယ်သူ့ တစ်နေ့တာလဲဟဲ့"

အိတုံက ကြမ်းပြင်ပေါ် အမောတကော ထိုင်ချရင်း မေးလိုက်လျှင် ရွှေဝါက အာလူးကြော် ပလုတ်ပလောင်းစားနေရင်းမှ ဖြေသည်။

"xxx တစ်နေ့တာလေ"

"ဟယ် ... မိုက်တယ်နော်။ အိမ်ကြီးက အပျံစားပဲ။ သူက သိပ်နာမည်မကြီးပါဘူး။ တောကားတွေရိုက်တာ မဟုတ်လားဟဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com


ကြည့်ဦး ... ကြည့်ဦး။ စီးတဲ့ကားကလည်း အပျံ့ စား။ ဟယ် ... ဘယ်ကပိုက်ဆံတွေ ရတာလဲ။ ထိပေါက်တာလား မသိဘူးနော်"

အူကြောင်ကြောင် ပြန်မေးနေသော အိတုံရဲ့နားထင်ကို ရွှေဝါက လက်ညှိုးတစ်ချောင်းဖြင့် တွန်းထုတ်လိုက်ပြီးမှ ...

"ငတုံးမ ... နင့် သိန်းတစ်ထောင် ထိပေါက်တောင် အဲဒီ ခြံနဲ့အိမ်၊ အဲဒီကားမျိုး မဝယ်နိုင်ဘူးဟဲ့ ... သိရဲ့လား"

"ဟင် ... ဒါဖြင့်ရင် ..."

"စပွန်ဆာ ကောင်းလို့ပေါ့ မမရဲ့။ ကဲ ... ကြည့်မှာသာ ကြည့်စမ်းပါ၊ နင့်ကို ပြောရတာ အာရုံနောက်လိုက်တာ"

ရွှေဝါက ပြောလိုက်သဖြင့် အိတုံကလည်း TV ထဲကိုသာ အာရုံပြန်ပို့လိုက်သည်။ ကြည့်စမ်းပါဦး၊ မင်းသမီးရဲ့ အားကျဖွယ်ကောင်းသော လူနေမှုအဆင့်အတန်းကို အိတုံက မုဒိတာစိတ်ဖြင့်သာ ငေးမောနေမိတော့သည်။ သူ့ဟာသူ စပွန်ဆာ မကလို့ ဘာပဲဖြစ်ဖြစ်လေ။ နောက်ဆုံးတော့လည်း အားပေးချစ်ခင်တဲ့ သူတွေက ပိုတောင် ချစ်ခင်နေတာပဲ မဟုတ်လား။ အဓိက,က ကိုယ်က ကောင်းဖို့ပဲ အရေးကြီးသည်ဟု အိတုံက နားလည်လိုက်တော့တာဖြစ်သည်။

ဒေါ်မွှေးနှင့် ရွှေဝါတို့ သားအမိကတော့ ထုံးစံအတိုင်း ဘယ်ဟာက ဘယ်လို စသဖြင့် အမျိုးစုံ ဝေဖန်ပြီးကြတဲ့ အခါမှာတော့ ပြီးသွားတာနှင့် အိတုံဘက်သို့ လှည့်လာတော့သည်။



အာလူးကြော်တွေ တဂျွမ်းဂျွမ်းဝါးနေသော ရွှေဝါ့ကို အိတုံက ရှုံ့မဲ့ကာ ကြည့်ရင်းမှ ...

"မယ်တော်မရယ် ... နင်ကလည်း မယ်တော်လုပ်နေပြီး အာလူးကြော်တွေ သေအောင်စွတ်စားနေရသလား။ ဝတော့မှာပဲ"

"အမယ်လေး ... ကိုယ်တို့က အော်ရီဂျင်နယ်ဆလင်းမ် ဖြစ်နေလို့ စိတ်တောင်ညစ်နေတာ။ သင်တန်းမှာဆိုရင် တီချယ်က ငါ့ကို ဂျီ,ဖလက် ဘီ,ဖလက် (G flat, B flat) ဖြစ်နေလို့တဲ့။ ဂျီဖလား ဘီဖလား ဖြစ်အောင် လုပ်ဦးလို့ ပြောနေတာ"

"ဘာတုန်း G flat, B flat ဆိုတာ"

"အမယ်လေးအေ ... ဒေါ်ထွေးသမီးကလည်း အ,လိုက်တာ။ နင်က ခေတ်လူငယ် လုပ်နေပြီး ဒါလေးတောင် မသိဘူးလားဟဲ့ ...

ငါတောင် သိသေးတယ်။ G flat, B flat ဆိုတာ ငါ့သမီးကို ရင်မရှိ တင်မရှိလို့ ပြောတာဟေ့။ ပြားချပ်နေတယ်လို့ ပြောတာ ... ကဲ"

ရွှေဝါ့ရဲ့အမေ ဒေါ်မွှေးက ဝင်ပြောတော့မှပင် အိတုံက ပါးစပ်အဟောင်းသားပွင့်ကာ ခေါင်းတညိတ်ညိတ် ရှိရလေသည်။ ပြောရလျှင်တော့ မြို့ထဲကို တစ်လနေလို့မှ တစ်ခေါက် မရောက်ဘဲ၊ မြို့နေလူတန်းစားများနဲ့ အလှမ်းကွာသလို ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ဟာကြောင့် တချို့အကြောင်းအရာတွေကို ရွှေဝါ ပြောပြတော့မှပဲ သိရတော့တာဖြစ်သည်။

တစ်နေ့ တစ်နေ့ မိုးလင်းကမိုးချုပ် အမေ့ရဲ့ထမင်းဆိုင်မှာပဲ တောင်ပြေးမြောက်ပြေးဘဝကို ခံယူနေသောကြောင့် အိတုံမှာ ခေတ်ရေစီးကြောင်းကို သိပ်မသိတော့ပါ။ ဒါတောင် အိမ်ရှေ့အိမ်က ဆရာကြီးထံမှာ ဂျာနယ်လေးတွေ သွားငှားဖတ်နေလို့သာ ခေတ်နဲ့အဆက်အသွယ်မပြတ်ခြင်း ဖြစ်သည်။ အိတုံရဲ့ အမေ အလိုအရသာ ဆိုလျှင်တော့ ဆန်ဈေး ဆီဈေး သားငါးဈေးကလွဲ၍ ဘာမှသိမှာ မဟုတ်ချေ။ ဒါကြောင့်လည်း အိတုံဟာ ဘာမှ အကြားအမြင်မရတဲ့ ဒီဘဝထဲက ရုန်းထွက်ချင်တာဖြစ်သည်။

"ဟဲ့ ... အိတုံ။ ငါက ရှေ့တစ်ပတ်ဆိုရင် သင်တန်းဆင်းပြီဟ။ သိလား"

"ခုထဲ ဆတ်ရော"

ပြုံးစိစိဖြင့် ပြန်ပြောလိုက်သော အိတုံကို ရွှေဝါက ကြောင်စီစီဖြင့် ဘာပြောတာလဲဟု ပြန်မေးသည်။ ဒီတစ်ခါမှ ငါ့ အလှည့်ဟူသော သဘောဖြင့် အိတုံက ရွှေဝါ့ရဲ့နားထင်ကို တွန်းလွှတ်ကာ ...

"ခုထဲ ဆတ်ရော ဆိုတာ ကိုရီးယားလို အဲဒီတော့ ဘာဖြစ်သလဲလို့ မေးတာလေ။ ဒါလေးတောင် မသိဘူးလား။ ဟင်း"





"အောင်မာ ... ထမင်းသည်က စားသွားပြန်ပေါ့ တစ်ပုံ။ ခုထဲ ဆတ်ရော အဲဒီတော့ ဘာဖြစ်သလဲဆိုတော့ သင်တန်းဆင်းတော့ တရားဝင် မော်ဒယ် ဖြစ်သွားပြီပေါ့ ... ငှ ငှ ..."

"ဟင် ... ရယ်ပုံကိုက ပြိတ်တီနိုင်လိုက်တာ။ သူများတွေကတော့ မြန်မာနိုင်ငံရဲ့အချမ်းသာဆုံး မော်ဒယ်ဆိုပြီး နာမည်ကြီးတယ် ...

နင်ကတော့ မြန်မာပြည်ရဲ့ အဆင်းရဲဆုံး မော်ဒယ်ဆိုပြီး နာမည်ကြီးသွားအောင် လုပ်လိုက်လေ"

"ဒါမယ်လေး ... မလုပ်ရဲဘူး မထင်နဲ့နော်။ အားလုံးက ဘာကားစီးတယ်၊ ဘယ်လိုသူဌေးရပ်ကွက်မှာ နေတယ်ဆိုတာ ပြိုင်နေ ဆိုင်နေကြတဲ့ ခေတ်ကြီးထဲမှာ ငါက ဘတ်စ်ကားစီးပြီး မြို့သစ်မှာနေတဲ့ မော်ဒယ်ဆိုပြီး နာမည်ကြီးသွားအောင် လုပ်ပစ်လိုက်မယ် ... ဟင်း။ ဟဲ့ ... သင်တန်းဆင်းပြီးတာနဲ့ ငါ Show ပွဲတစ်ပွဲ လျှောက်စရာရှိတယ်ဟဲ့။ Dancer လည်း လုပ်ရဦးမှာ။ အဲဒါ နင် လိုက်အားပေးပါလား ...

နင်လည်း ရှိုးလျှောက်တာ တစ်ခါမှ မကြည့်ဖူးဘူး မဟုတ်လား"

"အင်း ... ကြည့်တော့ ကြည့်ချင်တယ်။ လိုက်လည်းလိုက်ချင်ပါတယ်ဟာ။ ဒါပေမဲ့ သိတဲ့အတိုင်း ဟင်းပိုမယ့်သူ



www.burmeseclassic.com

www.burmeseclassic.com



မရှိရင် ဘွားတော်က ငါ့ကို လက်ဖက်ခြောက် ခတ်ဦး

ဟ"

"အာ ... ဒေါ်တွေး လက်ဖက်ခြောက်ခတ်တာများ

စားနေလို့။ ဒီမှာ နင့်ဘာသာလေ၊ တစ်နေကုန်အော

Delivery လုပ်လို့ရတယ် ...

ငါ့ရှိုးပွဲက ညနေကျမှဟ။ ညနေဆိုတာထက် ညအ

မှပေါ့"

"ဟုတ်လား၊ ဒါဆို လိုက်မှာပေါ့ဟဲ့။ ဟဲ့ ... နင်က ဘ

မှာ ရှိုးလျှောက်ရမှာလဲ။ ဆီဒိုးနားလား ... ထရိတ်ဒါးလား"

"တစ်ခုမှ မဟုတ်ဘူး။ Dawn Villa ကြီးထဲမှာ လုပ်မှာ"

"Dawn Villa ဆိုတာ ဘာလဲ၊ ဟိုတယ်အသစ်လား"

"နင့်အမေကြီးတော်။ နင် ဂျာနယ်တွေ ဒီလောက်ဖတ်

တာမသိဘူးလား။ Dawn လေ၊ တစ်ခါမှ မကြားဖူးဘူး

လား"

"ဘာလဲ ... ဟို ... ဟိုတယ်တွေ လေယာဉ်တွေပိုင်တဲ့

ကုမ္ပဏီလား"

"ဟုတ်ပါ ... ဟုတ်ပါ။ အဲဒီ Dawn ပဲ။ နင့် ဆီဒိုးမှာ

တို့ ထရိတ်ဒါးတို့က ပိုက်ဆံတတ်နိုင်ရင် အဲဒီမှာ သွား

တည်းလို့ ရသေးတယ် ...

အဲဒီ Dawn Villa ခြံကြီးကတော့ ပိုက်ဆံပေးပြီး

လည်း ဝင်လို့မရဘူးဟဲ့။ အခုဟာက အဲဒီ ခြံကြီးထဲမှာ





အဲဒီပိုင်ရှင်အဘိုးကြီးရဲ့ အသက်ခြောက်ဆယ်ပြည့်မွေးနေ့

လုပ်မှာ ...

ပြီးတော့ သူ့ရဲ့တစ်ဦးတည်းသော မြေးတော်လေး

ကို အများသူငှာ ပရိသတ်နဲ့ မိတ်ဆက်ပေးတဲ့ပွဲ လုပ်မှာတဲ့

တော်ရေ ...

အဲဒါကြောင့် နာမည်ကြီးတီးဝိုင်းနဲ့ အတူ နာမည်

ကြီးအဆိုတော်တွေရော၊ ရှိုးပွဲတွေရော မြိုင်မြိုင်ဆိုင်ဆိုင်

ကြီးကို တင်ဆက်မှာ ...

အားလုံးကလည်း အဲဒီပွဲကို အရမ်းစိတ်ဝင်စားနေကြ

တာ။ သူတို့အနေနဲ့ ပွဲပေါင်းများစွာ ကျင်းပဖူးပေမယ့်

သူတို့ပိုင်တဲ့ ဟိုတယ်တွေမှာပဲ လုပ်ခဲ့တာလေ။ သူတို့ခြံ

ကြီးမှာ ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးဘူး ... ဒါကြောင့်

အားလုံးက စိတ်ဝင်စားနေကြတာ"

"အဲဒီခြံကြီးက တော်တော်လှလို့လား။ ကျယ်လို့လား"

"လှသလား ကျယ်သလားတော့ မမေးနဲ့။ အိမ်ထဲကို

ရောက်ဖို့ကို ဆယ်မိနစ်လောက် ကားမောင်းဝင်ရသေး

တယ် ...

ခြံထဲမှာ ဥယျာဉ်၊ ဂေါက်ကွင်း၊ ကစားကွင်း၊

တင်းနစ်ကွဒ် အဲဒါတွေ ရှိသေးတယ်လေ။ အရမ်းကို မိုက်

တာတဲ့နော်"

"ဟယ် ... ဟုတ်လား။ ရောက်ဖူးချင်လိုက်တာဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါကြောင့် နင့်ကို လိုက်ခဲ့လို့ ပြောတာပေါ့။ အမယ်လေး ... ခေါ်သာ ခေါ်ရတယ်။ လုံခြုံရေး တင်းကျပ်ထားရင်တော့ ပြဿနာပဲ ...

နေဦး ... လိုက်ရင် ဝတ်ဖို့ နင့်မှာ အဝတ်အစားကောင်းကောင်းလေးရော ရှိရဲ့လား"

"အင်း ... ဘယ်ရှိမလဲ"

"မရှိလည်း ပြဿနာတော့ မရှိပါဘူး။ နင်က အဲဒီပွဲကို တက်တဲ့သူမှ မဟုတ်တာ။ သပ်သပ်ရပ်ရပ်လေး ဝတ်ရင် ရပါတယ် ...

ဂျင်းလေးနဲ့ ရိုးရိုးဘလောက်စ်နဲ့ပေါ့"

"အင်း ... ဝတ်ရမှာပေါ့ဟယ်။ ငါက Nobody အောက်ရှူးအကျပ်လေး လိုချင်နေတာလေ။ အမေက ဝယ်မပေးဘူးတဲ့ ...

နှစ်သောင်းရှစ်ထောင် ဆိုတာနဲ့ မရတဲ့အပြင် အဆူတောင် ခံလိုက်ရသေးတယ်။ တို့ အခြေအနေနဲ့ အဲဒီလောက် တန်ဘောင်းဘီ ဝတ်စရာလားတဲ့ ...

ဘာဖြစ်လဲဟယ်၊ ဝယ်မယ်ဆိုရင် ဝတ်နိုင်တာပဲဟာ။ ဒါကြောင့် ငါက ကိုယ်ပိုင်အလုပ်လေး လုပ်ချင်တာ။ ကိုယ့်ဝင်ငွေဆိုရင် ဘယ်လောက်ပဲရရ အငတ်ခံစုပြီးတော့ ဝယ်ချင်တာလေးတွေ ဝယ်လို့ရတယ် ...

ခုတော့ ..."





အိတုံ့ရဲ့ စိတ်ဓာတ်ကျသလို အပြောကို ရွှေဝါက နားလည်သယောင် ကရုဏာမျက်လုံးတွေဖြင့် ခေါင်းညိတ်ပြကာ လက်ကလေးနှစ်ဖက်ကိုတောင် လာရောက် ဆုပ်ကိုင်လိုက်သေးသည်။

"အားတင်းထားပါ အိတုံ့ရယ်။ နောက် ငါ့ပိုက်ဆံတွေ ရလာတော့ နင့်ကို သင်တန်းတက်ဖို့ ချေးပါ့မယ် ...

နင်ကလည်း ဒီသင်တန်းကျောင်းမှာပဲ တက်မှ ဒီပညာကို တတ်မှာလားဟာ၊ တခြားပေါ်ပေါ်ပဲပဲ သင်တန်းလေးတွေ ဘာတွေ မရှိတော့ဘူးလား"

နေရာတကာမှာ အချောင်နှိုက်ချင်နေသည့် ရွှေဝါ့ကို အိတုံ့က မျက်စောင်းတစ်ချက် ထိုးလိုက်မိသည်။

"ဟဲ့ ... အဲဒီသင်တန်းကျောင်းက တကယ်သင်တာ။ အဲဒီက ဆင်းရင် ဘယ်ဆိုင်မှာပဲဖြစ်ဖြစ် အလုပ်ရတယ် ...

သူတို့ဖွင့်ထားတဲ့ Beauty Saloon တွေမှာလည်း အလုပ်ပြန်ဝင်ချင်လည်း ရတယ်။ အား ... ပြောရင်းနဲ့တောင် ရှူးလာပြီဟာ။ ငါ့ဘဝကို အနည်းဆုံးပဲ စိတ်ကူးယဉ်ကြည့်လိုက်ရင် Beauty Saloon ကောင်းကောင်းတစ်ခုမှာ အလုပ် လုပ်နေတဲ့ ခပ်တော်တော်ဝန်ထမ်းပေါ့ဟယ် ...

ငါ့လက်ရာကို လူတိုင်း ကြိုက်ကြတယ်။ ဆိုင်ရှင်ကလည်း ငါ့ကို အားကိုးတယ်။ ငါ ဝယ်ချင်တာလေးတွေ ကိုယ့်ဟာကိုယ်ဝယ် ...



www.burmeseclassic.com

www.burmeseclassic.com



အားပါး အဲဒီဘဝ ဘယ်တော့များမှ ပိုင်ဆိုင်ရမလဲ

ဟယ်"

အိတုံရဲ့စိတ်ကူးယဉ် ရေကြောထဲမှာ မျောပါနေသော

ပုံစံအား ရွှေဝါက ဘာမှ မတတ်နိုင်သော ပုံစံဖြင့် ကြည့်နေရလေ

သည်။

လူတိုင်းမှာ စိတ်ကူးယဉ်အိပ်မက်တွေဆိုတာ ရှိကြ

သည်။ အထူးသဖြင့် ရွှေဝါတို့လို၊ အိတုံတို့လို ဆယ်ကျော်သက်

အရွယ်တွေမှာ စိတ်ကူးယဉ် အိပ်မက်တွေက အများဆုံးဖြစ်လိမ့်

မည်။ အဲဒီအရွယ်တည်းက ကိုယ် ဘာဖြစ်ချင်တယ် ဆိုတာကို

တိတိကျကျသိပြီး တစိုက်မတ်မတ် လုပ်နိုင်တဲ့သူဟာ အောင်မြင်မှု

ဆီသို့ ရှေ့ရှုသည်ဟု ထင်သည်။

အိတုံကတော့ ခွဲမလျှော့သေး။ လူတိုင်းအတွက်

မနက်ဖြန်ဆိုတာ ရှိသည်။ မနက်ဖြန်တိုင်းမှာလည်း မျှော်လင့်ချက်

ဆိုတာ ရှိသဖြင့် အလှအပရေးရာ ကျွမ်းကျင်သော Beauticis

တစ်ယောက်ဖြစ်ဖို့ အိပ်မက်သည် ညတိုင်းမက်သော အိပ်မက်လှလှ

လေးတစ်ခု ဖြစ်လေသည်။

○ ❦ ○





## ၉

ထည်ဝါသည် သူ့ဘဝတစ်သက်တာမှာ စိတ်အညစ်

ဆုံးနေ့ကို ပြောပါဆိုလျှင် ဒီနေ့ဖြစ်သော အဘိုး၏ အသက်ခြောက်

ဆယ်ပြည့်မွေးနေ့ကို ပြောရမည်ဖြစ်သည်။ မွေးနေ့ဆိုတာထက်

ပွဲတော်ကြီးတစ်ခုလိုဖြစ်နေတာကို ပို၍ စိတ်ပျက်လှသည်။ ပြီးတော့

သူ့ကို တခမ်းတနားကြီး ပွဲထုတ်တာကို သူက စိတ်အပျက်ဆုံး။

ဟိုလူနှင့် မိတ်ဆက်ပေး၊ ဒီလူနှင့်မိတ်ဆက်ပေး သူ့မှာ စိတ်မပါ

သော်လည်း ခေါင်းတညိတ်ညိတ်နှင့် သွားဖြဲပြထားရခြင်း စသဖြင့်

တော့်ကို ဒုက္ခများပါသည်။

တဖြည်းဖြည်းနှင့် သူနားလည်လာရသည်မှာ အဘိုး

က ထည်ဝါခမ်းနားမှုကို တော်တော်ကြိုက်သူဖြစ်သည်ဆိုတာပင်။

အိမ်ချမ်းသာတာလည်း ချမ်းသာတာပေါ့။ ဒါပေမဲ့ လူအများကြား

Dawn Villa ခြံကြီးက ဘယ်လိုဆိုပြီး တဖွဖွ ပြောကျန်တတ်စေ

ချင်တာဖြစ်သည်။ ရှိတာထက်ကို အရှိန်အဝါ ပိုတောက်ပအောင်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခြင်းဖြစ်လေသည်။ အဲဒီလိုပင် တဖြည်းဖြည်းနှင့် သူ သိလာရသည်ကလည်း သူဟာ အဲဒီလို တခမ်းတနား တဆောင်တယောင်နေရတာကို စိတ်ကုန်စိတ်ပျက်လှသည် ဆိုတာပဲ ဖြစ်တော့သည်။

ပထမပိုင်းမှာတော့ သူဟာ အဘိုးနဲ့အတူ ဧည့်သည်တွေကို နှုတ်ဆက်ဧည့်ခံသေးသည်။ နောက်တော့ ခေါင်းတွေနောက်လာသဖြင့် အန်ကယ်ဂျိမ်းကို အသာပြောလျက် ပွဲတော်ကြီးထဲမှ ခဏရှောင်ထွက်လာခဲ့သည်။ သူဝတ်ထားသော အဝတ်အစားဟာလည်း ဒီဇိုင်နာက တီထွင်ဖန်တီးချုပ်လုပ်ပေးထားသော နန်းတော်ကြီးထဲက ရွှေမင်းသားရဲ့ဝတ်စုံလိုလို ဘာလိုလိုမို့ စိတ်အိုက်လှကာ သူက အဲဒီအဝတ်အစားတွေကိုပါ လဲပစ်ဖို့ စိတ်ကူးပြီး အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။ အဲဒီနောက် သူ့အခန်းထဲသို့ဝင်ကာ အဝတ်အစားလဲလေသည်။ ဝတ်ဆင်ထားရသော အဖြူဝမ်းဆက်ဝတ်စုံကို ချွတ်ပစ်ကာ ပေါ့ပေါ့ပါးပါးရှိသော ခဲရောင်တီရှပ်နှင့် ဂျင်း(န်)တစ်ထည်ကို လဲလှယ်ဝတ်ဆင်လိုက်သည်။ ပြီးတော့ ခေါင်းကိုက်ပျောက်ဆေးတစ်လုံးကို ယူကာ မော့သောက်ပစ်ပြီး အိပ်ရာပေါ် ပက်လက်လှန် အိပ်ချပစ်လိုက်သည်။

အဲဒီအခိုက်မှာပဲ တစ်ခဏတော့ သက်သာရာရသွားသည်ဟု ထင်မိသည်။ အဲဒီသက်သာရာကို ယူနေတုန်းမှာပဲ သူ့လက်ကိုင်ဖုန်းက မြည်လာသည်။ အန်ကယ်ဂျိမ်းထံကပဲ ဖြစ်ပါသည်။





"ဘော့စ် ဘယ်ရောက်နေတာလဲ၊ လူကြီးမင်းမေးနေတယ်၊ အမြန်ပြန်လာခဲ့ပါ"

"မလာတော့ဘူးဗျာ၊ ကျွန်တော် ခေါင်းတွေ သိပ်ကိုက်နေတယ်၊ ခုတောင် ဆေးသောက်ထားရတာ"

"အဲဒီလို့မရဘူး ဘော့စ်၊ ခဏတော့ ပြန်ဆင်းလာခဲ့ပါ၊ ခုတောင် လူကြီးမင်းက စိတ်ဆိုးချင်နေပြီ ...

ပြီးတော့ ဧည့်သည်တစ်ယောက်လည်း ရောက်နေတယ်၊ မိတ်ဆက်ပေးဦးမယ်တဲ့၊ ခဏလောက် ပြန်ဆင်းလာခဲ့ပါ၊ ပြီးတော့မှ အကျိုးအကြောင်းပြောပြပြီး ပြန်နားပါ၊ ပွဲလည်း ပြီးတော့မှာပါ ...

ပလိစ် ဘော့စ်"

သူက သက်ပြင်းတစ်ချက်ကို ဆောင့်ချလိုက်ကာ ဖုန်းကို ပိတ်ပစ်လိုက်သည်။ ပြီးတော့ စိတ်တိုစွာနဲ့ပဲ တက်တစ်ချက်ခေါက်ကာ အခန်းတံခါးကိုဖွင့်ကာ အပြင်ဘက်က လှေခါးချပြီး အောက်သို့ ပြန်ဆင်းလာခဲ့ရလေသည်။ တကယ်ကို ဆူညံရှုပ်ထွေးသော ကမ္ဘာထဲသို့ ပြန်ဝင်ရပေဦးမည်။

သူ ထွက်သွားချိန်၌ အဲဒီအခန်းထဲတွင် တိုင်ပတ်ပြီး ကျန်ရစ်ခဲ့သူမှာ အိတုံဖြစ်သည်။ အိတုံသည် ထည်ဝါအခန်းထဲက အနံ့စင်ခန်းထဲသို့ ရောက်နေကာ ဒူးတွေလည်း တဆတ်ဆတ်တုန်လျက်ရှိသည်။ ဒီအခန်းထဲသို့ ရောက်လာတဲ့ပုံစံကတော့ နေရာအကာမှာ မလွဲလျှင်မပြီးသော အိတုံရဲ့ အကျင့်စရိုက်ကြောင့်ပ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေသည်။ ဒီပွဲကို မလာခင် နံနက်တည်းက ဗိုက်မကောင်းခဲ့သော အိတုံသည် ကိုယ့်ကျန်းမာရေးကို လ^^လျူရှုခဲ့ပြီး ရွှေဝါနှင့်အတူတူ Dawn Villa ခြံကြီးဆီသို့ လိုက်လာခဲ့သည်။ ဗိုက်မကောင်းသည့်ဒဏ်ကို ဥပေက္ခာပြုပြီး လိုက်လာခဲ့သည်နှင့်တန်အောင် Dawn Vill ခြံကြီးမှာ ဟိုတယ်ကြီးတစ်ခုအလား ခမ်းနားလို့နေခဲ့သည်။ ညဘက်မှာတောင် မီးရောင်စုံများဖြင့် လှပလွန်းသော ခြံကြီးထဲသို့ အရောက်မှာလည်း တစ်သက်လုံးက မစားဖူး မသောက်ဖူးသော ဘူဖေးတွေကိုလည်း အငမ်းမရစားသောက်ခဲ့သေးသည်။

ကိုယ့်ဗိုက်နှင့် တည့်တာတွေ၊ မတည့်တာတွေ ထည့်မစဉ်းစားတော့။ အဆိုတော်တွေ သီချင်းဆိုတာကို ကြည့်လိုက်၊ အကင်တံလေးတွေ ပြေးယူပြီး အချိုရည်တွေ တစ်ခွက်ပြီးတစ်ခွက်သောက်လိုက်ဖြင့် နတ်ပြည်ရဲ့အစွန်အဖျားကို ခဏရောက်တာတောင် စိတ်ချမ်းသာပျော်ရွှင်သည့်အရသာကို ကောင်းကောင်းကြီးယူလို့နေပေသည်။ ရွှေဝါက သူတို့မော်လ်အေဂျင်စီရဲ့ Logo ပါသော တီရှပ်အဖြူအကျပ်လေးကို ဆင်ပေးထားသောကြောင့် မော်ဒယ်အဖွဲ့ကလိုလို ဘာလိုလိုဖြင့် ရောယောင် လုပ်လို့ရနေ၏။

ရွှေဝါတစ်ယောက် ရှိုးလျှောက်ဖို့ စိုင်းပြင်းနေတုန်းမှာပဲ အိတုံရဲ့ မဟာရွှေဒုက္ခကလည်း စတော့တာဖြစ်သည်။ မစားဖူး အစားထူးထားသည့် အစားအသောက်ပေါင်းစုံ၊ အသီးအနှံပေါင်းစုံကြောင့် ရွှေဗိုက်တော်က တဖြည်းဖြည်း ရစ်တော်မူလာ





သည်။ နဂိုတည်းက ရေခံမြေခံ မကောင်းခဲ့သောဗိုက်ဟာ အကြီးအကျယ်ကို ဒုက္ခပေးတော့တာဖြစ်သည်။

ဒုက္ခတကာ့ဒုက္ခထဲမှာ ဒီဒုက္ခဟာ အဆိုးဆုံးမို့ အိတုံသည် ဒုက္ခကို ဖြေရှင်းဖို့အတွက် အိမ်မကြီးဆီသို့ ပြေးရသည်။ အိမ်မကြီးထဲရောက်သောအခါ ဘယ်သူ့ အဖေခေါ်ရမှန်း မသိ။ ဝန်ထမ်းဟုထင်ရသော အမျိုးသမီးကြီးတစ်ယောက်ကို မေးမိကာမှ အိမ်ထဲသို့ အပြင်လူဝင်ခွင့်မရှိဟု ပြောပြီး မောင်းထုတ်တာကို ခံရသည်။ အဲဒီအချိန်မှာ ဗိုက်က အသေအလဲကို နာနေပြီ။ ကြာရင် ထွက်ကိုကျတော့မည့် အခြေအနေဖြစ်နေတာမို့ နောက်ဖေးပေါက်ကနေ၍ အိမ်ထဲသို့ ခိုးကြောင်ခိုးဝှက်ဝင်ရသည်။

လူတစ်ယောက်မြင်လိုက် ရှောင်ပြေးလိုက်၊ တစ်ယောက်မြင်လိုက် ရှောင်ပြေးလိုက်နှင့် အိမ်အပေါ်ထပ်သို့လည်း ရောက်သွားသည်။ အဲဒီနောက်မှာတော့ တွေ့သည့်အခန်းတစ်ခန်းထဲသို့ ဖျတ်ခနဲ ဝင်ရောက်ကာ အရေးပေါ်ကိစ္စကို ရှင်းရတော့တာဖြစ်သည်။ အဲဒီကိစ္စများ စိတ်လွတ်ကိုယ်လွတ် ရှင်းလိုက်ရလျှင်ဖြင့် ဘယ်လောက်တောင် ပေါ့ပါးလွတ်လပ်သွားကြောင်း ကြုံဖူးတဲ့သူတိုင်းမှပဲ သိလိမ့်မည်။ ပထမပိုင်း စိတ်လွတ်ကိုယ်လွတ်ရှင်းပြီးတော့မှာပဲ အိတုံဟာ သန့်စင်ခန်းကို ပတ်ပတ်လည် ဝေ့ဝဲကြည့်ရှုမိတော့တာဖြစ်သည်။

ဝင်လာခါစကတော့ ကိုယ့်ဒုက္ခနဲ့ကိုယ်မို့ ဘာမှသေချာသတိမထားမိသော်ငြားလည်း ကိစ္စပြီးတော့မှ သန့်စင်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ဟော်ဝတ်လည်ကို ငေးမောကြည့်ရှုမိလျှင် ဒီတစ်ခန်းကကို အိတုံ အိမ်တစ်လုံးစာထက် တန်ဖိုးကြီးမည့်ပုံပေါက်နေသည်။ ရေချိုးကန် ချက်နှာသစ်ဘေစင်ကလည်း ဒီဇိုင်းဆန်းဆန်း နှစ်လုံးပြိုင်၊ နံ ဝတ်လည်မှာ ကပ်ထားသော တန်ဖိုးကြီးကျောက်ပြားကြီးမျာ စသဖြင့် အားလုံးဟာ ဖိတ်ဖိတ်တောက်ပနေသည်။ အဲဒါတွေ ငေးမောရင်း အမြန်ပြန်ထွက်ဖို့ သတိရတော့မှပဲ တစ်စုံတစ်ယော က အခန်းထဲကို ဝင်လာခဲ့သည်ဆိုတာ သိရတော့တာဖြစ်သည်

သန့်စင်ခန်းထဲကနေ၍ အသာလေး ချောင်းကြည့် လျှင် အိတုံသည် လန့်မအော်မိအောင် ကိုယ့်ပါးစပ်ကိုယ် အသ ပိတ်ထားရလေသည်။ အိတုံရောက်နေခဲ့သည်မှာ တကယ့်ဟာခဲ့ အခန်းဖြစ်လို့နေတာပင်။ အိမ်ကြီးရှင်မင်းသားသည် တစ်ခုခု စိတ်ရှုပ်နေပုံရကာ အဝတ်အစားတွေလဲလျက် ခုတင်ပေါ်သို့ ဖ ချလိုက်လျှင် အိတုံက မျက်လုံးပြူးသွားသည်။ သွားပြီ။ သင်း အပြီးအိပ်တော့မှာလားမသိ။ အိတုံသည် မြွေကိုက်ခံရသူလို ခြေ မကိုင်မိ လက်မကိုင်မိဖြစ်ကာ အဲဒီအခန်းထဲမှာ ခုန်ဆွ ခုန် ဖြစ်နေသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

အဲဒီအချိန်မှာပဲ ဖုန်းသံကြားရပြီး သူ့ကို တစ်ယော ယောက်က ခေါ်လိုက်ဟန်တူသည်။ သူက ထပြီးထွက်သွားလျှ အိတုံသည် ဝမ်းသာလွန်းသဖြင့် ဟားခနဲ အော်မိကာ သန့်စင်ခန်း ထဲမှ အပြေးထွက်မိသည်။ ပြီးတော့ တံခါးလက်ကိုင်ဘုကို အာ ပါးတရ လှည့်ဖွင့်လိုက်သောအခါမှ မျက်လုံးကို ပြူးသွားတော့





ဘာဖြစ်လေသည်။ အိတုံသည် စိတ်ဆင်းရဲကြီးစွာဖြင့် အားခန် အော်ပစ်ချင်စိတ်အား အထူးပဲ ထိန်းချုပ်ထားရသည်။ ထွက်လို့ရလို ခြား အပေါက်တွေကို လိုက်ရှာမိသော်လည်း ခုန်ချဖို့ရာသာ သမ်းရှိလျက် ဘယ်နားကမှ ထွက်လမ်းမမြင်ချေ။

ခုလောက်ဆို ရွှေဝါသည်လည်း အိတုံ ပျောက်မှန်း သိပြီး စိတ်ပူနေတော့မည်။ အိတုံသည် စိတ်ဆင်းရဲကြီးစွာနှင့် ဘာလုပ်ရမှန်းတောင် မသိတော့ချေ။ အဲဒီအချိန်မှာပဲ ဗိုက်က ဆပ်နာသဖြင့် အိမ်သာတစ်ခါ ထပ်တက်ရသေးသည်။ အိတုံသည် ကယ့်နေရာကျမှ ကြုံရသော ကံကြမ္မာကိုပဲ အကြီးအကျယ် ချိန်ဆဲရသည်။

ဒီလိုနှင့် အချိန်တွေက တရွေ့ရွေ့ ကုန်လာခဲ့သည်။ နောက်ဆုံးတော့ ပွဲသိမ်းသွားပြီဖြစ်သောကြောင့် အိတုံက သန့်စင် ခန်းထဲပဲ ပြန်ပုန်းရပြန်သည်။ ပုန်းစရာကလည်း ဒီတစ်ခန်းပဲရှိ ဘာကိုး။ ပြီးတော့ ကိုယ့်အခြေအနေက တစ်ညလုံးများ သွားတော့ လားလည်းမသိ။ အိတုံသည် ကိုယ့်အိမ်က အိပ်ခန်းထက်တောင် သန့်ပြန့်သည့် သန့်စင်ခန်းရဲ့ ကြမ်းပြင်ပေါ်မှာ စိတ်ပျက်လက် ပျက်နှင့် ထိုင်ချလိုက်ကာ ငိုတောင်ငိုချင်လာလေသည်။ အဲဒီလို ထိုင်မှိုင်နေရင်း သိပ်မကြာခင်မှာပဲ အပြင်မှ တံခါးဖွင့်သံကြားလိုက် ရလျှင် လူက မတ်ခနဲဖြစ်သွားသည်။

သေချာတာကတော့ မင်းသား ပြန်လာပြီဖြစ်သည်။ အဲဒီအတွေးနဲ့အတူ အိတုံက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ဘယ်ပုန်းလို့ ဘယ်သွားရမှန်းမသိ ဖြစ်သွားသည်။ ဒ
ဒီအခန်းထဲ ဝင်လာလို့ကတော့ လုံးဝကို ကွက်တိပဲ မိမှာဖြစ်
သည်။ အဲဒီအချိန်မှာပဲ ဇိုက်က ရစ်ပြီးနာလာပြန်သည်။ အိ
သည် မဖြစ်နိုင်တော့ဘူးဟု တွေးကာ အောင့်ထားသေးသည်
သို့သော် အောင့်ထားကာမှ ပိုသွားချင်သလားတော့ မပြောတ
ချေ။ ပထမဆုံး စနာတုန်းကလို အကြီးအကျယ် နာလာသည်
ဒါကြောင့် ခန်းဆီးကိုဆွဲပြီး ကမုတ်ပေါ်တွင် ဝင်ထိုင်ရပြန်သည်

ကိုယ်ကပဲ မလုံတာလားကြောင့်မသိ။ အသံမထွ
ချင်ပါဘူးဆိုမှ နည်းနည်းဖွင့်ပေးလိုက်တာနှင့် ဗြီး ဗြဲ ဗြစ်ဟူ
အသံတွေက ညံစီပြီး ထွက်လာလျှင် အိတုံမှာ ကိုယ့်ဟာကို
အမြန့်ဘရိုတ်အုပ်ရလေသည်။ အဲဒီအချိန်မှာပဲ သန့်စင်ခန်း
တံခါးက ဖျတ်ခနဲပွင့်လာကာ အထဲကို သူ ဝင်လာပြီဖြစ်ကြော
သိရလျှင် အိတုံသည် ဆံပင်တွေတောင် ထောင်သွားသလို ခံ
ရလေသည်။ အဲဒီတစ်ခဏအတွင်း၌ သေပစ်လိုက်ချင်တဲ့အ
ခံစားချက်က ပြင်းထန်သွားသည်။ သူကလည်း ဝင်လာပြီ ကို
ကလည်း တန်းလန်းကြီးဖြစ်သောကြောင့် အိတုံသည် အံကို
တင်းတင်းကြိတ်ထားရတော့သည်။

အဲဒီအချိန်မှာပဲ အိတုံရဲ့အရှေ့က ပလတ်စတစ်လို
ကာသည် ဗြန်းခနဲ ဆွဲလှပ်ခြင်းကို ခံလိုက်ရသည်။ အိတုံသ
မျက်လုံးပြူးသွားပြီး ငုတ်တုတ်ကြီးမှ ထိုင်ရမလို ထရမလိုဖြစ်သွ
သလို သူကလည်း ပါးစပ်အဟောင်းသားပွင့်ပြီး အိတုံကို အ





ဘက်တွေ့သလို မျက်လုံးပြူးပြီး ကြည့်နေသည်။ ပြီးတော့မှ
ားတောင် ကောင်းကောင်းမပြောနိုင်သော အသံဖြင့် လက်ညှိုး
ိုကာ ...

"မင်း ... မင်း ... မင်း ဘယ်သူလဲ"

"ဟို ... ကျေးဇူးပြုပြီး လိုက်ကာ ... လိုက်ကာ ပြန်ဆွဲပေးပါ"

အိတုံရဲ့ အသံတုန်ယင်ယင်ကို ကြားတော့မှ သူက
ဘိဝင်လာဟန်ဖြင့် လိုက်ကာကို ဗြန်းခနဲဆွဲကာ အခန်းထဲမှ
ပြန်ထွက်သွားသည်။ ဒီတော့မှပဲ အိတုံက ကိုယ့်ကိုကိုယ်
ခြန်ရှင်းကာ ထရသည်။ လက်ဆေးပြီးသော်လည်း တော်တော်
င်အပြင်မထွက်ဝံ့ချေ။ ရှက်တတ်လျှင် မျက်နှာကို ဓားနဲ့လှီးပစ်
င်ရောကောင်းသော အဖြစ်အပျက်များအတွက် အိတုံသည်
အပြင်ဘက်သို့ လုံးဝမထွက်ချေ။ အတန်ကြာလျှင် အပြင်ဘက်မှ
ံခါးခေါက်သံ ထွက်လာကာ ...

"ဟေ့ ... အထဲက မအတ၊ ကိစ္စဝိစ္စပြီးရင်လည်း ထွက်ခဲ့တော့လေ၊ အထဲမှာ ဘာလုပ်နေတာလဲ၊ အဲဒီလိုနဲ့ ပြီးသွားမယ်လို့ ထင်လို့လား"

အဲဒီကျမှ အိတုံသည် တံခါးကို အသာဖွင့်ကာ
အပြင်ဘက်သို့ ထွက်လာခဲ့သည်။ သာမန်အိမ်ခန်းတစ်ခန်းစာ
ဘက်ကျယ်ဝန်းသော သူ့အခန်းထဲတွင် သူက ဆိုဖာတစ်ခုံပေါ်
ခြေချိတ်ထိုင်လျက် အိတုံကို မမိုတ်မသုန် အကဲခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိတုံရဲ့ အကျီပေါ်က မော်ဒယ်သင်တန်း၏ နာမည်ကိုလည်း တွေ့မြင်ပါလိမ့်မည်။

"မင်း ဘယ်သူလဲ"

"ကျွန်မ ... အိတုံ ပါ"

"ဘာလဲ မင်းက မော်ဒယ်လ်လား"

"ဟို ... မဟုတ်ပါဘူး၊ ကျွန်မသူငယ်ချင်းက မော်ဒယ် ရွှေဝါဝါ၊ ကျွန်မက သူ့ကို ကူညီဖို့ လိုက်လာတာပါ ...

အဲ ... အဲဒါ ကျွန်မ အစတည်းက ဗိုက်သိပ်မကောင်းပါဘူး၊ ဒီရောက်တော့ အစားပေါင်းစုံစားပြီး အခြေအနေဆိုးတာနဲ့ အိမ်သာလိုက်ရှာရင်း အဲ ... အဲဒီလို ..."

"နေပါဦး ... အိမ်သာ ရှာတာကလည်း ငါ့အခန်းထဲအထိ ရောက်လာရသလား၊ မဖြစ်နိုင်ဘူး၊ မင်း မရိုးသားဘူး"

"အို ... တကယ်ပါ။ ကျွန်မ မညာပါဘူး။ ကျွန်မ မရိုးမသား ဘာမှ မလုပ်ပါဘူးရှင့်။ ကျွန်မက ဒီအိမ်ထဲဝင်ပြီး အိမ်သာသုံးချင်တယ်ဆိုတော့ အမျိုးသမီးကြီးတစ်ယောက်က ကျွန်မကို မောင်းထုတ်ပါတယ် ...

ကျွန်မလည်း အရမ်းဒုက္ခရောက်နေရတာနဲ့ နောက်ဖေးက လှည့်ဝင်ပြီး လူတစ်ယောက်လာ တစ်ယောက်ရှောင်နဲ့ ဘယ်တွေရောက်နေမှန်းမသိ ရောက်ပြီး ဒီအခန်းထဲ ရောက်လာတာပါ။





ကျွန်မလေ ရှင် ပထမတစ်ခါ အကျီလာလဲကတည်းက ဒီထဲရောက်နေတာပါ။ ရှင် အပြင်က သော့ချသွားတာနဲ့ အထဲမှာပိတ်ပြီး ကျန်နေရစ်ခဲ့တာ။ ဟို ... ကျွန်မ တော်တော်လေး ဝမ်းလျှောနေလို့ပါ ...

ဒါပါနဲ့ဆိုရင် သုံး ... သုံးခါ ..."

"ဟာ ... တော်ပြီ ... တော်ပြီ။ မင်းကို ဘယ်သူက မေးနေလို့ ဒါတွေ ပြောနေရတာလဲ ...

ကျွတ် ... ရောက်စရာရှားလို့ ငါ့အခန်းထဲမှာ အီးလာပါရတယ်လို့"

ထည်ဝါက စိတ်ရှုပ်သလို ပြောမိသော်လည်း သူ့စိတ်ထဲတွင်တော့ နည်းနည်း ရယ်ချင်နေမိတာကို ဝန်ခံရပေမည်။ ကိုပြန်ရောက်ကတည်းက စိတ်မွန်းကျပ်မှုများစွာ တွေ့ခဲ့ရာမှ အဖြစ်အပျက်ကတော့ သူ့အတွက် ရယ်စရာ အကောင်းဆုံးပဲ ဖြစ်ပေလိမ့်မည်။

ကောင်မလေးရဲ့ပုံစံဟာလည်း တကယ်ဟု ယုံချင်စရာကောင်းအောင် ရိုးသားမှုအပြည့်ရှိသည့် မျက်နှာမျိုးဖြစ်သည်။ ဆံပင်တွေကို ထိပ်နားမှာ စုစည်းထုံးဖွဲ့ထားကာ မော်ဒယ်သင်တန်း ဆိပ်ပါသော တီရှပ်အဖြူအကျပ်နှင့် ဂျင်း(န်)တစ်ထည်ကိုသာ ရိုးရိုးလေး ဝတ်ဆင်ထားပြီး မျက်နှာမှာ ဘာမိတ်ကပ်မှ မပါတာလည်း သူ့အတွက် စိတ်သက်သာရာ ရစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ အခုတည်းက ရွှေရောင် ငွေရောင် လူတန်းစားတွေနှင့် တွေ့ဆုံခဲ့ရသဖြင့် နောက်ကျိနေသော စိတ်များသည် ဒီကောင်မလေးရဲ့ အူကြောင်ကြောင်ပုံစံကို မြင်ရသောအခါ ပေါ့ပါးသလို ဖြစ်လာသည်။

သူက ကောင်မလေးကို အတည်ပေါက်ဖြင့် နောက်ချင်လာသည်။

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ မင်းက ငါ့အခန်းထဲကို ငါမသိအောင် ရောက်လာတာ ပိုင်နက်ကျူးလွန်မှုပဲ။ ဒီတော့ မင်းကို ရဲလက်အပ်ရလိမ့်မယ်"

"ရှင် ! ...။ မ ... မလုပ်ပါနဲ့ရှင်။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ မရိုးသားတဲ့စိတ်နဲ့ ဒီအိမ်ထဲကို ရောက်လာတာ မဟုတ်ပါဘူး ...

တကယ်ကို ဒုက္ခရောက်နေလို့ပါ။ ကျွန်မကို ခွင့်လွှတ်ပေးပါ။ ကျေးဇူးပြုပြီး ရဲမတိုင်ပါနဲ့ရှင်"

"ကောင်းပြီလေ၊ ရဲကိုတော့ မတိုင်ဘူး။ မင်း ဒီအခန်းထဲက အခု ထွက်သွားတော့"

"အဲ ... ထွက်သွားရမယ်။ ကျွန် ... ကျွန်မ ဘယ်လိုထွက်သွားရမလဲဟင်။ အခုနေ ဒီက ထွက်သွားလို့ တခြားတစ်ယောက်ယောက်က တွေ့သွားရင် ကျွန်မကို ပြဿနာရှာမှာပေါ့။ ပြီးတော့ ကျွန်မ သူငယ်ချင်းလည်း ပြန်သွားပြီနဲ့တူတယ် ...





ဒီအိမ်ကနေ ခြံဝကို ရောက်ဖို့ဆိုရင် ကျွန်မ မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်ရဦးမှာ။ ခြံဝမှာလည်း လုံခြုံရေးဂိတ် ရှိသေးတယ်။ မဖြစ်ဘူးထင်ပါတယ်။ ကျွန်မ ဘယ်လိုထွက်သွားရမလဲဟင်၊ ကျွန်မကို ကူညီပါဦးနော်"

သူ့ကို မျက်နှာငယ်လေးဖြင့် တောင်းပန်ပြောဆိုနေသော ကောင်မလေးကိုကြည့်ကာ သူက ဟက်ခနဲ မြည်တမ်းလျက် မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ တကယ်တော့ ပြောသာပြောရသည်။ ဒီကောင်မလေးကို အခုမှ သူ့အခန်းထဲ ထွက်သွားခွင့် ပေးလိုက်လျှင်လည်း တစ်အိမ်လုံး အုတ်အော်သောင်းနင်း ဖြစ်သွားသည်။ အိမ်တော်ကြီးရဲ့ဝန်ထမ်းတွေ ဒီလောက်ပေါ့လျော့သလားဟု ဆိုကာ အဘိုးရဲ့ဒေါသက ညဆယ့်တစ်နာရီကျမှ အကြီးအကျယ်ထပြီး ပေါက်ကွဲသွားနိုင်သည်။

အခုတောင်မှ ဘာမှမဟုတ်ပါဘဲနှင့် လုံခြုံရေးတွေ အလုပ်နေသော အဘိုးဟာ ဒီ့ထက် လုံခြုံရေးတွေ တိုးမြှင့်လျှင်တော့ သူလည်းပဲ အသက်ရှူချောင်မှာ မဟုတ်တော့။ တကယ်တော့ ဒီနိုင်ငံမှာ အသက်ကိုထိပါးနှောင့်ယှက်သည့် အန္တရာယ်များလည်း မရှိတာမို့ ဒီအိမ်ရဲ့လုံခြုံရေးဝန်ထမ်းတွေဟာ ပေါ့လျော့ကြသည်။ အထူးသဖြင့် ဒီနေ့လို နေ့မျိုးမှာ အဆိုတော်တွေ ဧည့်သည်တွေကို အာရုံရောက်နေသဖြင့် ဒီအိမ်ကြီးထဲသို့ သူမတစ်ယောက်လုံး ရောက်လာတာတောင် ဘယ်သူမှ မသိနိုင်ကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒီကောင်မလေးကို ဒီအိမ်ထဲကနေ၍ အပြင်ဘက်သို့ ခေါ်ထုတ်သွားပေးဖို့ဆိုတာ သူမှလွဲ၍ ဘယ်သူမှ မတတ်နိုင်တော့။ သူ့အတွက်ကလည်း ဒီညအဖို့တော့ မဖြစ်နိုင်တော့ပါ။ သူ အပြင်ထွက်သွားတာနှင့် အန်ကယ်ဂျိမ်းက ဘယ်လဲ ဘာလဲ စစ်ဆေးမေးမြန်းတော့မည်။ သူက ကောင်မလေးကို အဓိပ္ပာယ်ပါပါဖြင့် စိုက်ကြည့်လိုက်ကာ ...

"ဒီညအဖို့တော့ မင်းကို ပြန်လွှတ်ဖို့ မဖြစ်နိုင်တော့ဘူး"

"ရှင်"

"ဟုတ်တယ်။ ငါ့အနေနဲ့ကလည်း အပြင်ပြန်ထွက်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ မင်းကို ဒီအတိုင်း ပြန်လွှတ်လိုက်လို့ တစ်ယောက်ယောက် တွေ့သွားရင်လည်း ပြဿနာကတက်ဦးမယ် ...

ဒီတော့ မင်း ဒီည ဒီအခန်းထဲမှာပဲ နေရမှာပဲ။ မနက်ကျမှ အစောကြီး မင်း သွားချင်တဲ့နေရာကို ငါ ပို့ပေးရမှာ"

"ရှင် ... တကယ် ... တကယ်လား။ ဒါဆို ကျွန်မက မနက်ကျမှ အိမ်ပြန်ရမှာလားဟင်"

"တကယ်ပေါ့။ အဲဒါတောင် မင်းကို ငါက ကူညီရမှာ။ တခြားနည်းလမ်း ရွေးစရာမရှိဘူး။ ဘယ်လိုလဲ"

ကောင်မလေးက ချက်ချင်းပဲ ငိုချင်သောမျက်နှာ ဖြစ်သွားသည်။





သူက အဲဒီမျက်နှာကို သဘောတကျဖြင့် စိုက်ကြည့်နေမိရင်းမှ ဒီမျက်နှာကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲဟု တွေးခင်လာမိသည်။ ဘယ်မှာ မြင်ဖူးတာပါလိမ့်။ ဒီနိုင်ငံမှာလည်း သူဟာ ဘယ်နေရာကိုမှ သိပ်များများစားစား မသွားဖူးသေးပါ။

"ဒါဖြင့်ရင် ကျွန်မက ဒီအခန်းထဲမှာပဲ တစ်ညလုံးနေရမှာပေါ့နော်"

"That's Right"

သူမက အရမ်းကို ညှိုးငယ်သွားပြန်သည်။ အဲဒီနောက် မျက်နှာအမူအရာက တစ်မျိုးပြောင်းလဲကာ သူ့ကို မဝံ့ရဲကြည့်ရင်း ...

"ဟို ... ကျွန်မ ဗိုက်နာလာလို့ ... အဲဒါ ..."

သူက ရှုံ့မဲ့လိုက်ရင်းမှ လက်ကို မြန်မြန်ခါကာ ...

"သွား ... သွား ... ပြဿနာပါပဲလား"

သူ့ရှေ့မှ ကောင်မလေးက ထွက်ခွာသွားကာ သန့်စင်ခန်းထဲသို့ ပြန်ဝင်သွားပြန်သည်။ ဒီကလေးမဟာ ဒါပါနဲ့ဆိုဆေးခါလောက် ရှိပြီမို့ ကြာရင် လွယ်မှာမဟုတ်တော့ဟု သူက သဘောပေါက်သွားသဖြင့် ရေခဲသေတ္တာထဲမှ ဆေးသေတ္တာကို သွားယူကာ ဝမ်းပိတ်ဆေးနှင့် ပိုးသတ်သောဆေးတို့ကို ထုတ်ယူကာ ဆေးထည့်သော ပန်းကန်ပြားလေးထဲ ထည့်ထားလိုက်သည်။ ပြီးတော့ ရေသန့်တစ်ဘူးနှင့် ခေါက်ဆွဲတစ်ထုပ်ကိုပါ စားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်ထားလိုက်လေသည်။ ခဏကြာသောအခါတွင် ရှုံ့မဲ့မဲ့ မျက်နှာထားဖြင့် ဝန်းမမက ပြန်ထွက်လာသည်။

"ကဲ ... ပန်းမမလေး။ အဲဒီမှာ ဆေးရှိတယ်။ သောက်လိုက်၊ ပြီးရင် ရေသန့်ဘူးထဲကို ဓာတ်ဆားထည့်ပြီးဖျော်။ အဲဒါကို တစ်ဘူးလုံး ကုန်အောင်သောက် ...

မဟုတ်ရင် မင်း ဆေးရုံရောက်တော့မယ်"

"ဟုတ် ... ဟုတ်ကဲ့"

သူမကို သူ့ကို မဝံ့မရဲနှင့်ကြည့်ကာ ဆေးကိုယူသောက်သည်။ ပြီးတော့ ဓာတ်ဆားဖျော်ကာ တစ်ခွက်သောက်လေသည်။ ခုချိန်ထိ မတ်တတ်ရပ်ကာ မထိုင်သေးသော ကောင်မလေးကို သူက ဆိုဖာပေါ်မှာ ဝင်ထိုင်စေလိုက်သည်။ ကောင်မလေးက သူနဲ့မျက်နှာချင်းဆိုင်က ဆိုဖာပေါ်တွင် မဝံ့မရဲ ဝင်ထိုင်လေသည်။

"ကဲ ... မင်း ကြည့်ရတာ နောက်ထပ်တော့ အနည်းဆုံး နှစ်ခါလောက်သွားမယ့်ပုံပဲ။ ဒီတော့ မင်းလည်း အိပ်လို့ရမှာ မဟုတ်ဘူး ...

ငါလည်းပဲ မင်းရှိတဲ့အတွက် အိပ်လို့ပျော်မှာမဟုတ်ဘူး။ ဒီတော့ အပျင်းပြေစကားလေး ဘာလေး ပြောကြတာပါ"

"ရှင်"





"ရှင်တွေ ဟင်တွေ လုပ်မနေနဲ့။ မင်း ငါ့ကို လွတ်လွတ်လပ်လပ်ပဲ ဆက်ဆံနိုင်တယ်။ မင်းလည်း လူတစ်ယောက်၊ ငါလည်း လူတစ်ယောက် ဘာမှသိပ်ကွာခြားတာ မရှိပါဘူး။ သင်္ဘောပျက်လို့ လူသူမရှိတဲ့ ကျွန်းကြီးတစ်ကျွန်းပေါ်ရောက်သွားကြရင် တန်ဖိုးချင်းက အတူတူပဲ ဖြစ်မှာပါ ...

လူ့အဖွဲ့အစည်းထဲမှာ နေနေရလို့သာ သတ်မှတ်ထားတဲ့ တန်ဖိုးတွေ ကွာနေကြတာ။ ဟုတ်တယ် မဟုတ်လား"

သူ့စကားကို ကောင်မလေးက သဘောကျသွားဟန်ဖြင့် ယောင်ယောင်လေး ပြုံးသည်။ ပြီးတော့ ခေါင်းညိတ်ပြလေသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"အိတုံပါ"

"အိတုံ ! "

"ဟုတ် ... ဟို ... အဲဒါက အိမ်နာမည်ပါ။ ကျောင်းနာမည်က သဲမဥ္ဇူဖူးငုံ တဲ့"

သူက နာမည်ကြား၍ တစ်ချက်ရှုံ့မဲ့လိုက်လျှင် ကောင်မလေးက ခစ်ခနဲ ရယ်သည်။ အဲဒီလို ရယ်လိုက်တာလေးကြောင့် သူမရဲ့ ရိုးသားဖြူစင်ပုံလေးက ထင်းခနဲ ပေါ်လွင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ၊ သဲမဥ္စူဖူးငုံလည်း မခေါ်ပါရစေနဲ့။ အိတုံ့ဆိုတော့လည်း အိတုံ့ပဲပေါ့ ...

မင်းက ဘယ်မှာနေတာလဲ"

"ဟို ... မြို့သစ်စက်မှုဇုန်ဘက်မှာပါ"

"မြို့သစ်စက်မှုဇုန် ! "

သူက ကောင်မလေးရဲ့စကားကို သံယောင်လိုက်ရင်းမှ တစ်ချက်စဉ်းစားမိသည်။ မြို့သစ်စက်မှုဇုန်တွင် သူတို့ရဲ့စက်ရုံတွေရှိသည်။ ပြီးတော့ ဒီကောင်မလေးကိုလည်း သူ မြင်ဖူးသလိုလိုရှိသည်။ အဲဒီအချိန်မှာပဲ မှတ်ဉာဏ်စွမ်းရည် သိပ်မနိမ့်လှသော သူ့ခေါင်းထဲတွင် ဖျတ်ခနဲလင်းလာသော အလင်းတစ်ခု ပွင့်လို့သွားလေသည်။

"နေပါဦး ... မြို့သစ်စက်မှုဇုန်ဘက်မှာ မင်း စက်ဘီးစီးလေ့ရှိသလား"

"ရှင် ... ဟုတ် ... စီးပါတယ်။ ဘာဖြစ်လို့လဲ မသိဘူး"

"ဒါဆိုရင် စက်ဘီးနဲ့ ကားနဲ့ရော တိုက်မိမလို ဖြစ်ဖူးသလား"

"ရှင် ... ဖြစ် ... ဖြစ်ဖူးတယ်။ ဟင် ... ဒါ ... ဒါဆို ... ဟိုတစ်ခါ ကျွန်မနဲ့ ဝင်တိုးမိတော့မလို ဖြစ်သွားတဲ့ ကားအမည်းကြီးဟာ ရှင်တို့ကားပေါ့ ...

အဲဒီတုန်းက ပိုက်ဆံလျော်ပေးတဲ့ ဦးလေးကြီးက ..."





"အင်း ... ဟုတ်တယ်။ သူက ငါ့ရဲ့ကိုယ်ရေးအရာရှိပေါ့။ အဲဒီတုန်းက ကားထဲမှာ ငါ ပါတယ်လေ။ ဒါကြောင့် ဒီအခန်းထဲမှာ မင်းကို စတွေ့ဖူးတော့ မြင်ဖူးပါတယ်လို့ ထင်နေမိတာကိုး ...

ဩော် ... ဖြစ်ရတယ် တိုက်ဆိုက်ဆိုင်ဆိုင်။ မင်းက အဲဒီဘက်မှာ နေတာလား။ အဝေးကြီးပဲ။ ဒီပွဲကို ဘယ်လိုများ ဆက်စပ်ပြီးတော့ ရောက်လာတာလဲ"

"ကျွန်မ သူငယ်ချင်းက မော်ဒယ် ရွှေဝါပါ။ ကျွန်မက ဒီလိုပွဲမျိုးတွေ တစ်ခါမှ မရောက်ဖူးပါဘူး။ ဒါကြောင့် ရောက်ဖူးချင်တာနဲ့ လိုက်လာတာ ...

အဲဒါ ... ဟို ... မမြင်ဖူး မစားဖူး မသောက်ဖူး၊ တာတွေ နင်းကန်စားပြီး ခုလို ခုလို အား ... ပြောရင်းနဲ့ ဗိုက်နာလာပြန်ပြီ ... ခဏလေးပါနော်"

သူမက လက်ညှိုးလေးတစ်ချောင်းထောင်ကာ ခွင့်တောင်းသလိုပြောပြီး ပြေးသွားပြန်သည်။ သူက စိတ်ရှုပ်သလို၊ ရယ်ချင်သလိုဖြင့် ခေါင်းကိုအသာယမ်းလိုက်သည်။ ညနေခံပွဲမှာ စိတ်ရှုပ်နေသောကြောင့် ဘာမှမစားခဲ့သဖြင့် ဆာသလိုလိုရှိလာသောကြောင့် သူက ကော်ဖီတစ်ခွက်ကို ကိုယ်ဘာသာဖျော်လိုက်သည်။ သူ့အခန်းထဲတွင် Kitchen သေးသေးလေးတစ်ခု ပါဝင်သည်။ Kitchen သေးသေးလေး ဆိုတာက ဂက်စ်မီးဖို၊ ရေနွေးကျိုအိုး၊ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်ထုပ် တခြားစား... ...



www.burmeseclassic.com

www.burmeseclassic.com



မုန့်များ စသဖြင့် ထမင်းစားပွဲအသေးလေးနှင့်အတူ အပြည့်အစုံ ပါရှိလေသည်။

ကောင်မလေးက သန့်စင်ခန်းထဲမှ ပြန်ထွက်လာသောအခါ သူက ကော်ဖီသောက်ဖို့ ပြင်ဆင်နေပြီဖြစ်သည်။ သူ့ ကော်ဖီခွက်ကို တစ်ချက်လှမ်းကြည့်သော ကောင်မလေးအား သူက ပြုံးပြလိုက်ရင်းမှ ...

"မင်း ကော်ဖီသောက်ချင်လို့လား။ ဒါပေမဲ့ ခဏဆားရည်ပဲ သောက်ရမှာ။ မင်းနဲ့ ကော်ဖီနဲ့ မတည့်ဘူး"

"ဟို ... မသောက်ချင်ပါဘူး။ ကျွန်မ ခဏဆားပဲ သောက်မှာပါ။ ရှင် အိပ်ချင်ရင် အိပ်ပါနော်။ ကျွန်မ ထိုင်စောင့်ပါ့မယ်။ မနက်ကို ဘယ်နှနာရီ နှိုးရမယ်သာ ကျွန်မကို ပြောပါ"

"မနှိုးရပါဘူး။ ငါ ဒီည အိပ်မှာမဟုတ်ဘူး"

သူမက သူ့ကို ရှင်ဲ ဟူသော သဘောဖြင့် မျက်လုံးလေးဝိုင်းကာ ကြည့်သည်။ သူက ရှေ့က ကော်ဖီကို တစ်ငုံမော့လိုက်ရင်းမှ သူမကို စေ့စေ့စပ်စပ် ကြည့်ရှုကာ ခေါင်းတစ်ချက် ဆတ်ပြလိုက်ရင်းမှ ...

"ဟုတ်တယ် ... မင်း ရှိနေလို့လည်း မဟုတ်ဘူး။ မင်းရှိရှိ မရှိရှိ ဒီညက ငါ အိပ်ပျော်မယ့်ည မဟုတ်ဘူး ...

ဒီတော့ ငါတစ်ယောက်တည်း မပျင်းရအောင် မိုးနတ်မင်းက မင်းကို ငါ့ဆီ လွှတ်လိုက်တယ်နဲ့တူတယ်။





ဘယ်လိုဖြစ်ပစေလေ မင်းဟာ မဖိတ်ခေါ်ဘဲ ရောက်လာတဲ့သူ ဆိုပေမယ့် ငါ့အတွက် ဧည့်သည်ပါပဲ ...

ဒီတော့ ဒီညကို မင်းနဲ့ ငါနဲ့ စကားတွေပြောရင်း ကုန်ကြတာပေါ့၊ ဘယ်လိုလဲ"

သူ့စကားကို ကောင်မလေးက အံ့သြသောပုံစံဖြင့် ငေးကြောင်ပြီး ကြည့်နေသည်။ ပြီးတော့ ဝမ်းသာအားရပုံစံဖြင့် အားရပါးရပြုံးကာ ခေါင်းကို ထပ်ခါ ထပ်ခါ ညိတ်ပြသည်။ ဘာကြောင့်မှန်းမသိဘဲ ဒီကောင်မလေးဟာ ရိုးသားသည့် မျက်နှာပေးလေးနှင့် ခင်ဖို့ကောင်းသည်ဟု သူက ထင်သည်။ ဒါကြောင့်လည်း မိတ်ဆွေသူငယ်ချင်းအဖြစ် သတ်မှတ်ဖို့ စိတ်ကူးမိသည်။

"ရှင်က သူဌေးဖြစ်ပြီး မာန မကြီးတတ်ဘူးနော်"

"အင်း ... ဆိုပါတော့။ ကဲ ... မင်းအကြောင်း ပြောပါဦး။ မင်းက ဘာအလုပ် လုပ်လဲ။ ဘာကျောင်းတက်နေသလဲ"

"ကျွန်မက အဝေးသင်ရဲ့ တက်မှာပါ။ အခုတော့ မတက်ရသေးဘူး။ အလုပ်ကတော့ အမေ့ဆိုင်မှာပဲ ကူနေရတာပေါ့။ ကျွန်မအမေက ထမင်းဆိုင် ဖွင့်ထားတာပါ။ ထမင်းဆိုင်ဆိုပေမယ့် ရပ်ကွက်ဆိုင်သေးသေးလေးပါ ...

အနားမှာ ဖုန်းပြောစားတဲ့အိမ်လည်း ရှိတော့ တချို့လူတွေက ဖုန်းနဲ့ ဟင်းအော်ဒါမှာရင် ကျွန်မက သွားပို့ပေးရတာပေါ့။ အဲဒီအလုပ်ကို နေ့တိုင်း လုပ်ရတာ"

"ဩော် ... မင်းက အဲဒါပဲ ဝါသနာပါတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း။ ဘာဖြစ်လို့ ပါရမှာလဲ"

သူမက ဆတ်ဆတ်ထိ မခံဘဲ ချက်ချင်း ပြန်ပြော လိုက်လျှင် သူက အဲဒီကောင်မလေးရဲ့ စိတ်ခံစားချက်ကို သဘော ပေါက်သွားရသည်။

"ဘာလဲ ... မင်းက အဲဒီအလုပ်ကို မလုပ်ချင်ဘူးလား"

"ဟင့်အင်း ... ကျွန်မက အလုပြင်သင်တန်း တက်ချင် တာ။ အဲဒီကျောင်းတက်ဖို့ဆိုရင် ဆယ့်ငါးသိန်းလောက် ကုန်မှာလေ ...

ဒီတော့ အမေက မထားချင်ဘူး။ အမေ့ဆန္ဒက အဝေးသင်နဲ့ ဘွဲ့လေးတစ်ဘွဲ့ယူ၊ ဒီထမင်းဆိုင်လေးကိုပဲ ဦးစီးဖွင့်၊ ဒီလိုပဲ ဖြစ်စေချင်တာလေ ...

ကျွန်မက အဲဒီအလုပ်ကို မလုပ်ချင်ဘူး။ ဘဝကို ဒီ့ထက် ပိုတိုးတက်အောင်မြင်ချင်တာ။ အဲဒီတော့ အမြဲ စိတ်ညစ်နေရတယ်"

သူက ကောင်မလေးကို ငေးကြည့်နေရင်းမှ အဲဒီ ကို ဖျတ်ခနဲ သတိရမိသွားသည်။ အဲဒီနဲ့ နီးစပ်ဖို့ အချိန်သရွေ့ ကြိုးစည်နေသော သူ့ဦးနှောက်သည် အိတုံ ဆိုသော ကောင်မလေး ကိုကြည့်ရင်း ကြည့်ရင်းနဲ့မှ ဖျတ်ခနဲ လင်းလက်သွားသည်။ အဲဒီနဲ့ လောလောဆယ်မှာ လက်ထပ်ဖို့ သဘောမတူသေးသော အဘိုးသည် အဲဒီလောကမှ အနေအထားတစ်ခု မရှိသည့်၊ ပြော





ရလျှင်တော့ သာမန်လူလတ်တန်းစား အခြေအနေတစ်ခုမှာတောင် မရှိသည့် ကောင်မလေးတစ်ယောက်ကို ရူးသွပ်စွာ စွဲလမ်းနေသည် ဟု သိသွားလျှင် ဘယ်လိုလုပ်မည် ထင်သလဲ။

လူတွေဟာ တစ်ဆယ်ကို ပိုင်ဆိုင်ရမယ်လို့ သိထား ပြီး တစ်ဆယ်ထက်နိမ့်တဲ့ သုံးတို့ လေးတို့ကို ယူတော့မယ်ဆို လျှင်တော့ တစ်ဆယ်ကိုပဲယူတော့ဟု ရွေးချယ်ကြတော့မှာ အမှန် ပဲဖြစ်သည်။ အဲဒီနဲ့ သူ့ကိုလည်း ဒီသဘောတရားအတိုင်းပဲ ဖြစ်လေမလား။ နောက်ဆုံး အဘိုးဟာ သူ့ကို မင်း ဒီမှာမနေဘဲ ခင်ကာပူကိုပဲ ပြန်တော့ဟု ပြောလာရင်ရော ? ။ သူက အဲဒီ အတွေးတွေကို တွေးမိတာနဲ့တောင် ရင်ထဲမှာ တထိတ်ထိတ်ဖြင့် ကြည့်စုံရင်ခုန် ပျော်ရွှင်လာရသည်။ ဒါဟာ ဖျတ်ခနဲ ပေါ်လာတဲ့ အတွေးတစ်စကနေ စီစဉ်သွားရမယ့် လျှို့ဝှက်ချက်တွေပဲ။

ရှေ့ကကောင်မလေးကလည်း ဖြစ်ချင်တဲ့ဆန္ဒတွေ ရှိနေသည်။ သူ့အတွက်ကတော့ ပိုက်ဆံ ဆယ့်ငါးသိန်းဆိုတာ အဲဒီ့ဆီကို ဆက်နေတဲ့ ဖုန်းဖိုးလောက်တောင် မရှိပါ။ ဒီတော့ သူက ဘာကြောင့် ဒီအစီအစဉ်ကို အကောင်အထည် မဖော်နိုင် ရမှာလဲ။

"မင်းက အဲဒီအလုပြင်သင်တန်းကျောင်းကို မဖြစ်မနေ တက်ချင်တာလား"

"ရှင် ! ဟုတ် ... ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းမှာလည်း မင်းအခက်အခဲ ရှိသလို ငါ့မှာလည်း ငါ့အခက်အခဲရှိတယ်။ ဒီတော့ မင်း ငါ့ကို တစ်ခုကူညီ မလား"

"ရှင် ! ဘာကူညီရမှာလဲ"

"မင်း ... ငါ့ ရည်းစားဟန်ဆောင်ပေးနိုင်မလား"

"ဘာ ... ဘယ်လို"

"ဟုတ်တယ်။ ငါ့ရည်းစားဟန်ဆောင်ပေးနိုင်မလားလို့ မေး တာ။ မင်း နားလည်အောင် ငါ့အကြောင်း ပြောပြမယ် ငါက ငယ်ငယ်လေးတည်းက စင်ကာပူမှာ ကျောင်းတက် လာတာ။ ငါ့ချစ်သူကလည်း အဲဒီကပဲ ...

ငါက သူနဲ့ဝေးမှာ သိပ်ကြောက်တယ်။ အဘိုးက လည်း လောလောဆယ် လက်ထပ်ဖို့ဆို သဘောတူမှာ မဟုတ်ဘူး။ ဒီတော့ ငါက လှည့်ကွက်တစ်ခုသုံးမှရမယ့် အခြေအနေ ဖြစ်လာပြီ ...

ဒီတော့ ငါဟာ ဒီမှာ စိတ်လေပြီး မင်းနဲ့အပျော် တွဲတယ်။ မင်းကို စပွန်ဆာတွေပေးတယ်။ ရှုးရှုးမှူးမှူးတွဲလမ်း နေတယ် ...

အဲ ... မင်းကလည်း ခပ်ဆိုးဆိုး ခပ်လည်လည် ကောင်မလေးအဖြစ် အဘိုး စိတ်မချချင်စရာ ရတက်မ အေးချင်စရာ သရုပ်ဆောင်ပေးနိုင်ရမယ် ...





နောက်ဆုံး အဘိုးက မင်းနဲ့စာရင်တော့ ငါ့ချစ်သူ အဲဏီက တော်သေးရဲ့လို့တွေးမိပြီး အဲဏီနဲ့ သဘောတူ လာတဲ့ အထိပေါ့ ...

အိုခေ ... ငါပြောတာ မင်း သဘောပေါက်လား"

သူမက သူ့ကို အံ့သြနေဆဲ မျက်လုံးများဖြင့် စိုက် ကြည့်ကာ ခေါင်းညိတ်ပြသည်။

"အဲဒီလို မင်း ကူညီပေးနိုင်မယ်ဆိုရင် မင်း သင်တန်း တက်ချင်တဲ့ဆန္ဒကို ငါ ဖြည့်ဆည်းပေးမယ် ...

အို ... မင်း ဒီမှာမဟုတ်ဘူး။ ဗန်ကောက်မှာသွား တက်ချင်လည်း စီစဉ်ပေးမယ်။ မင်း အစွမ်းအစရှိရင် ရှိသလို မင်းအတွက် ဖြည့်ဆည်းပေးမယ်။ ဘယ်လိုလဲ။ နောက်ဆုံး မင်းအတွက် ကိုယ်ပိုင် Beauty Saloon တစ်ခု ဖွင့်ပေးမယ်ကွာ"

သူ့စကားအဆုံးတွင် သူမရဲ့မျက်လုံးတွေက ရောင် ...တွေ ဖြာထွက်လာသလားဟု ထင်ရအောင် တဖျပ်ဖျပ် လက် ...တက်ပသွားလေသည်။ သူ့စကားသည် ကောင်မလေးရဲ့အချက် ... ထိသွားပြီဆိုတာ သူ ကောင်းကောင်းကြီး သိလိုက်သည်။

"ရှင် ... တ ... တကယ် ပြောနေတာလား"

"တကယ်ပေါ့။ မင်း လက်ခံမယ်ဆိုရင် အသေးစိတ် အစီ အစဉ်တွေကို ဆက်ဆွေးနွေးမယ်။ အဓိက,ကတော့ မင်းက ငါ့ရဲ့ဟန်ဆောင်ရည်းစား ဖြစ်ပေးဖို့ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် မင်း ပိပိရိရိ ဟန်ဆောင်နိုင်ဖို့တော့ လိုတယ်။ ဘာလို့လဲဆိုတော့ ငါ့အဘိုး၊ သူ့ရဲ့ကိုယ်ရေးအရာရှိ၊ ငါ့ရဲ့ကိုယ်ရေးအရာရှိ စသဖြင့် သူတို့က လူကဲခတ် သိပ်တော်တယ်။ သိပ် Bright ဖြစ်တယ်။ တစ်ခုခုဆိုရင် မင်းစိတ်ထဲမှာ အလှပြင်သင်တန်းနဲ့ Beauty Saloon တစ်ခုကို ပြေးမြင်လိုက်ပေါ့"

"ကျွန်မ အဲဒီသင်တန်းကျောင်း သိပ်တက်ချင်ပါတယ်။ ဒါ ... ဒါပေမဲ့ ရည်းစားအဖြစ် ဟန်ဆောင်ဖို့ ဆိုတာက ..."

"အေးလေ ... မင်းအတွက် ခက်ခဲနေမယ် ထင်ရင် စဉ်းစားချင် စဉ်းစားပေါ့။ ငါကတော့ မင်းဟာ ရိုးသားတဲ့ မိန်းကလေးတစ်ယောက်လို့ ယုံကြည်လို့ ဒီလို အကူအညီကို တောင်းခံတာပါ ...

သဘောပဲ"

သူမက ရုတ်တရက်တော့ ငြိမ်သက်သွားသည်။ ပြီးတော့ တစ်ခုခုကို အလေးအနက် စဉ်းစားနေပုံရလေသည်။ သူ့စကားကြောင့် ဝမ်းလျှော့တာတောင် ရပ်သွားပြီဟု ထင်သည်။ အဲဒီနောက် သူတို့တစ်တွေသည် တခြား ထွေရာလေးပါးတွေ လျှောက်ပြောရင်း အချိန်က တရွေ့ရွေ့ ကုန်သွားခဲ့သည်။ နောက်ဆုံး သူမကို လိုက်ပို့ဖို့ရာအတွက် အိမ်ထဲကနေ ကားပေါ်သို့ တိတ်တဆိတ်ရောက်အောင် လာခဲ့ကာ ကားပေါ်ရောက်မှ သူမကို ဘယ်ပို့ပေးရမလဲဆိုတာ မေးရသည်။





"ကျွန်မ သူငယ်ချင်းက ဒီည မြို့ထဲက သူ့သူငယ်ချင်းရဲ့ တိုက်ခန်းမှာ အိပ်မှာ။ အဲဒီကို ရောက်ရင် ရပါတယ်။ လိပ်စာက (၃၃)လမ်းထဲမှာ"

"အိုခေ ... မင်း အခုနက ကိုယ်ပြောခဲ့တာတွေ ဘယ်လို သဘောရသလဲ"

"ကျွန်မ စဉ်းစားပါ့မယ်"

"အိုခေလေ ... စဉ်းစားပြီးရင် အကြောင်းပြန်လိုက်။ ရော့ ဒါ မင်း ကိုယ့်ကို ဆက်သွယ်ရမယ့် ဖုန်းနံပါတ်ပဲ။ ကိုယ်တစ်ယောက်တည်းပဲကိုင်တဲ့ ဖုန်းမို့ စိတ်ချလက်ချ ခေါ်နိုင်တယ်"

သူ ကမ်းပေးလိုက်သော ဖုန်းနံပါတ်ကတ်လေးကို သူမက တရိုတသေ လှမ်းယူကာ သူ့ကို မျက်လုံးထောင့်ကပ်ပြီး ကြည့်သေးသည်။

သူက အဲဒီပုံစံကြောင့် အသာအယာ ပြုံးမိသွားကာ ...

"မင်းနဲ့ ကိုယ်က ထူးခြားတဲ့ ရေစက်မျိုး ရှိတယ်နဲ့တူတယ်။ ကိုယ့်အခန်းထဲကို ဘယ်မိန်းကလေးမှ မရောက်ဖူးဘူး။ မင်းကတော့ အိမ်သာတောင် တက်သွားသေးတယ် ...

အခုလည်း မင်းကို ကိုယ်က ကိုယ်တိုင်ကားမောင်းပြီး လိုက်ပို့ပေးနေရပြန်ပြီ။ ရန်ကုန်ကို ပြန်ရောက်ပြီးကတည်းက ဒါ ပထမဆုံး ကိုယ်တိုင်ကားမောင်းခြင်းပဲ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ဖို့ မလိုပါဘူး။ မင်းဘဝကို ပြောင်းလဲပစ်ချင်တယ်ဆိုရင် ကိုယ် ပြောတာကို အလေးအနက်ထားပြီး စဉ်းစားပါ ...

ခဏပတ်အတွင်းမှာ ကိုယ့်ကို အကြောင်းပြန်ပါ အိုခေ ? "

"ဟုတ် ... ဟုတ်ကဲ့ပါ"

သူမရဲ့ ဟုတ်ကဲ့ပါသံ အဆုံးတွင် သူမ သွားချင်သာ (၃၃)လမ်းသို့လည်း ရောက်ပြီဖြစ်တာကြောင့် သူက ကားရပ်ပေးလိုက်သည်။ ကားပေါ်မှ ဆင်းသွားရင်း ကျေးဇူးတင်ပါတယ်ဟု ပြောသွားသော သူမရဲ့ကျောပြင်ကိုကြည့်ကာ သူကတော့ ပြောင်းလဲလာမည့် အစီအစဉ်တစ်ခုအတွက် Plan တွေကို အစီအစဉ်တကျ ချလို့နေခဲ့သည်။

○ ❦ ○





## ၁၀

"နင် ပြောနေတာတွေက အမှန်တွေပဲလား။ မဖြစ်နိုင်ဘူး အိတုံ။ နင့်ကို တစ်ယောက်ယောက်က နှောက်လိုက်တာပဲ ဖြစ်ရမယ်"

ရွှေဝါက အိတုံ ပြောသမျှကို လုံးဝအယုံအကြည် ...ိုသောပုံစံဖြင့် ပြောသည်။ အိတုံကို စိတ်ပူစွာဖြင့် တစ်ညလုံး ...မပျော်ခဲ့သော ရွှေဝါသည် အိတုံလည်း ပြန်ရောက်လာတော့မှ ...ဆွေ့ခုန်အောင် အော်ဟစ်တော့တာဖြစ်သည်။ သူ့မှာလည်း ...ယ်လိုက်လို့ လိုက်ရှာရမှန်းမသိဘဲ အိတုံမပါဘဲ အိမ်ပြန်သွားဖို့ ...တာ တော်တော်ကြီးကို ဦးနှောက်ခြောက်နေသော ပြဿနာဖြစ် ...သည်။

အိတုံဟာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်မို့ အခုချိန် ပြန် ...ောက်လာတာတောင် ထည်ဝါခန့်ကို ကျေးဇူးတင်ရမည် ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ချွေဝါကို အကြောင်းစုံပဲ ရှင်းပြရသည်။ နောက် အံ့ဩရလွန်းသော ကိစ္စကိုပါ ချွေဝါကို ပြောပြလိုက်လျှင် ချွေဝါက မျက်လုံးကြီးပြူးကာ နားထောင်ပြီးနောက် မယုံဘူးဟု ထအော်တော့တာပဲဖြစ်သည်။

"ကျွတ် ... တစ်ယောက်ယောက်က နောက်တယ်ဆိုရင်လည်း ငါက သူ့ကိုမမြင်ဖူးဘူး ဆိုရင်တော့ ဟုတ်တာပေါ့။ နင် ပြထားလို့ အဲဒီညကပဲ ငါက သူ့ကို မြင်ဖူးလိုက်တာပဲဟာ ...

သူ တကယ်ပြောနေတာ။ သူ့ကြည့်ရတာ နှလုံးသားရေးရာကိစ္စနဲ့ တော်တော်ကို ကျဉ်းထဲကျပ်ထဲ ရောက်နေလို့ ငါ့ကိုပြောတာနဲ့ တူတယ်"

"အောင်မယ် ... နင်က သူ့အကြောင်း တော်တော်သိ ! ဟုတ်လား"

"ဩော် သိဆို။ သူနဲ့ ငါနဲ့က လေး၊ ငါးနာရီလောက် စကားအကြာကြီး ထိုင်ပြောခဲ့ရတာကိုး ...

ငါ တကယ်ကို မယုံနိုင်ဘူး။ သူ ပြောတာတွေက အမှန်တွေလို့ နင် ယူဆလားဟင်"

"တွေ့လား ... ငါက မဖြစ်နိုင်ဘူးပြောတော့ လက်မခံဘဲနဲ့ အခုကျမှ နင် ကိုယ်တိုင်တောင် အမှန်တွေလို့ ယူဆလားလို့ ပြန်မေးနေရပြီ မဟုတ်လား"





"မဟုတ်ဘူးလေ၊ ငါ ပြောတာက သူက ထည့်ဝါခန့်အစစ်တော့ဖြစ်တယ်။ ဒါပေမဲ့ ထည့်ဝါခန့်အစစ်က အဲဒီလိုတွေပြောတာကျတော့ ဖြစ်နိုင်ပါ့မလားလို့"

"အင်း ... သူ့ဘဝနဲ့ တို့ဘဝတွေက သိပ်ကွာခြားနေလို့သာ တို့က မယုံသကော ဖြစ်နေတာပါ ...

ဖြစ်တော့လည်း ဖြစ်နိုင်သားပဲ။ ဘာတဲ့ ... နင်က သူ့ရည်းစားဟန်ဆောင်ပေးရမယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ရည်းစားဟန်ဆောင်ပေး ဆိုတာက ပေါ့တိမ်တိမ်ကိစ္စလေး မဟုတ်ဘူး။ သူ့အဘိုးက ငါနဲ့သဘောမတူပြီး သူ့ချစ်သူနဲ့ပဲ အမြန်ဆုံး လက်ထပ်ပေးချင်အောင် ငါက ခပ်ဆိုးဆိုး ရည်းစားပုံစံ ဟန်ဆောင်ပေးရမှာ"

"ဩော် ... ဂလိုလား။ ခပ်ဆိုးဆိုးပုံစံ ဟန်ဆောင်ပေးဖို့ ဆိုတာ သိပ်ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ။ ဟဲ့ ... နင်မလုပ်ချင်ရင် ငါ လုပ်လိုက်မယ်လေ"

"သေလိုက်ပါလား။ ငါ့အတွက်ကျ အကြံကောင်းတော့ပေးမယ် မရှိဘဲနဲ့"

"အကြံကောင်းက ဘာပေးရဦးမှာလဲ။ ဒီလောက်ကောင်းတဲ့ ခွင်ကို ဝင်မအောင်းလိုက်တော့ နင်က ငမိုက်သားမပဲ"

"ဟဲ့ ... ငါးစာကိုပဲ မြင်မနေနဲ့ဟဲ့။ ငါးမျှားချိတ်ကိုလည်း သတိပြုရဦးမယ်။ တစ်ခုခုဆို ငါတို့ပဲ ဒုက္ခရောက်မှာ။ သူတို့က သူဌေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



“နင် ကြောက်ရင်လည်း မလုပ်နဲ့လေ။ သူ့အတွက်က ရည်းစားအတု လုပ်မပေးချင်တဲ့ မိန်းကလေး ရှားနေတယ်လို့ ထင်လို့လား ...

ပိုက်ဆံနဲ့ မငှားရင်တောင် အလကားလုပ်ပေးချင်တဲ့ သူတွေ တစ်ပုံတစ်ခေါင်း။ ငါအထင်တော့ နင့်ကို သူက ခိုင်းတာဟာ နင့်ပုံစံက ရိုးသားတယ်လို့ ယူဆလို့ ဖြစ်မယ်”

“ငါ လုပ်လည်း လုပ်ချင်တယ်”

အဲဒီစကားကြောင့် ရွှေဝါက မျက်လုံးကြီးထောင့်ကပ်ကာ ပြူးကြည့်သည်။ အဲဒီအကြည့်ကြောင့် အိတုံက ကပျာကယာ ထပ်ပြောလိုက်ရသည်။

“လုပ်ချင်တယ် ဆိုတာက သင်တန်းတက်ဖို့ ပိုက်ဆံတွေ လိုချင်တယ် ပြောတာပါ၊ သူက ဗန်ကောက်မှာတောင် သွားတက်ချင်ရင် တက်ပါလားလို့ ပြောတာ ...

နောက်ဆုံး သူ့အကြံအစည်တွေ အောင်မြင်သွားရင် Beauty Saloon တစ်ခုတောင် ထောင်ပေးမတဲ့လေ ...

ငါအဖို့ အိပ်မက်တွေ မက်နေသလားတောင် ထင်ရတယ်”

“အေး ... အိပ်မက်ဆိုတာ မိုးလင်းရင် ပျောက်သွားသေးတယ်။ နင့်လက်ထဲမှာတော့ သူ့ရဲ့လိပ်စာကတ်ကြီး ဆုပ်ကိုင်လို့ပဲ မဟုတ်လား”





အိတုံရဲ့မျက်လုံးထဲတွင် ထည်ဝါခန့် ဟူသော သူဌေးပေါက်စတစ်ယောက်၏ ရုပ်သွင်ကို ပြန်လည်မြင်ယောင်လာမိသည်။ ခင်မတန်ချမ်းသာသော အသိုင်းအဝိုင်းမှ လူတစ်ယောက်မို့လို့လားတော့ မသိပါ။ သူ့ရုပ်ဟာ မှုန်နေအောင် မချောပေမယ့်လည်း ဘယ်နေရာက ကြည့်ကောင်းနေမှန်း မသိဘဲ ကြည့်ကောင်းနေသည်။ အရပ်မြင့်မြင့်မှာ ကျစ်ကျစ်လစ်လစ်ရှိသော ခန္ဓာကိုယ်နှင့် အသားအရေ ဝင်းဖန့်ဖန့်ရှိသော ထည်ဝါခန့် ဆိုသော လူတစ်ယောက်သည် နာမည်နဲ့လူ လိုက်အောင်ပင် တကယ့်ကိုပဲ ထည်ဝါခန့်ညားနေတာပဲ ဖြစ်တော့သည်။

ဒီလိုလူတစ်ယောက်ကို ကူညီရင်း ကိုယ် ဖြစ်စေချင်သော ရည်မှန်းချက်တွေ ပြည့်ဝအောင်မြင်သွားမှာကို အိတုံက တယုံ့ယုံ့ ယုံရဲနှင့်တောင် အတော် ပျော်ရွှင်မိနေသည်။ ပေါင်ချိန်ဆေးသလိုပင် ဒီလိုကိစ္စမျိုးရှိလားဟု မေးချင်သေးသည်။

“ငါ လုပ်သင့်တယ်လို့ ထင်လားဟင်”

“လုပ်သင့်တယ်လို့ ထင်တာပေါ့။ ဒီအခွင့်အရေးကို နင် လက်လွှတ်ဆုံးရှုံးခံလိုက်ရင် နင် နောင်တရသွားမှာပေါ့ ...

လောကကြီးမှာ ဘာတစ်ခုမှတော့ အလကားမရဘူး ဟ။ ကိုယ်လိုချင်တဲ့ အရာတစ်ခုအတွက် ထိုက်သင့်တဲ့ ပေးဆပ်မှုတော့ ရှိရမှာပဲ ...

ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို မထိခိုက်တဲ့ အရာမျိုးဆိုရင်တော့ စွန့်စားရင် စွန့်စားရမှာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



နင် မစွန့်စားရဲဘူးလား"

ရွှေဝါရဲ့စကားက အိတုံကို အားတွေသွင်းပေးလိုက်သလိုရှိ၏။ အိတုံသည် ဒါကို အထူးအခွင့်အရေးတစ်ခုလို မြင်လာသည်။ လောကကြီးက အိတုံထံ အခွင့်အရေးတစ်ခုကို ချပေးလိုက်သည်ဟု ထင်လာပါသည်။

"ဒီကိစ္စကို ငါ့အမေကို အမှန်အတိုင်း အသိပေးလို့တော့ မဖြစ်ဘူးနဲ့ တူတယ်နော်"

"ပေးလို့ကတော့ နင် သေပြီပေါ့။ ဒါကြောင့် တခြားအလုပ်တစ်ခု ရတယ်လို့ အိမ်ကို အသိပေးရလိမ့်မယ် ...

အဲဒီအတွက် နင်က နင့်အိမ်ရဲ့ ထွက်တော်မူနန်းက ခွာရလိမ့်မယ်"

"ဟင် ..."

"ခွာပြီးတော့ ငါ့ တိုက်ခန်းမှာ လိုက်နေပေါ့။ ငါက သင်တန်းဆင်းပြီးသွားပြီဆိုတော့ ရှေ့လျှောက် အလုပ်တွေက ရှိလာပြီလေ။ အဲဒီတော့ နယ်က သင်တန်းသူတွေနဲ့ ကျောက်မြောင်းမှာ တိုက်ခန်းငှားနေတော့မှာ ...

နင်လည်း အဲဒီမှာ လိုက်နေပေါ့။ အဲဒီကျမှ နင်က ထည်ဝါခန့်ရဲ့ရည်းစားအဖြစ် ပီပီပြင်ပြင် ဟန်ဆောင်လို့ရမှာပေါ့"

"ဟယ် ... ရွှေဝါရယ်။ နင်က စီစဉ်တာ အကွက်ကျလိုက်တာ"





"ကျရမယ်လေ၊ နင် ကောင်းစားသွားရင်သာ ငါ့ကိုမမေ့ပါနဲ့"

"မေ့စရာလား။ ဒါဆို ငါက အမေ့ကို ဘယ်လိုအကြောင်းပြပြီး အိမ်က ထွက်ရမလဲဟင်"

"ဒါတော့ ထည်ဝါခန့်နဲ့ နင် တိုင်ပင်ပေါ့။ သူ့ဘက်ကို နင့်ဘက်က အခြေအနေတွေ ပြောပြပေါ့ ...

အဲဒီကျ ဘယ်လိုစီစဉ်ပေးရမယ်ဆိုတာ သူ စဉ်းစားလိမ့်မယ်။ နင် ဘာမှ ဦးနှောက်ခြောက်နေစရာ မလိုဘူး"

"အေးနော်။ အင်း ... စိတ်တောင် လှုပ်ရှားသွားပြီ။ ဘဝဆိုတာ ဒီလို စိတ်ဝင်စားစရာကောင်းမှ ရင်ခုန်ဖို့ကောင်းတာပဲ ...

ဒါဆို ငါ သူ့ကို ဘယ်တော့ဖုန်းဆက်ရမလဲဟင်။ တစ်ပတ်ကြာမှ ဆက်ရမလား။ ချက်ချင်းကြီး ဆိုတော့လေ"

ရွှေဝါက အိတုံကို ပိုရန်ကောဟူသော ပုံစံဖြင့် ခစ်ချက်မဲ့ကာ ...

"ဟိုက ရည်းစားစကားပြောလိုက်လို့ နင်က မူနေရမယ့် ကိစ္စမျိုး မဟုတ်ဘူး မမ။ ဒါ အလုပ်ကိစ္စ။ ဒီတော့ စောစောစီးစီး စီစဉ်စရာရှိတာ စီစဉ်ရအောင် မနက်ဖြန်ပဲ အကြောင်းပြန်လိုက် ...

သူနဲ့တွေ့ပြီးမှ နင့်အမေဘက်ကို စီစဉ်မယ်။ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပဲလေ"

"အိုခေ ...။ ဒါဆိုရင် လက်ဝါးချင်း ရိုက်လိုက်တော့"

ရွှေဝါက သူတို့လောကရဲ့ထုံးစံအတိုင်း လက်ဝါးတစ်ဖက် ထောင်ပေးလိုက်လျှင် အိတုံက လက်ဝါးတစ်ဖက်ဖြင့် သွားရိုက်လိုက်သည်။ လက်ဝါးချင်း ဖြောင်းခနဲမြည်အောင် ရိုက်လိုက်ပြီးနောက် အိတုံတို့သည် တစ်ယောက်နဲ့တစ်ယောက် ပြိုင်ပြိုင် ပြုံးပြလိုက်ကြသည်။ အဲဒီနောက်မှာတော့ အိတုံရဲ့မျက်လုံးထဲတွင် အောင်မြင်ခမ်းနားသော Beauty Saloon ကြီးတစ်ခုကို တရေးရေးဖြင့် မြင်ယောင်လို့ လာခဲ့လေတော့သည်။

○ ❦ ○

ဝေဖန်ရာ၊ အကြံပြုရာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ စာရေးသားပေးပို့နိုင်ပါသည်။





### ၁၁

"ကဲ ... ထိုင်"

သူ ညွှန်ပြသောခုံတွင် အိတုံ ဆိုသော ကောင်မလေးက ဝင်ထိုင်လိုက်လျှင် သူက အသာအယာပြုံးမိကာ ခေါင်းကို သိမသာ ဆတ်မိသည်။ ဒီကောင်မလေးတစ်ယောက် သူ့ဆီကို ဆက်သွယ်လာလိမ့်မည်ဆိုတာ သူက လုံးဝယုံကြည်နေပြီးသား ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလှပြင်သင်တန်းကျောင်း တက်ခွင့်ရအောင် ကူညီမယ် ဆိုကတည်းက အင်မတန်ကို တောက်ပရွှန်းလဲ့သွားသော သူမ မျက်ဝန်းရဲ့အဓိပ္ပာယ်ကို သိထားပြီးသားဖြစ်သည်။

ဒါကြောင့် နောက်တစ်နေ့မှာပဲ တွေ့ဖို့ ဆက်သွယ်လာသော ကောင်မလေးကို သူက စားသောက်ဆိုင်တစ်ခုရဲ့သီးသန့်ခန်းထဲမှာ တွေ့ဖို့ချိန်းဆိုလိုက်တာဖြစ်သည်။ သူမနဲ့အတူတူ အဖော်တစ်ယောက်လည်း ပါလာကာ မိတ်ဆက်ပေးမှုအရ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းဖြစ်သူ ရွှေဝါဟု သိရသည်။ သူကရှေ့တည့်တည့်မှာ ထိုင်နေသော မိန်းကလေးနှစ်ယောက်ကို တစ်ချက်ကြည့်လိုက်ပြီးမှ...

"ဘယ်လိုလဲ၊ မင်း ဆုံးဖြတ်ပြီးပြီပေါ့"

"ဟုတ် ... ကျွန်မ ဆုံးဖြတ်ပြီးပါပြီ။ အခုက ကျွန်မ ဒီကို လာတာ သေချာဆုံးဖြတ်ပြီးမှ လာတာပါ။ ရှင့်အလုပ်ကို လက်ခံပြီးရင်လည်း ကျွန်မက အိမ်ကနေပြီး သူ့တိုက်ခန်းကို ပြောင်းဖို့ စဉ်းစားထားပါတယ် ...

သူ့အခန်းမှာ လိုက်နေပြီး အလုပ် လုပ်တယ်ပေါ့။ ကျွန်မအမေက ဒါမှလည်း ယုံကြည်ခွင့်ပြုမှာပါ။ ဒီတော့ ကျွန်မအတွက် ဟန်ပြအလုပ်တစ်ခုရမှ အဆင်ပြေပါလိမ့်မယ်"

သူ တွေးထားတာနှင့် အနီးစပ်ဆုံး တွေးပြနိုင်သော ကောင်မလေးကို သူက ပြုံးပြလိုက်ပြီးမှ ...

"မင်း တွေးထားတာ သဘာဝကျပါတယ်။ ငါလည်း အဲဒီလိုပဲ တွေးတယ်။ ကောင်းပြီ ... မင်းအတွက် အလုပ်တစ်ခုပေးမယ် ...

ကုမ္ပဏီတစ်ခုမှာ စာရေးပေါ့ကွာ။ အဲဒါက မင်းအိမ်ကို ပြောထားရမယ့်အလုပ်။ တကယ်တမ်းတော့ အဲဒီအလုပ်ကို မင်း လုပ်စရာမလိုဘူး။ ဒါပေမဲ့ မင်းအိမ်က စုံစမ်းခဲ့သည်များ ရှိသော် အဲဒီကုမ္ပဏီမှာ မင်းနာမည် ရှိနေလိမ့်မယ် ...





နောက်ပြီး မင်းတို့နှစ်ယောက်ကို တိုက်ခန်းတစ်ခန်း ငှားပေးမယ်။ အဲဒီတိုက်ခန်းမှာ မင်းတို့ နေရမယ်။ တိုက်ခန်းကိုတော့ ကိုယ့်ဟာကိုယ်ရှာပေါ့။ လိုတဲ့ပိုက်ဆံ ငါ ထုတ်ပေးမယ်။ ဖြစ်မလား"

အိတုံကတောင် ဘာမှမပြောရသေး။ ရွှေဝါကပဲ ...က်သွက်လက်လက်ကြီး ဝင်ပြောလေသည်။

"ဖြစ်ပါတယ် ... ဖြစ်ပါတယ်။ အဲဒီကိစ္စက ကျွန်မတာဝန်ထားပါ"

သူက နည်းနည်း လည်ဝယ်ချက်ချာပုံရသော ရွှေဝါ...သော ကောင်မလေးကို တစ်ချက်ကြည့်လိုက်ပြီးတော့မှ ...

"ကောင်းပြီ။ တိုက်ခန်းကို ကိုယ့်ဟာကိုယ် ငှားထားလိုက်။ ငှားပြီးရင် ငါ့ကို ဆက်သွယ်ပါ။ တိုက်ခန်းကို ရပ်ကွက် သန့်သန့်မျိုးမှာပဲ ငှားပါ"

"ဟို ... ဒါဆိုရင် ကွန်ဒို ငှားလိုက်ရမလားဟင်။ ကွန်ဒိုဆိုရင် ပိုသန့်ပြီး သီးသန့်ဆန်တာပေါ့။ မဟုတ်ဘူးလား"

အဲဒါကလည်း ရွှေဝါက ဝင်ပြောတာဖြစ်သည်။ ...က ရွှေဝါ့ကို မျက်မှောင်တစ်ချက် ကြုတ်ကြည့်လိုက်ပြီးမှ ...

"ငါက တိုက်ခန်းဆို တိုက်ခန်းပဲ ငှားပါ။ အကြောင်းရှိလို့ ပြောနေတာ၊ သိပ်အထွန့်မတက်နဲ့"

သူ့စကားကြောင့် ရွှေဝါက ပခုံးတစ်ချက် တွန့်လေ...သည်။ သူက ငေးကြည့်နေသော အိတုံဘက်သို့လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သိအောင် ပြောပြထားရမယ် ဆိုရင်တော့ ငါ ဒီလိုတွေ လုပ်နေတာ၊ ငါချစ်သူနဲ့ နီးစပ်အောင်လို့ လုပ်နေတာ ...

ငါ့အဘိုးက အိတ်ဆိုတဲ့ မင်းကို သဘောမကျဖြစ်ပြီး အဲဇာနဲ့ မြန်မြန်လက်ထပ်ပေးဖို့ စိတ်ကူးပြောင်းသွားအောင်လုပ်တာ ...

အဲဒီအတွက် အချိန်ကာလ ဘယ်လောက်ကြာမယ်ဆိုတာ မပြောနိုင်ဘူး။ ဒါကြောင့် ဒီကြားထဲမှာ မင်းရဲ့ စားဝတ်နေရေးကို ငါက တစ်လနှစ်သိန်း ထောက်ပံ့ပေးမယ်။ အားလုံး အောင်မြင်သွားပြီ ဆိုရင်တော့ အခြေအနေက တစ်မျိုးပေါ့ ...

ကြားထဲမှာ အခြေအနေတွေ ကြည့်ပြီးတော့ မင်းသင်တန်းတက်နိုင်အောင် စီစဉ်ပေးမယ်။ တစ်ခုရှိတာက မင်းတို့ ဘာပဲလုပ်လုပ် ငါသိခွင့်ရှိတယ်။ ငါ့ရဲ့ Management အောက်မှာပဲ မင်း သွားရမယ်။ ဒါမှလည်း ဒီပရောဂျက်က အောင်မြင်မှာ ...

ဘယ်လိုလဲ၊ အဲဒါကို လက်ခံရင် လုပ်ငန်းစတင်မယ်"

"ဟုတ် ... လက်ခံပါတယ်။ ကျွန်မက အဲဒါတွေ ဘာမှနားမလည်ပါဘူး။ ဒီတော့ ရှင့်ရဲ့ Management အောက်မှာပဲ ရှိနေမှာပါ"





"အိုခေ ... ဒီလိုပဲ ဖြစ်သင့်တယ်။ ကဲ ... ဟောဒီမှာ မင်းအိမ်ကို အသိပေးထားရမယ့် လိပ်စာကတ်။ ပြီးရင် မင်းတို့နှစ်ယောက် တိုက်ခန်းငှားဖို့ စီစဉ်တော့ ...

သပ်သပ်ရပ်ရပ်နဲ့ သန့်ရှင်းတဲ့ အခန်းမျိုးကို ငှားပါ။ ငါးလွှာထက် ပိုမမြင့်စေနဲ့။ အဲဒီ တိုက်ခန်းငှားခ ဈေးနှုန်းကိုလည်း မင်းတို့အခြေအနေနဲ့ ငှားနိုင်တယ်ဆိုတာ ယုတ္တိရှိအောင် မင်းတို့အိမ်တွေကို လိမ်ပြောဖို့ မမေ့နဲ့ ကွန်ဒို ဆိုရင်တော့ လုံးဝယုတ္တိမရှိဘဲ ဖြစ်သွားလိမ့်မယ် ...

ကဲ ... အခန်းငှားဖို့ စီစဉ်ပြီးရင် ငါ့ကို ဆက်သွယ်ပါ။ ဘာပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး"

"အိုခေ ... မရှိတော့ရင် မင်းတို့ ပြန်လို့ရပြီ"

သူမက သူ့ကို တစ်ချက်ကြည့်ကာ ခေါင်းတစ်ချက်ညိတ်ရင်း ပြန်ဖို့ရာအတွက် ထသည်။ အဲဒီနောက် သူ ချပေးထားသော လိပ်စာကတ်ကိုယူကာ ထွက်ခွာသွားတော့သည်။ သူမတို့ထွက်သွားတော့မှပဲ သူဟာ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် မှီထိုင်ချဖြစ်တော့သည်။ စိတ်ကူးထဲမှာ ပေါ်လာခဲ့သော အတွေးတွေဖြင့် သူ လုပ်နေတာတွေဟာ မှားသလား မှန်သလား မတွေးမိတော့ပါ။ ရေနစ်သူတစ်ယောက် ကောက်ရိုးတစ်မျှင်ကလည်း အားထားရာပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ဖုန်းဝင်လာသည်။ သူ ပျောက်သွားသဖြင့် အန်ကယ်ဂျိမ်းထံက ဝင်လာသောဖုန်းပင်။ အဲဒီလို လွတ်လပ်မှုမရှိသော အရာသာတွေကြောင့်လည်း သူဟာ ဒီမှာ နေချင်စိတ် ကုန်ခန်းနေတာပဲ ဖြစ်တော့သည်။ သူက စိတ်ပျက်စွာနှင့်ပင် အန်ကယ်ဂျိမ်းရဲ့ဖုန်းကို တော်တော်နှင့် မကိုင်မိသေးဘဲ စိုက်ကြည့်နေမိသေးသည်။ ပြီးတော့ မှ စိတ်မပါစွာဖြင့် ဖွင့်လိုက်လျှင် အန်ကယ်ဂျိမ်းရဲ့အသံဝါကြီးကို နားမချမ်းသာစွာ ကြားလိုက်ရတော့လေသည်။

"ဘော့စ် ... ဘယ်မှာလဲ"





## ၁၂

အိတုံ့ ထင်ထားတဲ့အတိုင်းပင်။ အိတုံ့ တစ်ယောက် အပြင်မှာ အလုပ်လုပ်မည်ဟု ဆိုလာသောအခါ အမေက ထုံးစံအတိုင်း ငြူစူကန့်ကွက်တော့သည်။ ကန့်ကွက်မှာပေါ့။ သူ့ဟင်းတွေကို သွားပို့ပေးမယ့်သူမှ မရှိတော့တာ။ အဲဒီကျမှပဲ ငါ ညည်းကို လခပေးမယ်အေဟု ဆိုလာသော်လည်း အိတ်ဖောင်းလျှင် စိတ်ပြောင်းသွားတတ်သော အိတုံ့တို့က လက်မခံတော့။ တစ်ဖက်မှာ အိတုံ့ရမည့် အခွင့်အရေးတွေက မက်လောက်စရာအပြည့်နဲ့ဆိုတာ အမေမှ မသိဘဲကိုး။

ရွှေဝါရော၊ ရွှေဝါ့အမေ ဒေါ်မွေးကပါ တိုက်တွန်းပြောဆိုသည်မို့ အမေ့မှာ သိပ်လည်း မပြောသာတော့၊ ဒါတောင် သိပ်မအ,သော မတုံးသော အမေသည် ကြားဖူးနားဝ ဇာဟုသုတတွေနှင့် အိတုံ့ကို ဖိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုခေတ်က ကုမ္ပဏီမှာ အလုပ်ရဖို့ဆိုရင် ဘွဲ့ရ၊ ကွန်ပျူတာတတ် စပီကင်တတ်မှ အလုပ်ရတာလို့ ကြားဖူးပါတယ် ...

ညည်းက ဘွဲ့လည်းမရသေး၊ ကွန်ပျူတာကိုင်တတ်ဖို့ဝေးစွ ဂဏန်းပေါင်းစက်တောင် ဖြောင့်အောင်မနှိပ်တတ်တဲ့မိန်းမက ကုမ္ပဏီမှာ အလုပ်ရမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

သားအမိ အချင်းချင်း နှိပ်ကွပ်နေသော အမေ့ကို အိတုံက မျက်စောင်းတစ်ချက် ရွယ်ကြည့်ရင်းမှ ...

"အမေကလည်း အဲဒါ ခက်တာပေါ့။ ကုမ္ပဏီမှာ လုပ်တယ်ဆိုတိုင်း ဘွဲ့ရပြီး ကွန်ပျူတာ တတ်စရာ မလိုပါဘူး။ သူ့နေရာနဲ့သူ အဆင့်ဆင့်တွေ ရှိတာပဲ။ သမီးက အရောင်းမြှင့်တင်ရေးဘက်ကပါ။ ဆိုင်တွေကို ပစ္စည်းသွားချရုံပဲ။ သမီးတို့အထက်မှာ ကြီးကြပ်သူလည်း ပါတယ် ...

အခုဟာက ရွှေဝါနဲ့ အတူတူနေမှာဆိုတော့ အစစအရာရာလည်း အဆင်ပြေနေလို့ပါ။ တစ်နေ့ တစ်နေ့ စက်ဘီးတစ်စီးနဲ့ ဟင်းလိုက်ပို့ရတာကိုလည်း စိတ်ပျက်လှပြီ"

အိတုံရဲ့စကားကို အမေက မျက်စောင်းတစ်ချက်ထိုးပြီး အားမတန်၍ မာန်လျှော့လိုက်ရသော ပုံစံဖြင့် ...





"အေးပေါ့လေ၊ ညည်းတို့က အရွယ်ရောက်လာပြီဆိုတော့ ကိုယ့်အတောင်အလက်လေးတွေ ထုတ်ပြီး ပျံချင်ကြပြီပေါ့ ...

သွားကြပါ။ ဘာပြောလို့ ရမှာတဲ့လဲ"

"ဩော် ... အမေရယ်။ သမီးကြိုးစားမှာ အမေ့အတွက်လည်း ပါ,ပါတယ်။ သမီး ပိုက်ဆံရှိလာရင်လေ အမေ ဒီလို ပင်ပင်ပန်းပန်း ထမင်းဟင်း မရောင်းတော့ဘူး၊ သိလား"

အိတုံက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောတာဖြစ်သော်လည်း အမေကတော့ မျက်နှာကိုသာ မဲ့ရွဲ့လို့သာ နေပေသည်။ အဲဒီလိုနှင့် အမေ့ဆီက ခွင့်ပြုချက် ရပြီးသောအခါ ရွှေဝါက ဦးဆောင်၍ တိုက်ခန်းငှားဖို့ ပြင်သည်။ သိပ်မကြာခင်မှာပဲ စမ်းချောင်းသမ်းထဲမှာ တိုက်ခန်းတစ်ခန်း ငှားဖြစ်သွားကြသည်။ ထည်ဝါခန့်ဆိုသောပုဂ္ဂိုလ် ပြောထားသလိုပဲ ငါးလွှာထက် မကျော်စေနဲ့ဟုသည့်အတိုင်း ငါးလွှာမြောက် အခန်းကိုသာ ရခဲ့တာဖြစ်သည်။ ကျယ်ဝန်းသည်ဟု ပြော၍ရသော အခန်းထဲတွင် အိပ်ခန်းတစ်ခန်းနှင့်ပြီးသား ပါဝင်ကာ အိတုံနဲ့ ရွှေဝါ နှစ်ယောက်အိပ်၍ရသောအခန်းဖြစ်သည်။ အဲဒီအခန်းငှားပြီးတာနှင့် ထည်ဝါခန့်က လာကြည့်ခဲ့ပါသည်။

လာကြည့်ရင်းကနေ၍ အခန်းပတ်ပတ်လည်ကို လိုက်လံကြည့်ရှုကာ ...



www.burmeseclassic.com

www.burmeseclassic.com

"အင်း … အခန်းရဲ့အနေအထားကတော့ မဆိုးပါဘူး။ ဒီအခန်းအတွက် မရှိမဖြစ် လိုအပ်တဲ့ပစ္စည်းတွေ မနက်ဖြန်မှာ ငါ ပို့ပေးလိုက်မယ်"

"ဘာပစ္စည်းတွေလဲဟင်"

ထုံးစံအတိုင်း လျှာဝင်ရှည်ပြန်သော ရွှေဝါကို သူက မျက်နှာထားတင်းတင်းဖြင့် လှည့်ကြည့်ကာ …

"ရောက်လာတော့ကြည့်ပေါ့"ဟု ပြောလေသည်။ ရွှေဝါက မကျေနပ်လျှင် လုပ်သည့်ပုံစံအတိုင်း မျက်နှာကို ရှုံ့တွနေသည်။ သူ ပြန်သွားသောအခါ အိတ်ကို မဲ့ရွဲ့ကာ ပြောတော့သည်။

"ဟွန်း … သင်းက ဘာအချိုး ချိုးတာလဲ။ အစကတော့ အဆင့်အတန်း မခွဲသယောင်ယောင် ဖော်ရွေသယောင်နဲ့ အခုကျတော့ လူကို ဟောက်ချင်သလိုလို လာလုပ်နေပြန်ပြီး သေဦးမယ်"

"နင်က သူ့ကို အပိုတွေ သွားမေးတာကိုး။ သူ့ကြည့်ရတာ အပိုတွေပြောတာ မကြိုက်ဘူးနဲ့တူတယ်"

"အမယ်လေး … ဒါလေးမေးတာတော့ဟယ်။ သူ့လေ ဘယ်လောက်ကုန်သွားမှာမို့လို့လဲ။ အသိသာကြီးပါ။ တို့ကို လိုအပ်ချက်ကြောင့်သာ ဆက်ဆံနေပေမယ့် အရောဝင် ခင်မင်ပြီး မဆက်ဆံချင်ဘူးဆိုတဲ့ ပုံစံမျိုးပဲ …

ဟွန်း … ရွှေဝါတို့နဲ့တော့ တွေ့တော့မယ်"





"တွေ့ကြ … တွေ့ကြ။ ငါကတော့ ငါ့ခေါင်းထဲမှာ သင်တန်းတက်ရဖို့ကလွဲပြီး ဘာမှ စိတ်မဝင်စားဘူး"

တကယ်လည်း အိတ်က စိတ်မဝင်စားတာ ဖြစ်သည်။ အခုလောလောဆယ် အိတ့် ခေါင်းထဲမှာ သိတာသည် သူ့ရဲ့စီမံကိန်းကို မြန်မြန်ပြီးမြောက်အောင်မြင်ဖို့အတွက် စိတ်ရောကိုယ်ပါနှစ်ပြီး အကူအညီပေးဖို့ဖြစ်ပြီး ကိုယ် တတ်ချင်သော အလှပြင်ပညာရပ်မှာလည်း ထူးထူးချွန်ချွန် တတ်မြောက်အောင်မြင်နိုင်ဖို့ပဲ ဖြစ်တော့သည်။ ကျန်တဲ့ကိစ္စတွေ အိတ့်ဘာဝမှ စိတ်မဝင်စားချေ။

သူကတော့ ဘာစိတ်ကူး အကြံဉာဏ်တွေ ရှိနေသလဲတော့ မပြောတတ်။ နောက်တစ်နေ့မှာပဲ ပြောထားသည့်အတိုင်း သူ ပို့ပေးလိုက်သော ပစ္စည်းတွေရောက်လာသည်။ အဲဒါကတော့ ဆက်တီတစ်စုံ၊ TV, DVD ရေခဲသေတ္တာ စတာတွေပဲ ဖြစ်တော့သည်။ ရွှေဝါက အဲဒီပစ္စည်းတွေကို လှည့် ပတ်ကြည့်ရှုရင်း …

"ဟင်း … ကပ်စေးကလည်း နည်းလိုက်တာ။ ဒါတွေတောင် ဝယ်ပေးထားမှတော့ အဝတ်လျှော်စက်လေးတစ်လုံးတောင် ထည့်မဝယ်ပေးလိုက်ဘူး …

အဝတ်လျှော်စက်လေးတစ်လုံး ထည့်ပေးတော့ ဘာဖြစ်သွားမှာ မှတ်လို့"

"အဝတ်လျှော်စက်က ဘာလုပ်မှာလဲဟာ။ မလိုအပ်ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မလိုအပ်ရမှာလဲ။ အဝတ်လျှော်စက်ရှိတော့ ငါတို့ သက်သာတာပေါ့ဟဲ့။ ဟဲ့ ... နင် သူ့ကို ပြောလိုက်ပါ လား။ မျက်နှာသေလေးနဲ့ပြောရင် ဝယ်ရင်ဝယ်ပေးမှာပေါ့"

"တော်စမ်းပါဟာ။ မပြောချင်ပါဘူး။ မသဒ္ဓါတဲ့ပစ္စည်းဟာ ဘာမှမကောင်းဘူး၊ ငါ့ ခေါင်းထဲရှိတာ အလှပြင်သင်တန်း ကျောင်း မြန်မြန်တက်ရဖို့ပဲ ...

အဲဒီအတွက် သူ့ကို လုပ်ပေးစရာရှိတာတွေ အမြန် ဆုံး လုပ်ပေးမယ်။ သူ့ကိစ္စ အောင်မြင်သွားဖို့က အရေး ကြီးတယ်။ သူ့ကိစ္စ အောင်မြင်သွားရင် ငါ့ဆန္ဒတွေလည်း ပြည့်ဝလာမှာပဲ"

အိတုံ ပြောသလိုပဲ သူကလည်း ပြောခဲ့တာပဲဖြစ် သည်။ နောက်တစ်နေ့မှာပဲ သူက ရောက်လာခဲ့ပါသည်။ အိတုံ တို့ ခင်းကျင်းထားသော အပြင်အဆင်တွေကို ကြည့်ရှုပြီးသော အခါ ဆက်တီပေါ်တွင် ထိုင်သည်။ ရွှေဝါ ပြောသလိုပင် ငါတို့ ကို မွေ့ရာတွေတော့ ဝယ်မပေးဘဲ ဆက်တီကြီးဝယ်ပေးတာ၊ သူ လာရင်ထိုင်ဖို့ ဆိုသော စကားကို သွားသတိရမိပြီး အိတုံက ကျိတ်ပြုံးရသည်။

သူက အိတုံကို တစ်ချက်ကြည့်ကာ ...

"အခုဆိုရင် တို့ရဲ့အစီအစဉ်တွေကို စတင် အကောင်အထည် ဖော်ဖို့ အားလုံးအဆင်သင့်ဖြစ်နေပြီ။ ဒီတော့ မင်းကို ငါ့ အစီအစဉ်တွေ ပြောပြမယ် ...





မင်းဟာ ဒီဇာတ်လမ်းမှာ ခပ်ဆိုးဆိုး၊ ခပ်လည်လည်၊ ခပ်ရှုပ်ရှုပ် ကောင်မလေးတစ်ယောက်အဖြစ် သရုပ်ဆောင် ရမယ်။ ယောကျ်ားတွေကို ကစားတတ်သူ ကောင်မလေး တစ်ယောက်ပေါ့"

သူ့စကားတွေကြောင့် အိတုံက မျက်လုံးတစ်ချက် ပြူးကာ ပခုံးကို တွန့်မိသည်။ သူက အိတုံကို တစ်ချက်အကဲ ခတ်ရင်း စကားဆက်ပြောပါသည်။

"အဲဒါ မင်း သရုပ်ဆောင်ရမယ့် ကာရိုက်တာပဲ။ လိုအပ် ရင် အဲဒီလို ဇာတ်ကောင်မျိုးပါတဲ့ ဗီဒီယိုကားတွေ မင်း ငှားကြည့် ...

ဒါကြောင့် မင်းကို TV နဲ့ DVD ဝယ်ပေးထား တာ"

သူ့စကားကို ထုံးစံအတိုင်း လျှာရှည်တတ်သော ရွှေဝါက ဝင်ပြောပြန်၏။

"အဲဒီအတွက်တော့ မပူပါနဲ့။ ကျွန်မတို့က မြန်မာကား တွေတင် မကဘဲ ကိုရီးယားကားတွေပါ ကြည့်နေကြပါ ...

ဒါကြောင့် ကိုရီးယားအိုက်တင်လည်း လုပ်တတ် တယ်။ သူ မလုပ်တတ်လည်း ကိစ္စမရှိပါဘူး။ ကျွန်မ လုပ်တတ်တယ်။ ကျွန်မ သင်ပေးလိုက်မယ်"

ရွှေဝါ့စကားကြောင့် သူက ရွှေဝါ့ကို ရှည်ပြန်ပြီလား ဆိုသော ပုံစံဖြင့် မျက်လုံးပြူးကြည့်သည်။ ရွှေဝါကလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com



သင့်ပြောထိုက်လို့ပြောတာ ဟူသော ပုံစံဖြင့် ပခုံးတွန့်ကာ ရှိနေသည်။ သူက ရွှေဝါကို ကြည့်နေရာမှ အိတုံဘက်သို့ ပြန်လှည့်ကာ ...

"ငါကတော့ မင်းကို စိတ်ပျော်ရာ ခေါ်တွဲရင်းနဲ့ မင်းရဲ့ မာယာအောက်မှာ ကျဆုံးသွားတဲ့ ယောကျ်ားတစ်ယောက်အဖြစ် သရုပ်ဆောင်မယ် ...

ငါတို့ ဇာတ်လမ်းရဲ့ဦးတည်ချက်၊ ရည်ရွယ်ချက်ကတော့ ငါနဲ့ မင်းကို အဘိုးက သဘောမတူဘဲ ငါ့ချစ်သူနဲ့ပဲ အမြန်ဆုံး လက်ထပ်ပေးချင်လာတဲ့အထိ အကျိုးသက်ရောက်မှု ရှိစေဖို့ပဲ ...

ဘယ်လိုလဲ"

"ကျွန်မကတော့ အဲဒါတွေ ဘာမှ နားမလည်ဘူး။ ရှင်ပြောတဲ့ ရှင်စီစဉ်သွားတဲ့အတိုင်း နောက်က လိုက်လုပ်မှာပဲ"

"ဒီတော့ မင်းနဲ့ ကိုယ်နဲ့ စတင်တွေ့ဆုံဖို့ ဖန်တီးတဲ့အတွက်တစ်ခု လုပ်ရလိမ့်မယ် ...

အဲဒီအတွက် မင်းက နိုက်ကလပ်တစ်ခုက ဧည့်ကြိုဝန်ထမ်းအဖြစ် သရုပ်ဆောင်ရမယ်"

"ရှင် ! ကျွန်မက ..."

"ဟုတ်တယ်လေ၊ အဲဒါမှ အဲဒီ Image ကိုလည်း အဘိုးက မကြိုက်မှာပေါ့။ ဒါကြောင့် ကလပ်က ဧည့်ကြိုအဖြစ်





သရုပ်ဆောင်ရမယ်။ အဲဒီအတွက်လည်း ငါ စီစဉ်ထားပြီးသားပါ ...

မင်းအတွက် ဘာအန္တရာယ်မှ မရှိပါဘူး။ ငါလာတဲ့အချိန်ပဲ ငါ့အနားမှာ လာထိုင်ပေးရုံပဲ။ ပြီးရင် ပြန်လို့ရပြီ။ အဲဒါကလည်း တစ်ပတ် ဆယ်ရက်ပဲ၊ နောက်ပိုင်း မင်းကို ငါက အဲဒီက ထွက်ခိုင်းတယ်ဆိုပြီး ဖျောက်ပစ်လိုက်မှာ။ အဲဒီအထိ သဘောပေါက်လား"

အိတုံသည် သူ ပြောတာတွေကို သဘောပေါက်ပေမယ့် နိုက်ကလပ်က ဧည့်ကြိုမယ် ဆိုတာကြီးကိုတော့ ထိတ်လန့်ချောက်ချားမိသည်။ ကိုယ် ကြားဖူးထားသော နိုက်ကလပ်ဆိုတာကြီးက ကောင်းတာတွေထက် မကောင်းတာတွေက ပိုများနေသည် ကြောက်တာလည်း ပါသည်။ ပြီးတော့ ကိုယ်ကလည်း တစ်ခါတစ်ကိုယ် နိုက်ကလပ်ဆိုတာ ဘယ်အပေါက်လှည့်မှန်းတောင် မသိချေ။

အခုဟာက နိုက်ကလပ်ကို ခေါ်သွားရမှာတောင်မဟုတ်ဘဲ အဲဒီက ဧည့်ကြိုမယ် လုပ်ရမည်ဆိုတော့ ... ...

အိတုံသည် ဘာစကားမှ မပြောနိုင်ဘဲ တွေဝေနေမိသည်။

"မင်း တစ်ခုခု ပြောချင်တာများ ရှိလို့လား"

"ကျွန်မ နိုက်ကလပ်ဆိုတာ ကြားပဲ ကြားဖူးတာ။ တစ်ခါမှတောင် မရောက်ဖူးဘူး။ အဲဒီမှာ ဘယ်လိုလုပ်ပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ အခက်အခဲမရှိပါဘူး။ ပြီးတော့ ရန်ကုန်မြို့ပေါ်မှာ ကလပ်တွေက အများကြီးပဲ။ ရှုပ်တာ ရှိတယ်၊ မရှုပ်တာ ရှိတယ်။ ပြီးတော့ ဒီမှာက နိုက်ကလပ်ဆိုတာနဲ့ မကောင်းတဲ့နေရာလို့ ပြေးမြင်ကြတာပါ။ အမှန်တော့ Relax လာလုပ်ကြတဲ့သူတွေများတဲ့ သန့်တဲ့ ကလပ်တွေရှိပါတယ်_

မင်း သွားရမှာလည်း အဲဒီလို ကလပ်မျိုးပါ။ ဘာမှ သိပ်ရှုပ်ရှုပ်ထွေးထွေးနဲ့ အန္တရာယ်ရှိတဲ့ ကလပ်မျိုး မဟုတ်ပါဘူး။ မင်းအတွက် Safe ဖြစ်အောင် စီစဉ်ထားပါတယ်"

မတတ်နိုင်တော့။ သူ့ဆန်စားမှတော့ ရဲရတော့မည်။ အိတုံ့သည် အံကို တင်းတင်းကြိတ်ကာ မာန်တင်းလိုက်ရသည်။

"ကောင်းပြီလေ။ သွားဆိုလည်း သွားရတာပေါ့။ အဲဒီကို သွားပြီး ကျွန်မက ဘာလုပ်ရမှာလဲ"

"ငါ လာခဲ့မယ်။ ငါနဲ့အတူတူ ငါ့ရဲ့ကိုယ်ရေးအရာရှိလည်း ပါမယ်။ မင်းက ငါ့စားပွဲမှာ ဝင်ထိုင်မယ် ...

ဝင်ရောမယ်။ တစ်ခု ပြောရဦးမယ်။ မင်းကို အနက်ကယ်ဂျိမ်းက မှတ်မိကောင်း မှတ်မိနိုင်တယ်။ မေးရင် အမှန်အတိုင်းပဲ ဖြေပါ။ ပိုက်ဆံလိုချင်လို့ လာလုပ်တယ်လို့ ဖြေပါ၊ ဟုတ်ပြီလား ...

အဓိက မှာချင်တာက မင်းအနေနဲ့ ငါ့ကို ဝင်ရောရမယ်နော်။ သဘောပေါက်လား။ ပဲများများနဲ့ ဝင်ရော





ရမယ်။ ငါကတော့ ရုပ်တည်အတိုင်းပဲ ရှိနေမှာပဲ။ အိုခေ ဖြစ်မလား"

"ဖြစ်တယ်"

"ကောင်းပြီ။ ဖြစ်တယ်ဆိုရင် သန်ဘက်ခါပဲ အလုပ်စမယ်။ ညဘက်မှာ အဲဒီ Club ကိုသွားဖို့ ကားလာကြိုလိမ့်မယ် ...

ဟိုရောက်ရင် မန်နေဂျာကို ဝင်တွေ့ခွင့် တောင်းလိုက်။ မင်းအတွက် သူ အားလုံး စီစဉ်ပေးထားလိမ့်မယ်။ ရော့ ... ဒါက မင်း ကိုင်ထားရမယ့် ငါ့သိန်းတန်ဖုန်း ...

တစ်ခုခု ဆက်သွယ်ချင်စရာရှိရင် ဆယ်သွယ်ဖို့ပေးထားတာ။ ကဲ ... ဒါဆိုရင် အခုချိန်ကစပြီး ဘယ်လိုသရုပ်ဆောင်ရမလဲဆိုတာ အိုက်တင်ကောင်းကောင်း ကျင့်ပေတော့။ ငါ သွားမယ်"

သူက ပြောစရာရှိတာ ပြောပြီး ပြန်သွားလျှင် အိတုံ့သည် ဘာစကားမှ ပြန်မပြောနိုင်ဘဲ ကျန်ခဲ့သည်။ နိုက်ကလပ်က ဧည့်ကြိုမယ်အဖြစ် တာဝန်ထမ်းဆောင်ရမည် ဆိုကတည်းက လူက အသံတောင် မထွက်နိုင်တော့။ ဟန်ဆောင်ရည်းစား ခပ်ဆိုးဆိုး ရည်းစားလုပ်ရရုံပဲ လွယ်လွယ်လေး တွေးထားခဲ့သော်လည်း ဒီလောက် ရင်တုန်စရာကောင်းမှန်း မသိခဲ့ပါ။

အသံထွက်မလာတော့သော အိတုံ့ကို ရွှေဝါက ဆောင်နဲ့ ထွက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ။ ငုတ်တုတ်မေ့သွားပြီလား"

"စိတ်ညစ်ပါတယ်ဟယ်။ ငါလည်း နိုက်ကလပ်ဆိုတာ တစ်ခါမှ မရောက်ဖူးဘူး။ နင်ရော ရောက်ဖူးလား။ ဘ လိုဟာမျိုးလဲဟင်"

"ဘယ်လိုဟာမျိုးမှ မဟုတ်ပါဘူးဟာ။ DJ နဲ့ မြူးကြ သီချင်းတွေဖွင့် ဆော်တွေ ဘဲတွေက ကကြ ခုန်ကြ ခွန်ကြ။ မူးကြ ရူးကြ ကလပ်က ဆော်တွေက ရှိုး ဘာတွေ လျှောက်ပြကြ။ နောက် ဘဲတွေရဲ့စားပွဲဝိုင်း လာထိုင်ပေးပြီး စကားတွေ ဘာတွေပြော အသားယူ ရှိလည်း နည်းနည်းဝါးပါး အသားယူပေါ့ဟာ။ ဒါပါပဲ

တချို့ Club တွေကျတော့လည်း Standard ရှိ သူတွေ လာတာများတယ်။ အဲဒီအခါကျတော့ ဒီ C က သန့်တယ်ဆိုပြီး နာမည်ထွက်သွားတာပေါ့။ Club ကျတော့လည်း စရိုက်တွေ လာတာများတော့ တယ်ဆိုပြီး နာမည်ထွက်တာပေါ့။ အတိမ်အနက်က ဒါ ပဲ"

ဆရာမကြီးသဖွယ် ရှင်းပြနေသော ချွေဝါကို အိ က မျက်တောင်မခတ်စတမ်း ငေးကြည့်နေပြီးမှ ...

"ဒါဆို လူတွေက ကလပ်ကို မကောင်းတဲ့နေရာ ဘာလို့မြင်ကြတာလဲ"



"မကောင်းတဲ့နေရာလို့ မြင်ကြတာ မဟုတ်ပါဘူး။ မကောင်းတာတွေ ဖြစ်သွားနိုင်တဲ့ နေရာလို့ မြင်ကြတာ။ ပြီးတော့ သူက ညဘက်မှ ဖွင့်တယ်။ ညဦးနက်မှ စည်တယ်လေ။ အဲဒီအချိန်ကြီးကျတော့ တော်ရုံတန်ရုံ မိန်းကလေးတွေက အပြင်မထွက်ကြတော့ဘူး။ ထွက်တဲ့ မိန်းကလေးကျတော့လည်း မြန်မာမျက်စိနဲ့ တစ်မျိုးပေါ့ ...

တချို့လူတွေကျ တော့လည်း ညဘက်ထွက်လို့ မရတဲ့အခါ Day Club ဆိုတာတွေ ပေါ်လာတာပေါ့ဟာ"

"ဟင် ... Day Club ဆိုတာလည်း ရှိသေးတာပေါ့"

"ရှိတာပေါ့၊ အဲဒါက ကလေးတွေ သွားတာပါ။ နေ့လယ် နေ့ခင်း သင်တန်းတက်မယ်၊ ကျောင်းတက်မယ်ဆိုပြီး ထွက်လာတဲ့ ကလေးတွေ သွားကြတဲ့နေရာပေါ့။ သူတို့က ညဘက်မှ ထွက်လို့မရတာ ...

ဒါပေမဲ့ Day Club တွေက သိပ်မအောင်မြင်ပါဘူး။ ကဲ ... အဲဒါတွေ အသာထားစမ်းပါ။ အဲဒီ Club ကိုသွားဖို့အတွက် နင် ရယ်ဒီဖြစ်ပြီလား"

"ဘယ်ဖြစ်မလဲ။ ငါ ... ငါ တစ်ယောက်တည်း မသွားရဲဘူးဟယ်၊ ချွေဝါ ... နင်ပါ လိုက်ခဲ့ပါနော်။ နင်ပါမှ ဖြစ်မှာ၊ လုပ်ပါဟယ်။ ငါ တစ်ယောက်တည်း မသွားရဲဘူး

www.burmeseclassic.com



အိတုံရဲ့ တုန်တုန်ယင်ယင် ပုံစံကို ရွှေဝါက မှင်... ပြီလားဟူသော မျက်နှာပေးဖြင့် မချိုမချဉ် ပြုံးကြည့်ကာ ကော... ကို သုံးလေးချက် သပ်သည်။

"ဒီမှာ သယ်ရင်း။ ဒါ Lesson one ပဲ ရှိသေးတယ်ကွယ်... သိပလား"

"ဘ ... ဘာရယ်"

"ဟုတ်တယ်။ Club သွားတဲ့အခန်းက Lesson one ... ရှိသေးတယ်လို့ ပြောတာ။ ဒီမှာ အိတုံ၊ နင်က သမီးရည်း... စားဟန်ဆောင်ပေးရမယ်ဆိုတာ ခပ်လွယ်လွယ်ကိစ္စလေး... ထင်နေတာလား ...

ထည်ဝါခန့် ဆိုတဲ့ ဘဲလားဟာ၊ အဲဒီလောက်လွယ်... ရင် နင့်ကို ဒီလောက်ပုံပေးထားမှာ။ သူတို့လို သူဌေး... က ပိုတောင် တွက်သေးတယ် ...

ရှေ့လျှောက် နင့်ကို ဒီ့ထက်ဆိုးတာတွေတော... ခိုင်းတော့မှာ။ ဒီတော့ ဒါလောက်ကို တုန်လှုပ်မနေနဲ့"

"ဟာ ... နင်ကလည်း ငါ့ကို စိတ်ဓာတ်ကျအောင် ... နေပြန်ပြီ"

"စိတ်ဓာတ်ကျအောင် ပြောတာ မဟုတ်ပါဘူး။ စိတ်ဓာ... တွေ ကြိုတင်ပြင်ဆင်ထားရအောင် ပြောတာ။ နင် စဉ်း... ကြည့်လေ။ ဒါ သူငယ်ချင်း အချင်းချင်း ခဏကူညီ... ကိစ္စ မဟုတ်ဘူး ...





သူ့ဘဝအတွက် အရေးကြီးတဲ့၊ အရေးပါတဲ့ ကိစ္စကို နင့်ကိုလည်း မက်လောက်စရာ အခွင့်အရေးတွေပေးပြီး လုပ်ခိုင်းထားတာ။ ဒါကြောင့် နင့်ကိုလည်း သဏ္ဍာန်လုပ် သရုပ်တူစေဖို့ အပီအပြင် ချဲခိုင်းမှာပဲ ...

နင့်ကို ခပ်ဆိုးဆိုး မိန်းကလေးတစ်ယောက်အဖြစ် သူ့အသိုင်းဝိုင်းက မြင်စေချင်တာလေ။ ဒါကြောင့် နင် သဘောပေါက်"

ရွှေဝါ့ရဲ့စကားက မှန်နေတာမို့ အိတုံသည် ဘာမှ ပြောနိုင်တော့ပဲ ငြိမ်သက်သွားမိသည်။ အခုမှတော့ ဘာမှမတတ်နိုင်တော့။ ဝေါက်တဲ့နဖူး မထူးတော့ပြီမို့ ဤပြဇာတ် ဆက်လက်အောင်မြင်ဖို့အရေး ကြိုးစားကပြရတော့မည်သာ ဖြစ်လေသည်။

○❦○



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဒီည Club သွားမယ်"

သူက အဲဒီလို ပြောလိုက်လျှင် အန်ကယ်ဂျိမ်းက သူ့ကို အောက်မေးကြီး ငင့်ကြည့်ကာ ...

"ဘယ်သူနဲ့ သွားမှာလဲ"ဟု ပြန်မေးသည်။ သူက တော့ ခပ်တည်တည်ပင် ...

"ဘယ်သူနဲ့ သွားရမှာလဲ။ အန်ကယ်ဂျိမ်း လိုက်မယ်ဆိုရင် အန်ကယ်ဂျိမ်းနဲ့ပေါ့။ မလိုက်ရင်လည်း ကျွန်တော့်ဟာ ကျွန်တော် တစ်ယောက်တည်း သွားမှာပေါ့"

"ဘော့စ် တစ်ယောက်တည်း ဆိုရင်တော့ ကိုယ် လိုက်မှာ ပေါ့"

"တစ်ယောက်တည်းပဲ သွားရမှာပေါ့။ ကျွန်တော့်မှာ မြန်မာ ပြည်မှာ အပေါင်းအသင်းမှ မရှိတာ။ ကျွန်တော့် အပေါင်း အသင်းတွေက ဟိုမှာချည်းပဲ"



"နောက်တော့ ရှိလာမှာပေါ့ ဘော့စ်ရာ။ ဘော့စ်နဲ့ အပေါင်း အသင်း လုပ်ချင်တဲ့သူတွေ တစ်ပုံကြီးပဲဟာ။ အဲဒီထဲကမှ ရိုးသားပြီး ခင်မင်စရာကောင်းတဲ့လူတွေနဲ့ ရွေးပြီး အပေါင်း အသင်း လုပ်တတ်ဖို့ အရေးကြီးတယ် ...

လူတစ်ယောက်မှာ မိတ်ဆွေကောင်းတွေ ဟာသ ဉာဏ်ရှိတဲ့ မိတ်ဆွေတွေ အများကြီးရှိတာ အင်မတန် ကျက်သရေရှိတဲ့ အချက်ပဲ ...

လိုလည်း လိုအပ်တယ်"

"ကောင်းပါပြီ။ ကျွန်တော်ကလည်း အခုချိန်မှာ ကျွန်တော့် ခံစားချက်တွေ ကျွန်တော့် ဖီလင်တွေကို မျှဝေခံစားပေး နိုင်တဲ့ အဖော်ကောင်းတစ်ယောက် လိုအပ်နေတာပေါ့ ...

အိုခေလေ၊ အန်ကယ်ဂျိမ်း ဆယ်နာရီလောက် ရယ်ဒီ လုပ်ထားပေါ့"

"Club မှာ သိပ်ညဥ့်နက်အောင် နေလို့တော့ မရဘူးနော် ဘော့စ်။ မနက်ဖြန်မှာ ဘော့စ် ရုံးသွားရမယ်"

"I know ကဲ ... အန်ကယ်ဂျိမ်း သွားနားလိုက်တော့။ ရယ်ဒီဖြစ်ရင် အကြောင်းကြားလိုက်ပါ"

အန်ကယ်ဂျိမ်းက သူ့ကို ခေါင်းညိတ်ပြီး ထွက်သွား သွားလျှင် သူက ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက် သည်။ ဒီနေ့ Club မှာ ဟိုကောင်မလေးနဲ့ စတင်တွေ့ဆုံ့ အခန်းကို သရုပ်ဆောင်ရမည်။ ပီပြင်ပါ့မလားတော့ မပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



ချေ။ သူကတော့ အစစအရာရာ အိုကေအောင် စီစဉ်ထားခဲ့သည်။ ပြီးတော့ အိတ်နှင့်တွဲသော ချော့ဝါဆိုသည့် ကောင်မလေးဟာလည်း ခပ်လည်လည်ထဲကမို့ အိတ်ကို အကူအညီကောင်းကောင်း ပေးနိုင်ပါလိမ့်မည်။

တစ်ခါတစ်ရံမှာ သူ လုပ်နေတာတွေဟာ မှားသလား မှန်သလား မစဉ်းစားချင်တော့ပေ။ အချိန်တန်လျှင် အဖြေတစ်ခု ကတော့ ထွက်မှာပဲဖြစ်သည်။ အဲဒါကိုတော့ သူက ဒီအကြောင်း တွေ ပြောပြမထားပေ။ အဲဒါသိလျှင် စိတ်မချနိုင်ဖြစ်ကာ ရောဂါ ပိုတက်သွားမှာ စိုးသဖြင့် ပြောမထားတာဖြစ်သည်။ ပြီးတော့ ဒီလိုကိစ္စဆိုတာ လူများများ မသိလေ ကောင်းလေသာ ဖြစ်သည်။ စီမံကိန်းနှင့် အကောင်အထည်ဖော်မည့် ကိစ္စမို့ သေချာပေါက် အောင်မြင်မည်ဟု သူက ယုံကြည်ပါသည်။

ဆယ်နာရီထိုးခါနီးတွေ သူက အဝတ်အစားလဲလိုက် သည်။ ခဲရောင်လည်ပင်းပိတ် ဖစ်တင်တီရှပ်ကို ဂျင်းအနက်ရိုးရိုး တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်လိုက်သောအခါ သူ့ပြင်ဆင်မှုက ပြီးဆုံးသွားပြီဖြစ်သည်။ သူ သုံးနေကျ Polo ရေမွှေးကို ဆွတ်နေ တုန်းမှာပဲ အန်ကယ်ဂျိမ်းထံမှ ဖုန်းဝင်လာသည်။

"ဘော့စ် ... ရယ်ဒီပါ"

"အိုခေ ... ထွက်ကြတာပေါ့"

သူတို့နှစ်ယောက် အလွတ်သဘောမျိုး သွားသည့် ကိစ္စများတွင် ဒရိုင်ဘာကို မခေါ်ဘဲ သူတို့ဘာသာ မောင်းသွား



တတ်ကြတာမို့ အခုလည်း ကားကို သူကပဲ မောင်းလာသည်။ အန်ကယ်ဂျိမ်းကတော့ ဘေးကနေ၍ထိုင်လျက် လိုက်ပါလာလေ သည်။ သူ ကားမောင်းနေတာကို အန်ကယ်ဂျိမ်းက အသာအယာ ကြည့်ရင်းမှ ...

"ဘော့စ်တောင် မြန်မာပြည်က လမ်းတွေကို တော်တော် ကျွမ်းနေပါလား။ မကြာခဏ အမောင်းထွက်ကျင့်တယ်နဲ့ တူတယ်"

သူ ခဏတဖြုတ် ပျောက်ပျောက်သွားတတ်တာကို ဆိုလိုမှန်းရသော်လည်း သူကတော့ သိပ်မမှုဟန်ဖြင့် ကားကိုသာ ရှေ့တစိုက်မောင်းရင်း ဘာမှမပြောမိဘဲ အသာပြုံးနေမိသည်။ ညဆယ်နာရီခွဲခန့်မို့ ကားတွေကရှင်းကာ မောင်းလို့ကောင်းလှသည်။ နေ့လယ်ခင်းတွေမှာတော့ သူက အပြင်ထွက်ရမှာ အကြောက်ဆုံး ဖြစ်ကာ နေပူရတဲ့အထဲ ကားတွေက အင်မတန်ပိတ်သောကြောင့် ဖြစ်သည်။ ကားတွေဖြင့် အရှည်ကြီးပိတ်နေလျှင် သူက စင်ကာပူမှ မီးပွိုင့်လမ်းကြီးတွေကို အထူးပဲ လွမ်းဆွတ်သတိရမိသွားတတ်၏။

Music သံ တိုးတိုးလေးဖြင့် ကားကို ခပ်သွက်သွက် မောင်းလာခဲ့ရာမှ ဆယ့်တစ်နာရီထိုးခါနီးတွင် Club သို့ရောက် သွားသည်။ Club ထဲမှာ ဘလက်လေဘယ်လ်တစ်လုံး မှာထားပြီး စားပွဲဝိုင်းတစ်ခုမှာ ထိုင်နေသော သူသည် တစ်စုံတစ်ယောက်ကို ရှာဖွေနေမိသည်။ အန်ကယ်ဂျိမ်းကတော့ မီးရောင်စုံအောက်မှာ ကခုန်နေကြသော လူငယ်များကို အကဲခတ်သလိုဖြင့် ငေးကာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေသည်။ ခဏကြာလျှင် သူတို့ဝိုင်းဘေးသို့ လူရိပ်တစ်ခု ကျရောက်လို့လာသဖြင့် မော့်ကြည့်လိုက်လျှင် သူ့စိတ်မှာ ဩော် ခနဲ ဖြစ်သွားရသည်။ မီးရောင်စုံရယ်၊ တမူထူးခြားစွာ ပြင်ဆင်ထားသော မိတ်ကပ်မျက်နှာရယ်ကြောင့် ရုတ်တရက် ဩော်ခနဲ ဖြစ်သွားသော်လည်း သူမဆိုတာ သိလိုက်ပါသည်။ သူမနှင့်အတူတူ ရွှေဝါလည်း ပါလာသည်။

သူမက အနက်ရောင် ကြိုးတစ်ချောင်း ဂါဝန်ရှည် တစ်ထည်နဲ့မို့ သူက အသာကျိတ်ပြုံးရသေးသည်။ သူမတို့နှစ်ယောက်လုံးအား မော့်ကြည့်နေကြသော သူနဲ့ အန်ကယ်ဂျိမ်းကို သူမက သွက်သွက်လက်လက်ကြီးပဲ ပြုံးပြလိုက်ကာ လက်ညှိုးလေး တစ်ချောင်း ထောင်ပြလိုက်ပြီးနောက် ...

"Excuse me ! ကျွန်မတို့ကို လူကြီးမင်းတို့နဲ့ ထိုင်ခွင့်ပြုပါ နော်"

သူက အန်ကယ်ဂျိမ်းထံသို့ လှည့်ကြည့်လိုက်လျှင် အန်ကယ်ဂျိမ်းကလည်း သူ့ကို ပြန်ကြည့်နေတာနဲ့ ဆုံသည်။ သူက သရုပ်ပီပြင်စွာပင် အန်ကယ်ဂျိမ်းကို မရိုးမရွ ပြုံးပြလိုက်ပြီး လုပ်လိုက်ကြရအောင် ဟူသော သဘောကို ဆောင်လိုက်သည်။

အဲဒီနောက် ကောင်မလေးတွေကို ခေါင်းတစ်ချက် ဆတ်ပြလိုက်လေသည်။ အဲဒီအခါမှာ သူမတို့နှစ်ယောက်လုံးက သူတို့နဲ့အတူ လာထိုင်သည်။ သူမက သူ့အနီးမှာ ဝင်ထိုင်တာဖြစ် ပြီး ရွှေဝါက အန်ကယ်ဂျိမ်းအနားမှာ ဝင်ထိုင်တာဖြစ်သည်။





"ဒီကိုလာတာ တစ်ခါမှ မတွေ့ဖူးဘူးနော်။ အခုမှ စရောက် ဖူးတာနဲ့တူတယ်"

သူမထံမှ ချွဲချွဲချိုချိုအသံလေး ထွက်လာလျှင် သူက စိတ်ထဲမှနေ၍ အသာကျိတ်ပြုံးမိသည်။

မဆိုးပါ။ သူမ ကြည့်ရတာ တော်တော် ပီပြင်ပါ သည်။

"ဘာကြောင့် မင်းက အဲဒီလို ပြောနိုင်တာလဲ"

"ဩော် ... ပြောနိုင်တာပေါ့။ ဒီမှာ လာနေကြလူတွေကို အများအားဖြင့် မှတ်မိတယ်လေ။ အစ်ကိုတို့ကိုတော့ အခုမှ တွေ့ဖူးတာကြောင့်ပါ"

"မင်းက ဒီက ဝန်ထမ်းလား"

"ဟုတ်ပါတယ်"

"မင်းရဲ့ Sevice က ဘာလဲ"

"အင်း ... ဧည့်သည်တွေကို ဧည့်ခံတာပေါ့။ အခုလည်း အစ်ကိုတို့ကို လာဧည့်ခံတာပါ ...

သောက်လေ ... အစ်ကိုတို့ မသောက်ရသေးဘူးနဲ့ တူတယ်"

သူမက ပြောပြောဆိုဆိုဖြင့် ကြက်ခြောက်ကြော် တစ်ဖတ်ကို တူနဲ့ညှပ်ကာ သူ့ပါးစပ်ထဲသို့ ခွံ့ပေးဖို့ ဟန်ပြင်သည်။ သူက အဲဒီလောက်အထိ မထင်ထားသဖြင့် ပခုံးတစ်ချက်တွန့် သွားပြီးမှ ပါးစပ်ဟပေးလိုက်လျှင် သူမက ပြုံးရွှင်စွာဖြင့် ခွံ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါဆိုသော ကလေးမကလည်း မခေပါ။ အန်ကယ်ဂျိမ်းကို ခွဲ့မကျေးသော်လည်း ငါးမုန့်ကြော်ပန်းကန်ကို လက်ဖဝါးပေါ်သို့ တင်,မပြီး အန်ကယ်ဂျိမ်းရှေ့မှာ ထားပေးသည်။

သူကတော့ သူမ ကမ်းပေးသည့် ဘလက်လေဘယ်ခွက်ကို အသာယူသောက်ရင်းမှ သူမကို စေ့စေ့စပ်စပ် ကြည့်ရှုကာ ...

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"အိတုံပါ"

"အိတုံ ...။ အင်း ... ဒီမှာလုပ်တာ ကြာပြီလား"

"ငါးလ ခြောက်လလောက်ပဲ ရှိပါသေးတယ်"

အဲဒီအချိန်မှာပဲ အန်ကယ်ဂျိမ်းထံမှ စကားသံက ဖြတ်ဝင်လာသည်။

"ပလိစ် ...။ မင်းကို ငါ မြင်ဖူးသလိုပဲ။ မင်း စဉ်းစားကြည့်စမ်း၊ မင်း ငါ့ကို မြင်ဖူးတယ်လို့ မထင်ဘူးလား"

သူမက အန်ကယ်ဂျိမ်းကို သေချာမကြည့်ဘဲ လွတ်လပ်စွာ ရယ်မောကာ ...

"ဘယ်သူကလဲ မသိဘူး ပြောဖူးတယ်။ သံသရာဆိုတာ အရှည်ကြီးပဲမို့ သံသရာတစ်ကွေ့မှာ ဆွေမျိုးမတော်စပ်ခဲ့ဖူးတဲ့သူဆိုတာ မရှိဘူးတဲ့ ...

ဒီတော့ ကျွန်မကိုလည်း သံသရာတစ်ကွေ့မှာ တွေ့ဖူး မြင်ဖူးတာ နေမှာပေါ့"





သူမစကားကြောင့် အန်ကယ်ဂျိမ်းက မျက်မှောင်ကြီး ကုတ်သွားရသော်လည်း သူကတော့ ရယ်ချင်သွားမိသည်၊ အန်ကယ်ဂျိမ်းက ကိုယ်ကို ရှေ့သို့ကိုင်းကာ ခပ်ဆတ်ဆတ်အသံဖြင့် ...

"ဒီမှာ မိန်းကလေး။ သံသရာတွေ ငါ မသိဘူး။ ငါက ခရစ်ယာန်ဘာသာဝင်။ နေဦး ... မင်းဟာ လွန်ခဲ့တဲ့နှစ်လလောက်က စက်မှုဇုန်ဘက်မှာ ငါတို့ကားနဲ့ စက်ဘီးဝင်တိုက်မိမလို ဖြစ်သွားတဲ့ စက်ဘီးစီးလာတဲ့ကောင်မလေး မဟုတ်လား ...

အဲဒီတုန်းက မင်းရဲ့ဟင်းထုပ်တွေ အောက်ကိုပြုတ်ကျသွားဖူးတယ်လေ။ ငါ ပိုက်ဆံတစ်သောင်း အလျော်ပေးခဲ့ဖူးတယ်။ မှတ်မိလား"

သူမက အိုက်တင်ကောင်းစွာဖြင့် တစ်ချက်တွေဝေသွားဟန်ဆောင်သည်။ ပြီးတော့မှ မျက်ခုံးနှစ်ခုကို ပင့်ချီကာ၊ ဟုတ်သားပဲ ဟူသော ပုံစံဖြင့် လက်နှစ်ဖက်ကိုတောင် စုလိုက်သေးသည်။

"သြော် ... မှတ်မိပြီ။ မှတ်မိပြီ။ ဟုတ်သားပဲ၊ အဲဒီလူက အားဂျဲလ်ရှီးပဲကိုး"

"ဘာအားဂျဲလ်ရှီးလဲ။ ငါ့ နာမည် အားဂျဲလ်ရှီး မဟုတ်ပါဘူး"

"ဟား ဟား ... အဲဒါဆို အားဂျဲလ်ရှီး ညံ့သွားပြီ။ မြန်မာနိုင်ငံမှာနေရင် အခြေခံကိုရီးယားစကားလေးတော့ သိအောင် လေ့လာထား ...



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ Korean Wave ရဲ့ လှိုင်းက နှာဂစ်ထက်တောင် ပြင်းထန်သေးတယ်။ ဒီ အခေါ်အဝေါ်တွေကို ကလေးက အစ သိတယ်လေ"

သူမရဲ့ ခပ်လျောင်လျောင် အပြောကို အန်ကယ်ဂျိမ်းက နှုတ်ခမ်းကြီးမဲ့ရွဲ့ကာ ရှိနေသည်။ ချွေဝါ ဆိုသော ကလေးမကပဲ ထပ်ပြီးဝင်ပြောသည်။

"အားရှာဂျဲလ်ရှီးဆိုတာ ကိုရီးယားလို ဦးလေးကိုပြောတာ။ ဦးလေး ... ဦး ... အဲဒီလိုမျိုးပေါ့။ ဒီကလူ တော်တော်များများက ကိုရီးယားတွေရဲ့ နေ့စဉ်အသုံးအနှုန်းတွေကိုတော့ ရင်းနှီးနေကြပါပြီ။ ဒါကြောင့် ဘာပြောလိုက်တာနဲ့ ချက်ချင်းသဘောပေါက်ကြတယ် ...

ဒါနဲ့ အားဂျဲလ်ရှီးတို့ ကြည့်ရတာ ဒီနေရာ ဒီအသိုင်းအဝိုင်းနဲ့ နည်းနည်းစိမ်းနေသလိုပဲ"

ချွေဝါက အကြောင်းသိထားသူမို့ ခပ်တည်တည်ဖြင့် ဝင်ဖောသည်။ အန်ကယ်ဂျိမ်းက ဘာမှမမှုသော မျက်နှာထားဖြင့် အိတုံကိုပဲကြည့်ကာ ...

"မင်းက ဒီမှာ အလုပ် လုပ်တာလား"

"ဟုတ်ပါတယ်"

"ငါတို့နဲ့ တွေ့တုန်းက အလုပ်မဝင်သေးဘူး မဟုတ်လား"



"ဟုတ်တယ်၊ အဲဒီနောက်မှဝင် ... အဲ ... မဟုတ်ပါဘူး၊ ဝင်တာက လေးငါးခြောက်လ ရှိပါပြီ။ အဲဒီတုန်းကလည်း အလုပ် လုပ်နေပါပြီ"

သူမက ဒီလောက် ဂရုစိုက်နေသည့်ကြားမှ မှားဖြစ်အောင်ကို မှာသွားသေးသည်။ ဒါကြောင့် ပြောတာပေါ့။ အန်ကယ်ဂျိမ်းကို လှျော့တွက်လို့ မရပါဘူးလို့။ အန်ကယ်ဂျိမ်းကလည်း [illegible]ချေ။ မေးဖြစ်အောင်ကို ဆက်မေးသေးသည်။

"ဒီမှာ အလုပ်ဝင်တာကြာရင် မင်း အဆင်ပြေနေရမှာပေါ့။ အဲဒီတုန်းက မင်း [illegible]ည့်ရတာ ပိုက်ဆံတစ်သောင်းရတာကိုပဲ အသေအလဲ ပျော်နေတဲ့ပုံ"

"အဲ ... အဲဒါက ဒီလိုရှိပါတယ်။ ဟင်း ... ဟင်း၊ ကျွန်မတို့က ဒီမှာလုပ်ပေမယ့် အားဂျဲလ်ရှီးတို့ ထင်သလို အများကြီး မရပါဘူး။ အိမ်ကလည်း ဆင်းရဲတဲ့အတွက် ထောက်ပံ့ရပါသေးတယ် ...

ပြီးတော့ ကိုယ်ဝယ်လာတဲ့ဟင်းတွေ ဒီလိုဖြစ်သွားတာ ဘယ်သူမဆို နမြောတာပေါ့။ ပိုက်ဆံတစ်သောင်းဆိုတာလည်း ကျွန်မတို့အတွက် တန်ဖိုးရှိပါတယ်"

အပြောကတော့ ကျလောက်သည်မို့ အန်ကယ်ဂျိမ်း[illegible] မဲ့ပြုံးတစ်ချက် ပြုံးသည်။ သူက ခွက်ကို တစ်ချက်ယူမော့ရင်း [illegible] ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီမှာ လာထိုင်ပေးတဲ့အတွက် မင်းကို ဘောက်ဆူး ပေးဖို့ လိုသလား"

"ဪ ... ဒါကတော့ သဒ္ဒါရင်ပေါ့ရှင်။ မပေးလည်း ဘာမှမဖြစ်ပါဘူး။ စပ်စုတယ်တော့ မထင်နဲ့နော်။ ဒီက အိုပါး နာမည်ကရော ဘာတဲ့လဲ"

"အိုပါး ဆိုတာက ဘာကို ပြောတာလဲ။ You ကို ဆိုလိုတာလား"

သူက ပါးစပ်ကို လက်နှင့်အုပ်ကာ ခန်းဆောင်နီအိမ်တွေထဲက ဧည့်မယ်တွေ ရယ်သလို ရယ်တာမို့ သူက စိတ်လေသွားရသည်။

"အိုပါးဆိုတာ အစ်ကိုလို့ ပြောတာပါ။ အစ်ကို့နာမည်ကရော"

"မင်း သိဖို့ မလိုအပ်ပါဘူး"

"ဟင်း ... မာနကလည်း ကြီးလိုက်တာ။ ရပါတယ် မပြောချင်လည်း ကိစ္စမရှိပါဘူး။ တစ်ခုရှိတာက ကျွန်မတို့က ဒီမှာလာပြီး ဝမ်းရေးအတွက် လုပ်ကိုင်စားသောက်နေရတယ် ဆိုပေမယ့် အခြေအနေအရ ယောကျ်ားတွေနဲ့ ရင်းရင်းနှီးနှီး နေရတယ် ဆိုပေမယ့် ဒါဟာ စည်းလေး တစ်ခုတော့ ရှိပါတယ် ...

ကျွန်မတို့က မကောင်းတာ မလုပ်ပါဘူး"





ဒီစကားကြောင့် သူက အန်ကယ်ဂျိမ်းကို ကြည့်လိုက်သောင် အန်ကယ်ဂျိမ်းက သူ့ကို လက်ဝါးနှစ်ဖက်ဖြန့်ပြပြီး ပခုံးတွန့်ပြသည်။ သူက သူမကို ပြုံးစိုက်ကာ ကြည့်လိုက်ပြီးမှ ...

"မကောင်းတာလုပ်တယ် ဆိုတာ ဘာကို ပြောတာလဲ"

သူ့မေးခွန်းက သူမကို ကျဉ်းထဲကျပ်ထဲ တွန်းပို့ပေးလိုက်တာမို့ သူမက မျက်မှောင်တစ်ချက် ယောင်ယောင်လေးမျဉ်သွားသည်။ ဒါကိုလည်း သူတို့ချင်းသာ သိလေသည်။ သူမက သူ့ကို ခပ်တည်တည်ပဲ ပြန်စိုက်ကြည့်ကာ ...

"အစ်ကိုတို့ နားလည်လက်ခံထားတဲ့ ပုံစံမျိုးမဟုတ်ဘူးလို့ ဆိုလိုချင်တာပါ။ ကဲ ... ဒီမှာ ထိုင်နေရတာ မပျင်းဘူးလား ...

သွားကမလားဟင်။ ကျွန်မ အဖော်လုပ်ပေးပါ့မယ်"

"ငါက မကတတ်ဘူးကွ။ မင်း သွားကလေ၊ ငါကြည့်မယ်"

သူက သူမကို အချွန်နဲ့ မ,လွှတ်လိုက်ပြန်သည်။ သူမက သူ့ကို လုပ်ပြန်ပြီပေါ့သော ပုံစံဖြင့် ခပ်တင်းတင်းဖြင့် ပြန်ကြည့်သည်။ သူက ဘာဖြစ်သေးလဲဟူသော ပုံစံဖြင့် မျက်ခုံးနှစ်ဖက် ပင့်ချီကာ ...

"သွားကပါ။ မင်းတို့က ဧည့်သည် စိတ်ချမ်းသာအောင် ဝန်ဆောင်မှုပေးရတာဆို။ ဒီတော့ မင်းကတာကိုကြည့်ပြီး ငါ ကချင်စိတ်ပေါ်လာအောင် ကပါ။ အိုခေ"



www.burmeseclassic.com

www.burmeseclassic.com



သူမက နှုတ်ခမ်းကို တင်းတင်းစေ့သည်။ ရွှေဝါက ပဲ သူမရဲ့လက်ကို ဆွဲခေါ်ကာ ...

"လာပါဟာ။ ကြည့်ချင်တယ် ဆိုတော့လည်း ကရတာပေါ့ ငါရော ကမယ်။ ဒီမယ် အိုပါး။ ကပြီးရင်တော့ ဆုချရမယ် နော် ...

ပန်းကုံး လာစွပ်ရမယ်။ ဒါပဲ"

သူက Yes or No မပြောဆိုဘဲ အသာငြိမ်နေလိုက် လျှင် ရွှေဝါက သူမလက်ကို ဆွဲခေါ်ကာ Dancing floor ထဲ ခေါ်သွားသည်။ အဲဒီနောက် ရွှေဝါရဲ့ဦးဆောင်မှုဖြင့် သူမ အချိုးမကျစွာ ကပါတော့သည်။ သူက ရယ်ချင်လှစွာဖြင့် ဘလက် လေဘယ်ကို ကောက်မော့မိသည်။ အန်ကယ်ဂျိမ်းက သူမတို့က နေတာကို ကြည့်ကာ ...

"ဘယ်လိုတွေ ကနေကြတာလဲ။ ကပေါက်တိ ကပေါက် ချာနဲ့"

"ဩော် ... သူတို့က သေချာသင်ထားတာမှ မဟုတ်တာ အန်ကယ်ဂျိမ်းရယ်။ ကတတ်သလို ကပြကြတာလေ အဟင်း ... ရယ်တော့ ရယ်ရတယ်နော်"

သူက ရယ်ချင်စိတ်ကို တမင်ဖွင့်ချပြီး ရယ်လိုက် သော်လည်း အန်ကယ်ဂျိမ်းက လိုက်မရယ်ချေ။ သူ့ကိုသာ အထ ခတ်သလို ကြည့်လျက် ...





"ဘော့စ် ... ဒီကိုလာတာ အဖော် လာရှာတာလား။ အဲဒီ အတွက်ဆိုရင်တော့ ဘော့စ်ကိုယ်တိုင် တကူးတက လာစရာ မလိုပါဘူး"

"ဟာဗျာ ... ဘာတွေ လျှောက်ပြောနေတာလဲ"

"လျှောက်မပြောပါဘူး။ သဘာဝတရားအတိုင်း ရိုးရိုးလေး စဉ်းစားပြီး ပြောနေတာ။ အဲဒါကို သတိရတမ်းတစိတ် တွေ သိပ်များလာတဲ့အခါမှာ တခြားတစ်ခုခုနဲ့ အစားထိုး မလားလို့ပါ"

"တော်စမ်းပါဗျာ။ စဉ်းတောင် မစဉ်းစားမိဘူး။ ကျွန်တော် အဲဒီလို ယောက်ျားမျိုး မဟုတ်ဘူး"

"မဟုတ်ဘူးဆိုလည်း ကောင်းပါတယ်။ အိုခေ ... ဟိုမှမ တွေတော့ မောပြီး ပြန်လာကြပြီ"

အန်ကယ်ဂျိမ်း မေးဆတ်ညွှန်ပြရာသို့ သူက လှမ်း ကြည့်လိုက်လျှင် သူမတို့နှစ်ယောက်လုံး ပြန်ရောက်လာတာကို တွေ့လိုက်ရသည်။ သူမက ရှေ့က အချိုရည်တစ်ဘူးကို မော့က် သောက်ကာ ...

"ကဲ ... ဘယ်လိုလဲ၊ ကျွန်မတို့က,တာ ကြည့်လို့ကောင်း ရဲ့လား"

"ကောင်းလား မကောင်းလားတော့ မသိဘူး။ မင်းတို့ကတာ ကြည့်ပြီး အိမ်ပြန်ချင်စိတ်တော့ ပေါက်သွားတယ် ...

အိုခေ ... နှစ်ယောက်စလုံးပဲ ဂွတ်နိုက်ချ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြောဆိုဆိုနှင့် ပြန်ဖို့ရာအတွက် မတ်တတ်ထရပ်ပြလိုက်လျှင် သူမမျက်နှာက ယုတ္တိမရှိအောင် ဝင်းပရွှန်းလက်သွားသဖြင့် သူက စိတ်ထဲမှနေ၍ တစ်ချက်ကျိန်ဆဲလိုက်သည်။ အန်ကယ်ဂျိမ်းရှေ့မှာ သူမက ဒီလိုဖြစ်ပြရသလား။

သူကတော့ ဘာမှမသိ။ ခေါင်းတွေကို အထပ်ထပ်ညိတ်ပြကာ ...

"ကျေးဇူးတင်ပါတယ်ရှင့်။ တာ့တာနော်"

"နောက်နေ့ လာပါဦးလို့၊ မဖိတ်ခေါ်တော့ဘူးလား"

"သြော် ... ခေါ်ပါတယ်။ လာခဲ့ပါရှင့် ... ဟင်း ... ဟင်း ဟိုဘက်က အားကျဲလ်ရှီးရော၊ ဒီက အိုးပါးရော ... ဟင်းဟင်း"

အဲဒီ တဟင်းဟင်း ရယ်သံရဲ့နောက်မှာ ငှက်ဖျားတက်သလို ကြောက်ချမ်း ချမ်းနေသည့် ဗီလင်မျိုး ပါဝင်နေသည်ဆိုတာကို အတိအကျသိသော သူက ဘယ်သူမှ မသိအောင် ကျိတ်ပြုံးလိုက်သည်။ ပြီးတော့မှ သူမရဲ့ပခုံးတစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်လျှင် သူမက လန့်ဖျပ်ပြီး ပုတ်ချတော့မလိုဖြစ်ပြီးမှ သတိဝင်လာပြီး သူ့ကို မချွဲသွားဖြဲ ရယ်ပြသည်။

သူက အဲဒီမျက်နှာကို သတိပေးသလိုဖြင့် ခပ်နက်နက် စိုက်ကြည့်လိုက်ပြီးနောက် ...

"စိတ်ချ၊ မင်းရဲ့ ကိုးရိုးကားရားကတဲ့ ပုံစံကိုပဲ သဘောကျသွားလွန်းလို့။ နောက်နေ့တွေလည်း လာဦးမှာ။ အိုခေ ဆီးယူ ... ဘိုင့်ဘိုင်"





သူ့စကားသံအဆုံးတွင် ဖြစ်ပျက်ပြောင်းလဲသွားသော သူမမျက်နှာကို အသေးစိတ် စောင့်မကြည့်တော့ဘဲ မီးရောင်စုံကြားက တေးဂီတသံများနှင့်ဝေးရာ ပြင်ပကမ္ဘာသို့ ပြန်လည်ထွက်ခွာလာခဲ့လေသည်။ သူ ရေးဆွဲထားသော ပရောဂျက်ကြီးရဲ့ ခေါင်းတစ်ခြေလှမ်းကိုတော့ စတင်ခဲ့ပြီ။ ဘယ်အချိန် ဘယ်ကာလမှာ ပြီးမယ် မသိသော စီမံကိန်းကြီးရဲ့ နောက်ဆုံးရလဒ်အဖြေသာ ဘာဖြစ်မလဲ၊ သူ အင်မတန် သိချင်လှပါသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

“ငြိမ်ငြိမ်နေပါ အိတုံရယ်။ နင် လှုပ်နေတာနဲ့ပဲ လိုင်းများတွေက ပေပွကုန်ပြီ”

ရွှေဝါရဲ့ မာန်မဲသံကြောင့် အိတုံက နှုတ်ခမ်းတစ်ချက်ဆူကာ အသက်အောင့်ပြီး ငြိမ်သက်ပေးလိုက်ရသည်။ တကယ်ဆိုရင် ဒီလို မိတ်ကပ်တွေခြယ်ပြီး ဘာအကျီကြီးတွေမှန်း မသိဝတ်ရသည့် နိက်ကလပ်သို့ လုံးဝမသွားလိုပါ။ ဒါပေမဲ့လည်း သူ့ဆန္ဒစား ရဲရတော့မည်။ သဏ္ဌာန်လုပ် သရုပ်တူစေရန်အတွက် ဒီလို မိတ်ကပ်လိမ်းပေးတတ်သည့် ရွှေဝါ ရှိနေတာတောင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။

“စိတ်ညစ်လိုက်တာဟာ၊ ဒီ နိက်ကလပ်ကိစ္စ ပြီးပဲမပြီးနိုင်တော့ဘူးလား မသိဘူး”

“ဟင်း ... နင်က သူငှားထားတဲ့လူမို့ လုပ်ပေးရတာတော်သေး။ ငါက ကြားထဲကပါ ကျွန်ဝယ်ရာ အဆစ်ပါ။ ကဲ ... ပြီးပြီ၊ Hair Style ကို ထွင်တော့မယ်”





“ဟင် ... ဆံပင်တွေပါ လုပ်ဦးမှာလား”

“အေးပေါ့။ နင့်ဆံပင်ကြီးက ရိုးနေတာကိုး။ ဆံပင်တွေကို ဆက်တင်လုပ်မယ်။ အခွေအလိမ်အကောက်တွေ လုပ်မယ်”

“ကဲ ... လုပ် ... လုပ်။ စိတ်တိုင်းကျသာ လုပ်ပေတော့ ဟင်း”

ရွှေဝါက အိတုံရဲ့ဆံပင်တွေကို အပူချောင်းနှင့်လိပ်ကာ ဆံပင်အခွေအကောက် လုပ်ပေးသည်။ အိတုံသည် သူများကိုသာ ပြင်ဆင်ပေးဖို့ ဝါသနာပါလှသော်လည်း ကိုယ့်ကိုယ်ကိုယ်တော့ သိပ်ပြင်ဆင်ချင်သူ မဟုတ်ပေ။ အခုလည်း ဆံပင်ခွေလိမ်ကောက်၊ ရောင်စုံမိတ်ကပ်မျက်နှာနှင့် ရွှေအိုရောင် လက်ပြတ်ဂါဝန်ကိုကို ဝတ်ထားရသောကြောင့် မှန်ထဲမှာ မြင်နေရသော ရုပ်သွင်ကိုကြည့်ကာ စိတ်မာတ်ကျနေလေသည်။

အဲဒီပုံစံနှင့် Club သို့ ရောက်သွားပြီး အိတုံနဲ့ ရွှေဝါနှစ်ယောက်သားမှာ စားပွဲဝိုင်းတစ်ခုတွင် ကြောင်စီစီလေးတွေထိုင်နေကြသည်။ ဟို ကျေးဇူးရှင်က ခဏနေ ရောက်လာတော့မည်ဟု အကြောင်းကြားထားသဖြင့် စောင့်နေရာမှ အိတုံတို့စားပွဲသို့ ယောကျ်ားသုံးယောက်က ရောက်လာကြခြင်းပင် ဖြစ်လေသည်။ ကိုယ်က ဘာမှထင်မထားသဖြင့် သဘောရိုးဖြင့် မော့ကြည့်လိုက်လျှင် သူတို့က မချိုမချဉ် မျက်နှာထားတွေဖြင့်ရှိ နေကြသည်။

“မင်းတို့နှစ်ယောက်က New လေးတွေလား”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျတော့မှ အိတုံနဲ့ ရွှေဝါသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြကာ ...

"မဟုတ်ပါဘူး"

"မဟုတ်ဘူး ! ဒါဆို အရင်က ဘာလို့မတွေ့သလဲ။ ကိုယ်တို့က ဒီ Club ကို နေ့တိုင်းလာနေကြကွ။ ဗန်ကောက်ကို ခဏသွားနေလို့ ဆယ်ရက်လောက် မရောက်ဖြစ်တာ_ မင်းတို့က လန်းလှချည်လား။ လုံးဝကို မှည့်နေတာပဲ"

အဲဒီအပြောကြောင့် အိတုံရဲ့သွေးတွေက ဖျင်းခနဲဖြစ်သွားသည်။ လူတစ်ကိုယ်လုံးကို ပြစ်မှားနေသော မျက်လုံးတွေက ရွံစရာကောင်းလှတာမို့ ချက်ချင်းပဲ မျက်နှာလွှဲပစ်လိုက်သည်။ အိတုံထက် အခြေအနေကို နားလည်သော ရွှေဝါကတော့_

"ရှင်တို့ တခြားစားပွဲ ပြောင်းထိုင်ပါလား။ ဒါက ညှော်သည်လာမှာပါ"

အဲဒီလို ပြောလိုက်တော့မှပဲ မျက်ပေါက်ကျဉ်းကျဉ်းနဲ့လူရဲ့ မျက်လုံးတွေက ပိုမိုကျဉ်းမြောင်းသွားပြီးလျှင် ရွှေဝါရဲ့မေးဖျားလေးကို ဆတ်ခနဲ ဆွဲကိုင်ကာ ...

"ဘာလဲ ... မင်းလေးတို့က ဘွတ်ကင် ရှိပြီးသားတွေပေါ့"

"ရှင် ဒါ ဘာလုပ်တာလဲ"

ရွှေဝါက အဲဒီလူရဲ့လက်ကို ပုတ်ချလိုက်လျှင် ထိုသူက ဆတ်ဆတ်ခါ ဖြစ်သွားဟန်ဖြင့် ...





"ဟား ... မင်းက ဘာဖြစ်တာလဲ။ ဘာသောက်ကြီးသောက်ကျယ် လုပ်တာလဲ။ ဒီလောက်လေး ကိုင်တာတောင် တွန့်နေရအောင် မင်းက ဘာမို့လို့လဲ"

"ဘာဖြစ်ဖြစ် ရှင်နဲ့ မဆိုင်ဘူး။ ရှင်တို့ ဒီဝိုင်းကထွက်သွား"

"ဟား ... ကောင်မတွေက လေသံက ဟိုးအမြင့်ဖျားဆီမှာပါလား။ နေစမ်းပါဦး၊ မင်းတို့က ဘယ်လောက်တန်တွေလဲ။ ပေါက်ဈေးထက် ငါးဆပိုပေးမယ် ...

လာ ... ခုပဲ လိုက်ခဲ့။ မှတ်လောက် သားလောက်အောင် လုပ်ပြလိုက်ဦးမယ်"

အဲဒီလူက အင်မတန်ရိုင်းပျသောစကားကို ဆိုကာ ရွှေဝါ့လက်ကို ဆောင့်ဆွဲလိုက်လျှင် ရွှေဝါက အငိုက်မိပြီး ပါသွားသည်။ အိတုံသည် ရုတ်တရက် ရှော့ရသလို ဖြစ်နေသောကြောင့် ဘာစကားမှ မပြောနိုင်ဘဲ ကြောင်အ,ပြီး ငေးနေမိသည်။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက် စော်ကားခံရသော စကားမျိုး။ မိုက်ရိုင်းသော စကားမျိုးကို မကြားဖူးသဖြင့် လူက ငုတ်တုတ်မေ့သလို ဖြစ်နေခြင်း ဖြစ်သည်။

ရွှေဝါရဲ့စူးစူးဝါးဝါး အော်သံနှင့်အတူ တွန်းထိုးရုန်းကန်သံတွေ ကြားတော့မှပဲ သတိဝင်လာကာ ဝင်ဆွဲရတော့ဘာဖြစ်သည်။

"ရှင် ... လွှတ်နော် ... လွှတ်။ ကျွန်မသူငယ်ချင်းကိုလွှတ်လိုက်၊ ကျွန်မတို့က ဒါမျိုးအတန်းအစားထဲက မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ဒါမျိုးအတန်းအစား မဟုတ်ရင် ဘာမျိုး အတန်းအစားလဲ နင်တို့ကများ လူပါးဝလို့၊ (xxx)ရေးမပါ တဲ့ မိန်းမတွေကများ"

အရက်လည်း မူးနေဟန်တူသော၊ နဂိုတည်းကလည်း ရိုင်းရိုင်းစိုင်းစိုင်း အတန်းစားထဲက ဖြစ်ပုံရသော ယောကျ်ားတစ်ယောက်ရဲ့အပြောအဆိုတွေကြောင့် အိတုံသည် မူးမေ့လဲတော့မလို တောင် ဖြစ်သွားသည်။ ဒေါသစိတ်ကြောင့် မျက်လုံးတွေ ပြာဝေ လာပြီးနောက် အဲဒီကောင်ကို စားပွဲပေါ်မှာ တင်ထားသော ဖန် ခွက်ရှည်နှင့် ကောက်ထုပစ်လိုက်တော့သည်။

အဲဒီအခါကျတော့မှပဲ ရွှေဝါ့ဘက်သို့ လှည့်နေသော မြားဦးဟာ အိတုံဘက်သို့ လှည့်လာတော့တာဖြစ်သည်။ ဦးခေါင်း တစ်ခုလုံး အအေးတွေ စိုရွှဲနေသော သူ့ပုံစံဟာ အိတုံကို တစ်ခုခု လုပ်တော့မည့်လူလို ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ အဲဒီ အချိန်မှာပဲ တခြားလုံခြုံရေးဝန်ထမ်းတွေက ရောက်ရှိလာပြီး ဝင် ဆွဲကြတာဖြစ်သည်။ အဲဒီလူကတော့ အိတုံတို့ကို ဒေါသတကြီး ဖြင့် မိုက်မိုက်ရိုင်းရိုင်း အော်ဟစ်ဆဲဆိုတုန်း။ အိတုံသည် အဲဒီ အသံကို နားထောင်ကာ နားတွေအူလာပြီးနောက် မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် စီးကျလာသည်။

ကိုယ့်ဘာသာ ထမင်းဟင်း ရောင်းစားနေတုန်းက ဘယ်သူကမှ ဒီလို မစော်ကားရဲခဲ့။ အခုကျမှ ရက်ရက်စက်စက်၊ ယက်ယက်စက်စက် အပြောအဆို ခံရတော့တာဖြစ်သည်။ ကိုယ်ကျင့်





တရားနဲ့ လဲစားတဲ့ကိစ္စ မဟုတ်ဘူး ဆိုပေမယ့် ငွေနောက်ကို ဆာဘာတကြီးလိုက်တဲ့ အကျိုးကျေးဇူးကို လက်တွေ့ခံစားလိုက် ရတာပင်။ အဲဒီအချိန်မှာပဲ တစ်စုံတစ်ယောက်က အိတုံရဲ့လက် မောင်းကို ဆွဲလှည့်တာ ခံယိုက်ရတာဖြစ်သည်။ မြင်လိုက်ရသူက ကျွန်ုပ်နာ ရှင် ထည်ဝါခန့်ပင်။

သူ့ကြည့်ရတာ ဒီကိစ္စကို မြင်ပြီး သိပြီးဟန် တူပါ သည်။ အိတုံသည် သူ့ကို နာကြည်းစွာဖြင့် အံကြိတ်ကြည့်ကာ ...

"ဒီမှာ ... ရှင် ကျွန်မကို အလုပ်ဆက်ခန့်ချင်ခန့် မခန့် ချင်ရင်နေ၊ ကျွန်မ ဒီကို လာရမှ ဆိုရင်တော့ ရှင့်ဆီမှာ လုံးဝအလုပ်မလုပ်တော့ဘူး ...

အဲဒါ ကျွန်မရဲ့ အပြတ်သားဆုံး စကားပဲ"

အိတုံက အဲဒီစကားကို ခပ်ပြတ်ပြတ်ပြောပြီးနောက် ရွှေဝါ့လက်ကိုဆွဲကာ Club ထဲမှ ထွက်လာခဲ့သည်။ အပြင်ဘက် ရောက်တော့မှ နောက်က လိုက်လာသော ခြေသံကို ကြားရပြီး နောက် သူက အိတုံတို့ရှေ့မှ ပိတ်ရပ်လိုက်ကာ တစ်ခွန်းတည်း သော စကားကို ဆိုသည်။

"ငါ့ကားပေါ်တက်"

အိတုံနှင့် ရွှေဝါက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီးနောက် ရွှေဝါက အချက်ပြလိုက်သဖြင့် နှစ်ယောက် လုံးက သူ့ကားနောက်ခန်းထဲမှာ ဝင်ထိုင်လိုက်ကြသည်။ သူက ကားကို ခပ်ကြမ်းကြမ်း မောင်းနှင်သွားပြီးနောက် ပြည်သူ့...ပြင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ကားရပ်ပစ်လိုက်သည်။ အဲဒီနောက် သူလည်း ကားပေါ်ကဆင်း၊ အိတုံလည်း ကားပေါ်ကဆင်းကာ တစ်ယောက်နဲ့တစ်ယောက် တင်းမာစွာ စိုက်ကြည့်နေမိကြသည်။

ခဏနေတော့မှ သူက စတင်ပြီး စကားပြောလာသည်။

"မင်းတို့က အခြေအနေကို နည်းနည်းပါးပါး နားမလည်ဘူး။ ဒါမျိုးဆိုတာ အဲဒီလို အကြမ်းနည်းနဲ့ဖြေရှင်းလို့မှ မရတာ။ အခုတော့ အားလုံး ရှုပ်ကုန်ပြီ ... တောက်"

အံမာ ... သူကများ တောက်ခေါက်ရတယ် ရှိသေး။ အိတုံသည် အခုမှပဲ ဒေါသတွေ ပိုထွက်လာကာ သူ့ကို အငြိုးတကြီးကြည့်လျက် ...

"ဒီမှာ ... ဒီကိုလာခိုင်းတော့ ရှင် ဘာပြောခဲ့သလဲ။ ဘာအန္တရာယ်မှ မဖြစ်စေရဘူးဆို။ အားလုံး တာဝန်ယူတယ်ဆို ...

အခု ဖြစ်လာပြီ။ အစော်ကားခံလိုက်ရတာ ကျွန်မတို့ရှင့်။ စလာတည်းက ရွှေဝါမေးဖျားကို ဆွဲကိုင်ပြီးလာတာ။ ကျွန်မတို့ကို မိုက်မိုက်ရိုင်းရိုင်း ပြောတာ ဆဲတာ။ ရှင်ကိုယ်ချင်းစာကြည့်ပါလား။ ရှင့်ကိုပြောရင် ဘယ်လိုနေမလဲ ...

ကိုယ့်ဟာကိုယ် ထမင်းရောင်းစားနေတုန်းက ဘယ်သူမှ မစော်ကားရဲဘူး၊ ရှင့်ကြောင့် ဒီလိုစော်ကားခံရတာ"





"ဟာ ... ဒါ မင်းတို့ အသုံးမကျလို့ ဖြစ်တာလေ။ အရိပ်အကဲကို နည်းနည်းပါးပါး နားလည်ပါဦးတော့လား ...

မင်းတို့ ရောက်နေတာ နိုက်ကလပ်လေ၊ ဘုန်းကြီးကျောင်းမှ မဟုတ်တာ၊ အခြေအနေအရ ကိုယ်ကလည်း အဲဒီလို ထင်ယောင်ထင်မှား အဖြစ်ခံရတဲ့ နေရာမျိုးကို ခဏ ရောက်နေတယ်။ ဒါဆို အခြေအနေကို နားလည်ပြီး လိမ္မာပါးနပ်စွာ ထိန်းသိမ်းတတ်ရမှာပေါ့ ...

ကိုယ်က မဟုတ်တာ လုပ်တာ မဟုတ်ဘူးဆိုပြီး ဆတ်ဆတ်ခါနာပြီး ဒီလိုတုံ့ပြန်လို့ ဖြစ်မလား။ လိမ္မာပါးနပ်ရမှာပေါ့"

ကြည့်စမ်းပါဦး။ သူ ပြောနေတာတွေဟာ အိတုံ့ဘက်က လုံးဝမပါ။ အဆဲအဆိုနှင့် မိုက်မိုက်ရိုင်းရိုင်း အစော်ကားခံလိုက်ရသူကို နည်းနည်းပါးပါး အားပေးနှစ်သိမ့်ဖို့ဝေးစွ၊ ယောက်ဖတွေဘက်က ရှေ့နေလိုက်ပေးနေသေးသည်။ အပြစ်တွေအားလုံးကို အိတုံတို့ ခေါင်းပေါ် ပုံချသည်။ ငွေ ... ငွေ ... အဲဒီငွေကို မက်မောခဲ့မိလို့ အခုလို အစော်ကားခံရတာပဲ ဖြစ်တော့သည်။ ဒီအချိန်မှာတော့ အိတုံသည် ဘာမှကို မက်မောချင်စိတ်မရှိတော့။ ဒီအကြောင်းတွေကို အမေသာသိလျှင်တော့ အိတုံကို ပါးနားရင်းတွေ ဆွဲရိုက်မလား မပြောတတ်တော့ပါ။

"ဒီမှာ ... ရှင်က အခု ကျွန်မတို့ကို အပြစ်တင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြန်မဖြေဘဲ အိတုံကို မှုန်တေတေ စိုက်ကြည့်နေသည်၊

"အပြစ်တင်မနေနဲ့။ ကျွန်မကို ရှင် ပုက်ဆံပေးပြီး ငှားထားတဲ့သူဆိုပြီး ရှင် ဆက်ဆံချင်သလို ဆက်ဆံလို့ရမယ်များ ထင်နေလား ...

လုံးဝပဲ။ ရှင် ဆက်မခန့်ချင် မခန့်တော့နဲ့ — ရတယ်"

အိတုံရဲ့ ပြတ်သားသော စကားကြောင့် သူက မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘာလဲ — မင်းက ဆက်မလုပ်နိုင်တော့ဘူးဆိုတဲ့ သဘောလား"

"ရှင် ဒီလိုသာ မဟုတ်တဲ့နေရာတွေ သွားနိုင်းနေဦးမယ်ဆိုရင် ကျွန်မ လုံးဝဆက်မလုပ်နိုင်တော့ဘူး။ ရှင့်ရဲ့မဟာစီမံကိန်းကြီးကို ကျွန်မက အင်မတန့်ကို အောင်မြင်စေချင်တာပါ။ ဒါကြောင့် ကိုယ်စွမ်းရှိသမျှ ကူညီဖို့ ဆုံးဖြတ်ပြီးသား။ ဒါပေမဲ့ ဒီလိုကိစ္စမျိုးတွေ ကြုံလာရဦးမယ်ဆိုရင်တော့ မဖြစ်နိုင်တော့ဘူး"

"ကားပေါ်တက်တော့"

သူက အမိန့်ပေးလျှင် အိတုံက ဘာမှမပြောတော့ဘဲ ကားပေါ်သို့သာ တက်လိုက်တော့သည်။ ကြည့်ရတာတော့





အိတုံတို့ကို သူ ငှားပေးထားသော အိမ်ပေါ်မှ နှင်ချကာ အလုပ်ဖြုတ်ပစ်တော့မည် တ ်သည်။ ဖြစ်လည်းပဲ အိတုံကတော့ ဂရုစိုက်တော့ချေ။ ဒီလိုစော်ကားမော်ကားခံရမှ ဖြစ်ချင်တဲ့ဆန္ဒ ပြည့်ဝရမည်ဆိုလျှင်လည်း ရှိစေတော့။ ကိုယ့်ဟာကိုယ်သာ အငတ်ခံရင်း သင်တန်းတက်ဖို့ ကြိုးစားတော့မည်။

သူက ကားကို ခပ်ကြမ်းကြမ်း မောင်းနှင်ကာ စကားတစ်ခွန်းမှ မဆိုတော့သလို အိတုံတို့ နှစ်ယောက်ကလည်း ဘာစကားမှ မဆိုတော့ဘဲ လိုက်ပါလာကြသည်။ တိုက်ရှေ့သို့ ရောက်တာနှင့် ကားကို ကျွီခနဲ ထိုးရပ်ပေးပြီး လူဆင်းပြီးတာနှင့် တစ်ရှိန်ထိုး မောင်းထွက်သွားလေသည်။ အိတုံနှင့် ရွှေဝါသည် အိမ်ပေါ်ရောက်တာနှင့် ဟန်မဆောင်နိုင်အောင်ပင် မွေ့ရာပေါ်မှာ ပစ်လှဲချမိတော့သည်။ အိတုံက မျက်နှာကြက်ကို စိုက်ကြည့်ရင်းမှ ...

"ရွှေဝါရေ ... တို့တော့ မနက်ကျရင် ဒီအိမ်ပေါ်က ဆင်းပေးရတော့မယ်နဲ့ တူတယ်"

"ဘာလဲ ... နင့်ကို ဖြုတ်လိုက်ပြီတဲ့လား"

"ဖြုတ်လိုက်ပြီလို့တော့ မပြောပါဘူး။ ငါက သူ့ကို ဒီလိုမျိုး မဟုတ်တာရုတ်တွေ ဆက်ခိုင်းနေဦးမယ်ဆိုရင် ဆက်မလုပ်နိုင်တော့ဘူးလို့ပဲ ပြောလိုက်တာ။ သူက ဘာမှမပြောဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ဆိုတဲ့ တစ်ခွန်းတည်းပဲပြောပြီး မောင်းထွက်လာတာပဲ၊ ဘာတွေ ဆက်ဖြစ်မလဲတော့ မသိဘူး။ ရာနှုန်းတော်တော်များများကတော့ ဒီအိမ်ပေါ်က ဆင်းပေးဖို့ များပါတယ်"

"နင် သွေးပူဒေါသထွက်တုန်းမှာ ပြောလိုက်တဲ့ စကားမဟုတ်လား။ ပြီးတော့မှများ နင် နောင်တနေမလား"

"နောင်တတော့ မရပါဘူး။ ဟုတ်တယ်လေ ဒီလိုမျိုးအပြင်လူတွေရဲ့ စော်ကားတာတွေပါခံပြီး လုပ်နေဖို့ ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး ...

လုပ်ချင်ရာလုပ် ဆိုပြီးတော့ လက်ပိုက်တော့ ကြည့်မနေနိုင်ဘူး။ အဲဒီတော့ ဒီအိမ်က ဆင်းပေးဖို့ရာ စဉ်းစားထားရမှာပဲ။ နင့်ကိုလည်း အရမ်းအားနာတယ်ဟာ။ ဟိုကောင်တွေ သိပ်မိုက်ရိုင်းတယ်"

"ဘာအားနာတာလဲ။ နင့်ကို ငါက စိတ်မချလို့ကို သက်သက်လိုက်ပေးတာ။ အခုတော့ ထင်တဲ့အတိုင်း ဖြစ်ပြီ ...

စိတ်မတိုပါနဲ့ဟာ၊ သူတို့လို လူချမ်းသာတွေရဲ့ ထုံးစံက ဒီလိုပါပဲ။ ငွေပေးထားပြီးရင် အားလုံးပြီးပြီလို့ ထင်ထားကြတာ ...

အခုတောင် ကြည့်လေ။ နည်းနည်းပါးပါး အားပေးစကား ပြောရမှာကို သူက ယောက်လား ဟိန်းလား လုပ်နေတာ"





ရွှေဝါရဲ့စကားကြောင့် အခုနက ကလပ်ထဲမှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို တရေးရေး ပြန်မြင်ယောင်လာဟ မိုက်ရိုင်းစွာ ပြောခဲ့သော စကားသံတွေကို ပြန်လည်ကြားယောင်လာသည်။ ပြီးတော့ ခပ်တင်းတင်းနဲ့ သူနဲ့မဆိုင်သလို ပြောခဲ့သော ထည်ဝါခန့်၏ အထက်စီးဆန်စကားများ၊ အားလုံး အားလုံးဟာ အိတ့်ကို ရင်ထဲမှာ အကြီးအကျယ် ထိခိုက်နာကျင်နေလေသည်။

အဲဒီညက ဘယ်လိုမှ အိပ်လို့ကို မပျော်ခဲ့ချေ။ ရှေ့ဆက်ပြီး ဘာတွေဆက်ဖြစ်ဦးမယ်ဆိုတာ အိတ့်လည်း မသိနိုင်တော့။ ဘဝရဲ့ရုပ်တည်မှုဟာ ဒီလောက်တောင်ပဲ ခက်ခဲကြမ်းတမ်းသလားဆိုတာ ဝေဝေဝါးဝါး စဉ်းစားနေမိခဲ့သည်။ အိတ့်ကပဲ လွန်းပြီး ခံနိုင်ရည်မရှိတာလား။ ဒါမှမဟုတ် ဘဝဆိုတာ ဒီလိုပဲ ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး ကျော်ဖြတ်သွားရမှာလား။ မဟုတ်ရင်လည်း အရင်လို ဟင်းပါဆယ် လိုက်ပို့သည့်ဘဝကိုပဲ ပြန်နေထိုင်ရမှာလား။ စွန့်မှစားရတဲ့ စွန့်စားမှုဆိုတာ ဒါပဲလား စသဖြင့် ကိုယ့်ကိုယ်ကိုယ် မဖြေနိုင်သော မေးခွန်းတွေနှင့် မိုးစင်စင်လင်းခဲ့ရလေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဒီနေ့နဲ့ပါဆိုလျှင် အိတုံ ဆိုသော ကောင်မလေးနှင့် မတွေ့တော့သည်မှာ ဆယ်ရက်ခန့် ရှိခဲ့ပြီဖြစ်သည်။ သူမတို့ငှားထားသော တိုက်ခန်းမှာ ဆက်နေသလား မနေတော့ဘူးလား ဆိုတာလည်း သူ မသိ။ ဖုန်းလည်းဆက်မကြည့်ချေ။ သူမကလည်း သူ့ကို ဆက်သွယ်မလာပါ။ သူကတော့ ဒီရက်ပိုင်းအတွင်းမှာ အလုပ်ရှုပ်နေသောကြောင့်ဖြစ်သည်။ အသိုး ရွေးချယ်ခိုင်းထားသော ဘယ်အလုပ်ကို ဦးဆောင်မလဲဆိုသော မေးခွန်းအတွက် သူက ရွေးချယ်ခဲ့ပြီးဖြစ်သည်။

အဘိုးရဲ့ဟိုတယ်များအုပ်စုကို စိတ်ဝင်စားကာ အဘိုး မလုပ်ခဲ့သော ခရီးသွားအေဂျင်စီတစ်ခုကိုပါ တည်ထောင်ဖို့ စိတ်ကူးရခဲ့ခြင်းဖြစ်သည်။ သူတို့မှာ နိုင်ငံ၏အထင်ကရ နေရာအနှံ့ အပြားၡ ဟိုတယ်တွေ၊ မိုတယ်တွေနှင့် အင်းတွေရှိသည်။ နောက် ကိုယ်ပိုင်လေယာဉ်တွေနှင့် လေကြောင်းပို့ဆောင်ဆက်သွယ်ရေး





လုပ်ငန်းတွေရှိသည်။ ဒါဆိုလျှင် မြန်မာပြည်အနှံ့ ဘုရားဖူးခရီးနှင့် အလည်အပတ်ပို့ဆောင်ရေးကို ဝန်ဆောင်မှု ကောင်းကောင်းပေးကာ ဘာကြောင့် မပို့ဆောင်နိုင်ရမှာလဲ။

ပြီးတော့ ကိုယ့်နိုင်ငံကလူတွေ ဗန်ကောက်၊ စင်ကာပူ၊ မလေးရှားနှင့် တခြားနိုင်ငံတွေကိုပါ အလည်အပတ် ခရီးစဉ်တွေကို ဈေးနှုန်းချိုသာစွာဖြင့် သွားရောက်လည်ပတ်နိုင်အောင် စီစဉ်ပေးချင်သည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ စနေတနင်္ဂနွေလို နေ့မျိုးမှာ ဗန်ကောက် ခဏသွားတာလေ ဟူသော ပေါ့ပေါ့ပါးပါး ပြောနိုင်သည့် အခြေအနေမျိုးရောက်အောင် သူက ဖန်တီးချင်သည်။ နိုင်ငံခြားဆိုတာ ရန်ကုန်နဲ့ မန္တလေးသွားသလောက် လွယ်ကူအဆင်ပြေတာမျိုး ဖြစ်စေချင်သည်။ ဒီကလူတွေအတွက် နိုင်ငံခြားဆိုတာ တခုတ်တရ စကားထဲ ထည့်ပြောရတာမျိုး မဖြစ်စေချင်ပေ။ အဲဒီအတွက် သူက လူလတ်တန်းစားကအစ သွားနိုင်သော ခရီးစဉ်တွေကို ရေးဆွဲအကောင်အထည်ဖော်လိုသည်။ ဒီအကြောင်းကိုလည်း သူက အဘိုးထံ အစီရင်ခံစာ တင်ပြထားပြီးဖြစ်သည်။ အဘိုးကလည်း သူ့စိတ်ကူးကို လက်ခံသည်။ အသေးစိတ်ကို တင်ပြပေးဖို့ အမိန့်ချထားပြီးသားလည်းဖြစ်သည်။

အဲဒီအလုပ်တွေ ရှုပ်နေသဖြင့် အိတုံဆီသို့ ဖုန်းဆက်ဖို့လည်း စိတ်မကူး။ စကားလည်း များထားတာမို့ မဆက်ချင်သေးတာလည်း ပါမည်။ စင်ကာပူက သူ့ချစ်သူ အဲဗာနဲ့တော့ ပုံမှန် ဖုန်းပြောဖြစ်သည်။ သူလုပ်နေသော ကိစ္စတွေကိုတော့ အဲဗာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောမပြဖြစ်ချေ။ အဲဏီကို ဒီလာလည်ဖို့ ခေါ်သော်လည်း အလုပ်ဝင်နေပြီဖြစ်သော အဲဏီက မလာနိုင်တော့။ လာမယ်ဆိုဦးတော့ အဲဏီရဲ့မိဘတွေက ဒီကို သွားခွင့်ပေးမှာ မဟုတ်ချေ။ ဒါကြောင့် သူတို့နှစ်ဦးကတော့ လောလောဆယ်မှာ ဒီအတိုင်း နေနေဦးမည်သာပဲဖြစ်သည်။

မနီးနိုင်သေးခြင်းအတွက် တစ်နေ့ တစ်နေ့ တမ်းတလွမ်းဆွတ်နေလျှင်လည်း လူကို ပို၍ထုံထိုင်းမှုန်မှိုင်းစေသောကြောင့် သူကပဲ ခံစားချက်တွေကို မေ့သင့်သလောက် မေ့ဖျောက်ထားကာ အလုပ်ထဲမှာ အာရုံနှစ်ဖို့ ကြိုးစားခြင်းဖြစ်သည်။ တစ်ဖက်ကလည်း သူ စိတ်ကူးပေါက်ရာ စီစဉ်ထားသော ကိစ္စများမှာ အောင်မြင်ချင်လည်း အောင်မြင်သွားနိုင်တာမို့ သူက အဘိုး ကြည်ဖြူသဘောကျသွားအောင်သာ အလုပ်ထဲမှာ အာရုံအပြည့် ထည့်ထားလိုက်တော့တာဖြစ်သည်။

ဆယ်ထပ်အမြင့်မှာရှိသော သူ့ရုံးခန်းထဲကနေ၍ သူက အပြင်ဘက်ကို ခဏငေးမောရင်းမှ အိတုံဆီကို ဖုန်းဆက်ဖို့ သတိရသွားသည်။ ပထမပိုင်း အစီအစဉ်ကတော့ ပြီးဆုံးသွားခဲ့ပြီမို့ ဒုတိယပိုင်း အစီအစဉ်ကို စတင်ဖို့ရာအတွက် သူမဆီကို သူက ဖုန်းဆက်ရပေဦးမည်။ အဲဒီအတွေးနှင့်အတူ သူက ဖုန်းကို ယူလိုက်စဉ်မှာပဲ သူ့ဖုန်းထဲမှ မြည်သံထွက်ပေါ်လာသည်။ ဖုန်းရဲ့ Display ပေါ်မှ နံပါတ်ကိုကြည့်လိုက်လျှင် သူက မျက်ခုံးတစ်ချက် ပင့်သွားရသည်။





သူ ဖုန်းဆက်ဖို့ စိတ်ကူးနေသော အိတုံထံမှ ဖြစ်ပါသည်။ သူက အသာပြုံးလိုက်ရင်းမှ ဖုန်းကိုဖွင့်ကာ ...

"အင်း ... ပြော"

"ကျွန်မတို့ ဒီနေ့လယ်ပဲ ရှင့်တိုက်ခန်းပေါ်က ဆင်းတော့မှာ။ အဲဒါ အိမ်သော့ကို ဘယ်မှာလာပေးရမလဲလို့ လှမ်းမေးတာ"

သူမအသံက ခပ်တည်တည်ပဲ ဖြစ်သည်။ မာနကတော့ မလျှော့ဘူးဆိုသော ပုံစံမျိုးမို့ သူက သဘောတကျ ပြုံးမိသွားရသည်။

"မင်းကို ဘယ်သူက သော့လာပေးခိုင်းလို့လဲ"

"ရှင် ကျွန်မနဲ့ အလုပ်ဆက်မလုပ်တော့ဘူး မဟုတ်လား။ အဲဒါကြောင့် လာပေးမှာ"

"ငါ အဲဒီလိုမျိုး မင်းကို ဘယ်တုန်းကမှ မပြောမိခဲ့ပါဘူး"

သူမထံမှ အသံတိတ်သွားသည်။ တစ်စက္ကန့်ကျော်ကြာတော့မှ ...

"မပြောပေမယ့် ရှင် အဲဒီလို Club သွားခိုင်းနေဦးမယ်ဆိုရင် ကျွန်မ မလုပ်နိုင်တော့ဘူး။ ဒါကို ရှင်ကလည်း မခိုင်းတော့ဘူးလို့ မပြောခဲ့ဘူးလေ။ အဲဒီအဓိပ္ပာယ်က နှစ်ဦးနှစ်ဖက် မပြေလည်ခြင်းပဲ မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရဲ့ရလဒ်က ကျွန်မတို့ အလုပ်ဆက်မလုပ်ဖြစ်[ကြ] တော့ခြင်းပဲပေါ့။ ဒါကြောင့် ရှင်ငှားပေးထားတဲ့ အိမ်မှာ လည်း နေစရာအကြောင်း မရှိတော့ဘူး”

“မင်း အခု အားသလား”

သူ့ရဲ့ထင်မထားသော မေးခွန်းကြောင့် သူမက ရုတ်တရက် ကြောင်သွားဟန်တူသည်။ ပြီးတော့မှ ဘာဆိုင်လို့လဲ ဟု ခပ်ဆတ်ဆတ် ပြန်မေးသည်။

“ပြည်လမ်းပေါ်က Dawn Hotel ကို သိတယ် မဟုတ်လား အဲဒီကို လာခဲ့။ မင်းနဲ့ ငါ နေ့လယ်စာ အတူစားရင်း စကားပြောကြစို့”

“ရှင် ဘာပြောမှာလဲ၊ ပြောချင်ရင် ...”

“အပိုစကားတွေ သိပ်မပြောနဲ့။ ငါမှာ အချိန်သိပ်မပေါ များဘူး။ ဆယ့်နှစ်နာရီထိုး အရောက်လာခဲ့။ ရီဆပ်ရှင်မှာ မင်းနာမည်ပြောလိုက် ...

မင်းကို သူတို့ လိုက်ပို့ပေးလိမ့်မယ်”

သူက ပြောပြီးတာနှင့် ဖုန်းကို ချပစ်လိုက်သည်။ ဘာကြောင့်မှန်းမသိဘဲ သူ့စိတ်ထဲတွင် အပျင်းပြေသလို ဖီလင်မျိုး ကို ခံစားနေရတာတော့ တစ်မျိုးထူးဆန်းနေလေသည်။ အဲဒီအချိန် မှာပဲ သူ့အနားသို့ အန်ကယ်ဂျိမ်း ရောက်လာသည်။ သူ အလုပ် လုပ်တော့လည်း အန်ကယ်ဂျိမ်းက သူ့နည်းတူ ဝန်ထမ်းတစ်ဦးဖြစ် နေလေသည်။ သူက အနားသို့ရောက်လာသော အန်ကယ်ဂျိမ်း ကို ပြုံးထေ့ထေ့ကြည့်ကာ ...





“ဘာအလိုရှိသလဲ”

“ဘော့စ် နေ့လယ်စာစားဖို့ အချိန်ရောက်ပြီ၊ ဒီနေ့ ဘာ ကို အာသီသရှိသလဲ”

“ချိုင်းနီးစ်ဖုတ်ဒ်ပဲစားမယ်၊ ထူးထူးဆန်းဆန်းတွေ မဟုတ် ဘဲနဲ့ ခပ်ရိုးရိုးဟင်းတွေပဲ လုပ်ခိုင်းပါ၊ For Example ကုန်းဘောင်ကြီးကြော်၊ ကြက်ချိုချဉ်ကြော်၊ ငါးခေါင်းဟင်း ချို၊ ကြက်ချဉ်စပ် စသဖြင့်ပေါ့”

“အိုခေ ဘော့စ်”

“ထမင်းဝိုင်းကို ကျွန်တော်တို့ ထမင်းစားခန်းထဲမှာပဲ ပြင် ဆင်ခိုင်းပါ၊ ဧည့်သည်တစ်ယောက်လာဖို့ ရှိတယ်”

သူ့စကားကြောင့် အန်ကယ်ဂျိမ်းက မျက်မှောင် ကြုတ်ကြည့်သည်။ ဒါပေမဲ့ သိပ်စပ်စုခွင့်မရသော အနေအထား ရ ဘာမှမပြောဘဲ အသာလှည့်ထွက်သွားသည်။ ဒီလိုနှင့် ဆယ့် နှစ်နာရီထိုးဖို့ ငါးမိနစ်အလိုမှာ ရီဆက်ရှင်က သူ့ဆီသို့ အကြောင်း ကြားလာသည်။

“ဘော့စ် အောက်ထပ်မှာ အမျိုးသမီးတစ်ယောက် ဘော့စ်နဲ့ တွေ့ဖို့ ခွင့်တောင်းနေပါတယ်၊ အပွိုင့်မန် ယူပြီးသားလို့ လည်းပြောပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်က အိတုံပါတဲ့ ဘော့စ်၊ ရှုစားပါ"

သူ့အခန်းထဲက CCTV ကင်မရာထဲတွင် သူမရဲ့ ရုပ်သွင်က ထင်ဟပ်လာသည်။ မှုန်ကုပ်ကုပ် နှုပ်ပုပ် မျက်နှာထားကို သူက သဘောကျစွာ ပြုံးကြည့်လိုက်ပြီးမှ ရီဆပ်ရှင်သို့ အကြောင်းပြန်လိုက်သည်။

"ကောင်းပြီ၊ သူ့ကို အပေါ်ထိရောက်အောင် လိုက်ပို့ပေးနိုင်းလိုက်ပါ"

"ဟုတ်ကဲ့ပါ ဘော့စ်"

သူက အလုပ်စားပွဲမှထကာ တစ်ဖက်က ဧည့်ခန်းဆောင်ထဲသို့ ဝင်ဖို့ပြင်ဆင်သည်။ အဲဒီဧည့်ခန်းဆောင်ဟာ သူ့ရဲ့ ပြင်ပမိတ်ဆွေများနှင့် သီးခြားတွေ့ဆုံသော ဧည့်ခန်းဆောင်ဖြစ်သည်။ အဲဒီဧည့်ခန်းဆောင်ထဲက ဆိုဖာတစ်ခုမှာ သူက ဝင်ထိုင်ရင်းမှ အနားမှာလာရပ်သော အန်ကယ်ဂျိမ်းကို မော့ကြည့်ကာ ...

"အန်ကယ်ဂျိမ်း ကျွန်တော့်မိတ်ဆွေလာရင် လိမ္မော်ရည်တစ်ခွက် လာချပေးနိုင်းပါ၊ ပြီးရင်တော့ အောက်ထပ်မှာ နေ့လယ်စာ သွားစားတော့ ...

ကျွန်တော်တို့အေးအေးဆေးဆေး စကားပြောမယ်"

"ဘော့စ်ရဲ့မိတ်ဆွေက အဲဇီတော့ မဟုတ်ပါဘူးနော်"

အန်ကယ်ဂျိမ်းက သူ့ကို တိုက်ခိုက်လိုက်တာဖြစ်သည်။ သူက ပခုံးကို အသာအယာတွန့်ရင်းမှ ...

"အဲဇီသာဆိုရင်တော့ ဒီအခန်းထဲမှာ ဘယ်တွေ့မလဲဗျာ"





သူ့စကားကြောင့် အန်ကယ်ဂျိမ်းက စွေစွေစောင်းစောင်းကြည့်ကာ ထွက်သွားဖို့ပြင်သည်။ အဲဒီအချိန်မှာပဲ ဧည့်ခန်းစောင်တံခါးက ဖျတ်ခနဲပွင့်လာကာ ရီဆပ်ရှင်ရဲ့ မိန်းကလေးမျက်နှာက ပေါ်လာပြီးနောက် သူ့ကို တစ်ချက် အရိပ်အသေပေးသည်။ ပြီးတော့ ကိုယ်ကို ယို့ပြီး နောက်ကတစ်ယောက်ကို လက်ဖြင့်ညွှန်ပြကာ ...

"ဘော့စ်ရဲ့ဧည့်သည် ရောက်လာပါပြီ"

"အိုခေ ... မင်း သွားလို့ရပြီ"

မိန်းကလေးက ပြန်လည်ထွက်ခွာသွားလျှင် သူမက သူတို့ဆီသို့ လျှောက်လာသည်။ သူမ ထင်ထားတာထက် အများကြီး သပ်ရပ်သားနားသော ရုံးခန်းရဲ့ အရှိန်အဝါကြောင့် ရှုံ့တွန့်တွန့်ဖြစ်သွားပုံရကာ တွန့်ဆုတ် တွန့်ဆုတ်ဝင်လာသည်။ အန်ကယ်ဂျိမ်းက သူမကို မြင်သွားသောအခါ သူက မျက်မှောင်ကြုတ်ပြီး ကြည့်သော်လည်း သူက မသိချင်ဟန် ဆောင်နေလိုက်သည်။ အနားသို့ရောက်လာသော သူမကိုသာ ထိုင်ခုံသို့ တစ်ချက်ညွှန်ပြလိုက်ရင်း ...

"ထိုင်ပါ အိတုံ"

သူမ ဝင်ထိုင်ပြီးတဲ့အချိန်မှာပဲ အန်ကယ်ဂျိမ်းက ထွက်ခွာသွားတော့သည်။ ခဏကြာလျှင် သူမအတွက် ဝန်ထမ်းတစ်ယောက်က လိမ္မော်ရည်လာချပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်လိုက်ပါဦး၊ မင်းကြည့်ရတာ နည်းနည်းစိတ်မော နေသလိုပဲ"

သူ့စကားက မှန်နေသောကြောင့်ထင်။ သူမက ဆတ်ခနဲ ဖြစ်သွားကာ ...

"ကျွန်မက ဘာကိစ္စ စိတ်မောရမှာလဲ၊ ကဲ ... ရှင် ကျွန်မနဲ့ တွေ့ချင်တာ ဘာကိစ္စလဲ၊ ဘာပြောစရာရှိတာလဲ"

"ဘယ်လိုဖြစ်နေတာလဲ ပြောမှာပေါ့၊ မင်းကြည့်ရတာ လွန်ခဲ့တဲ့ဆယ်ရက်လောက်က ဒေါသတွေလည်း မပြယ်သေးဘူးနဲ့တူတယ် ...

ကြုံလာရတဲ့ Stress တွေကို ဒီလိုပဲ ကြာကြာလက်ခံထားမယ်ဆိုရင် ရုပ်ကျမယ်၊ ရင့်ရော်မယ်"

သူ့စကားကို သူမက ရှုံ့ရှုံ့ရှားရှား ဖြစ်သွားဟန်ဖြင့် ...

"ဩော် ... ရှင်ကတော့ ပြောအားရှိမှာပေါ့၊ ရှင်က ခံရတဲ့သူမှ မဟုတ်တာ၊ ကျွန်မက ဘဝတစ်သက်တာမှာ ဒါ ပထမဆုံးအကြိမ် အစော်ကားခံရခြင်းပဲရှင့်"

"အိုခေ ... အဲဒီကိစ္စကို မင်း မေ့ပစ်လိုက်ပါ၊ နောက်ထပ် အဲဒီလိုကိစ္စမျိုး ဘယ်တော့မှ ကြုံရတော့မှာ မဟုတ်ပါဘူး"

"ဘာလဲ ... အဲဒီထက် ဆိုးတာမျိုးနဲ့ပဲ ကြုံရမှာလား"

"ဒါကတော့ မင်းရဲ့ဦးနှောက်အရည်အချင်းပေါ်မှာ မူတည်နေပါတယ်"





"ဘာရှင့်"

"ဟုတ်တယ်လေ၊ မင်း ဘယ်လိုပဲ အခြေအနေဆိုးတွေ အခက်ခဲဆိုးတွေ ရင်ဆိုင်ရ ရင်ဆိုင်ရ မင်းမှာသာ လိမ္မာပါးနပ်တဲ့ အသိဉာဏ်ရှိမယ်ဆိုရင် အဲဒီခက်ခဲတဲ့ အခြေအနေတွေကနေ ရှောင်ထွက်သွားလို့ရတယ် ...

ဦးနှောက်မရှိဘဲ ဝုန်းဒိုင်းကြဲ ဖြေရှင်းမယ်ဆိုရင်တော့ အခြေအနေက ထင်ထားတာထက် ပိုရှုပ်ထွေးသွားနိုင်တာပေါ့"

"ဒီမှာ ... ရှင်က ကျွန်မကို ဒီထိခေါ်ပြီး နှိပ်ကွပ်နေတာလား၊ အဲဒါဆိုရင်တော့ ကျွန်မ ပြန်တော့မယ်"

"နိုး ... နိုး ... မင်းကို နှိပ်ကွပ်တာ မဟုတ်ပါဘူး၊ မင်း မကြားဖူးဘူးလား၊ လူဆိုတာ ကိုယ်ကြုံခဲ့ရတဲ့ အဖြစ်အပျက်ပေါ်မှာ သင်ခန်းစာထုတ်တတ်ရတယ်လေ၊ ငါတော့ နောက်တစ်ခါ ဒီလိုမဖြစ်အောင် ဘယ်လိုနေထိုင်မယ်ဆိုတာ သင်ခန်းစာ ယူတတ်ရတယ်၊ ဒါမှ အမြတ်ထွက်မှာပေါ့ ...

အိုခေ အဲဒီကိစ္စကို မေ့လိုက်ပါတော့၊ မင်းကို အခုခေါ်တာက ဒုတိယခြေလှမ်းကို စတင်ဖို့ပါ၊ မင်းနဲ့ ငါနဲ့ကို ကလပ်ကတစ်ဆင့် ရင်းနှီးသွားပြီလို့ အန်ကယ်ဂျိမ်း သိသွားပြီ၊ ရှေ့ဆက်ပြီး မင်းနဲ့ငါ ငြိနေကြမယ်ဆိုတဲ့ အဖြစ်မျိုး ရောက်အောင် လုပ်ရမှာ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မင်းက ငါနဲ့အတူတူ မကြာမကြာ နေ့လယ်စာ လာစားရမယ်၊ လာရင်လည်း ငါ့ကို အရှမ်းကြွေအောင် လုပ်ပြရတဲ့ပုံစံမျိုး သရုပ်ဆောင်ရမယ်၊ တစ်ခါတလေမှာ ငါ့ဆီ အလုပ်ချိန်တွေမှာပါ ရောက်လာပြီး အလိုက်ကန်းဆိုးမသိ အပြင်ခေါ်ထုတ်တာတို့၊ ရစ်တာတို့ လုပ်ရမယ် ...

ငါကတော့ ပထမပိုင်းမှာ မင်းကို အင်တင်တင်ပေါ့၊ နောက်တော့ မင်းရဲ့မာယာအောက်မှာ ကျဆုံးသွားတဲ့ သဘောပေါ့၊ မင်းရဲ့မာယာတွေအောက်မှာ အရှုံးအမှူးကို ကျဆုံးသွားတဲ့ ငါ့ကို အဘိုးက မင်းနဲ့ သဘောမတူဘဲ ငါချစ်သူနဲ့ပဲ သဘောတူလာဖို့ အဲဒါကတော့ ဒီဇာတ်လမ်းကို သရုပ်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ပါပဲ ...

ကဲ ... ဘယ်လိုလဲ ဆက်လုပ်နိုင်မလား"

သူမက သူ့ကို စွေစွေစောင်းစောင်းကြည့်ကာ ...

"ရှင် ဟိုလို မဟုတ်တရုတ်တွေ လုပ်ခိုင်းဦးမှာလား၊ အဲဒါဆိုရင်တော့"

"ကလပ်သွားတာတော့ မပါတော့ပါဘူး၊ မင်းကို စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ကိစ္စ ပါ,မပါဆိုတာတော့ငါလည်း တာဝန်မယူနိုင်ဘူး ...

ဘာလို့လဲဆိုတော့ ငါ့ဘက်က Easy လို့ထင်ထားပေမယ့် မင်းအတွက်ကျ ခက်ခဲချင်ခက်ခဲနေမှာလေ၊ ဒါကြောင့်





အဲဒါကိုတော့ အပြည့်အဝ အာမ,မခံနိုင်ဘူး၊ မင်းသိထားဖို့ တစ်ခုက လောကကြီးမှာ ဘယ်အရာမှ လွယ်လွယ်ကူကူ မရဘူးကွ"

"ဟွန်း ... ရှင်တို့အတွက်တော့ လွယ်နေမှာပေါ့၊ မလွယ်ဘူးဆိုတဲ့စကားကို မပြောစမ်းပါနဲ့"

ဒီကောင်မလေးသည် သေချာစကားပြောကြည့်တော့မှပဲ အတော်စွာသော ကောင်မလေးဆိုတာ သိလာရတော့သည်။ ဒါပေမဲ့လည်း သူက အဲဒါကို သဘောကျပါသည်။ သူ့အိမ်မှာ၊ သူ့အလုပ်မှာ အားလုံးဟာ Yes Boss ဖြစ်နေသည့်အချိန်တွင် ဒီလို အတိုက်အခံတစ်ယောက်နှင့် တွေ့ခွင့်ရသည်မှာ မိုးနတ်မင်း၏ အလိုကျအတိုင်းပဲ ဖြစ်လိမ့်မည်။

"ပြောရလိမ့်မယ်ကွ၊ ငါ့အတွက် ငွေရေးကြေးရေးမှာ လွယ်ကူကောင်းလွယ်ကူမယ်၊ အချစ်ရေးမှာတော့ အခက်ကြုံဆဲပဲ ...

ငါ့ကောင်မလေးရဲ့ မိဘတွေကလည်း ငါတို့ချမ်းသာတာကို စာရင်းထဲမထည့်ဘူး၊ ဒီတော့ ခက်နေတာပေါ့ ...

ကဲပါ ... မင်းနဲ့ ငါနဲ့ အိုကေတဲ့ အထိမ်းအမှတ်နဲ့ နေ့လယ်စာ အတူတူစားကြတာပေါ့၊ ဘယ်လိုလဲ"

"ရှင်ပြောတဲ့ စကားတွေထဲမှာ ဒီစကားက စိတ်ဝင်စားဖို့ အကောင်းဆုံးပဲ၊ စားမယ် ... စားမယ်၊ ကျွန်မ ဗိုက်ဆာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဟန်မဆောင်စတမ်းပင် ပြောတာကြောင့် သူက အသာပြုံးမိကာ သူမကို ထမင်းစားခန်းထဲသို့ ခေါ်သွားလိုက်သည်။

ပြင်ဆင်ထားသော ထမင်းပွဲ ဟင်းပွဲများကို မြင်လျှင် သူမ မျက်နှာက ရွှေအိုးတွေ့သည့် သူခိုးနှယ် ဝင်းပလို့သွားလေသည်။ ထမင်းစားပွဲနားသို့ အပြေးကပ်သွားကာ ...

"ဟင် ... ဒီဟင်းတွေအားလုံးက ကျွန်မတို့နှစ်ယောက်တည်း စားဖို့လား"

"မဟုတ်ဘူး၊ မင်း အမျိုးတွေပါ စားဖို့"

"ဟင် ... ကျွန်မအမျိုးတွေက ဘယ်လိုလုပ် လာမှာလဲ၊ ရှင် နောက်နေတာ မဟုတ်လား"

သူက ပခုံးတစ်ချက်တွန့်လိုက်တော့မှ သူမက နောက်နေမှန်း ပိုမိုသဘောပေါက်သွားကာ ထမင်းစားပွဲမှာ ဝင်ထိုင်တော့သည်။ ပြီးလျှင်တော့ ထမင်းပန်းကန်ထဲသို့ ဟင်းတွေ ထည့်ကာ လွေးတော့သည်။ သူ့ထဲသို့တောင် ဟင်းထည့်ပေးဖော် မရသည့် မချွေချောကို သူက မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဟေး ... မင်း စိတ်ထဲမှာ ငါ့ကို ဦးချရမယ်ဆိုတဲ့ အသိမျိုးလေးတောင် မရှိဘူးလား"

သူမက ဘဲကင်တစ်ဖတ်ကို ပါးစပ်ထဲ ထိုးသွင်းဖို့ ဟန်ပြင်ပြီးတော့မှ ...





"သိဘူးလေ၊ ရှင်က ကျွေးတာဆိုတာ ရှင့်ကို ပြန်ထည့်ပေးစရာ မလိုဘူး ထင်လို့ပါ၊ ပြီးတော့ ကျွန်မ ဗိုက်အရမ်းဆာနေလို့ ...

ကဲပါ ... ကိုယ့်ဟာကိုယ်ပဲ ထည့်စားလိုက်ပါ"

သူက ဘာမှ မပြောတော့ဘဲ ကိုယ့်ဟာကိုယ်သာ စားတော့သည်။ တကယ်တမ်းမှာ သူ့ဟာသူ စားတာထက် သူမ စားတာကိုသာ သူက ဂရုတစိုက်ကြည့်ဖြစ်သွားအောင် သူမရဲ့ စားပုံသောက်ပုံက သူ့ကို အထူးတလည် ဆွဲဆောင်သည်။ သူ့ဘဝမှာ မိန်းကလေးတစ်ယောက်က ဒီလောက် မြိန်ရည်ရှက်ရည် စားသောက်တာမျိုး တစ်ခါမှ မကြုံဖူးသေးချေ။ သူမဟာ သူနဲ့ ရွယ်တူ ဒါမှမဟုတ် ငယ်လှက တစ်နှစ်,နှစ်နှစ်ပေါ့။

ဒါပေမဲ့ သူ့ကို ဘေးမှာရှိနေတယ်လို့တောင် သဘောမထားဘဲ ဟင်းပွဲတွေနဲ့ သူမသာပဲ ရှိနေသည့်အလား တရှူးရှူး တရှဲရှဲနှင့် စားသောက်နေပုံမှာ တကယ်ကိုပဲ အားရပါးရ နိုင်လှသည်။ တစ်ယောက်ယောက်က နောက်ထပ် ဆယ်မိနစ်လောက်နေရင်ပဲ အစားအသောက်တွေကို လာရောက်လုယူစားသောက်မှာ စိုးသည့်အလား အမြန်အဆန် စားသောက်နေတာ ဖြစ်လေသည်။ သူက သူမ စားနေတာကိုကြည့်ရင်းမှ တဖြည်းဖြည်း သဘောကျလာသည်။ ပြီးတော့ ဟက်ခနဲ ရယ်မိတော့ကာ ...

"မင်း ဒီလို အစားအသောက်မျိုး တစ်ခါမှ မစားဖူးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို ကြည့်တောင်မကြည့်ဘဲ ငါးခေါင်းဟင်းချိုအင်တုံကြီးထဲက ငုံးဥတွေ၊ ငါးဖယ်လုံးတွေကိုပဲ အလောတကြီး လိုက်လံဆယ်ယူရင်းမှ ဖြေသည်။

"စားဖူးသားပဲ၊ ရှင်တို့ခြံကြီးထဲကို ရောက်တဲ့နေ့ကလေ၊ အဲဒီနေ့က မစားစဖူး အစားထူးပြီး ဝမ်းတွေတောင်လျှော..."

"ဟာ ... ဟော့ ... ဟော့ ... တော်စမ်း၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီမှာ စားနေသောက်နေတဲ့ဟာကို"

"အို ... ဆောရီး ... ဆောရီး၊ ဆောရီးပါ၊ ဟင်း ဟင်း... ရှင်ကလည်းရှင် အဲဒီလောက်လည်း အပြစ်သည်းပြမနေပါနဲ့၊ ဒါတွေက ဆင်ခြင်နှလုံးသွင်းတတ်ရင် တရားသဘောတွေချည်းပါပဲ"

"တော်ပြီ ဆက်မပြောနဲ့တော့"

ဆက်မပြောနဲ့ဆိုတော့လည်း တကယ်ပဲ အကြိုက်တွေ့သွားကာ သူတောင် စားလို့သောက်လို့ ကောင်းလာသည်။ သူမကား မျက်လုံးပြူးစရာ ကောင်းလောက်အောင်ကိုပင် ဟင်းပွဲတွေအားလုံးအား အပြောင်ရှင်းသွားနိုင်သည်။ အားလုံး စားသောက်ပြီးလျှင် ဗိုက်ကိုတောင် ပွတ်လျက် ...

"ကဲ ... စားပြီးရင် ပြန်လို့ရပြီမဟုတ်လား နောက်ရော ဘယ်တော့ လာစားရဦးမလဲ"

"မင်းကြိုက်တဲ့အချိန်သာ လာစား၊ နေ့တိုင်းနီးပါးလောက် ငါ့ဆီကို လာနိုင်အောင် ကြိုးစားပါ ...





ပြီးတော့ အားလုံးက အမြင်ကတ်အောင်သာ သရုပ်ဆောင်ပါ"

သူမက မျက်မှောင်တစ်ချက်ကြုတ်သွားကာ ပြီးတော့ အဓိပ္ပာယ်ပါပါပြုံးလျက် ...

"အိုခေ ... ဒါဆိုရင် လစ်ပြီ"

သူမက တကယ်ကိုပဲ အိုက်တင်အပြည့်ဖြင့် တင်ကို နှုယ်ယမ်းပြီး ထွက်ခွာသွားလျှင် သူက ခေါင်းခါယမ်းကာ ကျန်ခဲ့သည်။ အဲဒီတစ်ခဏမှာပဲ အန်ကယ်ဂျိမ်းက ဝင်ရောက်လာလျှင် သူတို့စားထားသော ထမင်းပွဲကြီးကိုကြည့်ကာ ရင်ဘတ်ဖိပြီး အရွတ်လေတော့သည်။

"အိုး မိုင်ဂေါ့ဒ် ... Zombie(ဖုတ်ကောင်) တစ်ကောင်နဲ့ ထမင်းအတူစားခဲ့တာလား ဘော့စ်"

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"လူတွေ ကိုယ့်ကို အမြင်ကတ်ဖို့၊ ချဉ်စုပ်ဖို့ဆိုရင် ဘာတွေ လုပ်ရမလဲဟင်"

အိတုံရဲ့ အဲဒီလို မေးခွန်းကို ရွှေဝါက နည်းနည်းမှ မစဉ်းစားဘဲ အခုလို သွက်သွက်ဖြေသည်။

"မျက်နှာကို အမြဲတမ်း တင်းထား၊ သူများတွေကို မတူသလို မတန်သလို ဆက်ဆံ၊ တစ်လောကလုံး ကိုယ့်လုပ်စာ ထိုင်စားနေရတယ်လို့ သဘောထား၊ စကားပြောရင် အထက်စီးက အမြဲတမ်းနေပြီး တစ်ဖက်သားကိုနှိမ်ပြော။ ပြီးရင် အခွင့်သင့်တိုင်း သူများအပေါ်လည်း ကျောတတ်ရတယ် ...

ဒါဆိုရင်တော့ ပြည်သူ့ချဉ်ဖတ်ဖြစ်ဖို့ လုံလောက်ပါပြီ"

"အင်း ... အဲဒီအစီအစဉ်ကို ငါ ဒီနေ့ အကောင်အထည် စ,ဖော်ပြီလေ"





အိတုံရဲ့စကားကြောင့် ရွှေဝါက မျက်လုံးပြူးကြည့်တာ တစ်ခုခုကို သိလိုဇောဖြင့် အနားသို့တိုးကပ်လာသည်။ အိတုံကတော့ ထည်ဝါခန့်ဏ်ရုံးခန်းသို့သွားလျှင် ဝတ်သွားဖို့အတွက် အဝတ်အစား ရွေးချယ်တုန်းပင်။ အဝတ်အစားရွေးတယ် ဆိုတာလည်း ရွှေဝါရဲ့အဝတ်အစားတွေကိုသာ ရွေးနေရခြင်းဖြစ်သည်။ အခြေအနေအရ ဆပ်ဆလူးစိန်သရုပ် ပေါ်စေရန်အတွက် ရွှေဝါရဲ့ အတိုအကျပ် အပြတ်လေးတွေကိုသာ ယူဝတ်ရလေသည်။ အိတုံက ပုံမှန်ကိုယ်လုံးဖြစ်ပြီး ရွှေဝါက သေးသွယ်သည့်အထဲမှာ ပါသော ကိုယ်လုံးပိုင်ရှင်မို့ သူ့အဝတ်အစားတွေဟာ အိတုံနဲ့တော့ ကျပ်ကျပ်ကျပ်တွေ ဖြစ်နေတတ်သည်။ ဒါပေမဲ့လည်း မတတ်နိုင်။ ခဏ ဝတ်ပြရမည့် အဝတ်အစားတွေအတွက် ပိုက်ဆံကုန်ပြီး ထပ်လည်း မဝယ်ချင်ပေ။

"ဟဲ့ ... နင်နဲ့ ထည်ဝါခန့်နဲ့က ဘယ်အခြေအနေထိ ခရီးပေါက်နေကြပြီလဲ"

"ဘာကို ဆိုလိုတာလဲ"

"မဟုတ်ဘူးလေ၊ ငါ မေးတာက နင်တို့အစီအစဉ် ပြီးခါနီးပြီလား၊ အဲဒါကို မေးတာ"

"ပြီးပြီလား ဆိုတော့ အခုဟာက တတိယမြောက် အစီအစဉ် ရောက်နေပြီပေါ့။ ပထမက သူနဲ့ ငါနဲ့ နိုက်ကလပ်မှာ တွေ့တယ်။ ဒုတိယက သူ့ဆီ ငါ ဝင်ထွက်တယ်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျတော့ တဖြည်းဖြည်း အချိုးပြောင်းလာတယ်။ အခု သူများအမြင်ကတ်အောင် လုပ်ရမယ့် အခြေအနေ ရောက်လာပြီ။ ပြီးရင် သူ့အဘိုးနားအထိ ပေါက်ကြားမယ်။ သူ့အတွက် ထူးခြားလာတာတွေ ရှိမယ်ပေါ့

နောက်ကဏ္ဍတွေတော့ ငါ မသိဘူး"

"ထည်ဝါခန့်ကရော ဘယ်လိုလူစားမျိုးလဲ၊ ခင်ဖို့ကောင်းလား"

"ဟင်း ... နင်လည်း မြင်ဖူးနေတာပဲ။ ခင်ဖို့ကောင်းလား မကောင်းဘူးလား ဆိုတာတော့ နင်လည်း အသိဆုံးနေမှာပေါ့"

"ဒါကတော့ မရင်းနှီးသေးလို့လေ၊ နင်နဲ့ကျတော့ရော ရင်းနှီးပြီးရောပေါ့"

အဲဒီစကားကိုတော့ အိတုံက မျက်လုံးကို ထောင့်ကပ်ကာ စဉ်းစားမိသည်။ ကိုယ်နဲ့ သူနဲ့ဟာ ရင်းနှီးတဲ့မိတ်ဆွေတွေလား၊ သူငယ်ချင်းတွေလား၊ အလုပ်ရှင်နဲ့ ဝန်ထမ်းလားစသဖြင့် ဘယ်တုန်းကမှ မစဉ်းစားမိခဲ့ပါ။ အိတုံ ခေါင်းထဲမှာရှိတာသည် အလုပြင်သင်တန်းကျောင်း တက်ရဖို့သာဖြစ်သည်။

ထည်ဝါခန့် ဘယ်လိုလူမျိုးဆိုတာ အိတုံ မစဉ်းစားပါ။ သူနဲ့ ကိုယ်သည် ဘီအေကေအက်ဝိုင် ဘာမှမဆိုင်ဟု သတ်မှတ်ထားတာဖြစ်သည်။ အိတုံ သိတာသည် သူ့ဆီသွားပြီး ထမင်းဟင်းကောင်းကောင်း စားရဖို့သာပဲ သိတော့သည်။





"ရင်းနှီးတာတွေ မရင်းနှီးတာတွေ ငါ မသိဘူး။ ငါသိတာက သူ့ဆီသွားရင် အစားအသောက်ကောင်းကောင်း စားရတာပဲ"

"နင့်ကို သူ့ရုံးခန်းမှာပဲ တွေ့တာလား"

"တစ်ခါတလေတော့လည်း အပြင်မှာ သွားစားကြတာပေါ့။ ရန်ကုန်မှာရှိတဲ့ အကောင်းတကာ့ အကောင်းဆုံးဆိုင်တွေ ငါ မစားဖူးတာ မရှိသလောက်ပဲ ...

ကဲ ... အခုလည်း ဘာစားရဦးမလဲ မသိဘူး။ သွားလိုက်ဦးမယ်"

အိတုံက အောက်ထပ်သို့ဆင်းပြီး Taxi သမားကတောင် မျက်မှောင်ကြုတ်ကြည့်လေသည်။ အိတုံကတော့ ဟိုရောက်တာနင့် ဘယ်လိုမောက်မာ အကြောတင်းရမလဲဆိုတာ စဉ်းစားလာသည်။ ခက်တော့လည်း ခက်၏။ ကိုယ်က မဟုတ်မခံ ဆတ်ဆတ်ကြဲဆိုပေမယ့် သူများအပေါ်မှာ ဘယ်တော့မှ မောက်မာရိုင်းစိုင်းတာ မရှိခဲ့ပေ။

ခုတော့ အဲဒီလို လုပ်ရတော့မည်။ ဒါကလည်း သူ့ဆန်စား ရဲရတော့မည့်ကိစ္စပဲ ဖြစ်လေသည်။ Taxi ပေါ်က ဆင်းတာနင့် အိတုံသည် သူတို့ရုံးချုပ်ရှိရာ အဆောက်အအုံကြီးထဲသို့ ဝင်ခဲ့သည်။ အဝင်ဝမှာတင် လုံခြုံရေးက အိတုံကို စစ်ဆေးဖို့ပြင်သည်။ အိတုံက အိတ်ကို ချက်ချင်းမပေးသေးဘဲ ခါးထောက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

"နေစမ်းပါဦး၊ နင်တို့က ငါ့ကို ဘာ့အတွက် စစ်မှာလဲ"

ထင်မှတ်မထားသော အိတုံရဲ့မေးခွန်းကြောင့် လုံခြုံ ရေးဝန်ထမ်းနှစ်ယောက်က ကြောင်သွားဟန်တူသည်။ ပြီးတော့ တစ်ယောက်ကပြောသည်။

"လုံခြုံရေးအတွက်ပါ။ တာဝန်နဲ့ ဝတ္တရားအရပါ"

"လုံခြုံရေးအတွက် ဆိုရင်တော့ စစ်မနေနဲ့။ ငါ ဘယ်သူ့ ဆီလာတယ်ဆိုတာ မသိဘူးလား"

"ဘယ်သူ့ဆီလာလာ ဒီအဆောက်အဦကြီးရဲ့ လုံခြုံရေး အတွက် စစ်ဆေးရမှာ ကျွန်တော်တို့ရဲ့တာဝန်ပါ။ ကျွန်တော် တို့ကို ဒီမှာ အလုပ်ခန့်ထားတာကိုက လုံခြုံရေးအတွက် ခန့်ထားတာပါ"

အိတုံက ရုပ်ရှင်ထဲက ဗန့်မင်းသမီးတွေသဖွယ် ရိုက်ပေါက် ပြုံးလိုက်ရင်း ...

"ဒါဆို နင်တို့ကို တစ်ခုမေးမယ်။ ဦးမင်းခန့်တို့၊ ထည်ဝါ ခန့်တို့ကိုရော နင်တို့ ဒါမျိုးစစ်သလား"

"ဘာဆိုင်လို့ စစ်ရမှာလဲ။ သူတို့က ဒီရုံးရဲ့ပိုင်ရှင်တွေ၊ ပြီးတော့ အုပ်ချုပ်သူတွေ။ ခင်ဗျားက ဘာမို့လဲ"

"ငါက ဘာဆိုတာ သိချင်ရင် ထည်ဝါခန့်ဆီ ဖုန်းဆက် မေးလိုက်၊ ဟုတ်ပြီလား"

အိတုံက လုံခြုံရေးဝန်ထမ်းကို ပစ်တိုက်ပြီး ထွက် လာလျှင် ထိုလူက နောက်မှ တဟောဟောနှင့် ဟစ်အော်ရင်း ကျန်



ရစ်ခဲ့သည်။ တစ်ခုပြီးတော့ နောက်ထပ်တစ်ခု။ ထည်ဝါခန့် အခန်းထဲကို ဝင်ဖို့ရာအတွက် ရှေ့က ရီဆပ်ရှင်က မိန်းကလေးက ချက်ချင်းဝင်ခွင့်မပေးသေးချေ။ အိတုံကို ကာဆီး ကာဆီး လုပ် နေသေးသည်။

"ခဏ ... ခဏလေး နေပါဦး။ ကျွန်မ ဘော့စ်ကို အကြောင်းကြားပါရစေဦး။ ဒီအတိုင်း ဝင်လို့မရပါဘူး"

"ဟဲ့ ... ငါ ဘယ်သူလဲ ဆိုတာ နင် မသိဘူးလား။ ဟင်း ... အသုံးကိုမကျဘူး"

"သိပါတယ်။ သိပေမယ့်လည်း ဒီလိုမှ ဝင်လို့မရတာ။ ကျွန်မတို့ရဲ့ rule က အပြင်မှာ ဧည့်သည်ရောက်နေရင် ဘော့စ်ကို အကြောင်းကြားရပါတယ်။ ဘော့စ် ခွင့်ပြုမှ ဝင်လို့ရတာပါ"

"ဟော့ ... rule တွေ ဘလူးတွေ နားမလည်ဘူး။ သူ့ အတွက်ဆို ငါဟာ တံခါးမရှိ ဓားမရှိပဲ ဆိုတာ နင် သိ ထား။ ဖယ် ... ရှေ့က"

အိတုံကဲ မိန်းကလေးကို တစ်ချက်တွန်းဖယ်ပြီး နောက် ရှေ့ဆက်လျှောက်လာလျှင် ထိုမိန်းကလေးက နောက်က နေ၍ ကင်းကိုက်ခံရသည့်အလား အူယားဖားယား ပြေးလိုက်လာ သည်။ အိတုံက ကျွန်းတံခါးကြီးကို တွန်း၍အဖွင့်၊ အထဲက တစ်ယောက်ကလည်း တံခါးဆွဲအဖွင့်ကြောင့် ရှေ့သို့ ဟပ်ထိုးငိုက် စိုက်ကျတော့မလို ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မော့်ကြည့်လိုက်တော့မှ အိတ်ကို မျက်နှာထားတင်းတင်းဖြင့် ကြည့်နေသော အမေရိကန်မျောက်ဖြူကြီးကို တွေ့လိုက်ရတာဖြစ်သည်။ သူက အိတ်ကိုကျော်ပြီး နောက်က မိန်းကလေးကိုမေးသည်။

"ဘာဖြစ်တာလဲ"

"ဟို ... သူက ရိုဆပ်ရှင်ကို မဖြတ်ဘဲ ဖွတ်အတင်းသောစ်ရဲ့အခန်းထဲကိုဝင်ဖို့ ကြိုးစားနေလို့ပါ။ အောက်ထပ် Security ကလည်း ချက်ချင်းပဲ ဖုန်းနဲ့ရိုပို့ထတင်ပါတယ်။ လုံခြုံရေးကိုလည်း အစစ်မခံဘဲနဲ့ ဖွတ်ဖြတ်ပြေးလာတယ်တဲ့။ အဲ ... အဲဒါကြောင့်ပါ"

အမေရိကန်မျောက်ဖြူကြီးက အိတ်ကို တစ်ချက်မှ မကြည့်ဘဲ ဝန်ထမ်းမိန်းကလေးကိုသာ လက်တစ်ဖက် ထောင်ပြလိုက်ရင်း ...

"ကောင်းပြီ၊ မင်း သွားနိုင်ပြီ"

အိတ်သည် အဲဒါကို အခွင့်ကောင်းယူကာ မျောက်ဖြူကြီးရဲ့ ချိုင်းအောက်ကနေ၍ အခန်းထဲသို့ လုစ်ခနဲဝင်ဖို့ ဟန်ပြင်သည်။ မျောက်ဖြူကြီးက ချက်ချင်းပဲ သိမြင်သွားကာ အိတ်ရဲ့ လက်ကိုင်အိတ်ကို နောက်ကနေ၍ ဖျတ်ခနဲ ဖမ်းဆွဲထားရင်း အော်သည်။

"ဟော့ ... ဟော့ ... အဲဒါ ဘာလုပ်တာလဲ၊ ရပ်စမ်း"





"အာ ... အားဂျဲလ်ရှီးကလည်း ဘာလို့ဆွဲထားတာလဲ။ လွှတ်စမ်းပါ"

"ဘာကိစ္စ လွှတ်ရမှာလဲ။ မင်း ဘယ်လိုမိန်းကလေးလဲ။ ဒီနေရာကို ဘယ်နေရာများ ထင်နေလဲ ...

လုံခြုံရေးခေါ်ပြီး ဆွဲထုတ်ခိုင်းလိုက်မလား"

"ထုတ်ခိုင်းချင်လည်း ထုတ်ခိုင်းလေ။ ဒါပေမဲ့ အဲဒီပါမစ်ကို ထည်ဝါခန့်ဆီမှာ အရင်တောင်းလိုက်ဦး"

အိတ်ရဲ့စကားကြောင့် မျောက်ဖြူကြီး ကြောင်သွားတုန်းမှာပဲ အိတ်က အဲဒါကို အခွင့်ကောင်းယူကာ အိတ်ကိုဆောင့်ဆွဲပြီး အခန်းတွင်းသို့ ဝင်ရောက်လာခဲ့သည်။ အခန်းထဲက အလုပ်စားပွဲမှာ Lap top ဖြင့် အလုပ် လုပ်နေသော ထည်ဝါခန့်က အိတ်ကို မော့်တောင်မကြည့်ချေ။ ဟင်း ... သူက ဘာဖြစ်တာလဲ။ တကယ်ဆိုရင် သူက အိတ်ကို ဝမ်းပန်းတသာ ကြိုဆိုရမှာ မဟုတ်လား။

"ဟေး ... ထည်ဝါ။ နေ့ခင်း ဆယ့်နှစ်နာရီတောင် ထိုးနေပြီလေ။ ထမင်းမစားသေးဘူးလား"

သူက အိတ်ကို မော့်တောင်မကြည့်ဘဲ အလုပ်လုပ်ရင်းမှ ဖြေသည်။

"အလုပ်မပြတ်သေးဘူး"

"ဟင် ... မပြတ်သေးလည်း ထားခဲ့ကွာ။ ဒီမှာ ဗိုက်အရမ်းဆာနေပြီ။ သွားစားရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းဆာနေရင်လည်း ကိုယ့်အသားကိုယ်သာ လှီးစား တော့။ ဒီအလုပ်က အရေးကြီးတယ်"

အိတုံက သူ့ကို အံကြိတ်ပြီး ကြည့်နေတုန်းမှာ မျောက်ဖြူကြီးက အနားသို့ ရောက်လာကာ ...

"ဘော့စ် ... ဒီမိန်းကလေးက လုံးဝယဉ်ကျေးမှု မရှိဘူး အောက်မှာလည်း Security ကို ကလန်ကဆန်လုပ်ပြီး ဝင်လာတယ်။ ရှီဆပ်ရှင်ကိုလည်း မချေမငံ ဆက်ဆံတယ် ဘော့စ်ရုံးခန်းထဲကိုလည်း ဇွတ်ဝင်တယ်။ ဒါမျိုးက မဖြစ် သင့်ပါဘူး ဘော့စ်။ ဒါ ကုမ္ပဏီကိုပါ ထိပါးစော်ကား အဆင့်ပါ ...

ဘော့စ် ဒါကို ဒီအတိုင်း ကြည့်နေလို့ မဖြစ်ပါဘူး"

မျောက်ဖြူကြီးက အိတုံကို သေးထားပြီး အားမေ စကားမ်းပဲ ပြောလေသည်။ အိတုံကတော့ အမြင်ကတ်ဖွယ်ကောင်း အောင်ပင် မျက်နှာကို တမင်မော်ချီကာ ထားထားသည်။ သူ Lap top ပေါ်မှ အကြည့်ကို ဖယ်ခွာကာ ...

"ကျွန်တော် သူ့ကို ဆုံးမလိုက်ပါ့မယ်။ အန်ကယ်ကျိုး နေ့လယ်စာ သွားစားလို့ရပြီ"

"မဟုတ်သေးဘူးလေ ဘော့စ်။ ဒီကိစ္စက ..."

"နောက်မှ ကျွန်တော်တို့ ဆက်ပြောတာပေါ့"

သူက ဖြတ်ပြောလိုက်လျှင် မျောက်ဖြူကြီးက အိတုံ ကို စားတော့ဝါးတော့မလိုကြည့်ကာ ထွက်သွားသည်။ အိတုံ





လည်း တမင်တကာပဲ နှုတ်ခမ်းကို မဲ့ရွဲ့ကာ ပြလိုက်သည်။ မျောက်ဖြူကြီး အခန်းထဲက ထွက်ခွာသွားတော့မှ သူက Lap top ပေါ်မှ အကြည့်ကိုဖယ်ခွာပြီး အိတုံကို ပြုံးကြည့်လာကာ ...

"ဘယ်လိုလဲ၊ အောက်ထပ်မှာ မင်း တော်တော်သောင်း ကျန်းလာတယ်ပေါ့၊ ဟုတ်လား"

"ဒါတောင် အကင်းပဲ ရှိသေးတယ်"

"လူအမြင်ကတ်ခံရအောင် လုပ်ဖို့ဆိုတာ လွယ်တယ် မဟုတ်လား"

"သိပ်လွယ်တယ် မထင်နဲ့။ ကျွန်မက အဲဒီလိုမျိုး ကိုယ့်ကို လာဆက်ဆံရင် အရမ်းမုန်းတာ။ ဒါကြောင့် သူများကို အဲဒီလို လုပ်တော့လည်း မျက်နှာပူတယ် ...

ကဲ ... ရှင့်ကို ပြောနေတာ ကျွန်မ ဗိုက်ဆာပြီလို့ နော်။ ဘယ်ဆိုင်မှာ သွားစားမှာလဲ"

"ကိုယ် ဟိုတယ်စာတွေ ရက်စတော့ရင့် ကောင်းကောင်း က အစားအသောက်တွေ စားရတာ ရိုးနေပြီကွ ...

မြန်မာ့ကျေးလက်စတိုင်လ် ထမင်းဟင်းမျိုး စားချင် တယ်။ အထူးသဖြင့် အညာစတိုင်လ်ပေါ့။ အဲဒါမျိုးတွေ ဘယ်မှာရနိုင်သလဲ"

သူဌေးသားက အဲဒါကို သွေးတောင်းသောအခါ အိတုံက နှာခေါင်းရှုံ့ပြီး စိတ်ပျက်သွားရသည်။ ဒါပေမဲ့လည်း ရန်ကုန်မြို့ပေါ်က နာမည်ကြီး မြန်မာထမင်းဆိုင်တွေကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



သွားသောအခါ အိတုံရဲ့မျက်နှာက ပြန်လည်ဝင်းပသွားပြန်သည်။ ကောင်းသားပဲ၊ အိတုံသည်လည်း မြန်မာဟင်းထမင်း ကောင်းကောင်း မစားရတာ ကြာပြီမို့ အဲဒါ စားရလည်း မဆိုးပါဟု တွေးမိသွားသည်။ ဒါကြောင့် ဝမ်းသာအားရပင် ...

"ဒါဖြင့်ရင် ရေနွေးဖြူဒေါ်စောရီ သွားစားမလား။ မဟုတ်ရင် ဟယ်လ်ပင်လမ်းက feel ရော။ အဲဒီမှာ မြန်မာထမင်းဟင်း ကောင်းကောင်းရတယ်"

"ဟင့်အင်း ... အဲဒီဆိုင်တွေက မြန်မာထမင်းဟင်းတွေကို မစားချင်ဘူး။ သူတို့က အရမ်းကြီးကောင်းအောင် ချက်ထားတာ ... formal ပုံစံဝင်နေတယ်"

"ဟင် ... ဟင်းပါဆို အရမ်းကြီးကောင်းအောင် မချက်လို့ ဘယ်လိုပုံစံမျိုး ချက်ရမှာလဲ။ စားကောင်းအောင် ချက်ပါ တယ်ဆိုမှ"

"မဟုတ်ဘူး။ မင်းက ငါဆိုလိုတာကို သဘောမပေါက်ဘူး နဲ့တူတယ်။ အဲဒီလို ထမင်းဟင်းမျိုးတွေ ငါ ကောင်းကောင်း စားဖူးတယ်။ ငါ့အတွက် အဲဒီလို မြန်မာထမင်းဟင်းက လည်း ဘာမှ မထူးဆန်းဘူး ...

ငါပြောတဲ့ပုံစံကကွာ ခပ်လွယ်လွယ် ချက်ထားတဲ့ ဟင်းပုံစံ။ ဥပမာ ကြက်သားကာလသားချက်လို ပြီးစလွယ် ချက်ပြီး ကောင်းသွားတာမျိုး၊ အဲဒီလို ဟင်းမျိုးတွေကိုပြော တာ ...





အညာဘက်က ခရမ်းချဉ်သီးငါးပိချက်လို ပုံစံမျိုး၊ ပဲကြီးနှပ်လိုပုံစံမျိုး စသဖြင့်ပေါ့ကွာ။ အိမ်ဟင်း အိမ်ထမင်း စာလေးတွေပေါ့။ တို့စိ တို့စိလေးတွေ စားချင်တာ"

"Understand ... Understand ! ကျွန်မ ကောင်းကောင်းကြီး သဘောပေါက်သွားပြီ"

"ဟုတ်လား ... အဲဒါက ဘယ်မှာရနိုင်မလဲ"

"ကျွန်မတို့အိမ်မှာ"

"ဘယ်လို ! "

"ဟုတ်တယ်။ ကြားဖူးတဲ့အတိုင်းပဲ ကျွန်မအမေက ထမင်းဟင်းရောင်းတာလေ။ ဒါပေမဲ့ ခမ်းခမ်းနားနားဆိုင်မျိုးတော့ မဟုတ်ဘူး ...

သန့်သန့်ရှင်းရှင်းတော့ ရှိတယ်။ အဲဒီတော့ ဘယ်လိုလုပ်မလဲ။ ရှင် ကျွန်မကို ပထမဆုံး စတွေ့ဖူးတဲ့နေရာ ထိ သွားရမှာနော်"

"အင်း ... သွားတာပေါ့"

သူက ဦးဆောင်ပြီး ရှေ့က ထွက်သွားလျှင် အိတုံက နာခေါင်းရှုံ့ကာ နောက်က လိုက်ရတော့သည်။ ခဏကြာလျှင် သူမောင်းသော ကားပေါ်၌ အိတုံက ရောက်နေပေပြီ။ ကိုယ်ပိုင်ကားနှင့်သွားတာတောင် တစ်နာရီကျော်ကြာသော အိတုံတို့အိမ် သို့ရောက်လျှင် နဂိုတည်းက မိုက်ဆာနေပြီဖြစ်သော အိတုံမှာ



www.burmeseclassic.com

www.burmeseclassic.com



တွန့်လိမ်နေပြီဖြစ်သည်။ အမေကတော့ အိတုံကိုမြင်လျှင် မျက်လုံးက လင်းကွင်းလောက် ပြူးထွက်လာ သည်။

"ဟဲ့ ... အိ ... အိတုံ။ ဒါက ဘယ်လိုပုံ ဖြစ်တာလဲ"

"သြော် ... ဟို ... ဟိုဒင်း။ အဲ ... အဲဒါက အသာထား ပါ အမေရဲ့။ အမေ ... ဒါ သမီးတို့ သူဌေးလေ"

"ဟေ ... ဟုတ်လား"

မြင်လိုက်တာနဲ့ကို သူဌေးတစ်ယောက်ရဲ့ အရှိန်အဝါ ဟပ်နေသော သူ့ကို အမေကြည့်ကာ မြင်မြင်ချင်း ရှိန်သွားဟန် တူသည်။

"အဲ ... သူဌေး၊ ကြွပါ ... ကြွပါ။ ဟဲ့ ... အိမ်ပေါ်ခေါ် လေ အိတုံရဲ့"

"ခေါ်မှာပါ၊ လာ ... ကိုထည်ဝါ၊ အိမ်ပေါ်ကြွပါ"

သူက ခေါင်းတစ်ချက်ဆတ်ကာ အိမ်ပေါ်သို့တက် လာသည်။ အိတုံတို့အိမ်မှာ ဆက်တီခုံအဟောင်းလေးတစ်စုံ ရှိပေ မယ့် ထမင်းစားဖို့ စားပွဲ၊ ကုလားထိုင်တော့ မရှိ။ အိတုံက အိမ် ရှေ့မှာပင် သင်ဖြူးဖျာတစ်ချပ်ခင်းကာ စားပွဲခုံအနိမ့်အဝိုင်းလေး ကို ချခင်းလိုက်သည်။ ပြီးတော့ သူ့ကို ယပ်တောင်တစ်ချောင်း ပေးကာ ...

"ခဏနော် ... ကျွန်မ ဘာဟင်းတွေရှိလဲ သွားကြည့်လိုက် ဦးမယ်"





သူ့ကိုပြောပြီးတာနှင့် အိတုံက အမေ့ဆီသို့ ချက် ချင်းပြန်ပြေးရသည်။ အိတုံထက်ပင် စကားပြောဖို့ အရင်စောင့် နေသော အမေက အိတုံကို လက်ကုတ်ကာ တန်းမေးတော့ သည်။

"ဟဲ့ ... သူက ဘယ်လိုလုပ်ပြီး အိမ်ပေါ်လာတာလဲဟဲ့"

"သူဌေးက ဆီဦးထောပတ်တွေ စားရတာ ငြီးငွေ့လာလို့တဲ့ အမေရေ။ အဲဒါ ဟောဲထမင်း တောဟင်း စားချင်တော်မူ သတဲ့လေ။ အခု ဘာရှိလဲ"

"အမဲသား ဆီလည်ရေလည်ချက်လေးပဲ ကျန်တော့တယ်။ အဲ ... မြူရွက်သုပ်ရှိမယ်၊ နောက် ခရမ်းချဉ်သီးထောင်း၊ ငရုတ်သီးကြော်၊ ပဲကြီးစေ့ဟင်းချို၊ ငါးပိရည် တို့စရာ ဒါပဲဟေ့ ..."

နင်တို့လာတဲ့အချိန်ကလည်း တစ်နာရီတောင် ကျော် နေပြီ။ အခုမှ ညနေစာ ပြန်ချက်မှာ"

"ဒါဆိုလည်း ရှိတာတွေသာ ချပေးတော့။ သူ မစား စားစား သမီးကတော့စားမယ်။ အရမ်းဗိုက်ဆာနေပြီ"

အမေက ထုံးစံအတိုင်း အိတုံကို မျက်စောင်းတစ်ချက် ထိုးသည်။ ပြီးတော့ အိမ်ပေါ်သို့ ဟင်းပွဲတွေကို ကိုယ်တိုင်ပဲ သယ်ဆောင်လေသည်။ သူ့ကိုလည်း အားတုံ့အားနာဟန်ဖြင့် ပြော လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာလေးနဲ့ပဲ ကျွေးရတာ အားနာလိုက်တာ သူဌေးရယ်။ လာမယ်ဆိုတာ ကြိုသိရင် ဖွယ်ဖွယ်ရာရာလေးတွေ ချက်ထားတာပေါ့"

"ကျွန်တော်က ဖွယ်ဖွယ်ရာရာ မစားချင်ပါဘူး။ အစစ်ပဲ အိတုံ့။ ငါ စားချင်နေတာလည်း ဒီလိုပုံစံပဲ။ ဒါ တကယ့် အညာစတိုင်လ်ပဲ"

"နေစမ်းပါဦး၊ ရှင်က အညာသားမို့လို့လား"

အိတုံ့ရဲ့ ပက်ခနဲ ပြန်အပြောကို အမေက ဟဲ့ ဟန့်သည်။

"အိတုံ့ ... အလုပ်ရှင်က ခင်မင်ရင်းနှီးတယ် ဆိုတိုင်း အခွင့်ကောင်း မယူနဲ့လေ။ ညည်းနဲ့တော့ ခက်တော့တာပဲ။ တောင်းပန်ပါတယ် သူဌေးရယ် ...

ဒီကောင်မလေးက အဲလိုပဲ နည်းနည်းရိုင်းတယ်"

"အမေ ရှေ့မှာ ဈေးဝယ်လာနေပြီ သွားရောင်းတော့။ ဒီမှာ သမီးတို့လည်း ထမင်းစားတော့မယ်"

"ဟွန်း ... ပြောလိုက်ရင် ဒါပဲ။ သူဌေး ... စားနော် အားမနာပါနဲ့။ ရှိတာလေးနဲ့ပဲ ကျွေးရတာ စိတ်တောင်မကောင်းဘူး။ အိတုံ့ လိုတာ လာယူလိုက်"

အမေ ထွက်သွားတာနှင့် ဒီတစ်ခါတော့ အိမ်ရှင်ဖြစ်နေသည့် အိတုံ့က သူ့ပန်းကန်ထဲသို့ အမဲသားဟင်းကို ခပ်ထည့်ပေးလိုက်သည်။





"ရော့ ... အဲဒါ စားကြည့်။ အမေ့လက်ရာ အမဲသားဆီလည်ရေလည်ချက်ပဲ၊ ဒီနယ်တစ်ဝိုက်မှာတော့ နာမည်ကြီးပေါ့"

သူ့ကို ပြောလည်းပြော ကိုယ်တိုင်လည်း ထမင်းတစ်လုတ် စားလိုက်တာမို့ အမဲသားရဲ့ ချိုဆိမ့်နေသော အရသာက လျှာဖျားပေါ်သို့ စိမ့်ဝင်သွားသည်။

မပျစ်မကျဲ ဟင်းအနှစ်ရည်ပွပွလေး ဆမ်းထားတာကြောင့် စားလိုက်သည့် ထမင်းလုတ်တိုင်းဟာ အိတုံ့ အတွက်တော့ ချိုဆိမ့်နေသည်။ သူ့ကို တစ်ခါသာထည့်ပေးပြီး နောက်ထပ်တောင် ခပ်ထည့်မပေးမိတော့ချေ။ သူကသာ ဟိုဟာ ဘာလဲ ဒါဘာလဲနှင့် မေးမဆုံးနိုင် ဖြစ်နေသည်။

"ဒါက ပဲကြီးစေ့ ဟင်းချို၊ ဒါက ခရမ်းချဉ်သီးထောင်း၊ သိလား ခရမ်းချဉ်သီးကို မီးဖုတ်ပြီး ထောင်းထားတာ။ အင်း ... ဒါက မြူရွက်သုပ်၊ ဒါက ငရုတ်သီးကြော် ... စား ... စား ...

ရှင့်ဟာရှင် ကြိုက်တဲ့ဟာသာ ထည့်စားပေတော့။ ကျွန်မတော့ ဗိုက်ဆာလွန်းလို့ တွယ်ပြီ။ စကားမပြောတော့ဘူး"

အိတုံ့လည်း စကားမပြောသလို သူကလည်း စကားမပြောတော့ချေ။ အိတုံ့ စားသလိုပင် ထမင်းပေါ်မှာ အမဲသားအနှစ်ရည်ကျဲကျဲကို ရွှဲရွှဲဆမ်းကာ ငရုတ်သီးကြော်ဖြူးလျက် အားရ



www.burmeseclassic.com

www.burmeseclassic.com



ဝါးရဲ့ နယ်စားသည်။ ပြီးလျှင် ပဲကြီးစေ့ဟင်းချိုသောက်သည်။ မြူရွက်သုပ်ပန်းကန်မှာလည်း ခဏ ခဏ လက်ဆုံသည်။ ကြက်သွန်နီကြော်လေးတွေ ဖြူးထားသော မြေပဲဆံများဖြင့် သုပ်ထားသည့် မမြစိမ်း၏ မြူရွက်သုပ်မှာလည်း အတော်ပင် အားပေးခံ မြှောက်ခြင်း ခံရသည်။

အိတုံတို့ နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် စကားတောင် မပြောနိုင်ကြ။ တမင်တကာပင် ပိုပိုလျှံလျှံ ထည့်ပေးထားသော လှငါးယောက်စာ ကောင်းကောင်းစားသောက်လို့ရသည့် ဟင်းပွဲများမှာ လုံးဝအပြောင် ဖြစ်သွားလေသည်။ နောက်ထပ် ဟင်းလိုက်ပွဲ ထပ်ထည့်ပေးသည့် မမြစိမ်းမှာ မျက်ဝန်းတွေ ပြုံးထွက်နေသည်။ သူက မမြစိမ်းကိုပင် ရယ်ကျဲကျဲကြည့်ကာ ...

"ဟဲ ... သူက ရှေ့က မတရားစားပြတော့ ကျွန်တော်လည်း အားကျပြီး လိုက်စားမိတာ။ ပြီးတော့ ဟင်းတွေက တော်တော်စားကောင်းတယ်နော် ...

မြူနှင်းသုပ်ကလည်း အရမ်းစားကောင်းတာပဲ"

"ဟား ဟား ... ဘာမြူနှင်းသုပ်လဲ။ မြူရွက်သုပ်ပါ"

"သြော် ... မြူရွက်သုပ်။ တစ်ခါမှ မစားဖူးဘူး။ တော်တော်ကောင်းတာပဲနော်"

"ကောင်းပါ့ ... ကောင်းပါ့။ ရှင်တို့ ဟိုတယ်စာတွေထက်တောင် ပိုကောင်းတယ် မဟုတ်လား"





"အင်းလေ ... ဒါကြောင့်လည်း မင်းကို ဒါမျိုးစားချင်တယ်လို့ ပြောတာပဲ"

"အခုရော ဝရဲ့လား၊ ထမင်းဟင်းတွေ ရှိပါသေးတယ်၊ ကြက်သားနှပ်နေတာ ရတော့မယ်၊ ထပ်စားဦးမလား"

"တော်ပါပြီ၊ ပါးစပ်ကတော့ စားချင်သေးတယ်။ ဗိုက်ကတော့ ပေါက်ထွက်တော့မယ်ခင်ဗျ။ ကျွန်တော့်ဘဝတစ်သက်တာမှာ ဒီလောက်အများကြီး တစ်ခါမှ မစားဖူးဘူး။ အရမ်းစားကောင်းပါတယ်"

"ဝမ်းသာပါတယ် သူဌေးရယ်။ ကဲ ... ဒါဆိုလည်း အချိုတည်းတဲ့အနေနဲ့ သာကူကျိုလေး သောက်လိုက်ပါဦး။ သီးမွှေးငှက်ပျောသီးလေးလည်းစား"

မမြစိမ်းက အိတုံ အကြိုက် သာကူနှစ်ပွဲ လာချပေးပြန်တာမို့ အိတုံက ကောက်တွယ်တော့တာပင်။ အုန်းသီးဆံဖြူဖြူလေးတွေ ဖြူးထားသော သာကူကို သူကလည်း တစ်ခွန်း နှစ်ခွန်း မြည်းကြည့်ပြီးတော့မှ ...

"ဒါက သာကူလို့ ခေါ်သလား၊ မြန်မာမုန့်ပေါ့ ဟုတ်လား"

"ဟုတ်ပါ့၊ ဒါလည်း မစားဖူးဘူး ပြန်ပြီလား"

"အင်း ... မင်းကတော့ အစားအသောက် မီးလိုတောက်ဆိုတာမျိုးပဲနဲ့ တူတယ်နော်။ ဘာလာလာ တွယ်မယ်ဆိုတာချည်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဘိုစာ တရုတ်စာ ကုလားစာ မြန်မာစာ ဘာမှ အလွတ်မပေးဘူး"

"ပေးစရာလား။ အသက်ရှင်နေတုန်းလေးပဲ စားရတာ။ ကျွန်မက အဝတ်စားတွေ ဘာတွေလဲ မက်တာမဟုတ်ဘူး ရှင့် ...

ဖြစ်နိုင်ရင် ကမ္ဘာပတ်ပြီးတောင် လျှောက်စားချင်သေးတယ်"

"ဟွန်း ... တကယ့်ကို အစားဘီလူးပဲ။ ကဲ ... ငါ အလုပ်ကိစ္စ ချိန်းထားတာ ရှိသေးတယ်။ မင်း အမေကို နှုတ်ဆက်ပြီး ပြန်ကြစို့"

သူက အောက်သို့ဆင်းကာ ထမင်းပွဲတွေ ပြင်ပေးနေသော အမေ့ကို နှုတ်ဆက်သည်။ အဲဒီနောက် အိတုံတို့တစ်တွေ မြို့ထဲသို့ ပြန်ခဲ့ကြလေသည်။ သူက ကားမောင်းရင်းမှနေ၍ စကားစလာခဲ့သည်။

"မင်းအမေသာ ထမင်းဆိုင် အကြီးကြီးဖွင့်ရင် ဒီလက်ရာနဲ့ဆို တော်တော်အောင်မြင်မှာပဲနော်"

အိတုံက ဘာမှပြန်မပြောဘဲ အသာနှုတ်ဆိတ်နေမိသည်။ အဲဒီအချိန်မှာပဲ သူ့ထံက စကားတစ်ခွန်းက ထပ်ထွက်လာပြန်သည်။

"မင်းလည်း အလှပြင်သင်တန်း တက်ချင်ရောပေါ့"

"တက်ချင်ပြီပေါ့"





"တက်ချင်ရင် ငါ့အသိုင်းအဝိုင်းမှာ ဒီ့ထက် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားအောင် မင်း ကြိုးစားလိုက် ...

အဘိုးရဲ့နားကို ပေါက်ကြားသွားရင် မင်း တက်ချင်တဲ့သင်တန်း မြန်မြန်တက်ရလိမ့်မယ်"

သူက အိတုံ့ကို ကားမောင်းရင်းမှ လှည့်ကြည့်သည်။ အိတုံကလည်း လှည့်ကြည့်လိုက်လျှင် အကြည့်နှစ်ခုတို့က ဆုံစည်းသို့သွားလေသည်။ ဘယ်အချိန်ကာလမှာ ပြီးမြောက်မယ်မှန်းမသိသော တာဝန်တစ်ခုကို အိတုံလည်း အမြန်ပြီးမြောက်လိုပြီ။

ဘာဖြစ်လို့လဲဆိုတော့ နွယ်လို တွယ်တတ်သည့် သံယောဇဉ်တွေကို ကြောက်ရွံ့၍ပဲဖြစ်သည်။

○❦○



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"ဘော့စ် လုပ်နေတာတွေဟာ တစ်ခုခု မှားနေပြီလို့ မထင်ဘူးလား"

အန်ကယ်ဂျိမ်းက အဲဒီလိုမေးလိုက်လျှင် သူက ကွန်ပျူတာကို ကြည့်နေရာမှ မျက်လုံးမခွာဘဲ ပြန်ဖြေလိုက်သည်။

"မထင်ပေါင်"

"ဘော့စ်က မှားနေပြီလို့ မထင်ရင်လည်း သိအောင်တော့ ပြောပြရလိမ့်မယ်။ ဘော့စ် လုပ်နေတာတွေဟာ တစ်ဝက်လောက်ကို လွဲနေတယ် ...

ဒီကောင်မလေးဟာ ဘော့စ်ရဲ့ ဘာပဲဖြစ်နေ ဖြစ်နေ ရုံးကို ဒီလောက်ကြီး ဝင်ထွက်သွားလာနေဖို့ မကောင်းပါဘူး။ ဘော့စ်ရဲ့ Image ကို ထိခိုက်ပါတယ်"

"ထိခိုက်တော့ရော ဘာဖြစ်သလဲဗျာ။ လူ့ဘဝမှာ ဘာအပြစ်မှ ပြောစရာမရှိအောင် နေရတာ ပျင်းဖို့ ကောင်းပါတယ်"





"ဟား ... ဘော့စ်မှာ အဲဒီလို အတွေးအခေါ်တွေ ဘယ်တုန်းက ရောက်လာတာလဲ။ အိုး ... မိုင်ဂေါ့ဒ် ... ဘုရားသခင် ... ကယ်တော်မူပါ"

သူက ဘာမှမပြောဘဲ ကိုယ့်အလုပ်သာ ဆက်လုပ်သည်။ ခဏနေတော့ အန်ကယ်ဂျိမ်းက စကားဆက်ပြန်သည်။

"ဘော့စ် ... အဲဏီကိုရော မေ့ထားလိုက်ပြီလား။ ဒါမှမဟုတ် အဲဏီ့နေရာမှာ သူ့ကို အစားထိုးလိုက်တာလား"

"This's my personal ! "

"ပါဆင်နယ်လ် မဟုတ်တော့ဘူး ဘော့စ်။ ဘော့စ်ကို လေးစားမှုရှိလို့ ဝန်ထမ်းတွေက ဘာမှမပြောရင်သာ မပြောမယ် ...

စိတ်ထဲမှာတော့ စကားတွေ အများကြီး ပြောနေကြမှာပဲ။ ကျွန်တော် ဘော့စ်ကို အတိုင်းအတာ တစ်ခုထိ နားလည်ပါတယ်။ ဒါပေမဲ့ ဒီမိန်းကလေးက နေတာ ထိုင်တာ Standard နိမ့်လွန်းတယ် ...

ဆင်းရဲတာ ချမ်းသာတာကို Standard သတ်မှတ်တာ မဟုတ်ဘူး။ သူ့ရဲ့ Personality ကိုသာ ပြောတာဖြစ်တယ်"

အန်ကယ်ဂျိမ်းရဲ့စကားကြောင့် သူက အိတုံ့ရဲ့မျက်နှာကို ဖျတ်ခနဲ မြင်ယောင်ကာ နည်းနည်းအားနာပြီး သနားသွားရသည်။ ဒီလိုဖြစ်ဖို့ သူပဲ အကွက်ချစီမံပြီး သူ့အလိုကျ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးက ကြိုးစားသရုပ်ဆောင်ပေးခဲ့ရရှာတာပဲ မဟုတ်လား တကယ် သူမတို့ မိသားစုဟာ ရိုးရိုးသားသားနဲ့ ဖြူဖြူစင်စင် ရပ်တည်နေကြတဲ့ သူတွေသာ ဖြစ်သည်။

"အဲဒီလို မပြောပါနဲ့ အန်ကယ်ဂျိမ်း။ သူက ရိုးသားပါတယ်"

"ဘော့စ်က ဘာကို ရိုးသားတယ်လို့ မြင်နေသလဲ ဆိုတာ တော့ ကိုယ်လည်း ဘယ်လိုမှကို စဉ်းစားလို့ မရတော့တဲ့ ဖြစ်ရပ်ပဲ ...

ရိုးသားတဲ့ လူတစ်ယောက်ဟာ လူတွေကို ဒီလို ဆက်ဆံပါ့မလား ဘော့စ် Something is worng ! ၊ ကြာ ရင် ဒီကိစ္စကို လူကြီးမင်း သိသွားလိမ့်မယ်။ အဲဒီခါကျ ကိုယ်လည်း မကောင်းဘူး"

"မကောင်းစရာ အကြောင်းမရှိပါဘူး။ ကျွန်တော့်မှာ မိုက်ခဲ နိုင်တဲ့ ဦးနှောက်ရှိတယ်ဆိုတာ အဘိုးလည်း တွေးမိနိုင်ပါ တယ် ...

တစ်ခုခု ဖြစ်ခဲ့တယ် ဆိုရင်တောင် အန်ကယ်ဂျိမ်း မှာ တာဝန်မရှိပါဘူး"

သူ့စကားကို အန်ကယ်ဂျိမ်းက တစ်ခုခုပြောဖို့ ဟန်ပြင်နေတုန်းမှာပဲ သူ့ လက်ကိုင်ဖုန်းမှ ဖုန်းမြည်သံ ထွက်ပေါ် လာသည်။ တမူထူးခြားသော Ring Tone သံကြောင့် သူမဆီက ဆိုတာ အတပ်သိလိုက်ရသည်။ သူက အန်ကယ်ဂျိမ်းကို အဓိပ္ပာယ် ပါပါကြည့်ကာ ဖုန်းကိုဖွင့်ထူးလိုက်သည်။





"ပြော ... အိတုံ"

"ရှင် အားသလား"

"နောက်တစ်နာရီ ဆိုရင်တော့ အားမယ်။ ပြော ... ဘာ လုပ်ချင်လို့လဲ"

"ရှင့်အတွက် Relax ဖြစ်မယ့် တစ်နေရာကို ခေါ်သွားမလို့"

"ပြောပါဦး ... ဘယ်နေရာလဲ"

"Country Style ရှိတဲ့ တစ်နေရာပေါ့။ ရှင်ကြိုက်တဲ့ ကျေးလက်စတိုင်လ်လေ"

"အင်း ... စိတ်ဝင်စားပါတယ်၊ အိုခေလေ နောက်တစ်နာရီ ကျရင် ငါဆီ မင်း ရောက်လာခဲ့"

"ကောင်းပြီ ... ဒါပဲနော်"

သူမက ဖုန်းချသွားလျှင် လူက လုပ်လက်စအလုပ် ကို ဆက်လုပ်ဖို့ အာရုံထည့်လိုက်သည်။ အန်ကယ်ဂျိမ်းကတော့ ဘာမှမတတ်နိုင်တော့ဟန်ဖြင့် အနားက ထွက်ခွာသွားလေသည်။ နှစ်ပေါင်းများစွာ တွဲလာသော အတွေ့အကြုံအရ အန်ကယ်ဂျိမ်း ခေါင်းထဲတွင် အစီအစဉ်တစ်ခု ပြေးလွှားနေပြီ ဆိုတာ သိလိုက် သည်။ ဒါပေမဲ့လည်း သူ ကျေနပ်သည်။ ခုချိန်ထိတော့ အရာ အားလုံးဟာ သူ မျှော်လင့်စီမံထားသည့်အတိုင်း ဖြစ်လာတာပဲ ဖြစ်တော့သည်။

နောက်တစ်နာရီ ကြာသောအခါ သူမ ရောက်လာ သည်။ ဒီတစ်ခါတော့ သိပ်ကိုးရိုးကားရား မဝတ်လာဘဲ အဖြူ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ချည်သားဂါဝန်တိုလေးတစ်ထည်ဖြင့် ဟုတ်တိပတ်တိ ရှိလှသည်။ သူမ ရောက်လာတာနှင့် သူက အန်ကယ်ဂျိမ်းကို တန်းချက်ပြုံးကြည့်ကာ ...

"ဂျိမ်းစ် ... ကျွန်တော်တော့ အလုပ်တွေ ဖြတ်ပြီးသွားပြီ။ မြို့ပြင်ထွက်ပြီး လေကောင်းလေသန့် ရှူမလား စဉ်းစားတာပဲ ...

ဒီတော့ အန်ကယ်ဂျိမ်းစ် အလုပ်ပြီးရင် ကိုယ့်ဟာကိုယ် ပြန်တော့။ ကျွန်တော်လည်း ကိုယ့်အစီအစဉ်နဲ့ ကိုယ် ပြန်လာမယ်"

"ကောင်းပါပြီ ဘော့စ်။ အစစအရာရာ ဂရုစိုက်ပါ။ ဖုန်းလုံးဝပိတ်မထားပါနဲ့လို့ မှာပါရစေ"

သူကတော့ ဘာမှမပြောရသေး။ သူမကပဲ အမြင်ကတ်ဖွယ်ကောင်းအောင် ခပ်သွက်သွက် ဝင်ပြောသည်။

"စိတ်ချပါရှင်။ အားဂျဲလ်ရှီးတို့ရဲ့ဘော့စ်ကို မှဲ့တစ်ပေါက်မစွန်းရအောင် အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်မှာပါ"

"မင်းကို ငါ မပြောပါဘူး။ မင်းက ဘာလို့ ဝင်ပြောနေရတာလဲ"

"ဩော် ... အားဂျဲလ်ရှီး ယုံကြည်အောင်လို့ပေါ့"

"မင်းနဲ့ ဆိုရင်တော့ လုံးဝမယုံကြည်ဘူး မိန်းကလေး။ မင်းရဲ့လုပ်ရပ်တွေက ILBC က မှုလတန်းကလေးတစ်





ယောက်လောက်တောင် အသိဉာဏ် မတိုးတက်ကြောင်း ဖော်ပြနေတာပဲ"

"အဲဒီလောက်လည်း မချီးကျူးပါနဲ့၊ ကျွန်မက ဗလာရောဇရော လက်ညှိုးတယ်နော် ... ဟင်း ဟင်း"

"ကဲ ... စကားတွေ လျှောက်ပြောမနေနဲ့တော့၊ သွားမယ် ဂျိမ်း(စ်) ဘိုင့် ဘိုင်"

သူက အန်ကယ်ဂျိမ်းကို မချိုမချဉ် မျက်နှာပေးဖြင့် အမင်ပင် လက်ချောင်းလေးတွေကို နှုတ်ဆက်ပြကာ အိတ်နှင့်အတူ ထွက်လာခဲ့သည်။ သူ ထွက်လာရာ လမ်းတစ်လျှောက်မှာ ဝန်ထမ်းတွေက ခေါင်းညွှတ်ပြီး အရိုအသေပေးကြသည်။ သူ့အောက်မှာ ကပ်လျှောက်ပြီး ပါလာသော သူမကိုပါ ဦးညွှတ်နေသလိုပင်။ သူက သူမကို မသိမသာ ငဲ့ကြည့်လိုက်လျှင် ဆရာကောင်းတပည့် ...န်းကောင်းပန်သော သူမက လူ့အမြင်ကတ်အောင်ပဲ မျက်နှာကို ...ော်ချိကာ ထားလေသည်။

သူက အဲဒီ မာန်တက်နေသောပုံစံကို သဘောတကျဖြင့် ကျိတ်ပြုံးမိသည်။ ခဏကြာသောအခါ သူ မောင်းသော ...ကားပေါ်မှာ သူမက ပါလာသည်။ အခုဆိုလျှင် သူ့ကားကို သူမ ...က ရင်းနှီးနေပြီမို့ ကားပေါ်က ပစ္စည်းတွေကို ဟိုဒီလျှောက်ကလိ ...ာတ်လာသည်။ သူမက ကလိနေပုံက မမြင်ဖူး မတွေ့ဖူးသဖြင့် ...တို့တို တို့တိလေးတွေ ကိုင်တွယ်ကာ အယ် ... ဆန်းတယ်တော့ ...သွားတယ်တော့ဟု တောသူမလေးသဖွယ် ရေရွတ်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ဒီကောင်မလေးရဲ့ ကပေါက်တိ ကပေါက်ချာစကားတွေက သူ့ကို တစ်မျိုးတစ်ဖုံတော့ Relax ဖြစ်စေသည်။

သူမက ကားပေါ်ရောက်တာနှင့် သူ ဖွင့်ထားသော အင်္ဂလိပ်သီချင်းခွေကို ပိတ်ကာ FM Radio ကို ချက်ချင်းဖွင့်သည်။

"ဘာဖြစ်လို့ ပိတ်လိုက်တာလဲ။ ငါ နားထောင်နေတဲ့ဟာကို"

"အာ ... အင်္ဂလိပ်သီချင်းကြီး ခံစားလို့ မရပါဘူး။ အခု သီချင်းက ဘယ်လောက်ကောင်းလဲ။ FM တွေ နားထောင်စမ်းပါ။ ခေတ်ရေစီးကြောင်းကို မြင်တွေ့ရလိမ့်မယ်"

သူမက ပြောရင်းမှ သီချင်းတစ်ပိုင်းတစ်စကိုတောင် လိုက်ဆိုပြလိုက်သေးသည်။

"ဟိုတုန်းကလိုမျိုး အချစ်ရေ ... ကိုယ့်ကို ချစ်သေးလား_ နှလုံးသားက ရင်ခုန်ခြင်းတွေ"

"မင်းက သီချင်းတွေ ကြိုက်တတ်လား"

"ကြိုက်တာပေါ့"

"ကြိုက်ရင်လည်း စိတ်ထဲကပဲလိုက်ဆို၊ ပါးစပ်က ဆက်ဆိုနေရင် အဲဒီသီချင်းကို ပိတ်ပစ်ရလိမ့်မယ်"

သူမက သူမတစ်ယောက်တည်းသာ လုပ်တတ်သော နှုတ်ခမ်းနှစ်ခုကိုထော်ပြီး မဲ့ရွဲ့ပြသည်။ သူ တစ်ခုခုပြောလေတိုင်း ကြိုးကျယ်တယ်ဟု သူမဘက်က သတ်မှတ်သည့်အခါတိုင်းမှာ အဲဒီစတိုင်လ်ကို လုပ်ပြတတ်လေ့ရှိသည်။





"နေပါဦး ... အခုက ဘယ်ကိုမောင်းရမှာလဲ"

"သန်လျင်ကို ... သန်လျင် နည်းနည်းအကျော်က ထန်းတော၊ အဲဒီမှာ ရှင့်ကို ထန်းရည်တိုက်မလို့"

"ထန်းရည် ! "

"Yes, This's Myanmar Tradinational Juice "

သူမက အဲဒီစကားကို ငါးပိသံစစ်စစ်ဖြင့် ပလုတ်တုတ်လောင်း ပြောလိုက်သောကြောင့် သူက ဟင်းခနဲ ရှုံ့မဲ့သွားမိသည်။ သူမက သူ အဲဒီလို ရှုံ့မဲ့တာကိုကြည့်ကာ တဟားဟားနှင့် ရယ်မောလေသည်။

"ရှင် ထရေ(ထန်းရည်)မသောက်ဖူးဘူးလား"

"ဘာထရေလဲ။ ထန်းရည်လို့ ပြောရမှာ မဟုတ်ဘူးလား"

"ဩော် ... မြန်မာစာ မြန်မာစကား မကြည့်ဖူးဘူးနဲ့တူတယ်။ ရေးတော့ ထန်းရည်၊ ဖတ်တော့ ထရေလေ။ အလကားပြောတာပါ ထင်တာလျှောက်ပြောတာ။ အညာဘက်ကလူတွေ ပြောတတ်ကြတာတော့ ထရေလို့ ပြောတာပဲ ...

အဲဒီ ထတော(ထန်းတော)လေးက သိပ်သာယာတာပဲလို့ ပြောတယ်၊ ရုပ်ရှင်တွေ ဘာတွေလဲ လာရိုက်တယ်တဲ့။ Country Style တွေ ကြိုက်တတ်တဲ့ ရှင့်ကို သတိရလို့ ဒီကို သွားရအောင် ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှမပြောတော့ဘဲ ပခုံးသာ တွန့်ပြလိုက်သည်။ ခမ်းနားသော အဆောင်အယောင်တွေကို စိတ်ကုန်သော ငြီးငွေ့သော သူ့အတွက်တော့ သူမသည် အပျင်းပြေအဖော်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်ဆိုလည်း မမှားပါ။ သူမနှင့် အတူတူ အခုလိုမျိုး Relax လုပ်ရတာဟာ သူ့စိတ်ကို တကယ်ပေါ့ပါးစေသည်။ လန်းလန်းဆန်းဆန်း ဖြစ်စေသည်။ ပေါက်ကရနှင့် ဗရုတ်သုတ်ခ လုပ်တတ်သော ကောင်မလေးကို တဖြည်းဖြည်းနဲ့တော့ သူ ခင်မင်လာရပြီဖြစ်သည်။

"Air Con ပိတ်ပြီး ကားမှန်ကို ချလိုက်မယ်။ သဘာဝလေ အေးအေးလေးကို ရှူရတာ မကောင်းဘူးလား"

"မကောင်းပါဘူး။ လေတိုးတာ စပ်ဖြုင်းဖြုင်းနဲ့။ မချနဲ့"

"ဟင် ... ရှင့်ဘက်က မချချင် မချနဲ့ပေါ့။ ကျွန်မကတော့ ချမှာပဲ။ အပြင်လေက သန့်ရှင်းပါတယ်။ ချလိုက်ပြီ"

မနိုင်စိန်မလေးက Air Con ကိုပိတ်ကာ ကားမှန်ကို ချသည်။ ပြီးတော့ FM က လာသော သီချင်းတွေကို အော်ဆိုလေသည်။ သူက မျက်လုံးပြူးကြည့်လိုက်လျှင် ဇက်ပုကား ပါးစပ်ကို လက်နှင့်ပိတ်ပြီး အသံတိတ်သွားသည်။ နောက်တော့ သူတို့နှစ်ယောက်မှာ သူမပြောသည့် ထန်းတောထဲသို့ ရောက်ရှိသွားလေသည်။ ခေတ်မီသော မြို့ပြကြီးဆီကနေ၍ တကယ့်ကို ကျေးလက်ရနံ့သင်းပျံ့နေသော ထန်းတောလေးဆီသို့ နာရီပိုင်းအတွင်း ရောက်လာတယ်ဆိုတာ ယုံချင်စရာတောင် မရှိပါ။





သူက ထန်းတောလေးရဲ့ဆည်းဆာအလှကို ငေးမောနေတုန်းမှာပဲ သူမထံမှ စကားသံ ထွက်လာသည်။

"ရှင် ထန်းရည် သောက်မှာလား"

"မင်း ငါ့ကို ခေါ်လာတာ အဲဒါသောက်ဖို့ပဲ မဟုတ်ဘူးလား"

"ရှင်ကလည်းလေ၊ ဒီရောက်တိုင်း ထန်းရည်သောက်ရမယ်လို့ ဘယ်သူက ဥပဒေထုတ်ထားသတုံး။ ကျွန်မက Location ကိုပဲ အဓိက ပြချင်လို့ ခေါ်လာတာ ...

အိုခေ... သောက်မယ်ဆိုလည်း မှာရတာပေါ့။ ဒီမှာ ဒီဝိုင်းကို ထန်းရည်တစ်မြူချပေး၊ အမြည်းက ဘာရလဲ"

"ပဲကြမ်းသုပ်၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ငါးကြော်၊ ထမင်းသုပ်၊ အမဲခြောက်ကြော်၊ ကြက်ဥကြော်"

"အင်း ... ပဲကြမ်းသုပ်တစ်ပွဲ၊ အမဲခြောက်ကြော်တစ်ပွဲ ချပေး"

သူမနဲ့ သူက ဘူးစင်လေးအောက်က စားပွဲဝိုင်းလေးမှာ ဝင်ထိုင်ကြသည်။ တကယ့်ကို သစ်ရိပ်ဝါးရိပ်ဖြင့် အေးမြသော နေရာမျိုးပင်။ ဘာပကာသနမှ မရှိသော ငြိမ်းချမ်းသော နေရာလေးကို သူ တကယ်ပဲ နှစ်ခြိုက်သွားပါသည်။ ခဏကြာသောအခါ သူတို့မှာထားသော ထန်းရည်တစ်မြူနှင့်အတူ ပဲကြမ်းသုပ်၊ အမဲခြောက်ကြော် ပန်းကန်တွေ ရောက်လာသည်။

သူမက သူ့ကို ထည်းရည်မြူအိုးထဲမှ ထန်းရည်တစ်ခွက် ငှဲ့ပေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော့ မသောက်နဲ့။ မူးသွားလို့ လဲသွားရင် ကျွန်မ ကားမမောင်းတတ်ဘူးနော်"

"ဒါက မူးလို့လား"

"မူးတာပေါ့။ ဒါက ထန်းရည်အခါး ဖြစ်သွားပြီလေ။ ထန်းရည်က အချိုနဲ့အခါး ဆိုပြီး နှစ်မျိုးရှိတယ်။ မနက် ပိုင်းရတဲ့ ထန်းရည်ဟာ အချိုလေ။ အဲ ... သူက နေကျော် သွားရင် ခါးသွားပြီ။ ဆယ့်နှစ်နာရီကျော်သွားရင် ခါးသွား ပြီ။ ထန်းရည်အခါးက မူးတယ်။ အများကြီးသောက်ရင် ပေါ့ ...

သောက်ကြည့် ... ကောင်းလားလို့"

သူက တစ်ငုံ ယူမြည်းကြည့်သည်။ ချဉ်စုပ်စုပ် ခါး တားတားမို့ နည်းနည်းရှုံ့မဲ့သွားသော်လည်း မျိုတော့ချလိုက်သေး သည်။ သူ ရှုံ့မဲ့သွားပုံကို သူမက တဟီးဟီးရယ်ကာ အမဲခြောက် ပန်းကန်ကို ရှေ့သို့ တွန်းပေးသည်။

"အမြည်လေးပါ တွဲစားရတယ် Boss ရဲ့။ ရော ... မြည်း"

သူက အမဲခြောက်ကြော် တစ်ဖတ်ကို ကောက်ဝါး လိုက်သည်။ ဒါကတော့ တော်တော်အရသာကောင်းသည်။ မည်း တူးတူး တွန့်လိမ်လိမ် အမဲခြောက်ဟာ ဒီလောက် အရသာရှိ လိမ့်မည်ဟု သူ မထင်ခဲ့ပါ။ နောက်တစ်ဖတ်ကို ကောက်ဝါးရင်း မှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောမိသည်။





"ဒါ မဆိုးဘူး။ ကောင်းသားပဲ။ ဒီအစားအစာကို ဘယ်လို လုပ်သလဲ၊ မင်း သိလား"

သူမက သိရတယ်လေ ဟူသော ပုံစံမျိုးဖြင့် မျက်နှာ ထားကို ပင့်ချီလိုက်သေးကာ ပဲကြမ်းသုပ်တစ်ဇွန်းကို ကောက်ဝါး ပြီးတော့မှ ပြောသည်။

"သိပ်သိတာပေါ့။ ကျွန်မ အမေ လုပ်ရောင်းတဲ့ ဟင်း အမြည်းတစ်မျိုးလေ၊ တကယ်တော့ အမဲခြောက်တို့ ဆိတ် သားခြောက်၊ ဆတ်သားခြောက်တွေဆိုတာ အညာဘက်က အစားအသောက်တွေပါ ...

အသားတွေ ပိုတဲ့အခါ အလကား မဖြစ်အောင် တာရှည်ခံပြီး စားသုံးလို့ရအောင် သဘာဝနည်းနဲ့ တီထွင် ထားတဲ့ ပုံစံတစ်မျိုးပဲ။ ရေခဲသေတ္တာတွေ မပေါ်ခင်၊ စည် သွပ်ဘူးတွေ မပေါ်ခင်တည်းက မြန်မာတွေက မြန်မာ့စလေ့ မြန်မာ့နည်းပညာနဲ့ တာရှည်ခံ ဆိုဆေး ဓာတုဗေဒနည်း မပါ ဒီအခြောက်အခြမ်းတွေကို တီထွင်ခဲ့တာ ...

သူက အမဲသားကို အရှည်လိုက်ရအောင် မျှဉ်းပြီး ဆား၊ ဆနွင်းနယ်လိုက်တာပဲ၊ ဒီဘက်ခေတ်မှာတော့ အချို မှုန့်ပါ ထည့်သုံးလာတာပေါ့။ တချို့က သံပရာသီးတစ်လုံး လောက်ပါ ညှစ်ထည့်တယ်။ ပြီးရင် နယ်တာပေါ့။ ဆီ ထည့်စရာ မလိုဘူး။ အဲဒီအသားကို ရေဆေးစရာမလိုဘူး။ ရေဆေးရင် အသားက အူသွားတတ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ သမအောင်နယ်ထားတဲ့ အသားတွေကို သ
ချောင်းမှာ ထိုးဖောက်သီပြီးတော့ နေလှန်းတော့တာပဲ
အညာနေပူပူမှာ နှစ်ရက်လောက် လှန်းလိုက်ရင် အမဲခြောက်
ကို ရပြီပေါ့။ အဲဒါကိုမှ ဖုတ်ပြီးစားရင်စား မစားချင်ရင်
ခရမ်းချဉ်သီး အနှစ်ကျဲလေးနဲ့ ဆီလည်ရေလည် အမဲခြောက်
ဟင်းလေး ချက်စားရင်စား၊ ဒါမှမဟုတ် အမဲခြောက်ကြော်
ကြွပ်ကြွပ်လေး ကြော်စားရင်စား အဲသလိုပေါ့"

သူမက Guide သဖွယ် သူ့ကို စိတ်ရှည်လက်ရှည်
ရှင်းပြနေလျှင် သူက ထန်းရည်အခါးကို သောက်ရင်းမှ ခေါင်း
တဆတ်ဆတ် ညိတ်ပြနေမိသည်။ သူမ စားနေသော ပဲကြမ်းသုပ်
ကလည်း စားလို့ကောင်းသည်။ အေးမြသောလေပြည်ရယ်၊ ဘူးစင်
အောက်က အရိပ်အာဝါသရယ်၊ လေထု ညစ်ညမ်းမှုမရှိသော
ဆူညံသံတွေ မရှိသော နေရာလေးဟာ တကယ်စိတ်ချမ်းသာစရာ
ကောင်းသည်ဟု ထင်မိပါသည်။

"ရှင့်ကိုလေ အစက ကြီးကြီးကျယ်ကျယ်တွေ ကြိုက်မယ်
လို့ ထင်ထားတာ။ ခုတော့ ရှင်က ထင်ထားတာနဲ့ တခြား
စီပဲ ဖြစ်နေတယ်"

အဲဒီအပြောကိုတော့ သူက တစ်စုံတစ်ရာ မပြောဆို
အမဲခြောက်တစ်ဖတ်ကိုသာ ကောက်ဝါးရင်း ပြုံးနေမိသည်။ သူမ
ကပဲ ပဲကြမ်းသုပ်တစ်ဇွန်းကို ထပ်ဝါးကာ ဆက်ပြောပြန်သည်။

"ရှင့် ရည်းစားနဲ့ရော အဆင်ပြေရဲ့လားဟင်"





ထင်မှတ်မထားသော သူမရဲ့မေးခွန်းကြောင့် သူက
သူမကို ငုံကြည့်ဖြစ်သွားသည်။

"မင်း ဘာဖြစ်လို့ မေးတာလဲ"

"သိချင်လို့ပေါ့၊ ဒီလိုတွေ ရှင်လုပ်နေတာ ရှင့်ရည်းစားနဲ့
နီးစပ်ဖို့ အဆင်ပြေဖို့ပဲ မဟုတ်လား"

"သူနဲ့ အဆင်ပြေပါတယ်"

"ရှင်တို့က သိပ်ချစ်ကြတဲ့ ချစ်သူတွေလားဟင်"

"ဘာဖြစ်လို့ သူများအကြောင်းတွေ စပ်စုနေတာလဲ။ ကိုယ့်
ဟာကိုယ် စားမှာသာ စားစမ်းပါ"

"စပ်စုတာမဟုတ်ပါဘူး။ ရှင်က ဒီလိုတွေတောင် ဓာတ်ကွက်
တွေ ဖန်တီး၊ ငွေကုန်ကြေးကျတွေ ခံထားတော့ တော်တော်
ချစ်ပြီး အဆုံးရှုံးမခံနိုင်လို့နဲ့ တူတယ်လို့ ထင်လို့ပါ ...

ဒီလောက် ချစ်တာတောင် သူ့အကြောင်း တစ်ခါမှ
ပြောမပြဘူးနော်။ သူ့ဓာတ်ပုံလေးရော မရှိဘူးလား။ ရှိမှာ
ပါ၊ ပြကြည့်ပါလား၊ သူက ချောလားဟင်"

သူက အမေးအမြန်းထူနေသော သူမကို ခပ်တင်း
တင်း တစ်ချက်ကြည့်လိုက်ပြီးတော့မှ ...

"စပ်စုမနေနဲ့။ မင်းကို ပြောပြဖို့ စိတ်ကူးမရှိဘူး။ ကဲ ...
သွားမယ်"

"ဟင် ... ပြန်တော့မလား။ နေပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"မနေနိုင်ဘူး၊ ပြန်တော့မယ် ... ထ"

"အမယ်လေး ... သူ့ရည်းစားလေးအကြောင်း မေးမိ
တယ်။ မျက်နှာက ချက်ချင်းဖြစ်သွားလိုက်တာ။ အဲဒါ
ပြောလိုက်တာနဲ့ ဘာဖြစ်သွားမှာမို့လို့လဲ"

"ငါက ငါတို့အကြောင်းကို မင်းကို ပြောပြစရာလား
နောက်ထပ် မမေးနဲ့၊ ငါ မကြိုက်ဘူး"

သူက အဲဒီလို ပြောလိုက်လျှင် သူမ မျက်နှာ
ဖျတ်ခနဲ တည်သွားသည်။ သူ့စကားကို သူမ ထိသွားပြီဆိုတာ
သူ သဘောပေါက်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်
သူမကလည်း သူမပင် နေရာတကာ စပ်စပ်စုစု လုပ်တတ်တာ
ကို သူကလည်း နည်းနည်းမှ မကြိုက်ချေ။ အဲဒီလို ခပ်တည်တည်
နှင့် ပိတ်ဟောက်လိုက်လျှင်လည်း သူမက မျက်နှာပျက်သွားကာ
ဘာစကားမှ မပြောဘဲ ငြိမ်သက်သွားတော့သည်။

အဲဒီနောက် ရန်ကုန် ပြန်လာသည်အထိ သူတို့နှ
ယောက်မှာ စကားဆက်မပြောဖြစ်တော့ချေ။ သူမနေသော တိုက်
ရှေ့သို့ရောက်၍ သူက ကားရပ်ပေးလိုက်လျှင်လည်း သူမက
နှုတ်ဆက်စကားတောင် မဆိုဘဲ ကားတံခါးကို ဆောင့်ပိတ်ခြင်း
ဖြင့် သူ့ကို ဂုဏ်ပြုလိုက်သေးသည်။ အဲဒီကောင်မလေးကို သူ
အမြင်ကတ်တာ အဲဒါတွေ ဖြစ်သည်။ နည်းနည်းလေးမှ မယဉ်
ကျေးတတ်။





သူမ မေးခဲ့သော အဲဇာနှင့်သူဟာ ဝေးဆဲ ဝေးနေ
ပြီ၊ တစ်ယောက်ရှိရာသို့ တစ်ယောက်ကမလာနိုင်သော အခြေ
နေလည်း ဖြစ်သေးသည်။ သူ့အဘိုးဟာ သူ့ကို စင်ကာပူသို့သွား
ခိုင်းစာ ပိတ်ထားပြီး အိတုံသည်လည်း သူမရဲ့မိဘတွေက ဒီကို
ခွင့် ပိတ်ပင်ထားသည်ဟု သိရသည်။ ဒါကြောင့် သူတို့အချစ်
သည် စိုးရိမ်ရေမှတ်သို့ ရောက်နေသည်ဟု ပြောရ၍ရလေသည်။

○❦○



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"အံမယ် ... ထူးထူးခြားခြား အိမ်မှာ ငြိမ်သက်လို့ပါလား။ ဒီနေ့ ဘဲဘဲနဲ့ သွားမတွေ့ဘူးလား"

အပြင်က ပြန်လာသော ရွှေဝါက အိမ်ထဲတံခါးဖွင့်ဝင်လိုက်တာနှင့် အိတုံကို မြင်သောအခါ မေးလိုက်သောစကားဖြစ်သည်။ အိတုံနဲ့ ရွှေဝါဟာ အိမ်သော့ တစ်ယောက်တစ်စုံစီ ကိုင်ထားကြပြီး ကိုယ့်သော့နဲ့ကိုယ် ဖွင့်ဝင်ကြသူတွေဖြစ်သည်။ တစ်နေ့တည်းက ထည်ဝါခန့်နှင့် ထန်းရည်တောထဲမှာ တွေ့ဆုံပြီးနောက်ပိုင်း နှစ်ရက် သုံးရက်လောက် ဘယ်မှမသွားဘဲ အိမ်ထဲ အောင်းနေခဲ့တာဖြစ်သည်။ စိတ်ထဲတွင်လည်း ဘာကို ဝမ်းနည်းဒေါသထွက်မှန်းမသိ ထွက်နေခဲ့သည်။

"ဟဲ့ ... နင် ဘာဖြစ်နေတာလဲ။ တစ်ခုခု ဖြစ်နေတာလား"

"ဘာမှ မဖြစ်ပါဘူးဟာ"





"အောင်မာ ... ငါ့ကို လာလိမ်မနေနဲ့၊ နင့်မျက်နှာကိုကြည့်တာနဲ့ နင် ဘာဖြစ်နေတယ်ဆိုတာ သိတယ်"

"ဒါဆိုလည်း ပြောလေ။ ဘာဖြစ်တာလဲ"

"ဩော် ... အဲဒီလိုကြီး အတိအကျ ပြောနိုင်ရအောင် ငါက အကြားအမြင် ရနေတာမှ မဟုတ်တာဟဲ့။ ဒါပေမဲ့ နင် တစ်ခုခု ဖြစ်နေတယ်ဆိုတာတော့ ရိပ်မိတာပဲလေ။ ကဲပါ နင် ဖြစ်နေတဲ့ကိစ္စက ထည်ဝါခန့်နဲ့ ပတ်သက်နေတယ် မဟုတ်လား။ သူနဲ့ ဘာပြဿနာ တက်ထားပြန်ပြီလဲ"

"ပြဿနာတက်တယ်တော့ မဟုတ်ပါဘူးဟာ"

"အဲဒါဆို ဘာဖြစ်တာလဲ"

ရွှေဝါရဲ့ နားမလည်သလိုအမေးကို အိတုံက ခေါင်းတစ်ချက်ယမ်းပြကာ ထိုင်ရာမှ ထသွားပြီးနောက် ပြတင်းပေါက်သို့ မျက်နှာမူပြီး သွားရပ်မိသည်။ အပြင်ဘက်မှာ မိုးဖွဲဖွဲလေးဆွေ ကျနေသည်။ အိတုံသည် အဲဒါကို ငေးရင်းမှ ရွှေဝါ့ကို စကားပြောမိသည်။

"ငါတို့ဟာ အထင်သေးခံရတဲ့ ဘဝမျိုးများ ဖြစ်နေလားမသိဘူးနော် ရွှေဝါ"

"ဘာဖြစ်လို့လဲ၊ နင့်ကို သူက ဘာအထင်သေးတဲ့စကားပြောနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အထင်သေးတဲ့စကား ပြောတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူ ဆက်ဆံတဲ့ သူ့ရဲ့ပုံစံတချို့မှာ ငါ့ကို အရေး လုပ်စရာ မလိုဘူး၊ အဖက်လုပ်စရာ မလိုဘူးဆိုတဲ့ ပုံစံမျိုး တစ်ခါ တစ်ခါ ပါနေတယ်ဟ ...

ငါတို့ ဆင်းရဲတယ်၊ ငါက သူ့ဆီက ပိုက်ဆံယူပြီး သူ့ကို ကူညီပေးနေတယ်ဆိုတဲ့ အပေါ် တစ်ခါ တစ်ခါ သူက အလုပ်ရှင်နဲ့ အလုပ်သမားဆိုတဲ့ ပုံစံကြီးနဲ့ ခွဲခြား ခွဲခြား ဆက်ဆံချင်တယ်။ အဲဒါကို တစ်ခါတလေကျရင် ငါ feel ဖြစ်တယ်ဟ"

အိတုံရဲ့စကားကို ရွှေဝါက နားလည်ဟန်ဖြင့် ထိုင်ရာမှ ထလာသည်။ ပြီးတော့ အိတုံ အနားသို့ လျှောက်လာပြီး နောက် ပခုံးတစ်ဖက်ကို ဖွဖွဆုပ်ကိုင်ကာ ...

"အဲဒီတော့ နင်က ဘာလုပ်ချင်လဲ။ ဒီအလုပ်ကို ဆက်မ လုပ်ချင်တော့ဘူးလား"

"အဲလိုလည်း မဟုတ်ပါဘူး။ အခု ဒီ Plan ကို စ,လုပ်လာ တာ နှစ်လကျော် သုံးလထဲ ရောက်လာပြီ။ သူ့ဟာက ဘယ်အချိန်ကျမှ ထူးခြားပြောင်းလဲမယ် ဆိုတာလည်း မသိရဘူး ...

ငါ့သဘောက မြန်မြန်ပြီးပြတ်စေချင်ပြီ။ ဒါကြောင့် ခပ်ကြမ်းကြမ်းတွေတောင် လျှောက်လုပ်ပစ်ရမလား စဉ်းစား မိတယ်"





"အင်း ... စောင့်တော့ ကြည့်ဦးပေါ့ဟာ။ တစ်ခုခု ထူး လာတာတော့ ရှိရင် ရှိမှာပေါ့"

ပြောလို့မှ မဆုံးသေး။ စားပွဲပေါ်မှာ တင်ထားသော အိတုံရဲ့ဖုန်းမှ မြည်သံ ထွက်ပေါ်လို့လာသည်။ အိတုံနှင့် ရွှေဝါ သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးသောအခါ အိတုံက ဖုန်းကိုဖွင့်လိုက်သည်။ ဖုန်းက ထည်ဝါခန့်ဆီက ဖုန်း ဖြစ်ပါသည်။

"ဟယ်လို"

"မင်း ဘာလုပ်နေတာလဲ"

"မတ်တတ်ရပ်နေတာ"

"ကျွတ် ... အဲဒါကို ပြောနေတာ မဟုတ်ဘူး။ ကြားထဲ သုံးရက်လောက် ငါ့ဆီကို ဖုန်းမဆက် ရောက်မလာဘဲ ဘာတွေလုပ်နေလဲလို့ မေးနေတာ"

"ဘာမှမလုပ်ဘူး။ ဇိမ်နဲ့ နှပ်နေတယ်"

"ဘာပြောတယ်။ မင်းကို ငါ ငှားထားတာ ဇိမ်နဲ့နှပ်နေဖို့ မဟုတ်ဘူးဆိုတာ မင်း သိရဲ့လား"

"ဒီမှာ ကျွန်မကို ငှားထားတယ်၊ ငှားထားတယ်နဲ့ ရှင် သုံးစရာ မလိုပါဘူး။ ရှင် မငှားချင်ရင်လည်း အခုချက် ချင်း အလုပ်ဖြုတ်လိုက်လို့ ရတယ်"

"နေစမ်းပါဦး၊ မင်းကို ငါက ငှားတယ်လို့ မသုံးလို့ ဘယ် လိုသုံးရမှာလဲ။ ဝယ်ထားတယ်လို့ သုံးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ချက်ကျလက်ကျ ပြောသောအခါ အိတုံက ဘာမှပြန်မပြောနိုင်ပါ။ နှုတ်ဆိတ် နှုတ်ပိတ်နေတုန်းမှာပဲ သူ့ထံက စကားသံ ထွက်ပေါ်လာပြန်သည်။

"မင်း ခရီးထွက်ရမယ်။ အဲဒါ တစ်ပတ်စာ အဝတ်အစား ထည့်ထားပါ။ ညနေ ကားလာကြိုလိမ့်မယ်"

"ဟင် ... ဘယ်ကိုသွားရမှာလဲ။ ကျွန်မ တစ်ယောက်တည်းလား"

"နိုး ... နိုး။ မင်းရယ် ငါရယ် ငါ့ရဲ့မစ္စတာဂျိမ်းရယ်ပေါ့။ ငါ့အလုပ်ကိစ္စအတွက် ချောင်းသာက ဟိုတယ်ကို သွားရမှာ ...

အိုခေ ... အဲဒီတော့ အဝတ်အစား အထုပ်အပိုး ပြင်ထားပါ။ ဒီနေ့ ညနေ ငါးနာရီမှာ ရယ်ဒီ ဖြစ်ပါစေ"

"ဟင် ... ကျွန်မ တစ်ယောက်တည်းလား၊ မွှေဝါ့ကိုရော မခေါ်ရဘူးလား"

"ခေါ်ခွင့်မရှိဘူး။ ကဲ ... အပိုစကားတွေ သိပ်မပြောနဲ့ အမိ။ ဒီခရီးစဉ်ဟာ မင်းနဲ့ ငါနဲ့အတွက် ထူးခြားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်သွားနိုင်တယ် ...

မင်းလည်း မင်း တက်ချင်တဲ့သင်တန်း တက်ရနိုင်သလို ငါလည်း ငါ့ချစ်သူနဲ့ မြန်မြန်နီးစပ်ခွင့် ရသွားနိုင်တယ်။ အိုခေ ... ရယ်ဒီ လုပ်ထားတော့"





သူက ပြောပြီးတာနှင့် ဖုန်းချသွားသည်။ အိတုံသည် ခုချိန်ထိ ရှော့ရသလိုဖြစ်ကာ ဖုန်းကို မယုံနိုင်သလို စိုက်ကြည့်နေသည်။

မွှေဝါက အနားသို့ ရောက်လာကာ အိတုံရဲ့လက်ထဲကဖုန်းကို ဆွဲယူပြီး စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

"ဘာတဲ့လဲ၊ စင်ကာပူ ဗန်ကောက် ရှော့ပင်းထွက်ရမယ်တဲ့လား"

"ဟုတ်နေဦးမယ်။ ချောင်းသာတဲ့ဟေ့"

"ဟော ... ချောင်းသာဆိုလည်း မိုက်တာပဲ။ သူတို့ဟိုတယ်မှာ တည်းရမှာနော်။ ဟိုတယ်က လန့်ထွက်နေတာ။ နင်ရော ငါရော တစ်ခါမှ ချောင်းသာမရောက်ဖူးဘူး မဟုတ်လား။ ကောင်းတာပေါ့ ...

ဟယ် ... ငါပါ လိုက်ချင်လိုက်တာ။ ဘာတဲ့လဲ။ အစုတ်ပလုတ်ကြီးက ငါ့ကိုကျတော့ မခေါ်ဘူးတဲ့လား"

"ဟုတ်တယ် မခေါ်ဘူးတဲ့။ သူက ပြောတယ်၊ ဒီခရီးဟာ သူနဲ့ ငါ့အတွက် ထူးခြားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်သွားနိုင်တယ်တဲ့ ....

ဒါကြောင့် နင့်ကို မခေါ်တာတဲ့။ ဟင်း ... ငါစိတ်ညစ်လိုက်တာဟာ။ ဘာတွေ ဘယ်လိုဖြစ်ဦးမလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ပြောတတ်တော့ဘူး။ နှင့်ကို ချောင်းသာအထိ တောင် အတူခေါ်သွားတယ်ဆိုတဲ့ သတင်းကို သူ့အဘိုးနား အထိ ပေါက်ကြားစေချင်လို့ နေမှာပေါ့ ...

အဲဒါဆိုရင် နှင်တို့အတွက် သူ့ ပြောသလို ထူးခြားမှု တစ်ခု ဖြစ်လာနိုင်တာပဲလေ။ အဲလို ထူးခြားသွားတော့ လည်း ကောင်းတာပေါ့ဟာ။ မြန်မြန်ကိစ္စပြတ်တော့ မြန်မြန် နားအေးတာပေါ့"

ရွှေဝါရဲ့စကားကို အိတုံက ဘာမှပြန်မပြောမိတော့ ချေ။ စိတ်ထဲမှာတော့ ထွန်းအိမ့်ြွှာဗိုဏ် သိချင်းလိုသာ "ဘာတွေ ဖြစ်ဦးမလဲ"ဟု အော်ဟစ်ပစ်ချင်နေမိတော့သည်။

○ ❦ ○





## ၁၉

ထည်ဝါသည် ချောင်းသာကို သူ ဦးစီးဦးဆောင် ပြုလုပ်မည့် အလုပ်ကိစ္စတွေကြောင့် ရောက်လာခဲ့ရခြင်းဖြစ်သည်။ နဂိုရှိသော ဟိုတယ်များကို သိတင်းကျွတ်အတွက် Promotion အစီအစဉ်တွေ ပြုလုပ်ဖို့ရယ်၊ နောက်ထပ်လည်း လူအများစု သက်သောင့်သက်သာနှင့် အဖိုးနှုန်းချိုချို တည်းခိုနိုင်ရန်အတွက် သပ်ရပ်လှပကာ ဝန်ဆောင်မှုမြင့်သော မိုတယ်ကြီးတစ်ခု ဆောက် လုပ်ဖို့အတွက် မြေနေရာအသစ်ကိုလည်း လာကြည့်တာလည်း ဖြစ်သည်။ သူ့စိတ်ကူးက လူတိုင်း ခရီးသွားလာနိုင်ဖို့ အပန်းဖြေ နိုင်ဖို့ ရည်ရွယ်သည်။ ဒါက ချောင်းသာတစ်ခုတည်းတင် မဟုတ် ချေ။

မြန်မာနိုင်ငံရှိ အထင်ကရ အပန်းဖြေခရီးသွားလို့ ရသည့် နေရာဒေသတိုင်းမှာ စီစဉ်ဆောင်ရွက်သွားမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို နွေးသက်သက်သာသာဖြင့် ခရီးတွေ သွားရလျှင် ခရီးသွားလုပ်ငန်းက ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ရသည်။ ဒါကြောင့် မိုးခိုးတိတ်စက်ရုံဖြစ်သော ဒီအလုပ်ကို သူက စိတ်ဝင်တစားဆောင်ရွက်နေတာဖြစ်သည်။ သူ၊ သူမနှင့် အန်ကယ်ဂျိမ်း ပါဝင်သောကားဟာ ရန်ကုန်မြို့မှ ညနေခြောက်နာရီတွင် ထွက်ခွာခဲ့ပြီးနောက် ချောင်းသာသို့ မနက်သုံးနာရီလောက်မှာ ရောက်လေသည်။ သူတို့နေသော ဘန်ဂလိုက သီးသန့်တွေဖြစ်ကာ ညှိသည်တွေတည်းခိုသော ဘန်ဂလိုနှင့် မတူချေ။ သူက နှစ်ယောက်ခန်းကိုစီစဉ်ထားသောကြောင့် သူမ ရှိသော အခန်းထဲသို့ ဝင်လိုက်တော့မှ သူမက မျက်လုံးပြူးဖြင့် အော်တော့တာဖြစ်သည်။

"ဟင် ... ရှင် ... ဒါ ဘာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲ။ ဒီအခန်းက မင်းနဲ့ ငါနဲ့ အတူတူနေရမှာလေ"

"ဘာပြောတယ်။ အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ဘာအဓိပ္ပာယ်မှ မဟုတ်ဘူး။ နေရမယ်ဆိုတာ နေရမယ်ဆိုရုံလောက်ပဲ၊ ဒီ့ထက်ပိုပြီး ဘာမှအစွန်းမထွက်ဘူး"

"ဟာ ... ဘာကို အစွန်းမထွက်တာလဲ။ ဒီအခန်းထဲမှာ ရှင်နဲ့ ကျွန်မက အတူတူနေပြီး ဘာလုပ်ကြမှာတုန်း"

"ဒါကတော့ မင်းအပေါ် မူတည်တယ်လေ"

"ဘာပြောတယ် ! "





"ဟော့ ... သိပ်မအော်စမ်းပါနဲ့ကွာ။ နားငြီးတယ်။ ဒါ အဲဒီလောက်ကြီး ဖြစ်ပျက်ပြနေစရာ ကိစ္စမဟုတ်ဘူး။ မင်းနားလည်အောင် အရှင်းဆုံး ပြောရရင် မင်းနဲ့ ငါနဲ့ကို အထင်လွဲအောင် တမင် ဒီလို လုပ်ရတာပဲ ...

ရှင်းပြီလား။ တို့ အခြေအနေဟာ ဒီလို အနေအထားဆိုတာ အန်ကယ်ဂျိမ်း သိစေရမယ်။ အဲဒါပဲ"

အိတုံသည် သူ့ကိုကြည့်ကာ ပါးစပ်အဟောင်းသားဖွင့်လျက်ရှိသည်။ သူ့စကားတွေဟာ သိပ်မြင့်လွန်းသောကြောင့် ချက်ချင်း ဘာမှပြန်မပြောနိုင်ချေ။

"အဲ ... အဲဒီလောက်ကြီး လိုလို့လား။ ရှင် ... ရှင်ပြောတော့ ရှင်နဲ့ ရည်းစားဖြစ်ရုံဆို။ ရှင့်အဘိုးက ကျွန်မလို ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်နဲ့ သဘောမတူဖြစ်အောင်ဆို"

"အင်းလေ ... အဲဒါတွေ ဖြစ်ဖို့အတွက် ဒီလိုဗျူဟာတွေ လိုတယ်လေ"

သူက ဘာမှအရေးမကြီးဟန်ဖြင့် ခပ်အေးအေးပဲ ပြန်ပြောလေသည်။ အိတုံသည် သူ့ကို စိုက်ကြည့်ရင်းမှ အသားတွေတောင် တဆတ်ဆတ်တုန်လာသလို ခံစားရသည်။ ဒေါသသွေးက နားထင်မှာ တဒိတ်ဒိတ် တိုးနေသည်။

"ဘာမှမဆိုင်ဘူး။ ရှင် ဒါ သက်သက် ..."



www.burmeseclassic.com

www.burmeseclassic.com



သူက အိတုံကို မျက်မှောင်ကြုတ်ပြင့် ဆတ်ခနဲ မော်ကြည့်ကာ ...

"ဘာလဲ ... မင်းကို ငါက တစ်ခုခု အသားယူချင်တာမို့ လို့ ဒီလိုလုပ်တယ်လို့ ထင်နေတာပေါ့၊ ဟုတ်လား"

အိတုံက ဘာမှမပြောဘဲ အံကို တင်းတင်းကြိတ် ထားမိသည်။ သူက စိတ်ပျက် စိတ်ရှုပ်ဟန်ဖြင့် ကျစ်ခနဲ စုတ်သပ်လိုက်လျှင် အိတုံသည် အဲဒီပုံစံကို အသည်းခိုက်အောင် နာသွားရသည်။

"ဟား ... မင်းတို့က ဝေးတယ်ကွာ။ နေစမ်းပါဦး ဒီလို ကိစ္စမျိုးတွေနဲ့ ပတ်သက်ပြီး မင်းမှာ ကြားဖူးနားဝ ဗဟုသုတ လေး ဘာလေးတောင် မရှိဘူးလား။ မင်း သူငယ်ချင်းက မော်ဒယ် မဟုတ်လား။ အေး ... အပြင်လောကမှာ ဖြစ် ပျက်နေတဲ့ ဒီလို ဆက်ဆံရေးမျိုးတွေ မင်း မကြားဖူးဘူး လား ...

မင်းနဲ့ ငါနဲ့ အနေအထားဟာ သိပ်ကို ဆွတ်ပျံ့ဖွယ် ကောင်းတဲ့ Very Romantic ဇာတ်လမ်းအဖြစ် သရုပ်ဆောင် ရမှာ မဟုတ်ဘူးနော်။ ငါက ငါချစ်သူကို သိပ်ချစ်တဲ့ ယောက်ျားတစ်ယောက် ဖြစ်ထဲ့အတွက် မင်းကို တယုတယ ချစ်နေတဲ့ အဖြစ်မျိုး သရုပ်ဆောင်ရင် ဒီဇာတ်လမ်းက လုံးဝယုတ္တိရှိမှာ မဟုတ်ဘူး ...





ငါက မင်းကို ငါ့ရည်းစားနေရာမှာ သာယာမှုတစ်ခု အတွက် အစားထိုးတာ။ မင်းက မပြည့်စုံတဲ့သူမို့ မင်းကို စပွန်ဆာပေးထားတာ။ မင်းကလည်း ငါ့ကို ငွေအတွက် လက်ခံတာ။ ငါတို့နှစ်ယောက်ရဲ့ ဒီလိုပတ်သက်မှုကို အဘိုး သိစေချင်တာ။ ဒါပဲ ...

အေး ... ဒီလိုဖြစ်ဖို့ မင်းနဲ့ ငါနဲ့က သရုပ်ဆောင် နေကြတာလေ။ အခု ဒီအခန်းထဲမှာ အတူနေတယ်ဆိုတာ လည်း တကယ်ပဲ မင်းနဲ့ ငါနဲ့က ဘာပတ်သက်မိမှာမို့လဲ။ ဒီအခန်းက ဒီလောက်အကျယ်ကြီး။ ဆိုဖာပေါ်မှာ အိပ် လည်းရတယ်။ ဘာဖြစ်စရာ အကြောင်းမှ မရှိဘူး ...

ဒါကို မင်းက ဘာတွေ ဒေါသကြီးနေတာလဲ။ မင်း ကို ငါက ဘာလုပ်မယ် ထင်နေတာလဲ။ မင်း ငါ့ကို ဒီလို ပုံစံမျိုးနဲ့ လာမဆက်ဆံနဲ့"

သူ ဘာပြောပြော အိတုံ မကြားတော့ အိတုံ သိ ကာသည် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျပြီး ငိုနေမိပြီ ဆိုတာပဲ ဖြစ်တော့သည်။ ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချ ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ထဲသို့ထည့်ကာ ကျုံကျုံပါအောင် ငိုနေမိလေသည်။ သူ့ထံမှလည်း "ဟား ... စိတ်ရှုပ်လိုက်တာကွာ" ဟူသော အသံကျယ်ကြီး ထွက်လာကာ ခုတင်ပေါ်သို့ ဝုန်းခနဲ ပစ်လှဲလိုက်သံကိုလည်း ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်း မသိဘဲ အိတုံ ရင်ထဲမှာ နင့်ဟိုက်ရှိုက်နေသည်။ ငိုရှိုက်ရင်းနဲ့ စဉ်းစားမိတာက ဘာကြောင့် ဒီလိုဖြစ်တာလဲဟူသော မေးခွန်းကိုဖြစ်သည်။ တကယ်ဆို အိတုံ ဒီလောက်ထိ ဖြစ်စရာအကြောင်း မရှိချေ။ ကိုယ်လည်း တကယ်ထိခိုက်နစ်နာသွားတာ မဟုတ်သည့် ကိစ္စတစ်ခုမှာ ကိုယ့်စိတ်ကိုယ်ကနေတတ်အောင်နေပြီး နားလည်ပေးလိုက်လျှင်လည်း ဖြစ်သည်။ ဒါပေမဲ့ သူက ကိုယ့်ကို အဲဒီလို တစ်ခုခု သတ်မှတ်လိုက်တိုင်း ကိုယ်က ဘာကြောင့် ဝမ်းနည်းချင်နေရလဲ။

ငါ့ကို တန်ဖိုးမထားတာလား ဟူသော အတွေးဝင်လာရခြင်းမှာ တန်ဖိုးထားစေချင်နေတာလား။ ဘာကြောင့် တန်ဖိုးထားစေချင်နေတာလဲ။ ကိုယ်ဟာ သူ့ရဲ့ရည်းစားအတုဆိုသော အနေအထား မဟုတ်တော့ဘဲ အဲဒီထက်တောင် နိမ့်ကျသည့် စပွန်ဆာဘဝသို့ ရောက်သွားတာကို ဝမ်းနည်းမက်လက် ဖြစ်နေရတာဖြစ်သည်။ ဟန်ဆောင်ပန်ဆောင် ဘဝမှာတောင် သိပ်အချစ်ခံရသည့် ရည်းစားအဖြစ်ကိုပဲ လိုချင်သည်။ စပွန်ဆာအဖြစ် ဟန်ဆောင်ရတာကိုတော့ မဖြစ်ချင်။ ဒါဟာလည်း သိက္ခာတရားကြောင့် မဟုတ်ဘဲ ဘာကြောင့်လဲ။

အိတုံ ဆက်မတွေးချင်တော့။ တွေးလိုက်လျှင် နီးနီးစပ်စပ် သိလာရမည့် အဖြေကိုလည်း မလိုလားတာကြောင့် အတွေးတွေကိုသာ မောင်းထုတ်လိုက်တော့သည်။ တကယ်ဆို





ဖွေတွေမက်ကာ ရရှိနေသည့် အဆောင်အယောင် စည်းစိမ်တွေကိုပဲ နှစ်သက်စွာ ခံစားပျော်ရွှင်နေသင့်တာ။ အခုတော့ ပျော်နိုင်သလောက် မပျော်တော့တာ ဘာကြောင့်လဲ။ ဘာကြောင့်များလဲ။

အိတုံ မစဉ်းစားတတ်တော့ပါ။

၀ ❦ ၀

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထင်တာများ ပေးပို့လိုပါလျှင်
အမှတ် ၀၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက အဲလေ ... ညတုန်းကဟူ၍တော့လည်း ပြောလို့တော့ မရချေ။ ချောင်းသာကို ရောက်တာက မနက်သုံးနာရီမှာဆိုတော့ အဲဒီအချိန်တည်းက ရန်ဖြစ်ပြီး အိတုံရဲ့ တအိအိ ငိုရှိုက်သံများကို နားဆင်ရင်း အိပ်ပျော်လို့ ပျော်မှန်းမသိ အိပ်ပျော်သွားခဲ့သော သူဟာ မနက်ကိုးနာရီလောက်ကျတော့ ပြန်နိုးလာသည်။ သူ နိုးလာသာအခါ သူမကို ဆိုဖာရှည်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကို တွေ့ရသည်။ ငိုထားသဖြင့် မို့အစ်နေသော မျက်ခွံလေးတွေပိတ်ကာ ပန်ဒါဝက်ဝံငယ်လေးတစ်ကောင်လို အပြစ်ကင်းသော မျက်နှာလေးကို သူက ဘာရယ်မဟုတ် စိုက်ကြည့်မိကာ သနားသလို ဖြစ်သွားရသည်။

တစ်ခါတစ်ရံမှာ သူ လုပ်နေတာတွေဟာ မှန်ရောမှန်ရဲ့လားဟု တွေးမိလျှင် သူမအတွက် ထည့်စဉ်းစားပေးဖြစ်ပြန်သည်။ ငွေကြေးချို့တဲ့သော်လည်း စာရိတ္တကောင်းမွန်ကာ ဖြူစင်သော မိန်းကလေးတစ်ယောက်ကို သူ ရက်စက်ရာများ ကျနေ



ပြီလားဟု တွေးမိတာလည်း ခဏ ခဏပင်။ သူ့အနားက သူမ ယ်ခွာသွားသော တစ်နေ့တွင် သူမထံမှာ တစ်သက်တာအတွက် အမည်းစက်များ စွန်းထင်းသွားမလားဟု သူ တစ်ခါမှ မတွေးကြည့်ဖူးပါ။ အခုလို သူမဘက်ကို ထည့်စဉ်းစားပေးသည့်အချိန် ည်းရောက်ရော အားလုံးက လွန်နေခဲ့ပြီ။ လမ်းတစ်ဝက်ကို ကျောင် ရောက်နေခဲ့ပြီ ဖြစ်လေသည်။

အချိန်ကြာလာတာနဲ့အမျှ သိလာရသော ဒီကောင်မလေးရဲ့ ရိုးသားဖြူစင်မှုတွေကို အသိအမှတ်ပြုခဲ့ရသော်လည်း အားလုံးက နောက်ကျသွားခဲ့ပြီ။ သူ ထင်ထားခဲ့တာက ဒီကောင်မလေးဟာ ငွေမျက်နှာ တစ်ခုတည်းသာ ကြည့်လိမ့်မည်ဟု ထင်ထားပြီး သူမကို မက်လောက်စရာ ငွေကြေးပေးထားလျှင် သူ့ အပါနိုင်းခိုင် လုပ်လိမ့်မည်ဟု ထင်ထားခဲ့တာဖြစ်သည်။ အခုတော့ သူက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်ကာ သူမကို နှိုးလိုက်၏။

"ဟေ့ ... အိတုံ။ ထတော့"

ကာလနဂါးမကား တစ်ချက်နှိုးသော်လည်း မကြားမနိုး။ နောက်တစ်ခါ ထပ်နှိုးသော်လည်း မနိုးသေးချေ။ ဒါကြောင့် သူက လက်မောင်းကို လှုပ်ကာ နှိုးရသည်။ ဒီတော့မှပင် သူမက အအီးအီး တအဲအဲဖြင့် နိုးလာသည်။

"အိတုံ ထတော့။ မိုးလင်းနေပြီ ထတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ... ဘာလဲ။ ကျွန်မ ဘယ်ရောက်နေတာလဲ"

"ဘယ်ရောက်ရမှာလဲ။ ချောင်းသာရောက်နေတာပေါ့။ ဘာတွေအိပ်ချင်မူးတူးနဲ့ လျှောက်ပြောနေတာလဲ ...

ထ ... ထ။ မျက်နှာသွားသစ်။ Breakfast သွားစားမယ်"

"အင် ... အဲလိုလား၊ ကျွန်မ အိပ်ရေးမဝသေးဘူး"

"မဝသေးလည်း နောက်မှပြန်အိပ်။ အခုတော့ Breakfast သွားစားမယ် ... ထ။ မျက်နှာမြန်မြန် သွားသစ်ချေ"

သူမက ဘာမှမပြောတော့ဘဲ အိပ်ချင်မူးတူးပုံစံဖြင့် ထကာ သန့်စင်ခန်းထဲသို့ ဝင်သွားသည်။ ခဏကြာသောအခါ ဆံပင်တွေကို ဘီးကုပ်အပြားကြီးနှင့် ပင့်တင်ပြီး မျက်နှာသစ်ပြီးစ အနေအထားမျိုးဖြင့် အခန်းထဲမှ ပြန်ထွက်လာသည်။ ညတုန်းက ငိုထားသော မျက်နှာအရှိန်ဖြင့် မှုန်အစ်အစ်မျက်နှာကို သူက သနားကရုဏာသက်စွာ ကြည့်မိသည်။ ဒီကောင်မလေးရဲ့ ရိုးသားဖြူစင်ခြင်းတွေကို အသိအမှတ်ပြုပြီးတော့မှ သူမကို သူ့ရဲ့ညီမလေးတစ်ယောက်လို သံယောဇဉ်ရှိလာခဲ့မိတယ်ဆိုတာ သူ့ကိုယ်သူ သိလာရခြင်းဖြစ်သည်။ ပေါက်ကရ လုပ်တတ်သော ကောင်မလေး၏ ကိုးရိုးကားရားပုံစံများနှင့် အစားကောင်းဆိုလျှင် သရဲမရဲစီး မက်တတ်သော အကျင့်စရိုက်တွေက သူ့အတွက် ဖြေဖျော်ရေးတစ်ခုတောင် ဖြစ်လာပြီလား မသိတော့ပါ။





"အဝတ်အစား မလဲတော့ဘူးလား"

"မလဲတော့ဘူး။ ဒီအတိုင်းပဲ သွားမယ်"

သူက ဟင့်ခနဲ ရှုံ့မဲ့မိကာ သူမကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်လိုက်သည်။ မနေ့ညနေ ရန်ကုန်က ထွက်လာတုန်းက အဝတ်အစားဖြစ်သော ပန်းနုရောင် အကွက်ကျဲကျဲ ရှပ်အင်္ကျီနှင့် ဂျင်း(န်)တစ်ထည်ပဲဖြစ်ကာ ဘီးကုပ်ပင့်တင်ထားသော ဆံပင်များမှာ ကပိုကရို ဝဲကျနေကြသည်။ ခေါင်းလည်းမဖြီး အလှလည်းမပြင်။ ဒါပေမဲ့ သနပ်ခါးအနှစ်ရောင် အသားအရည်ရှိသော ကောင်မလေးမှာ အိပ်မှုန်စုံမွှားဖြင့် ချစ်ဖို့ကောင်းနေတာတော့ ဟုတ်သည်။

သူတို့နှစ်ယောက် အခန်းအပြင် ထွက်လိုက်တာနှင့် အပြင်ဘက်မှာ အန်ကယ်ဂျိမ်းက အသင့်စောင့်ကြိုနေသည်။ အပြင်ဘက် လေသာဆောင်က ကြိမ်ခုံအဝိုင်းကြီးမှာ ထိုင်နေသော အန်ကယ်ဂျိမ်းသည် သူတို့ ထွက်လာတာ မြင်တာနှင့် မတ်တတ်ထရပ်ပြီး နှုတ်ဆက်သည်။

"မောနင်း ဘော့စ်"

"မောနင်း ... Breakfast စားပြီးပြီလား အန်ကယ်ဂျိမ်း"

"စားပြီးပါပြီ။ ဘော့စ်တို့ သွားစားကြတော့မလို့လား"

"ဟုတ်တယ်။ ဒီမှာပဲ စောင့်နေမယ် မဟုတ်လား။ ခဏနေ မန်နေဂျာနဲ့တွေ့ဖို့ စီစဉ်ထားလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"စီစဉ်ပြီးပါပြီ ဘော့စ်။ ဆယ့်တစ်နာရီမှာ Meeting လုပ်ဖို့ ပြောထားပါတယ်။ ဘော့စ် Breakfast စားပြီးရင် လျှောက်ကြည့်မှာနဲ့ အတော်ပါပဲ"

"အိုခေ ... ဒါဆို ကျွန်တော် သွားစားလိုက်ဦးမယ်"

သူက သူမကို မျက်လုံးနဲ့ပဲ တစ်ချက်ခေါ်ကာ ထွက်လာခဲ့သည်။ သူတို့ ဘန်ဂလိုဟာ Sea View မှာ တည်ရှိတာမို့ သူမက ပင်လယ်ကြီးကို ငေးကြည့်နေရင်းမှ ပါလာသည်။ လတ်ဆတ်သော ပင်လယ်လေ၏ရနံ့သည် သူ့စိတ်တွေကို လန်းဆန်းစေသလို သူမကိုလည်း ဖမ်းစားထားနိုင်ပါလိမ့်မည်။

"မင်း ပင်လယ်ကို ဘယ်နှခါ တွေ့ဖူးသလဲ"

"ရုပ်ရှင်ထဲမှာတော့ အကြိမ်ပေါင်းများစွာ မြင်ဖူးတယ်"

"အပြင်ဘက်မှာရော"

"ဒါ ပထမဦးဆုံး မြင်ဖူးတာပဲ"

"ခြော် ... ခြော် ... ကဲ ... ရောက်ပြီ။ ဘူဖေးကျွေးတာဆိုတော့ မင်းကြိုက်တာသာ ယူစားပေတော့"

သနားစရာကောင်းသော သူမသည် စားသောက်ခန်းမထဲတွင် ခင်းကျင်းထားသော ဘူဖေးကျွေးသည့် စားပွဲရှည်ကြီးများကို မြင်လျှင် မျက်လုံးတွေက ဝင်းဝင်းတောက်သွားသည်။ နှုတ်ခမ်းကို စုပြုံးလိုက်သော အပြုံးတစ်ခုကိုလည်း သူက တွေ့ဖြစ်အောင်ကို တွေ့လိုက်ရတာဖြစ်သည်။ ဒီကောင်မလေးဟာ





အစားအသောက်မြင်တိုင်း ဘာကြောင့် ပြုံးသွားရတာလဲ။ နေဦး ... သူမ ဘာတွေစားမလဲ၊ သူက စိတ်ဝင်တစား စပ်စုကြည့်ဦးမည်။

သူမက ပန်းကန်ပြားတစ်ချပ်ကိုင်ကာ ထွက်သွားတုန်းမှာပဲ သူ့အနားသို့ မန်နေဂျာက ရောက်လာသည်။ မန်နေဂျာက သူ့ကို နှုတ်ဆက်စကားဆိုပြီးနောက် ဘာသုံးဆောင်မလဲဟု မေးသည်။ သူက ထမင်းကြော်နှင့် ကော်ဖီသာ မှာပြီးနောက် စားပွဲတွင် ဝင်ထိုင်လိုက်သည်။ သူ့နံဘေးမှာ မန်နေဂျာက မတ်တတ်ရပ်လျက် ဟိုတယ်နှင့် ပတ်သက်သော အတိုအထွာ အခြေအနေလေးတွေကို ပြောပြနေသည်။ သူ့အတွက် ဝိတ်တာယူလာပေးသော ထမင်းကြော်၊ ကြက်ဥကြော်နဲ့ ကော်ဖီတို့ ရောက်လာတဲ့အထိ သူမ ရောက်မလာသေးချေ။ သူ စားသောက်တော့မည်မို့ မန်နေဂျာက နှုတ်ဆက်ထွက်ခွာသွားတော့မှပင် သူမ ရောက်လာသည်။

လက်ထဲမှာလည်း ပန်းကန်နှစ်ချပ်နှင့်။ သူက သူမ ဘာတွေယူလာသလဲဆိုတာကို စပ်စုကြည့်လိုက်သည်။ သူမက သူ့ကို ဟဲခနဲ ရယ်ပြကာ ပန်းကန်နှစ်ခုကိုချရင်း သူနဲ့မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ ညတုန်းက ငိုယိုပေါက်ကွဲခဲ့ပုံမှာ သူမ မဟုတ်သည့်အတိုင်းပင်။ အစားအသောက်မြင်လျှင် စိတ်ပြောင်းသွားတတ်သလားတော့ မပြောတတ်ပါ။

"ဘာတွေ ယူတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး ... ဒါက မုန့်ဟင်းခါးလေ။ ဒါက ခေါက်ဆွဲကြော် ဒီဘက်က ကြက်သားကြော်၊ ဒါက ဝက်အူချောင်း၊ ဒါက ပုစွန်တမ်ပူရာ ...

ပြီးရင် ပေါင်မုန့်ကြက်ဥကြော် သွားစားဦးမှာ"

"မင်းကို ဒီနေ့တစ်ရက်တည်း ကျွေးမှာမဟုတ်ဘူးနော်။ နောက်ရက်တွေလည်း ဘူဖေးက မနက်တိုင်း စားရမှာ။ နင်းကန် စွတ်စားမနေနဲ့ ...

မုန့်ဟင်းခါးကလည်း ရန်ကုန်မှာမစားဖူးတာ ကျနေတာပဲ။ ချောင်းသာလာပြီး မုန့်ဟင်းခါး စားနေတယ်"

"ဟင် ... ဟိုတယ်ကတောင် ခြေသည်တွေကြိုက်လို့ ချက်ပေးထားတာပဲဥစ္စာ။ ပြီးတော့ မစားဘဲ မနေနိုင်ပေါင်။ မုန့်ဟင်းခါးဟင်းရည်အနံ့က အရမ်းမွှေးနေတာ ...

ဒီဘက်က ဟာတွေကလည်း စားချင်စရာတွေမို့ ထည့်လာတာ။ ဟော့ ... ဒီကို ကော်ဖီတစ်ခွက် ချပေးပါဦး"

သူမက အနားက ဖြတ်သွားသော ဝိတ်တာကို လှမ်းမှာလိုက်လျှင် သူက ပခုံးတွန့်ကာ ပြုံးမိရလေသည်။ သူမက မုန့်ဟင်းခါးကို အရင်စားသည်။ တစ်ဇွန်းစားပြီးတာနှင့် ချက်ချင်းပဲ လက်မတစ်ချက် ထောင်ပြကာ ...

"အရမ်းကောင်းတာပဲ။ ရှင့် ဟိုတယ်က မုန့်ဟင်းခါးကို ကိုယ်တိုင်စားကြည့်ပါဦး။ ကြိုက်သွားမယ်"





သူက ကော်ဖီကို တစ်ငုံယူမော့ပြီးနောက် သူမကို အေးအေးဆေးဆေးပဲ ပြန်ကြည့်ကာ ...

"ဆယ့်တစ်နာရီကျရင် ငါ Meeting ဝင်ရမယ်။ မင်းအခန်းထဲမှာပဲ အေးအေးဆေးဆေး နားနေခဲ့။ အပြင်တွေ လျှောက်မသွားနဲ့။ ရေထဲမဆင်းနဲ့"

သူမက သူ့ကို မျက်လုံးပြူးဖြင့် ပြန်ကြည့်ကာ ...

"ဟင် ... ကျွန်မက အခန်းထဲမှာပဲ နေရမယ်ပေါ့။ ငုတ်တုတ်ကြီး"

"ငုတ်တုတ်မနေချင်ရင် ကင်းမြီးကောက် ထောင်နေပေါ့။ ရေထဲမဆင်းနဲ့ အပြင်လျှောက်မသွားနဲ့ ဆိုတာက အမြဲတမ်းမှ မဟုတ်တာ။ ပြီးတော့ မင်း တစ်ယောက်တည်းမို့ ငါနဲ့ကျမှ သွားရမယ် ...

အခန်းထဲမှာ TV ကြည့်ပေါ့။ ပျင်းရင် ဟိုးတဲအောက်က ခုံလေးမှာ သွားထိုင်ရင်း သူများတွေကို ကြည့်ချင်ကြည့်။ အဲဒီလိုပဲ လုပ် ...

အဓိက,က ရေထဲ လုံးဝမဆင်းဖို့ပဲ။ ကြားလား"

"ကြားပါတယ်"

"ကြားရင် ပြီးရော။ ငါ စိတ်ချမယ်၊ မင်း စားချင်တာရှိရင်လည်း ဖုန်းဆက်မှာလို့ ရတယ်။ ဗိုက်ဆာရင် မှာစားထားနှင့်။ ဒီမှာတော့ မထစတမ်း စားမနေနဲ့။ ရှက်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် ... ဘာရှက်စရာရှိလဲ။ ဘူမေးကို ထည့်ထားသလောက် ကုန်အောင် စားနိုင်တာ ရှက်စရာ မဟုတ်ဘူး။ အများကြီး လောဘကြီးပြီး ထည့်ထားပြီး မကုန်တာမှ ရှက်စရာကောင်းတာ။ သိရဲ့လား"

မိကျောင်းမင်း ရေကင်းပြနေသော သူမကို သူက မနိုင်ဘူးဟူသော ပုံစံဖြင့် တစ်ချက် စိုက်ကြည့်ပြီးနောက် ထမင်းကြော်ကို ဆက်စားမိသည်။ သူမက မုန့်ဟင်းခါးတစ်ပွဲကို သုံးမိနစ်ဖြင့် ကုန်အောင်စားကာ နောက်တစ်ပန်းကန်သို့ ခရီးဆက်သည်။ ပြီးတော့ သူ့ကိုလည်း မေးသေးသည်။

"ရှင် ဒီမှာ ဘယ်လောက်ကြာအောင် နေမှာလဲဟင်"

"ဘာလဲ ... မင်း နေ့တိုင်း ဘူဖေး စားချင်လို့လား"

"အင်း ... အဲဒါလည်း ပါတာပေါ့။ နောက်ပြီးတော့ ကျွန်မက ချောင်းသာကို အခု အသက်ဆယ့်ရှစ်နှစ်မှ ပထမဆုံး ရောက်ဖူးတာလေ။ ရောက်ဖူးဖို့ အိပ်မက်တောင် မမက်ဖူးဘူး ...

ဒီလို ဟိုတယ်အကောင်းစားကြီးမှာ တည်းဖို့ဆိုတာလည်း မစဉ်းစားရဲပါဘူး။ ကျွန်မလေ ပင်လယ်ကြီးကို ငေးပြီး တစ်ခါမှ မရဘူးတဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို ရတယ်။ အရမ်းကိုလည်း လှတယ်နော်။ ဒါကြောင့် ဒီမှာ ပျော်ပျော်ရွှင်ရွှင် နေချင်သေးတယ်"

"နေပါ၊ ငါ ဒီမှာ တစ်ပတ်လောက် ကြာမယ်"





"ဟယ် ... တကယ်"

သူက ပြန်မပြောတော့ဘဲ စားလက်စ ထမင်းကြော်ကို လက်စသတ်ကာ ကော်ဖီနဲ့ မျှောချလိုက်သည်။ သူမရဲ့ပန်းကန်ပြားထဲမှာလည်း ထည့်လာတဲ့ အစားအသောက်တွေက တစ်ဝက်ကျိုးနေပြီ။ ကိုးနာရီခွဲနေပြီမို့ စားသောက်သူတွေ ကျဲပါးစပြုနေတာကြောင့် သူက သူမကို သတိပေးရသည်။

"ဟော့ ... သွားပြီး ထပ်မထည့်တော့နဲ့နော်။ လူလည်းရှင်းနေပြီ။ ဟိုထဲမှာလည်း ကုန်သလောက် ရှိနေပြီ။ မင်း မဝသေးရင် အခန်းရောက်တော့မှ မှာစားတော့"

"စိတ်ချပါ၊ အဲဒီလိုမျိုး တကယ်ပဲ စဉ်းစားထားပြီးသား"

သူက ဘာမှမပြောချင်တော့ဘဲ စိတ်ပျက်လက်ပျက်ဖြင့်သာ ခေါင်းကို ခါယမ်းမိတော့သည်။ ဒီလို စားပုံသောက်ပုံမျိုးနဲ့ ဒီကလေးမကို ဘယ်တော့များမှ ဖက်တီးပုပ်ဘဝနှင့် မြင်ရမလဲ မသိတော့ပါ။

၀ ❦ ၀



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

အိတုံသည် ဗိုက်ထဲက နည်းနည်းရစ်လာကတည်းက ဘာများဖြစ်မလဲဟူသော စိုးရိမ်စိတ်လေးတော့ ရှိခဲ့သည်။ ဒါပေမဲ့ ဘာမှမဖြစ်ပါဘူးလို့ ကိုယ့်ကိုယ်ကိုယ် အားတင်းထားတုန်းမှာပဲ အန္တရာယ်ရှိကြောင်း အချက်ပြလာသဖြင့် သန့်စင်ခန်းထဲသို့ အမြန်ပြေးဝင်ရသည်။ အဲဒါက ပထမဆုံးအကြိမ်ဖြစ်ပြီး ငါးမိနစ်လောက်ပဲခြားကာ နောက်တစ်ခါ ထပ်ဝင်ရသည်။ ပြီးတော့ ငါးမိနစ်ထပ်ခြားပြီး နောက်တစ်ကြိမ် နောက်တစ်ကြိမ်ဖြင့် လေးကြိမ်လောက်ရှိသောအခါမှာတော့ မောင့် ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာသည်။ ရင်ထဲမှ ပျို့တက်လာသလို ဖြစ်ပြီးနောက် ဘေစင်မှာ ထိုးအန်ချမိတော့သည်။

အန်နေတုန်းမှာပဲ ဗိုက်က ထပ်နာလာပြန်သောအခါ ဘာလုပ်ရမှန်း မသိအောင် စိတ်ဆင်းရဲသွားသည်။ နောက်တစ်ကြိမ် ဝမ်းသွားပြီးသောအခါ အိတုံ တစ်ယောက် ခေါင်းထဲက



ချာချာလည်လာသည်။ ဒီလိုတွေ တိုင်ပတ်နေစဉ်မှာ အိတုံ အနား၌ ဘယ်သူမှ မရှိချေ။ ထည်ဝါကဟိုတယ်အသစ်အတွက် မြေနေရာတွေ သွားကြည့်နေချိန်မှာ ဖြစ်နေတာမို့ ဒီလိုဖြစ်နေတာကို ဘယ်သူမှ မကယ်နိုင်ပါ။ အိတုံသည် လက်ကျန်အင်အားကို စုစည်းကာ တယ်လီဖုန်းရှိရာသို့ လာခဲ့ပြီးနောက် ရီဆပ်ရှင်သို့ ဖုန်းခေါ်ရသည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါရှင်။ ဘာအကူအညီ လိုပါသလဲ"

"ကျွန်မ Five Star ဘန်ဂလိုမှာ တည်းနေတဲ့ ဧည့်သည်ပါ။ ဝမ်းတွေ အရမ်းလျှောနေလို့ အဲဒါ ဆရာဝန် အခုချက်ချင်း လွှတ်ပေးပါ"

Five Star ဆိုတာ သူတို့လာလျှင် သီးသန့်တည်းခိုသော ဘန်ဂလိုမို့ ရီဆပ်ရှင်က ချက်ချင်းပဲ ပျာယာခတ်သွားကာ အိတုံဆီသို့ ဆရာဝန်ခေါ်ပြီး ရောက်လာသည်။ ဆရာဝန်က အိတုံရဲ့ အခြေအနေကို မေးမြန်းကာ ချက်ချင်းပဲ Drip ချိတ်သည်။ ဆေးထိုးပေးသည်။ အိတုံကတော့ ခပ်မျော့မျော့သာ ကျန်တော့လေသည်။ အဲဒီအချိန်မှာပဲ သူက အန်ကယ်ဂျိမ်းနှင့်အတူ ပြန်ရောက်လာကာ အဖြစ်အပျက်ကို တွေ့သွားတော့တာဖြစ်သည်။

ဆရာဝန်က သူ့ကို အကျိုးအကြောင်း ရှင်းပြသည်။

"မတည့်တဲ့ အစားအသောက်တွေ အချင်းချင်း တွေ့သွားပြီး ဖြစ်တာပါ။ အထက်လန် အောက်လျှော ဖြစ်တဲ့သဘော ပါပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ Drip ချိတ်ပြီး ဆေးလည်းထိုးပေးထားတယ်။ သိပ်မကြာခင် ဝမ်းသွားတာရပ်ပြီး သက်သာသွားမှာပါ။ ကြက်စွပ်ပြုတ်ရည်တို့၊ ဆန်ပြုတ်ကလွဲပြီး ဘာမှစားသောက်လို့ မရပါဘူး ...

ပေးထားတဲ့ဆေးတွေကို အချိန်မှန်မှန် သောက်ပေး။ ဓာတ်ဆားရည်ကို အမြဲသောက်ပေးပါ။ ညနေခင်းကျရင် ကျွန်တော် တစ်ခေါက် လာကြည့်ပါ့မယ်"

"ဟုတ်ကဲ့ ဒေါက်တာ။ သင့်ခ်ယူပါ"

ဆရာဝန် ပြန်လည်ထွက်ခွာသွားလျှင် သူက အိတ်ကို မှတ်ပြီလားဟူသော ပုံစံဖြင့် မုန်းစရာကောင်းအောင်ပင် လှောင်ပြုံး ပြုံးကြည့်ကာ ...

"စားဦးလေ ပုစွန်ကင်တွေ ဂဏန်းကင်တွေ ငါးကင်ချိုချို လေးတွေ၊ ရေဘဝဲသုပ်လေးပါ ချဉ်ချဉ်စပ်စပ်လေး သုပ်စားလိုက်ပါဦးလား"

"ရှင်နော် ... ကျွန်မ အဲဒါတွေ ဘယ်မှာစားလို့လဲ။ ဒီဟိုတယ်က အစားအသောက်တွေပဲ စားတဲ့ဥစ္စာ"

"ဘာလဲ ... မင်းက ငါတို့ ဟိုတယ်က အစားအသောက်တွေက သန့်ရှင်းမှုမရှိဘူးလို့ ဆိုလိုလိုက်တာလား။ လာလုပ်မနေနဲ့ ...

ဒီဟိုတယ်က အစားအသောက်တွေချည်းပဲဆိုရင် မင်း ဘာမှ ဖြစ်စရာအကြောင်း မရှိဘူး။ မင်း ဟိုတယ်





ရှေ့ကို လာရောင်းတဲ့ ပုစွန်ကင်၊ ဂဏန်းကင်တွေကို တနင့်တပိုး ဝယ်စားပြီး ဒီလိုဖြစ်ရတာ ...

အဲဒီက အချဉ်ရည်တွေနဲ့ ဂဏန်းနဲ့ တို့,တို့ပြီးစားတာလေ"

သူ ပြောတာတွေက အိတ် လုပ်ခဲ့တာတွေချည်းပဲမို့ မျက်လုံးပြူးသွားရသည်။ ဘုရားရေ ... သူ ဘယ်လိုလုပ် သိတာပါလိမ့်။ အိတ် အဲဒါတွေ ဝယ်စားတာ သူ မရှိတဲ့ အချိန်တွေမှာသာဖြစ်သည်။ ရန်ကုန်မှာဆိုလျှင် အနားကပ်ဖို့ပင် မတတ်နိုင်သော ပုစွန်ကင်၊ ဂဏန်းကင်တွေဟာ နှစ်ထောင်ဖိုးလောက် ဝယ်စားလိုက်တာနှင့် ဗိုက်အင့်သွားအောင် စားရတာမို့ အိတ်က စိတ်ကြိုက်ဆွဲထားတာဖြစ်သည်။ အုန်းရည်လေးသောက်လိုက်၊ ပုစွန်ကင်လေးစားလိုက်ဖြင့် ကမ်းခြေအလှကို ရှုစားရင်း လူဖြစ်ရကျိုးနပ်နေသည်။

အခုတော့ လူဖြစ်ရကျိုးနပ်ရုံတင် မကဘဲ ငရဲပြည်သို့ပါ အလည်တစ်ခေါက် ရောက်တော့မည် ထင်ပါသည်။

"ကျွန်မ အဲဒါတွေစားတာ ရှင် ဘယ်လိုလုပ် သိတာလဲဟင်"

"မင်း မသိဘူးလား။ ဟိုတယ်ရှေ့မှာ Security ရှိနေတာပဲ။ မင်း ဘာလုပ်တယ် ဆိုတာလည်း သူတို့ သိနေတာပဲ။ မင်းကွာ ... ကိုယ့်ဦးနှောက်ဉာဏ် အသိဉာဏ်လေးကိုလည်း နည်းနည်းပါးပါး အသုံးချစမ်းပါဦး ...



www.burmeseclassic.com

www.burmeseclassic.com



ဒီအစားအသောက်တွေဟာ သန့်ရှင်းမှုမရှိဘူး၊ ရော ဒုက္ခပေးနိုင်တယ်ဆိုတာ နည်းနည်းပါးပါးလောက်တော့ မတွေးမိဘူးလား ...

ဟိုတယ်မှာလည်း မင်း ကြိုက်သလောက် စားနေရ တာပဲ၊ ဒါကိုမှ သန့်ရှင်းမှု မရှိတဲ့ အစားအသောက်တွေ ကို ဘာကြောင့် ငတ်ကြီးကျချင်နေရတာလဲ။ နတော့ ဖြစ် ပြီ။ အဲဒီမှာ ခံပေတော့"

"ရှင်နော် ... ရှင်ဆီမှာ လိုက်နေရတယ် ဆိုပြီးတော့ ကျွန်မကို အဲဒီလောက် ပြောစရာ မလိုဘူး ...

ကျွန်မလည်း ဒီလိုဖြစ်မယ်မှန်းသိရင် ဘယ်စားပါ့ မလဲ"

"ဖြစ်မယ်မှန်းသိရင်လို့ မပြောနဲ့လေ။ ဖြစ်ကို ဖြစ်မယ်ဆို တာ သိထားရမှာပေါ့။ ဒီအစားအစာတွေက ဘယ်လိုလုပ် ထားတယ်ဆိုတာ မင်း မြင်ရလို့လား။ ဘယ်နေ့က ကျွန် တဲ့ဟာတွေဆိုတာ သိလို့လား ...

ဟင်း ... ဦးနှောက်မှ မရှိတာ"

သူက ပျစ်ပျစ်နစ်နစ်ကြီးကို ပြောဆိုနေလျှင် အိတ့် ရင်ထဲ၌ ဝမ်းနည်းလို့လာသည်။ တကယ်ဆို နေမကောင်းဖြစ်နေ တဲ့သူကို နည်းနည်းပါးပါး ဖေးမနှစ်သိမ့်မယ်တော့မရှိဘဲ ဖိဟောက် နေသည်မှာ တရားရော တရားပါရဲ့လား။





သူတို့ကတော့ ပုစွန်တွေ ဂဏန်းတွေ ဆိုတာ မွေး ကတည်းက ဖောချင်းသောချင်း စားလာရတဲ့ သူတွေကို။ အိတ့် ကတော့ ခုလို ပေါပေါများများ တွေ့တုန်း အားရပါးရ စားမိ တာ အပြစ်တဲ့လား။

ပိုက်ဆံမရှိတဲ့ဘဝ မျက်နှာမွဲဘဝ ပိုင်ရှင်ဆိုလျှင် ဦးနှောက်ညာဏ်နည်းတဲ့သူတွေဟု သူဌေးတွေက သတ်မှတ်တတ် သလားတော့ မပြောတတ်တော့ပါ။ အိတ့်သည် ဝမ်းနည်းစိတ်ထိ ခိုက်သွားသဖြင့် ဘာမှ မပြောတော့ဘဲ တစ်ဖက်သို့သာ အသာစောင်း အိပ်လိုက်သည်။

"အဲဒါက ဘာဖြစ်သွားတာလဲ"

"........."

"ဘာလဲ ... မင်းက ပြောတာနဲ့ စိတ်ကောက်မယ် ဆိုတာ လား။ အေး ... မင်းကို ဆရာဝန် ပြောသွားတာ ကြား တယ်နော်။ ပေါက်ကရတွေ လျှောက်စားမယ်တော့ မကြံနဲ့ ...

"ဟင်း ... တော်ကြာ ပင်လယ်ထဲ မျှောပြီး သင်္ဂြိုဟ်နေ ရဦးမယ်"

"အဲဒါကမှ ပိုတောင်ကောင်းဦးမယ်။ မဟုတ်ရင် နားငြီး နေမှာ"

"အောင်မာ ... မင်းကများ ပြောရသေးတယ်။ မင်း ဒီလို တွေဖြစ်နေတာကျတော့ရော ကောင်းလား ...



www.burmeseclassic.com

www.burmeseclassic.com



မင်းက ငါနဲ့တွေ့လိုက်ရင် အီးပန်းနေတာချည်းပဲ။ အပျိုလေးဖြစ်ပြီး အရှက်ကို မရှိဘူး။ အစားသောင်းကျန်းပြီးရင် အီးပန်းမယ်၊ မင်းအလုပ်က အဲဒါပဲ”

“ဟုတ်တယ် ... ဟုတ်တယ်။ ဘာဖြစ်လဲ ရှင်ပြောချင်တာ ကျွန်မက မမြင်ဘူး မတွေ့ဘူးတာတွေ တွေ့ပြီး အစားသောင်းကျန်းပြီး သရဲမရဲစီးသလို စားတယ်။ ပြီးတော့ အီးပန်းတယ်၊ အလကားရတိုင်း တွေ့မရှောင် အကုန်စားတယ်။ အငတ်တိုင်းပြည်က လာတာ၊ ဒီလို ပြောချင်တာ မဟုတ်လား ...

ပြော ... ပြော ... ရှင့်ဟာရှင် ကြိုက်သလိုသာပြော ဟီး ... အဟင့် ... ဟင့်”

ရင်ထဲမှာ မခံစားနိုင်တော့၍ ပွင့်ထွက်သွားသော အိတုံ့သည် ပြောချင်ရာ ပြောပြီးနောက် ဘယ်ကဘယ်လို ထွက်ကျလာမှန်းမသိသော မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းကျလို့ လာလေသည်။ ကျဆင်းလာသော မျက်ရည်တွေကို သုတ်ရင်းမှ နောက်ထပ်ကျလာသော မျက်ရည်တွေနှင့် တဟီးဟီး တဟင့်ဟင့် ရှုံ့ငိုမိသည်။

သူက အိတုံ့ ငိုနေတာကို တအံ့တဩ စိုက်ကြည့်ကာ ပြာ,ခနဲ ရေရွတ်သည်။ အိတုံ့ကတော့ တကယ်ကို ဝမ်းနည်းပက်လက်ဖြစ်၍ ငိုကောင်းတုန်းပင်။





“ဟိတ် ... ဘာကိစ္စ ငိုနေရတာလဲ။ မသိရင် မင်းကို ငါကပဲ မဟုတ်က ဟုတ်က လုပ်နေတဲ့ပုံစံနဲ့ ... တိတ်တော့”

“မတိတ်ဘူး ငိုမှာပဲ၊ ကိုယ့်မျက်ရည်နဲ့ ကိုယ်ငိုတာ ဘာဖြစ်လဲ၊ ရှင်က နေမကောင်းဖြစ်နေတဲ့ လူကိုတောင်မှ မညှာမတာ ပြောနေတာကိုး”

“ဗျော် ... ငါပြောနေတာ အမှန်တွေပဲ မဟုတ်ဘူးလား”

“မဟုတ်ဘူး။ လာမပြောနဲ့ ကျွန်မဘာသာ သေပဲသွားသွား ရှင် ဘာမှပြောစရာ မလိုဘူး”

“ပြီးရော ... မပြောဘူး”

“မပြောနဲ့”

သူ့ထံက စကားသံ ထပ်ထွက်မလာတော့ဘဲ ခုတင်ပေါ်သို့ ဝုန်းခနဲ ပစ်လှဲချလိုက်သံသာ ကြားရတော့သည်။ အိတုံ့က နေမကောင်းဖြစ်နေသူမို့ အခန်းထဲကို တစ်ယောက်အိပ်ခုတင် အသေးတစ်လုံး လာပို့ပေးထားသည်ဖြစ်ရာ ခုတင်ချင်းက သီးခြားဖြစ်သွားသည်။ အရင်တုန်းကတော့ အိတုံ့က ဆိုဖာပေါ်မှာ အိပ်ခဲ့ရတာဖြစ်သည်။

ဘယ်လိုဖြစ်ပါစေလေ သူဟာ အိတုံ့အပေါ်မှာ နည်းနည်းလေးမှတောင် ဖေးဖေးမမ မဆက်ဆံနိုင်သည့်အပေါ် အိတုံ့က ရင်ခံသည်။ ဝမ်းနည်းသည်။ အဲဒါကိုက ဘာကြောင့်မှန်းမသိ။ သူ့ပြောလိုက်သောစကားတွေဟာ ကြမ်းတမ်းပြီး အပြစ်တင်



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ချတာတွေ ပါဝင်နေလျှင် ရင်မှာ အလိုလို ထိခိုက်ခံစားရတာတွေကလည်း ခဏခဏပဲ ရှိနေပြီ။

"မကြင်နာသလို ကြင်နာသလို ... နေနိုင်ရက်တဲ့ ချစ်သူလေး ... အနိုင်ယူရက်တဲ့ သူ့စိတ်တွေကိုကွယ် ... ကိုယ်မငြိုငြင်ခဲ့ဘူး တကယ် ... ညှာနေတာတွေ ရင်ထဲက ... ငိုနေမိလည်း ခဏပါပဲ ... ဟန်ဆောင်ပြုံးရင်း သူ့နံဘေးနား ကိုယ်တကယ် ပျော်နေခဲ့ ..."

အိတုံသည်လည်း ချမ်းချမ်းရဲ့သီချင်းထဲကလိုများ ဖြစ်နေပြီလား မပြောတတ်တော့ပါ။

○ ❦ ○





## ၂၁

ချောင်းသာကို သူ ရောက်ခဲ့သည်မှာ လေးရက်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ပင်လယ်ရေနဲ့ လုံးဝကို မထိတွေ့ရသေးချေ။ ရောက်လာကတည်းက အလုပ်ကိစ္စတွေ ရှုပ်နေသောကြောင့် ပင်လယ်ကိုတောင် သေချာမကြည့်ဖြစ်သေးဟု ထင်သည်။ သူ့ပါတနာ ဒေါ်အိတုံသည်လည်း ဝမ်းလျှောနေတာမို့ တော်တော်လေး ငြိမ်သက်နေတာကို တွေ့ရသည်။ အခန်းထဲမှာဆိုလျှင်လည်း သူမဘာသာ TV ကြည့်ရင်ကြည့် မကြည့်ရင်လည်း စာအုပ်ဖတ်နေတတ်သည်။ သူ့ကိုလည်း စကားမပြောသလို သူကလည်း စကားမပြောမိချေ။

ဒီနေ့တော့ သူက အားလပ်သွားပြီမို့ ပင်လယ်ထဲသို့ဆင်းဖို့ စိတ်ကူးသလို သူမကိုလည်း စကားပြောဖို့ ကြိုးစားလိုက်သည်။ ဒါကြောင့် ဆိုဖာမှာထိုင်ပြီး စာဖတ်နေသော သူမရဲ့နံဘေးမှာ ဝင်ထိုင်လိုက်ရင်းမှ သူမနာမည်ကို စတင်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုတို"

သူ့ခေါ်သံကြောင့် သူမက စာအုပ်မှ မျက်နှာကိုခွာရင်းမှ သူ့ကိုကြည့်သည်။ ပြော, ဆိုသော သဘောမျိုး။

"မင်း နေကောင်းသွားပြီလား"

"ကောင်းသွားပြီ"

သူမ ပြန်ဖြေပုံက မပွင့်တပွင့် လေသံမျိုး။ စိတ်ကောက်မပြေသေးသည့် ပုံစံမျိုးမို့ သူက ပြုံးချင်သွားသည်။ ဘယ်လိုကောင်မလေးမျိုးမှန်းလဲ မသိပါ။ သူ သရုပ်ဆောင်ခိုင်းထားတာက သူ့ကို ဆွဲဆောင်စေမည့် ပုံစံမျိုး၊ အခု သူမ နေထိုင်သည့်ပုံစံက သူ့ရဲ့အလိုလိုက်ခံထားရသော ညီမတစ်ယောက်လိုပုံစံမျိုး ရိုးရိုးသားသား ဖြူဖြူစင်စင် ပုံစံမျိုးဖြစ်လေသည်။

"ကောင်းသွားရင် မင်း စားချင်တာတွေ စားတော့လေ"

"ဘာလဲ ... ရှင်က ကျွန်မကို သေစေချင်နေတာလား။ စိတ်ချ သေရင်တောင် ရှင့်ရှေ့မှာ မသေဘူး ...

ရန်ကုန်ရောက်မှပဲ ကိုယ့်ဟာကိုယ် သေမယ်"

"မင်း ဘယ်လိုဖြစ်နေတာလဲ။ စကားပြောရင် ဘာဖြစ်လို့ အကောင်းမပြောရတာလဲ"

"ရှင်ကရော ကျွန်မကို အကောင်းပြောတာမှ မဟုတ်တာ"

"ငါက အကောင်းပြောနေတာ။ မင်း စားချင်တာ စားတော့ဆိုတာ ဒီဟိုတယ်က အစားအသောက်တွေကို ပြောနေတာ။ ဟိုတယ်က အစားသောက်တွေစားလို့ ဘာမှမဖြစ်ဘူး ...





အပြင်က ပေါက်ကရတွေသာ လျှောက်မဝယ်စားနဲ့။ မင်းကွာ... ပုစွန်ကင် ဂဏန်းကင် စားချင်တာများ Kitchen ကို မှာလိုက်လည်း ရတာပဲ ...

ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်ခံပြီး လျှောက်ဝယ်စားနေတယ်"

သူက အနည်းငယ် ပျော့ပျော့ပျောင်းပျောင်း ပြောလိုက်လျှင် သူမက မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ပြန်ပြောသည်။

"ကျွန်မက အမြဲတမ်း စားနေတာဆိုတော့ အားနာလို့ပါ"

သူက အဲဒီစကားကြောင့် တအားကို ရယ်ချင်စိတ်ပေါက်သွားကာ ရယ်ချလိုက်ဖို့ ကြံစည်လိုက်သော်လည်း သူ့ကိုကြည့်နေသည့် တကယ့်ကိုအရိုးခံမျက်လုံးလေးတွေကြောင့် မရယ်ရက်တော့ပါ။

"ဩော် ... အိုတိုရယ်။ မင်းကို ဒီအထိ ခေါ်လာပြီးတော့ မှတော့ ဒီလောက်လေး စားတာနဲ့ ဘာထူးသွားမှာမို့လို့လဲ ...

မင်း ဘာပဲစားစား ငါက သဒ္ဓါပြီးသားပါ။ အပြင်က ဟာတွေသာ လျှောက်မစားနဲ့၊ ဟုတ်ပြီလား"

သူမက သူ့စကားကို ချစ်စဖွယ်ပြုံးကာ ခေါင်းညိတ်ပြသည်။ ဒီလိုကျတော့လည်း သူတို့နှစ်ယောက်က ချက်ချင်းပဲ အဆင်ပြေသွားသည်။

"မင်း အခုထိ ရေထဲမဆင်းရသေးဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပဲ မဆင်းနဲ့ဆို"

သူမက ဆူဆူအောင့်အောင့် ပြန်ပြောသည်။ သူက သဘောကျစွာ ပြုံးလိုက်ရင်းမှ ...

"ဩော် ... မင်းက ဒီစကားကျတော့ နားထောင်သလား"

"ထောင်တယ်လေ၊ ဩော် ... ရှင်က တာဝန်ယူပြီး ခေါ်လာတဲ့သူပဲ ရှင့်စကားကို နားထောင်ရတာပေါ့။ ဟိုအကောင်တွေက ရှင်က မစားနဲ့လို့မှ မှာမထားတာ"

"ဒါကတော့ အဲဒီလောက် ငတ်ကြီးကျမယ်မှန်း မသိလို့ပေါ့"

"ရှင်နော်"

"ကဲ ... ရှင်နော်တွေ ဘာတွေ လုပ်မနေနဲ့၊ ငါ ရေထဲဆင်းမလို့။ မင်း လိုက်မှာမဟုတ်လား"

"ဟင် ... လိုက်မှာပေါ့၊ အခုလား"

"အခုပေါ့၊ ကဲ ... ရေကူးဝတ်စုံသွားလဲ"

"ဟင် ... ကျွန်မဆီမှာ ရေကူးဝတ်စုံ ပါမလာဘူး"

"အံ့ပါ့ကွာ။ ချောင်းသာလာပြီး ရေကူးဝတ်စုံ ပါမလာဘူးတဲ့။ ကဲ ... ရှိတာသာ ဝတ်ခဲ့တော့။ သွား ... သန့်စင်ခန်းထဲ ဝင်လဲချေ"

"အမယ်လေး ... အဲဒီထဲပဲ ဝင်လဲမှာပါ။ ရှင့်ရှေ့မှာ ဘယ်သူက လဲမှာလဲ"





သူမကား သူ ပြောသမျှ တစ်ခွန်းမှ မခံချေ။ အတော့်ကိုစွာသော ကောင်မလေးပဲ ဖြစ်တော့သည်။ သူမက အဝတ်အစားတစ်စုံယူပြီး သန့်စင်ခန်းထဲသို့ ဝင်သွားလျှင် သူကလည်း အင်္ကျီချွတ်ကာ အဝတ်အစားလဲသည်။ အဝတ်အစားလဲတယ် ဆိုသော်လည်း သူကတော့ ထွေထွေထူးထူး လဲနေစရာမလိုပါ။ အပေါ်ပိုင်းက အင်္ကျီဝတ်စရာ မလိုဘဲ အောက်ကသာ ရေကူးဘောင်းဘီတိုကို ဝတ်ဆင်ပြီး တဘက်ဖြူတစ်ထည်ကို ဝတ်လိုက်တာနှင့် ကိစ္စက ပြီးသွားပြီဖြစ်သည်။

ခဏကြာသောအခါ သူမ ထွက်လာသည်။ ရေထဲဆင်းမည့်ဝတ်စုံသည် တီရှပ်တစ်ထည်နှင့် ဂျင်း(န်)ဘောင်းဘီအတိုလေးသာဖြစ်သည်။ သူက ဘာမှမပြောတော့ဘဲ သူမနှင့်အတူ ကမ်းစပ်သို့သာ ဆင်းလာခဲ့လေသည်။ အောက်ဆင်းလိုက်တာနှင့် တစ်ပြိုင်နက် သူမက ဟေးခနဲအော်ကာ ပင်လယ်ဆီသို့ ပြေးသွားသည်။ သူက အဲဒီပုံစံကို အသာပြုံးကြည့်ကာ ခါးက တဘက်ကို ချွတ်ပြီးနောက် ခုံပေါ်မှာ တင်ခဲ့ကာ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။ ဘောကွင်းတစ်ကွင်းကိုပါ ယူဆောင်လာခဲ့သော သူ့ကို သူမက မြင်သွားလျှင် တစ်ချက်ကြည့်ကာ မျက်နှာလွှဲသွားသည်မို့ သူက အသာပြုံးမိသွားသည်။

ရေကူးဘောင်းဘီဝတ်ထားသော သူ့ကို သူမ ကောင်းကောင်းမကြည့်ရဲတာ ဖြစ်နိုင်ပါသည်။ သူက သူမထံ ဘောကွင်းကို ပစ်လိုမ့်ပေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရော ... အဲဒါနဲ့ လှိုင်းစီး။ မင်း အဲဒါမှ ဆော့လို့ရမှာ။ ငါကတော့ ရေကူးလိုက်ဦးမယ်"

သူက ဘောကွင်းကို လှိမ့်ပေးလိုက်လျှင် အိတုံက ကမန်းကတန်းဖမ်းကာ မျက်နှာလွှဲပြီးနောက် သူ့ကို ဆက်မကြည့်တော့ပေ။ ကြည့်လည်း မကြည့်ရဲပါပေ။ အင်္ကျီချွတ်လိုက်တော့မှပဲ သူ့ရဲ့ Body Beauty ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည် ဖြစ်လေရာ အိတုံသည် အဲဒီမြင်ကွင်းကို သုံးစက္ကန့်လောက်သာ မြင်လိုက်ရသော်လည်း မျက်လုံးထဲမှ ထွက်ခွာမသွားသေးဘဲ ရုပ်ရှင်ပြနေသလို စွဲထင်ပြီး ကျန်ရစ်နေသေးသည်။

အောက်ပိုင်းကိုတော့ မကြည့်တော့သော အိတုံသည် သူ့ရဲ့အပေါ်ပိုင်းအလှကိုတော့ စွဲထင်နေတုန်းပင်။ သူ့ရဲ့ရင်အုပ်နှင့် ဝမ်းဗိုက်မှာရှိသော ကြွက်သားတွေရဲ့အလှမှာ အိတုံ ကြည့်ဖူးသော ကိုရီးယားကားတွေထဲက သေချာလေ့ကျင့်ကစားထားသော မင်းသားတွေအတိုင်းပဲဖြစ်ကာ လုံးဝ ကျစ်လစ်တောင့်တင်းနေသည်။ ဒီအတိုင်း အင်္ကျီဝတ်ထားလျှင် သိပ်မသိသာသော်ငြား အင်္ကျီချွတ်လိုက်တော့မှ သိသာတော့တာဖြစ်သည်။ သူ့ဘော်ဒီကို ခပ်သွယ်သွယ်ဟု ထင်ထားသော်လည်း တကယ်တမ်းကျတော့ ရှိသင့်သော ကြွက်သားတွေဖြင့် ပြည့်စုံတယ် ဆိုတာကို သိခွင့်ရလိုက်သော အိတုံမှာ ငေးမောပြီး နေရသည်။

အို ... အရှမ်းကြည့်ကောင်းတဲ့ ထည်ဝါခန့်ပါလား။ သူ Gym ကို အသေအလဲကို ဆော့ထားတာပဲနေမှာ။ မိန်းကလေး





ဖြစ်သော အိတုံကတောင် အစားသောင်းကျန်းလွန်းသဖြင့် ဗိုက်ပူသေးသည်။ ခုနေများ သူ့ရှေ့မှာသာ ရေကူးဝတ်စုံ ဝတ်လို့ကတော့ လိပ်ခါး ဖားဖင် နှ,ငယ် Shape ဖြစ်နေမည့် ဘော်ဒီနှင့် သူကတော့ ဘယ်လောက်တောင်များ ဟားမလဲတောင် မသိချေ။ ကြည့်ပါဦး၊ ယောကျ်ားလေးကတောင် အဆီပိုတစ်စက်မှ မရှိ။ ရင်ခုန်ချင်စရာကောင်းသော Body Structure ကို ပိုင်ဆိုင်လို့ထားလေသည်။

"ဟေး ... ရေထဲမဆင်းဘဲ အဲဒါ ဘာရပ်လုပ်နေတာလဲ"

သူ့ရဲ့ လှမ်းအော်သံကို ကြားတော့မှပင် အိတုံသည် ဆတ်ခနဲဖြစ်ကာ ဘောကွင်းကိုလှိမ့်လျက် ရေထဲသို့ ကမန်းကတန်း ပြေးဆင်းမိလေသည်။ လှိုင်းက ရိုက်သဖြင့် ဘောကွင်းက လွတ်ထွက်သွားကာ လိုက်ဖမ်းရသည်။ နောက်တော့ တွန်းထုတ်ပြီး ဘောကွင်းပေါ်တက်ဖို့ ကြိုးစားသော်လည်း မအောင်မြင်ချေ။ အိတုံ တစ်ယောက်တည်း တိုင်ပတ်နေတာကို သူက ကြည့်မကောင်းဟန်ဖြင့် အနားသို့ ရောက်လာသည်။

ရေစက်တွေ ဥသီးနေသော သူ့ရင်အုံမောက်မောက်ကို အိတုံက တစ်ချက်ခိုးကြည့်မိသည်။

"ကဲ ... လာ၊ ဟိုဘက်နည်းနည်းဆက်သွား။ ဘောကွင်းကို ငါ ဖမ်းပေးထားမယ်။ မင်းက တက်ထိုင်လိုက်"

သူ ပြောတဲ့အတိုင်း အိတုံက လုပ်သည်။ သို့သော် အထာမကျဘဲ လူက ချော်ကျသွားပြန်သည်။ ဒါကြောင့် သူက



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်သို့ ပြန်ဆွဲခေါ်လာကာ အိတုံကို ပြန်တက်စေသည်။ ရေ တိမ်ပိုင်းမှာမို့ အလွယ်တကူ တက်လို့ရသွားကာ အိတုံ တက်ပြီး သော ဘောကွင်းကို သူက ပင်လယ်ဆီသို့ ဖြည်းဖြည်းချင်း တွန်း ပေးရင်း ပြောပြနေသည်။

"လှိုင်းစီးတယ်ဆိုတာ ဟန်ချက်ညီအောင် ထိန်းတတ်ရ တယ်။ တကယ်လို့ လှိုင်းက ပင့်တင်ပေးလိုက်ပြီ ဆိုရင် လည်း သိပ်မကြောက်နဲ့ ...

ဘောကွင်းကိုသာ မြဲမြဲကိုင်ထား။ ဘောကွင်းကို မိထားရင် ဘာမှမဖြစ်ဘူး။ နစ်လည်း မနစ်ဘူး"

"အင်း ... အင်းပါ"

"အေး ... ကောင်းကောင်းစီး။ ငါ ရေကူးလိုက်ဦးမယ်"

သူက အိတုံကို မှာကြားကာ ရေထဲသို့ တဖွမ်းဖွမ်း မြည်အောင် ပြေးဆင်းသွားရင်း ခပ်လှမ်းလှမ်းသို့ရောက်လျှင် ဖွမ်းခနဲမြည်အောင် ခိုင်ဗင်ပစ်ချလိုက်လေသည်။ ပြီးတော့ လှပစွာ ကူးခတ်သွားသည်ကို အိတုံက လိုက်လံငေးမောကြည့်ရှုနေမိသည်။ ပြီးတော့မှပဲ ကိုယ့်ဘောကွင်း ကိုယ်စီးဖို့ သတိရကာ စီးဖို့ကြိုးစား သည်။ သူ ပြပေးထားတဲ့ အတိုင်းပဲ စီးတာဖြစ်သော်လည်း တစ် ချီမှာတော့ လိမ့်တက်လာသော လှိုင်းလုံးကြီးသည် အိတုံကို အားပြင်းပြင်းနှင့် ရိုက်ချလိုက်တာကို ခံလိုက်ရလေသည်။

ကမန်းကတန်းပဲ ဘောကွင်းကို ဆွဲဖမ်းလိုက်သော် လည်း မမီတော့။ နောက်တစ်ချက် လှိုင်းရိုက်တာကို ခံရပြီးတဲ့





နောက်တွင် လူက ရေအောက်ထဲသို့ ကျွမ်းပြန်ကာ ကျသွားလေ သည်။ ရေမကူးတတ်သူမို့ ခြေကားယား လက်ကားယားဖြစ်ကာ ရေထဲမှာ ယက်ကန် ယက်ကန် ဖြစ်နေသည်။ ဆားငန်ရည်တွေ က မျက်လုံးထဲနှင့် နှာခေါင်းထဲ၊ ပါးစပ်ထဲ ရှိသမျှ အပေါက်ထဲ အကုန်ဝင်သောကြောင့် စပ်ဖျင်းမွန်ထူသော ဝေဒနာကိုလည်း အလုံးအရင်းနှင့် ခံစားလိုက်ရသေးသည်။ ရေပေါ်သို့ ပြန်တက် ရန် ကြိုးစားကာ ခြေထောက် ထောက်ဖို့ ကြိုးစားသော်လည်း အိတုံရဲ့ခြေထောက်က ကြမ်းပြင်ကို မထောက်မိချေ။ လူက မွန်း သထက် မွန်းလာသည်။ ဘုရား ... ဘုရား ... အိတုံ ရေနစ်နေပြီ။

ထည်ဝါခန့် ဘယ်ရောက်နေပြီလဲ မသိ။ အိတုံကို သူ သတိမရတော့ဘူးလား။ သူလည်းပဲ ငါးမန်းဆွဲသွားပြီလားမသိ ချေ။ အိတုံသည် ထင်ရာမြင်ရာတွေ လျှောက်တွေးပြီး နားတွေအူ လာသည်။ အသိစိတ်နှင့် ကိုယ်ခန္ဓာသည် လွတ်ကင်းသွားသည်ဟု ထင်ရပြီးနောက် ဖျတ်ခနဲ ငြိမ်းချမ်းသွားသလို ခံစားရသည်။ အိတုံရဲ့ လိပ်ပြာလေးသည် သူ့ကို လိုက်လံရှာဖွေနေသည်။ ဟိုး သမုဒ္ဒရာရဲ့ အနက်ရှိုင်းဆုံးတစ်နေရာမှာလား၊ ဟိုး မိုးကုတ်စက် ဝိုင်းရဲ့အဆုံးသတ်ဆီမှာလား။

မရှိပါ။ မရှိပါ။ သူ မရှိပါ။ တစ်စုံတစ်ရာက အိတုံကို လှုပ်ယမ်းနေသလို ခံစားရပြီးနောက် အိတုံသည် မွန်း ကျပ်ခြင်းမှ လွတ်မြောက်ခြင်းကို ခံစားလာရသည်။ ဒါပေမဲ့ ရင် ထဲမှာ တစ်ဆို့တုန်း၊ မောဟိုက်နေတုန်း အိတုံရဲ့နှလုံးသားတွေ



www.burmeseclassic.com

www.burmeseclassic.com



မရှုနိုင်မကယ်နိုင်ဖြစ်နေတုန်းပင်။ အဲဒီအချိန်မှာပဲ အိတုံရဲ့နားထဲသို့ ခေါ်သံလေးတစ်ခုက သဲ့သဲ့လေး တိုးဝင်လာသည်။ ဒါပေမဲ့ ခပ်ဝါးဝါးလေးပဲ။ ပြန်လည်ထူးဖို့ အိတုံမှာခွန်အားမရှိချေ။ ခံစားမှုအားတွေ ချို့တဲ့နေတုန်းမှာပဲ အိတုံရဲ့ နှုတ်ခမ်းတွေ နွေးထွေးသလိုခံစားသွားရသည်။

နှုတ်ခမ်းမှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ အားအင်တွေစီးဝင်လာသလိုခံစားရသည်။ အသက်ကယ်လိပ်ပြာလေးတစ်ကောင်သည် အိတုံရဲ့နှုတ်ခမ်းမှတစ်ဆင့် နှလုံးသားထဲသို့ ခုန်ဆင်းသွားသလို ခံစားရလေသည်။ အိတုံရဲ့ မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာသည်။ အဲဒီကျတော့မှပဲ အိတုံရဲ့နှလုံးသားတွေ ကပြောင်းကပြန်ဖြစ်သွားရတော့သည်။ သူဟာ အသက်ရှူရပ်နေဟန်တူသော အိတုံရဲ့ နှုတ်ခမ်းဆီသို့ သူ့နှုတ်ခမ်းမှတစ်ဆင့် အောက်စီဂျင်သွင်းပေးနေတာ ဖြစ်တော့သည်။

"အိတုံ ... အိတုံ"

သူက အိတုံရဲ့ပါးကို ခပ်ဆတ်ဆတ်ပုတ်ကာ လှုပ်နှိုးသည်။ အိတုံ သူ့ကို ဘယ်လိုရင်ဆိုင်ရမလဲ။ ရင်ခုန်လွန်းအားကြီးလွန်းလို့ ဘယ်လိုမှ ရင်မဆိုင်နိုင်တော့ချေ။ တုပ်တုပ်တောင်မလှုပ်တော့သော အိတုံကို သူက နောက်ထပ်တစ်ခါ အောက်ဆီဂျင်ထပ်ပေးသည်။ အိတုံသည် တကယ်ပဲ လွင့်မျောမိသွားတော့မလို ဖြစ်သွားသည်။

"အိတုံ ... အိတုံ ... ဟား ... အိတုံ"





သူက ခေါ်မရတော့လေ အိတုံကို ဆတ်ခနဲ ပွေ့ချီလိုက်တော့သည်။ အဲဒီတော့မှ ပိုဆိုးတော့တာပင်။ အိတုံသည် ကော်မောစရာကောင်းလွန်းလှသော သူ့ရင်ခွင်ထဲမှာ နစ်ဝင်ပြီးပါသွားသည်။ ဒီရင်ခွင် ... ဒီရင်ခွင်ထဲမှာ အိတုံ ခိုဝင်ခွင့်ရချင်လိုက်တာ။ ဘာစည်းစိမ်ဥစ္စာမှကို မက်လို့မဟုတ်ဘဲ ဒီလူပုဂ္ဂိုလ်သက်သက်ကိုပဲ ချစ်ကိုချစ်မိသွားတာဆိုလျှင် ဘယ်သူကမှတော့အချစ်စစ်ဟု ယုံကြလိမ့်မည်မဟုတ်။

ဘုရားရှင်နှင့် အိတုံသာ အသိဆုံးပဲ ဖြစ်လိမ့်မည်။ သူက အိတုံကို ချီပွေ့ထားရင်းမှ စိုးရိမ်တကြီး ပြေးလွှားနေသည်။ သူ အိတုံအတွက် စိုးရိမ်နေတယ်ပေါ့။ အဲဒီအသိကြောင့် အိတုံရဲ့ ရင်ထဲမှာ အနှိုင်းမဲ့ပျော်ရွှင်ကျေနပ်ရသည်။ သူ့ကိုလည်း ဒီထက်ပြီး မမောပန်းစေချင်တော့ပါ။

"ထည့်ဝါ"

"ဟင် ... မင်း သတိရလာပြီလား"

"ဟုတ် ... ကျွန်မ ... ကို ... အောက်ချပေးတော့နော်"

သူက အိတုံကို အောက်သို့ ညင်သာစွာ ချပေးလိုက်သည်။ ထီးရိပ်အောက်က ခုံတန်းလေးမှာ ချပေးလိုက်တာမို့ အိတုံက အဲဒီပေါ်မှာ ပုံ့ပုံ့လေးထိုင်ရင်း သူ့ကိုလည်း မကြည့်ရဲချေ။

"ဘယ်လိုဖြစ်ရတာလဲ"

"မသိဘူး၊ လှိုင်းရိုက်ပြီး လွင့်ကျသွားတာ၊ တော်သေးတာပေါ့၊ ကျွန်မ ရေနစ်နေတာ ရှင် မသိဘူး ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဖြစ်ရမယ်၊ ထင်တော့ထင်သားပဲ၊ ငါ့မှာ ရေသာ ကူးနေတာ စိတ်က မဖြောင့်ဘူး၊ ထင်လို့ လှည့်ကြည့်လိုက်တော့ မင်းကို မတွေ့ရတော့ဘူးလေ ...

ဟင်း ... မင်းကတော့ စံပါပဲ၊ ဘာဖြစ်လို့ အဝေးကြီးတွေလျှောက်သွားရတာလဲ၊ ကိုယ့်အကြောင်းကိုယ် သိရင်လည်း တိမ်တဲ့အပိုင်းပဲနေပေါ့"

တွေ့လား ... သူက နည်းနည်းသက်သာတာနှင့် ဆူတော့တာပဲဖြစ်သည်။ ဒါပေမဲ့လည်း အိတုံဟာ ကျေနပ်ခြင်းစိတ်အခံတွေ ပြည့်လျှံနေတာကြောင့် ခါတိုင်းလို ရန်မတွေ့မိဘဲ သူ့ကို ပြုံးပြုံးလေးသာ ပြန်စိုက်ကြည့်မိသည်။ သူက အဲဒါကို မျက်မှောင်ကြုတ်ကြည့်ကာ ...

"ငါ့ကို ဘာဖြစ်လို့ ပြုံးကြည့်နေရတာလဲ"

ချစ်လို့။ အဲဒါက အိတုံရဲ့စိတ်ထဲက ပြောလိုက်သောစကားဖြစ်သည်။ စိတ်ထဲမှာတော့ အဲဒီစကားမျိုး ထောင်သောင်းများစွာ ပြောလို့ရတယ်မဟုတ်လား။ အိတုံက သူ့ကို စိမ်ပြေနပြေကြည့်ဖို့ရာအတွက် မေးကလေးတောင် ထောက်လိုက်သေးကာ ...

"ရှင်က သူများကို ဟောက်စားလုပ်ရတာ တော်တော်ဝါသနာပါတယ်နဲ့တူတယ်နော်၊ အမြဲတမ်း အပြစ်ပြောပြီး ဟောက်နေတော့တာပဲ"

"မင်းက ဟောက်အောင်လုပ်နေတာကိုး"





"ဒါနဲ့ စကားမစပ် ရှင့် Bodyက တော်တော်ကြည့်ကောင်းတယ်နော်၊ အမြဲတမ်းကစားတာလား"

အိတုံရဲ့အပြောကို သူက မျက်မှောင်တစ်ချက်ကြုတ်သွားကာ ခပ်တင်းတင်းကြည့်ပြီးနောက် ဘာမှမပြောတော့ဘဲ ထွက်သွားလျှင် သူ ရှက်သွားတာပဲဟု ထင်မိကာ တဟားဟားပဲ အော်ရယ်မိလေသည်။ ဩော် ... သူ ... သူ ...။ သူဆို သူမှ ချစ်မိသွားပြီ ထည်ဝါခန့်ရယ်။ ရှင့်ချစ်သူနဲ့ ပေါင်းရဖို့အရေး ကူညီဆောင်ရွက်ပေးရင်းနဲ့ ရှင့်ကို ချစ်မိသွားတယ်ဆိုတော့ အင်မတန်ကြီးမားတဲ့ ဝဋ်ကြွေးကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

ခရီးသွားခြင်းသည် လူတစ်ယောက်နဲ့တစ်ယောက်ကို ပိုမိုနီးကပ်သွားစေသလို ပို၍လည်း ဝေးကွာသွားစေနိုင်သည်ဟု သူ ကြားဖူးသည်။ အဘယ်ကြောင့်ဆိုသော် ခရီးသွားကြည့်တော့မှပဲ လူတစ်ယောက်၏အတ္တဆိုတာ တစ်စွန်းတစ်စ ထွက်လာတတ်တာပဲဖြစ်သည်။ သူနဲ့ အိတုံတို့ သွားခဲ့သော ခရီးစဉ်မှာတော့ အစစအရာရာ ပြည့်စုံသည့်ခရီးစဉ်မို့ အတ္တတွေတော့ ထွက်လာစရာအကြောင်းမရှိ။ တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးမှုတွေသာ တိုးလာခဲ့သည်ဖြစ်သည်။

သူ့မျက်လုံးထဲတွင် အစားအသောက်ကို အထူးတလည်မက်တတ်သော၊ ပေါက်ကရတွေ လျှောက်ဖြစ်တတ်သော အိတုံသည် ခင်မင်စရာကောင်းသော သနားစဖွယ်ကောင်းသော ကောင်မလေးတစ်ဦးအဖြစ် မြင်ယောင်လာခဲ့သည်။ သူမကလည်း သူ့ကို သာမန်လူတစ်ယောက်အဖြစ် ဆက်ဆံ၍ သူတို့ဆက်ဆံရေး





ဟာ လွတ်လပ်ငြိမ်ချမ်းသည်။ ချောင်းသာက ပြန်ရောက်ပြီးကတည်းက သူတို့နှစ်ယောက်ဟာ အရင်ကထက် ပို၍ရင်းနှီးသွားခဲ့ကြတာဖြစ်လေသည်။

ချောင်းသာက ပြန်ရောက်ပြီး သိပ်မကြာမီမှာပင် သူက အိတုံကို ကွန်ဒိုသို့ ပြောင်းပေးလိုက်သည်။ သီးသန့်ခြံဝင်းထဲမှာရှိသော ကွန်ဒိုမို့ အိတုံရော၊ ရွှေဝါရောဟာ ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာနေကြသည်။ သူ့အတွက်တော့ ဒါဟာ နောက်ထပ်ခြေလှမ်းတစ်ခု ထပ်လှမ်းလိုက်ခြင်းပဲ ဖြစ်တော့သည်။ သူ့ကို စောင့်ကြည့်နေသော အန်ကယ်ဂျိမ်းသည် ဒါကို မှတ်တမ်းမတင်ဘဲနေမှာမဟုတ်ချေ။ တဖြည်းဖြည်းနဲ့တော့ သူ့ Plan တွေဟာ အောင်မြင်အဆင်ပြေတော့မည်ဟု ထင်ပါသည်။

အဲဇာကို သူက ဒီကိစ္စတွေ အတိအကျ ပြောပြမထားပေမယ့် နီးစပ်ပို့အတွက် အမြဲကြိုးစားနေတယ် ဆိုတာတော့ သူက ပြောပြထားသည်။ အဲဇာကတော့ စိတ်ခါတ်ကျနေသလားတော့ မပြောတတ်။ အားလျော့တဲ့စကားတွေ မယုံတော့တဲ့စကားတွေ ထွက်လာတာလည်း သူ့အတွက်တော့ ဖိအားတစ်ခုပဲ ဖြစ်ပါသည်။

ဒီအကြောင်းတွေကိုတော့ သူက အိတုံကို ပြောမပြဖြစ်ပါ။ ဒီအချိန်မှာ အိတုံနဲ့ သူနဲ့က ရင်းရင်းနှီးနှီး ရှိနေကြပြီဆိုပေမယ့် အဲဇာနဲ့ပတ်သက်သော အကြောင်းအရာတွေကိုတော့ မပြောပြဖြစ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူက မပြောပြပေမယ့် အိတုံဆိုသော မနိုင်စိန်လေးကတော့ စပ်စပ်စုစု ရှိတတ်သေးသည်။ အခုလည်းပဲ စပ်စုစိန်အကြောင်း အတွေးရောက်သွားတာနှင့် သူမဆီကဖုန်းက ချက်ချင်းဝင်ရောက်လာသည်။ သူက ဖုန်းကို ဖွင့်နားထောင်လိုက်ပြီးနောက်_

"ပြော"

"အမယ်လေး လေသံကလည်း မာလိုက်တာ။ မပြောဘူးချလိုက်တော့မယ်"

"အရှုပ်ထမနေစမ်းနဲ့၊ ပြောမှာသာပြော"

"အိမ်မှာ ထမင်းလာစားပါလားလို့ လှမ်းပြောတာ။ မနေ့ကအမေ့ဆီ ပြန်တယ်လေ။ အဲဒါ အမေက အမဲခြောက်ကြော်ထည့်ပေးလိုက်တယ် ..."

ရှင် အရမ်းကြိုက်တာ သတိရလို့၊ အဲဒါ လာစားမှာလား"

"အင်း ... စားတော့ စားချင်ချင်ပဲ"

"စားချင်ရင် လာခဲ့။ ဩော် ... အိမ်နားရောက်ခါနီးရင်ဖုန်းဆက်လိုက် အဲဒီချိန်ကျမှ ကန်စွန်းရွက်ကြော်မလို့"

"အိုခေ ... ဆီးယူ"

သူက ဖုန်းပိတ်လိုက်ပြီးနောက် လုပ်လက်စ အလုပ်တွေကို လက်စဖြတ်ကာ နာရီကို တစ်ချက်ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီမတ်တင်း ရှိပြီမို့ သူ့ဗိုက်လည်း ဆာသလိုလို ရှိလာသည်။ အပြင်သွားဖို့ ကားသော့ကို ကောက်ယူလိုက်တုန်းမှာပဲ





အန်ကယ်ဂျိမ်းက အနားသို့ ရောက်လာသည်။ ဟိုက ဘာမှမပြောခင် သူက အရင်ဦးအောင် ပြောထားလိုက်သည်။

"အန်ကယ်ဂျိမ်း ကျွန်တော် အပြင်သွားလိုက်ဦးမယ်။ Lunch ကို ကိုယ့်ဘာသာပဲ စားလိုက်တော့"

"ဘော့စ် အဲဒီကောင်မလေးကို တကယ်ပဲ ငြိတွယ်နေပြီလား"

"ဘာတွေ ပြောနေတာလဲ အန်ကယ်ဂျိမ်း"

"ဘော့စ် အခု သူ့ဆီသွားမှာ မဟုတ်လား။ ကိုယ် ဘာကိုဆိုလိုတယ်ဆိုတာ ဘော့စ် သိပါတယ်"

"အဲဒါ ကျွန်တော့် Personal ပါ"

"Personal ပေမယ့် ဘော့စ်ဟာက အရမ်းလွန်နေပြီ။ ပိုက်ဆံချမ်းသာတဲ့ လူတိုင်း တော်တော်များများမှာ ဒီလိုကိစ္စမျိုးတွေ ရှိတတ်ပါတယ်။ ဒါပေမဲ့ သူ့အကန့်နဲ့သူထားတယ်။ အခု ဘော့စ်ဟာက ဘောင်ကျော်နေပြီ ...

ဝန်ထမ်းတွေရဲ့ အမြင်မှာလည်း မကောင်းတော့ဘူး။ ကြာရင် လူကြီးမင်းနားကို ရောက်တော့မယ်။ ဒီကလေးမက ဘော့စ်ကို တစ်ခုခု အကျပ်ကိုင်နေတာများရှိလား။ တကယ်လို့ ဘော့စ် မဖြေရှင်းနိုင်တဲ့ကိစ္စမျိုးဆို ကိုယ်ဖြေရှင်းပေးပါ့မယ်"

"သင့်ခ်ယူ ဂါ။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ပတ်သက်မှုကြားမှာ ဘာပြဿနာမှ မရှိပါဘူး။ သူ့ကိုလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က ချုပ်နှောင်မထားသလို သူကလည်း ကျွန်တော့်ကို ချုပ်နှောင်မထားဘူး ...

လွတ်လွတ်လပ်လပ်ပဲ”

သူ့စကားကို အန်ကယ်ဂျိမ်းက ဘယ်လိုမှ နားမလည်ဟန်ဖြင့် စိုက်ကြည့်သည်။ သူက အန်ကယ်ဂျိမ်းကို ပြုံးကြည့်လိုက်ကာ ...

“အဆိုးတွေ အများကြီးလို့ သတ်မှတ်ထားတဲ့ လူတစ်ယောက်မှာတောင် ကောင်းကွက်လေးတစ်ခုတော့ ရှိသေးတာပဲလေ ...

သူ့ဆီမှာလည်း ကျွန်တော် သဘောကျရတဲ့ ကောင်းကွက်လေးတွေက တစ်ခုမကဘူး ရှိပါတယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့ ဆက်လက်ပတ်သက်နေကြဦးမယ်_

ကဲ ... ကျွန်တော် သွားလိုက်ဦးမယ်”

ခေါင်းခါယမ်းပြီး ကျန်ခဲ့သော အန်ကယ်ဂျိမ်းကို သူက အသာပြုံးမိကာ Lift ဖြင့် ဆင်းလာခဲ့သည်။ ပြီးတဲ့နောက်မှာတော့ သူမ နေထိုင်ရာသို့ ကားဖြင့်ထွက်လာခဲ့လေသည်။ သူ့ရုံးခန်းနှင့် သူမ နေထိုင်သည့် ကွန်ဒိုမှာ သိပ်မဝေးတာမို့ ဆယ်မိနစ်အတွင်းပဲ ရောက်သွားသည်။ ရောက်တော့မှပဲ သူက ဖုန်းဆက်ဖို့ သတိရသော်လည်း မထူးတော့ပြီမို့ ဆက်မနေတော့။ Life ဖြင့် တက်လာခဲ့ပြီး ဆယ်လွှာရှိ အခန်းသို့ရောက်လျှင် ဘဲလ်နှိပ်လိုက်သည်။





ခဏအကြာတွင် သူမက တံခါးလာဖွင့်ပေးလေသည်။ ထင်တဲ့အတိုင်းပင် သူ့ကိုမြင်တာနှင့် ပြောတော့သည်။

“ဖုန်းဆက်ပါဆိုတဲ့ဟာကို မဆက်ဘူး”

သူက အိမ်ခန်းအတွင်းသို့ ဝင်လိုက်ရင်းမှ ဖိနပ်ချွတ်ရင်း ပြန်ပြောမိသည်။

“ဆောရီး ... ဒီကွန်ဒိုဝင်းထဲကို ချိုးဝင်မိတော့မှပဲ မင်းဆီ ဖုန်းဆက်ဖို့ သတိရတော့တာ။ ကဲ ... ဘာတွေချက်ထားလဲ”

“အင်း ... အမဲခြောက်ကြော်ရှိတယ်။ ခရမ်းချဉ်သီး ငါးပိချက်နဲ့ ကွန်စွန်းရွက်ကြော်မှာ။ ခဏလေး ကန်စွန်းရွက်ကြော်ရဦးမယ်”

“သြော် ... မင်းက ကန်စွန်းရွက်တော့ ကြော်စတ်သေးတယ်ပေါ့”

“ရှင်တို့ ဟိုတယ်ထက်တော့ မညံ့စေရပါဘူး”

သူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိသလို သူမကလည်း မျက်စောင်းတစ်ချက်ထိုးကာ နောက်ထဲသို့ ဝင်သွားသည်။ ခဏကြာလျှင် စားလို့ရပြီဟူသော အသံကြောင့် သူက ထမင်းစားခန်းထဲသို့ ဝင်လာခဲ့လေသည်။ ထမင်းစားပွဲပေါ်တွင် ကန်စွန်းရွက်ကြော် စိမ်းစိမ်းက အငွေ့တထောင်းထောင်းထကာ တည်ရှိနေသည်။ သူမက သူ့ရှေ့သို့ မွှေးပျံ့နေသော ထမင်းတစ်ပန်းကန်တစ်ချပ် ချပေး၍ ငုံ့ကြည့်လိုက်လျှင် ရိုးရိုးထမင်းဖြူ မဟုတ်ဘဲ ခပ်ဝါဝါသမ်း ထမင်းဆီဆမ်းများကို တွေ့မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ထမင်းပူကို အမဲခြောက်ဆီနဲ့ ဆားနဲ့ ရောနယ်ထား တာလေ။ အရမ်းစားလို့ ကောင်းတယ်။ တခြား ဘာမှ မပါဘဲနဲ့ သူ့ချည်းပဲ စားရင်တောင် ကောင်းတယ်"

သူက တစ်ဇွန်းမြည်းကြည့်လိုက်လျှင် တကယ်ပဲ စားလို့ကောင်းတာ တွေ့ရသည်။ အဲဒါရယ် ကန်စွန်းရွက်ကြော် ပူပူလေးရယ်ဖြင့် တကယ်ပဲစားမြိန်ပါသည်။ သူက အမဲခြောက် ကြော်တစ်ခုကို ဇွတ်ခနဲ မြည်အောင် ကိုက်ဝါးလိုက်လျှင် အဲဒါကို သူမက သဘောတကျနှင့် ပြုံးစိုက်ကြည့်နေသည်။ ခုတလောမှာ သူ့ကို ဘာ့ကြောင့် သူမ အဲဒီလိုပြုံးပြီး ကြည့်တတ်သလဲတော့ မသိပါ။ တစ်စုံတစ်ရာကို ကျေနပ်သလို ရှိနေသော အပြုံးမျိုးဖြစ် သည်။ သူ အမဲခြောက်ကြော် ကြိုက်တာကိုပဲ ကျေနပ်နေသလား တော့ မပြောတတ်ပေ။

"ဘယ်လိုလဲ စားကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ်"

"ဟင် ... ကောင်းပါတယ်ဆိုတဲ့ အသံကြီးကလည်း"

သူမက အားမလို အားမရသံဖြင့် ဆိုသည်။ ဒီကလေး မဟာ လူတိုင်းကို သူမလိုပဲ အစားသောင်းကျန်းတတ်သူများ ထင်နေလားတော့ မပြောတတ်ပါ။ သူမကတော့ တစ်ခုခုများ စားမကောင်းလိုက်နဲ့။ ဟား ... အရမ်းကောင်းတာပဲ၊ ငွတ်ဒ်ရှယ် မိုက်တယ်ကွာ၊ ရူးလို့ရတယ် စသဖြင့် ဘာတွေမှန်းမသိ ရေရွတ် ကာ ပလုတ်ပလောင်း စားတတ်သူ ဖြစ်သည်။





"ငါက မင်းလိုမှ အစားမသောင်းကျန်းတာ။ မင်းကတော့ အစားသောက်စားရင် ဝေသာလီပြည် ဘီလူးစီးနေတဲ့အတိုင်း ပဲလေ"

"အောင်မာ"

"ဪ ... မင်းကို ငါ တစ်ခု ပြောစရာရှိတယ်။ မင်း တက်ချင်တဲ့ အလှပြင်သင်တန်းဆိုလား ဘာဆိုလား၊ အဲဒါ နည်းနည်းပါးပါး စုံစမ်းရင် စုံစမ်းထားဦးလေ ... အဆင်ပြေတယ်ဆိုရင်လည်း တက်ဖို့လုပ်တော့"

သူ့စကားကြောင့် သူမ မျက်နှာက တစ်မျိုးလေး ဖြစ်သွားရင်း ...

"ဘာလဲဟင်၊ ရှင့်ကိစ္စတွေ အဆင်ပြေသွားပြီလား"

"မဟုတ်ပါဘူး။ မင်းလည်း ဒီအတိုင်း နေ့နေတာ ဘယ် လောက်ကြာပြီလဲ၊ အလကားနေရင်း အချိန်တွေ ကုန်တယ် လေ။ ဒါကြောင့် အကျိုးရှိအောင် သင်တန်းတက်ချင်လည်း တက်ထားတော့လို့ ပြောတာ"

"ရှင့်ကိစ္စတွေမှာ မအောင်မြင်သေးဘဲ"

"ရော် ... ငါက တက်တော့လို့ပြောရင် တက်ပေါ့ကွာ။ ဒီစကားက မင်းအတွက် ဝမ်းသာရမယ့်စကား မဟုတ်ဘူး လား"

သူ့စကားကို သူမက တစ်ခုခု ပြန်ပြောဖို့ ကြိုးစား နေတုန်းမှာပဲ အိမ်ရှေ့က လူခေါ်ဘဲလ်မှ တင်းတောင် ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အသံမြည်လာသည်။ သူမက စားလက်စခွန်းကို အသာချကာ "ရွှေဝါ ပြန်လာတာနဲ့ တူတယ်"ဟု တီးတိုးရေရွတ်ရင်း တံခါးဖွင့်ဖို့ ထသွားသည်။ တံခါးဖွင့်လိုက်သံ သဲ့သဲ့ကို ကြားလိုက်သော်လည်း ရွှေဝါ့အသံကိုတော့ မကြားမိချေ။ ရွှေဝါ ဆိုသောကောင်မလေးကလည်း ဒေါ်အိတုံ့ရဲ့သူငယ်ချင်းလို့ မပြောရဘဲ ဗရုတ်သုတ်ခတွေထဲက တစ်ယောက်ဖြစ်သည်။

ရွှေဝါ လာလျှင်တော့ အခုလို ငြိမ်ငြိမ်သက်သက် ဝင်လာလိမ့်မည်မဟုတ်။

ဘယ်သူများပါလိမ့်ဟု စူးစမ်းနေတုန်းမှာပဲ သူမက ထမင်းစားခန်းအဝမှာ ပေါ်လာကာ ...

"ထည်ဝါ ... ရှင့် ဧည့်သည်"

"ငါ့ဧည့်သည် ဘယ်သူလဲ"

"ကျွန်မလည်း မသိဘူး"

"ဟင် ... မသိတဲ့ ဘာဖြစ်လို့ တံခါးဖွင့်ပေးရတာလဲ။ ငါ့ဧည့်သည်ဆိုတိုင်း ဖွင့်ပေးစရာလား"

"သူက ရှင် ဒီထဲမှာ ရှိနေတယ်ဆိုတာ သေချာပေါက်သိတယ်။ ကဲ ... ထွက်တွေ့လိုက်ပါ၊ ဧည့်ခန်းထဲမှာ စောင့်နေတယ်"

သူက စားလက်စထမင်းကိုရပ်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ အိမ်ရှေ့ဧည့်ခန်းထဲတွင် သူ့ကို နောက်ကျောပေးလျက် မိန်းကလေးတစ်ယောက်က ရပ်နေသည်။ နောက်ကျော





ပေးထားသော်လည်း အဲဒီကျောပြင်ကို သူ ရင်းရင်းနှီးနှီးကြီးသိသည်။ ဒါပေမဲ့ လုံးဝ ထင်မထားတာမို့ အံ့သြပြီး စိုက်ကြည့်နေတုန်းမှာပဲ အဲဒီကျောပြင်ဟာ ဒီဘက်သို့ လှည့်လာသည်။

"အဲဏီ"

အဲဒီခေါ်သံနှင့်အတူ မရှေးမနှောင်းမှာပဲ သူ့ပါးပြင်တစ်ဖက်က လည်ထွက်၍ ပူထူသွားသည်။ သူက မယုံနိုင်ခြင်းများစွာနှင့်အတူ ပါးတစ်ဖက်ကိုကိုင်ပြီး ကြည့်လိုက်လျှင် အဲဏီက သူ့ကို အငြိုးတကြီး စိုက်ကြည့်နေသည်။

"ဟင်း ... အဲဒါ ရှင့်ရဲ့သစ္စာရှိလှစွာသော အချစ်တွေကို ဂုဏ်ပြုလိုက်တာပဲ ထည်ဝါခန့်။ အခု ရှင်နဲ့ ရှင့်စပွန်ဆာမနဲ့ကို လက်ပူးလက်ကြပ် ဆုံပြလိုက်တာ။ ရှင် ဘာပြောချင်သေးလဲ"

"အဲဏီ ... မင်း ထင်တာတွေ မှားနေပြီ။ မင်း ထင်သလို လုံးဝမဟုတ်ဘူး"

"ဟက် ... စပွန်ဆာပေးထားတဲ့ ကွန်ဒိုမှာ စပွန်ဆာမနဲ့ အတူ နှစ်ယောက်တည်း တွေ့နေတာတောင် လုံးဝမဟုတ်ဘူး ဆိုတော့ ဘာလဲ ...

ထည်ဝါခန့် ... ရှင့် ဗီဇစရိုက်က ဒီလိုပဲလား။ ဟင် ... ကျွန်မကိုတော့ စကားလုံးတွေနဲ့ အမျိုးမျိုး အယုံသွင်းပြီး ရှင်က ဒီမှာ ဖြစ်ချင်တိုင်း ဖြစ်နေတာ၊ ကျွန်မက မသိဘူးများ ထင်နေလား ...



www.burmeseclassic.com

www.burmeseclassic.com



သိလို့ကို ရှင့်ကို ကိုယ်တိုင် ကိုယ်ကျ လာဖမ်းပြတာ။ ဒီမှာ ထည်ဝါခန့်၊ ရှင့်အပေါ်မှာထားခဲ့ကဲ့ ကျွန်မရဲ့ ယုံကြည်မှုတွေ သစ္စာတရားတွေ အလကား ဖြစ်သွားပြီ ...

အလကားပဲ၊ ရှင်ဟာ အလကားလူပဲ”

“အဲဏီ ... မင်း ထင်တာတွေ ဖွတ်မပြောပါနဲ့။ မင်းထင်နေတဲ့ပုံစံမျိုး လုံးဝမဟုတ်ဘူး။ သူနဲ့ ကိုယ်နဲ့က ဘာမှ မဟုတ်ဘူး ...

မင်းကြားထားတဲ့ ပုံစံမျိုးဖြစ်အောင် ကိုယ် တမင် အကွက်ချ စီစဉ်ခဲ့တာ။ အဲဒါလည်း မင်းနဲ့ ကိုယ်နဲ့ နီးစပ်ဖို့အတွက်ပါပဲ ...

ကိုယ်ပြောတာကို ယုံစမ်းပါ။ မင်းထက်ပိုပြီး ကိုယ်က ဘယ်သူ့ကို ချစ်ရဦးမှာလဲ။ ကိုယ့်ကို မယုံတာ ယုံတာထက် မင်းကိုယ်မင်း ယုံကြည်မှု မထားတော့ဘူးလား ...

ကိုယ်ဟာ မင်းကိုထားပြီး နောက်ထပ်တစ်ယောက်ကို ချစ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား၊ အထူးသဖြင့် ...”

သူက အိတုံရှိနေတာကို နားမထောင်နေသော်လည်း ကြားနေရမှာကို သတိရသွားသောကြောင့် စကားစကို ရပ်လိုက်မိသည်။ အဲဒီနောက် အဲဏီကို ဆွဲဖက်ကာ သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းရင်း နှစ်သိမ့်လိုက်သည်။ သူနဲ့ အဲဏီတို့ကြားထဲတွင် ထားရှိခဲ့သော အချစ်၊ သံယောဇဉ်၊ သမုဒယ ဒါတွေဟာ လွယ်လွယ်လေးနဲ့ ပျောက်ကွယ်သွားမည်ဟု သူ မထင်ပါ။





သူကလည်း သိပ်ချစ်သလို အဲဏီကလည်း သူ့ကို သိပ်ချစ်ပါသည်။ သူက အဲဏီကို ရင်ခွင်ထဲမှာ နှစ်သိမ့်ထားရင်းမှ ဆံနွယ်ဖုလေးတွေကို သပ်ဖွပေးရင်းမှ ...

“မောင်တို့ ထားခဲ့တဲ့ ကတိတွေ မောင်တို့ပဲ သိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မောင့်ဆီကို အဲဏီ ရောက်လာတာ မောင် အရမ်းဝမ်းသာတယ် ...

မောင့်ကို အချိန်တစ်နာရီပေးပါ၊ အဲဒီတစ်နာရီ ပေးပြီးသွားရင် အဲဏီ ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ် ...

အိုခေနော်၊ လာ ... မောင်တို့ သွားရအောင်”

သူက အဲဏီရဲ့ပခုံးလေးကို ညင်သာစွာ ဖွေ့ဖက်ပြီး ခေါ်ဆောင်လာခဲ့သည်။ သူ့စိတ်ထဲမှာ အိတုံကိုလည်း သတိမရတော့။ ဘယ်သူ့ကိုမှ သတိမရတော့။ လုံးဝကို မမျှော်လင့်ထားဘဲ ရောက်လာသော ကောင်းကောင်းကြီးလည်း အထင်လွဲသော အဲဏီသည်သာ သူ့လက်ရှိဘဝရဲ့ နံပါတ်တစ်ဖြစ်လို့ နေလေသည်။

နှုတ်တောင်မဆက်နိုင်ဘဲ ထွက်ခွာသွားသော လူနှစ်ဦးကို ကြည့်ကာ မျက်ရည်တွေ စီးကျလာခဲ့သူက အိတုံ ဖြစ်သည်။ အိတုံရဲ့ ရင်ထဲတွင် ဘာကြောင့်မှန်းမသိဘဲ တစ်ဆို့မောဟိုက်နေကာ နေစရာ နေရာမရှိတော့သလို ခံစားနေခဲ့ရသည်။ ချစ်သူလည်း ရောက်လာရော အိတုံကို ရှိတယ်လို့တောင် သဘောမထားဘဲ ထွက်သွားသော ထည်ဝါခန့်သည် အိတုံကို အခါများစွာက ဆက်ဆံခဲ့သော ပုံစံနှင့် လုံးဝမတူပါ။ ဟိုက ပါးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လည်ထွက်သွားအောင် ရိုက်တာတောင် နည်းနည်းလေးမှ အပြုံးမပျက်ခဲ့။ အိတုံ နားနှင့်ဆတ်ဆတ်ကြားလိုက်ရသော "မင်းထက်ပိုပြီး ကိုယ်က ဘယ်သူ့ကို ချစ်ရဦးမှာလဲ" ဟူသော စကားသည် အိတုံရဲ့နားထဲတွင် အထပ်ထပ် ပဲ့တင်ပြီး ကျန်ခဲ့သည်။

ပြီးတော့ သူ့ချစ်သူ ပြောသွားခဲ့သော စပွန်ဆာမဆိုတဲ့ ရင့်ရင့်သီးသီး စကားလုံးများ၊ ဒါတွေ ဒါတွေသည် အိတုံရဲ့နှလုံးသားကို ဓားနဲ့မွှန်းသွားသလို ခံစားရသည်။ အင်းပေါ့လေ အိတုံ ဘက်ကရော ဘာပြောလို့ ရမှာတဲ့လဲ။ ဘယ်လိုပဲဖြစ်ဖြစ် မပြေးသော် ကံရာရှိ အခြေအနေက ဒီလိုပဲ ဖြစ်တည်စေခဲ့ပြီ။

သူ ပြောသလိုပဲ အခြေအနေတစ်ခုက ထူးလာခဲ့ပြီ။ သူ့ သိပ်ချစ်လောက်အောင်ပင် အင်မတန်ချောကာ မြင်လိုက်တာနဲ့ကို အဆင့်အတန်းမြင့်မြင့်ထဲကမှန်း သိသာစေသော သူ့ချစ်သူဟာလည်း သူ့ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီဆိုတော့ အိတုံ တစ်ယောက် ကိုယ့်ဘဝကိုယ်သိကာ အထုပ်ပြင်ထားရတော့မည်ဆိုတာ သဘောပေါက်လိုက်လေသည်။

○ ❦ ○





## ၂၃

ကန်တော်ကြီးထဲက အေးချမ်းသာယာသော ရေစပ်တစ်နေရာမှာ ကားရပ်ထိုးပြီးနောက် သူက အဲဇာကို ဖြစ်ကြောင်းရယ်ကုန်စင် အားလုံးကို မချွင်းမချန် ရှင်းပြရသည်။ သူကပြောအဲဇာက ကွန်ပလိန့်ပြန်တက်၊ ပြန်ပြော ပြန်ရစ်နှင့် နှစ်နာရီလောက်ကြာတော့မှ အကောင်းဘက်သို့ ဦးတည်သော အခြေအနေတစ်ခုသို့ ပြောင်းလဲလာခဲ့တာဖြစ်သည်။ ဒါတောင်မှ အဲဇာက လုံးဝကျေနပ်ပုံ မပေါ်ပါ။

"အဲဒီကိစ္စကို ရှင် ဘာကြောင့် ကျွန်မကို အသိမပေးရတာလဲ။ ဒီလောက် အထင်လွဲစရာကောင်းတဲ့ ကိစ္စကြီးကို ရှင့်သဘော တစ်ခုတည်းနဲ့ လုပ်တယ်ဆိုကတည်းက ရှင် မရိုးသားတာပဲလေ"

"အဲဇာ သိရင် သက်သက် စိတ်ပူနေမှာ စိုးလို့ပါကွာ။ အဲဇာပဲ ဟိုကနေ စိုးရိမ်နေရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုရော မစိုးရိမ်ရလို့လား။ ရှင့်သတင်းကို ကြားကြားချင်း တုန်းက ဘယ်လောက် စိတ်ဆင်းရဲခဲ့ရတယ် ထင်လဲ –

ချက်ချင်းတောင် ထလိုက်လာချင်တာ။ လူကိုမီးဟပ် ခံနေရတဲ့အတိုင်းပဲ၊ ပြီးတော့ ဒီလိုလုပ်ခြင်းအားဖြင့် ရှင်နဲ့ ကျွန်မ ဘယ်လိုနီးစပ်နိုင်မှာလဲ။ အဘိုးကရော ဒီကိစ္စတွေ မသိဘူးတဲ့လား"

"အဘိုး ရိပ်မိချင်လည်း ရိပ်မိနိုင်တယ်။ ဒါပေမဲ့ ကိုယ့်ကို တော့ ဘာမှမပြောသေးဘူး"

"ထားပါတော့ အဘိုးကိစ္စက။ အခု အဲဒီကောင်မလေးကို ရှင် ဘယ်လိုလုပ်မှာလဲ"

သူ့မျက်လုံးထဲတွင် သနားစရာကောင်းသော အိတုံ ရဲ့ မျက်နှာငယ်နှင့် ကျန်ရစ်ခဲ့သော ပုံစံလေးကို မြင်ယောင်လာ သည်။ ဆောရီးပါ အိတုံရယ်။ မင်းကို ငါ အရမ်းအားနာမိပါ တယ်။

"သူက ဒီအတိုင်းပဲ ရှိနေမှာပဲလေ"

"ဘာကို ဒီအတိုင်း ရှိနေမှာလဲ။ ရှင့်စပွန်ဆာအဖြစ် ထား ဦးမှာလား၊ ထည့်ဝါခန့် ... ရှင်နော်"

"မဟုတ်ဘူးလေ။ ကိုယ်နဲ့ အဲဏီက 2 in 1 လေကွာ။ အဲဏီလည်း အကြံပေးဦးမှပေါ့ ...

သူ့ကို လိုအပ်သေးတယ်လို့ မထင်ဘူးလား"

သူ့စကားကို အဲဏီက တစ်ဖော စဉ်းစားကာ –





"မလိုအပ်တော့ဘူး။ သူ့ကို မောင့်အနားက လုံးဝဖယ်ထုတ် လိုက်တော့၊ ကောင်းပြီး အလုပြင်သင်တန်းကြေး ပေးမယ် လို့ ပြောထားရင်လည်း တစ်ခါတည်း အပြတ်ပေးလိုက်ပြီး စာရင်းကို အပြတ်ဖြတ်လိုက်တော့ ...

မောင့်ကို အဲဏီ ကူညီမယ်။ ကူညီမယ် ဆိုတာထက် အဲဏီတို့အတွက် လုပ်မှာပါ။ မောင့်အဘိုးကို အဲဏီ ဝင် တွေ့မယ်။ မောင် ဒီလိုတွေ ဖြစ်နေတယ်။ အဲဒီကောင်မ လေးနဲ့ ဖြစ်နေတာကို အဲဏီက လာဖြတ်ပေးတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ မောင့်အဘိုးကို ပြောပြမယ် ...

မောင့်အဘိုးကိုလည်း မောင်က အဲဏီတို့ လက်ထပ် ဖို့ pressure ပေးပေါ့။ အဲဒါဆိုရင် အဘိုးဆီက အခြေအနေ တစ်ခု ထူးလာမယ်လို့ ထင်တာပဲ"

"အင်း ... အဲဒီလိုလုပ်လည်း ကောင်းပါတယ်။ အဲဏီက ရော ကိုယ်နဲ့လက်ထပ်ပြီး ဒီမှာနေဖို့ မဖြစ်နိုင်ဘူးလား ...

အဲဏီသာ အဲဒီလို လုပ်မယ်ဆိုရင် အဲဏီမိဘတွေကို ချက်ချင်းခေါ်ပြီး လက်ထပ်လို့ရတယ်"

"မရဘူး မောင်။ ဒယ်ဒီတို့က အဲဏီကို အဝေးကြီးမှာ မထားချင်ကြဘူး။ အခုလည်း US ကို ပြောင်းဖို့ စပြီး Try နေကြပြီ ...

အဲဏီတောင် အလုပ်ထွက်ဖို့ စာတင်ထားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... အဲဒါဆိုရင် ဘယ်လိုလုပ်မလဲကွာ။ အဲဏီက ဒီမှာမနေနိုင်၊ ကိုယ်ကလည်း ဟိုကို လိုက်မလာနိုင်တော့ အဲဒီမှာ Junction ပဲ ...

တစ်ယောက်ယောက်က ဆုံးဖြတ်မှ ရမှာ။ အဲဏီက နည်းနည်းစဉ်းစားဦးလေကွာ။ အိမ်ထောင်ကျပြီးရင် မိန်းကလေးက ယောကျ်ားလေးနောက် လိုက်ရတာပဲလေ။ ကိုယ်က အဲဏီကို တင့်တောင့်တင့်တယ် မထားနိုင်ရင်လည်း ထားတော့။ ကိုယ်ကလည်း ထားနိုင်နေတာပဲ ...

အဲဏီရဲ့မိဘတွေ US မှာဆိုလည်း သွားလည်လို့ရတာပဲလေ။ သူတို့လာချင်ရင်လည်းလာ၊ ကိုယ်တို့လည်း သွားလို့ရတာပဲ။ အဲဒီလိုကလည်း စဉ်းစားပါ အဲဏီရယ်"

"အဲဏီလည်း ပြောတာပဲ။ မာမီတို့ကလည်း ပြောတယ်။ ဘယ်သူမဆို ပြောတာတော့ လွယ်တယ်။ တကယ်တမ်းလက်တွေ့မှာ ခက်လာနိုင်တာတွေ အများကြီးပဲတဲ့ ...

သွားလည်လို့ရတယ် ဆိုပေမယ့် တကယ့် တကယ်တမ်း အိမ်ထောင်ကျသွားပြီဆိုရင် တစ်နှစ် တစ်ခေါက်ရောက်ဖို့တောင် ခက်သွားတာတဲ့။ တစ်နိုင်ငံတည်းနေပြီး ရန်ကုန်နဲ့မန္တလေးတောင် တစ်နှစ် တစ်ခါ မတွေ့နိုင်တာတွေ ရှိတာပဲလေ ...

အဲဒီတော့ မာမီတို့ကို ပြောလို့မရဘူး"



သူက စိတ်မသက်သာစွာနဲ့ပဲ သက်ပြင်းကို ချလိုက်တော့သည်။ အခြေအနေတွေဟာ သူ့အတွက်ကျမှ ဘာကြောင့်များ ခက်ခဲနေသလဲတော့ မပြောတတ်တော့ပါ။ သူ စီစဉ်ဖန်တီးထားသော အကွက်တွေဟာလည်း ထင်တဲ့အတိုင်း ဖြစ်မလာဘဲ နည်းနည်းတော့ လွဲချော်သွားခဲ့ပြီဖြစ်သည်။ အခြေအနေတွေဟာ ဘာတွေဖြစ်လာမလဲ၊ သူလည်းပဲ ဘယ်လိုမှ ကြိုတင်မခန့်မှန်းနိုင်တော့ပါ။

○❦○

ပေပန်တာ၊ အပြုံပြုံတာ၊ စိတ်ကောက်တာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းနဲ့ တွေ့လို့ရပါပြီ"

အဘိုးရဲ့ကိုယ်ရေးအရာရှိ အန်တီဂရေ့စ်က သူ့ကို ပြောလိုက်လျှင် သူက ခေါင်းတစ်ချက်ဆတ်ကာ အဘိုးရဲ့စာကြည့်ခန်းထဲသို့ ဝင်လိုက်သည်။ အဘိုးနဲ့ သူသည် တစ်အိမ်တည်းသာ နေကြပေမယ့် စားသောက်ချိန်များမှအပ တွေ့ဖြစ်တာ နည်းပါသည်။ တွေ့လည်းပဲ အလုပ်ကိစ္စမှလွဲ၍ တခြား အထွေအထူး မပြောဖြစ်ကြချေ။ အခုတော့ သူ့ဘက်က ပြောစရာတွေ ရှိလာခဲ့ပြီဖြစ်သည့်အတွက် အဘိုးကို တွေ့ခွင့်တောင်းရပြီ ...

သူ ဝင်လာသောအခါ အဘိုးကို စာအုပ်တစ်အုပ်ကို ဖတ်နေရာမှ ခေါင်းတစ်ချက် ဆတ်ပြသည်။ သူက အဘိုးရဲ့ရှေ့ကခုံမှာ ဝင်ထိုင်လိုက်လေသည်။

"မင်း ငါ့ကို တစ်ခုခု ပြောစရာရှိတယ်နဲ့ တူတယ်"

"ဟုတ်ကဲ့ပါ အဘိုး"

"အေး ... မဖိုးမပြောခင် ငါက မင်းကို အရင်ပြောချင်တယ်ကွာ။ မင်း လုပ်နေတဲ့ ခပ်ကြောင်ကြောင်အလုပ်ကို စွန့်လိုက်ပါတော့ ...





အဲဒီအတွက် ဘာမှအကြောင်းထူးလာမှာ မဟုတ်ဘူး။ သူများသားသမီးကိုလည်း ဒီ့ထက်ပိုပြီး ဒုက္ခမပေးချင်နဲ့တော့။ မင်း ကတိပေးထားရင် ပေးထားတဲ့အတိုင်း လုပ်ပေးစရာရှိတာတွေ လုပ်ပေးပြီး သူ့ကို လွှတ်မြောက်ခွင့်ပေးလိုက်တော့"

"အ ... အဘိုး ... ဘာတွေပြော"

"ငါ ဘာတွေ ပြောနေတယ်ဆိုတာ မင်းအနေနဲ့ အရင်ဆုံး နားလည်သဘောပေါက်မှာပါ။ မင်း ဘာတွေလုပ်နေတယ်ဆိုတာ ငါ အားလုံးသိတယ်ဆိုရင် မင်း မအံ့ဩနဲ့တော့။ ဘာဖြစ်လို့လဲဆိုရင် ငါက မင်းအဖေကိုတောင် မွေးထားတဲ့ မင်းအဘိုး ဖြစ်နေလို့ပဲ"

"အဘိုး"

သူက အဘိုးကို ထိတ်လန့်စွာ ခေါ်လိုက်လျှင် အဘိုးက သူ့ကို တည်ငြိမ်ရှုရှုစွာ စိုက်ကြည့်နေသည်။ အဲဒီအကြည့်တွေက သူ့တစ်ကိုယ်လုံးကို ထွင်းဖောက်ပြီး စိုက်ကြည့်နေသော အကြည့်များမို့ သူက မလုံမလဲဖြစ်စွာနှင့် ခေါင်းကိုငုံ့ချလိုက်သည်။

"မင်း နည်းနည်းလေးမှ မစဉ်းစားမိဘူးလား၊ ငါက မင်း ခြေလှမ်းတွေကို ရိပ်မိနေပြီး တမင်မပြောချင်လို့ မပြောတာ ဆိုတာကို"

"မဟုတ်ဘူး အဘိုး"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူးတွေ ဟုတ်တယ်တွေ ပြောမနေပါနဲ့။ မင်း ဘာအကွက်ကိုထွင်ပြီး ဒီလို ပေါက်ကရအလုပ်တွေ လျှောက်အရူးထပြီး လုပ်တယ်ဆိုတာ စဉ်းစားလို့တောင် မရဘူး။ အေးပေါ့လေ နားလည်ပေးနိုင်တာ တစ်ခုရှိတာကတော့ လူဆိုတာ တစ်သက်မှာ တစ်ကြိမ် တစ်ခါလောက်တော့ မိုက်မိုက်မဲမဲ ရူးဖူးကြတယ်တဲ့။ မင်းလည်း အဲဒီလိုပဲ အရူးထတယ်လို့ နားလည်သဘောပေါက်လိုက်ပါ့မယ် ...

မင်းစိတ်ထဲမှာ ဒီကောင်မလေးနဲ့ တွဲပြနေတာနဲ့ ငါက စိုးရိမ်တကြီးတွေလျှောက်ဖြစ်၊ ဟား ... ဒီကောင်မလေးနဲ့ဆိုရင်တော့ မဖြစ်သင့်တာတွေ လျှောက်ဖြစ်ကုန်တော့မယ်လို့ ယူဆပြီး မင်း ရည်းစားနဲ့ စိုးရိမ်တကြီး လက်ထပ်ပေးစားဖို့လုပ်၊ အဲဒီလိုတွေ စီစဉ်ထားဖို့ မျှော်လင့်တယ် မဟုတ်လား ...

အေးပေါ့လေ ... မင်းအတွေးက မင်းဟာနဲ့မင်းတော့ ဟုတ်နေမှာပေါ့၊ ရုတ်တရက်တော့ မင်းအနားမှာ အမြဲနေတဲ့ ကျိမ်းစ်ကိုတောင် လှည့်စားလို့ ရခဲ့သေးတာပဲ။ ငါ့ကိုသာ လှည့်စားလို့ မရတာ ...

ရူးနေတဲ့ လူတစ်ယောက်သာ မှန်နေလို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတာ။ လူကောင်းတစ်ယောက်က စဉ်းစားဆင်ခြင်နိုင်တဲ့ ဦးနှောက်ရှိရင် ဒါဟာ ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလား ဆိုတာ တွေးလို့ရတဲ့ကိစ္စပဲကွ ...





ငါ့နေရာမှာ မင်း ခဏဝင်ပြီး တွေးကြည့်စမ်း။ ငါက မင်းနေရာမှာ ဆိုပါတော့။ ဒီလိုတွေ လုပ်နေမယ်ဆိုရင် ဒါဟာ ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလား၊ မင်း စဉ်းစားမှာပဲ။ ကိုယ့်လူအကြောင်းကို ကောင်းကောင်းသိနေရင် ပိုတောင် စဉ်းစားရဦးမယ် ...

စုံစမ်းသင့်တာကို စုံစမ်းမယ်။ စုံစမ်းရသလောက် တစ်ဖက်လူကလည်း ရိုးရိုးသားသားပဲဆိုရင် ဒါဟာ လှည့်စားမှုတစ်ခုခုလို့ သတ်မှတ်ရုံပေါ့ကွာ။ အကြောင်းရှိလို့လုပ်တဲ့ လှည့်စားမှု တစ်ခုပေါ့ ...

မင်းမှာ အကြောင်းရှိလို့ သက်သက်လုပ်တဲ့ လှည့်စားမှုတစ်ခုလို့ သိလိုက်ရင် ငါ့အတွက် ဘာမှ စိုးရိမ်ပူပင်စရာ မလိုတော့ပါဘူး"

သူ ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေသည်။

"မင်း ဘာလုပ်သင့်တယ်ဆိုတာ သိပြီလား"

"အဘိုး ... ကျွန်တော့်ချစ်သူ အဲဇီ အခု ရန်ကုန်ကို ရောက်နေပါတယ်။ အဘိုးနဲ့ သူနဲ့ကို ပေးတွေ့ချင်ပါတယ်"

"ဘာအတွက် ပေးတွေ့ချင်တာလဲ"

"ဟို ... သူနဲ့ ကျွန်တော်နဲ့ လက်ထပ်ဖို့ကိစ္စပါ"

"လက်ထပ်ပြီးရင် မင်း မိန်းကလေးက ဒီအိမ်မှာ လိုက်နေမှာလား။ မြန်မာနိုင်ငံမှာ နေမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ..."

သူ ထစ်အ,နေတာကို ကြည့်ပြီး အဘိုးက မဲ့ပြုံး တစ်ချက်ပြုံးသည်။

"မင်းနဲ့ အဲဒီမိန်းကလေးကို လက်ထပ်ဖို့ ငါ မကန့်ကွက်ဘူး။ ဒါပေမဲ့ အဲဒီလို လက်ထပ်ပွဲ ဆင်နွှဲနိုင်ဖို့ရာ သူသည် ဒီနိုင်ငံမှာ မင်းနဲ့အတူ နေထိုင်နိုင်မယ့် မိန်းကလေးဖြစ်ရမယ် ...

သျှောင်နောက်ကိုပဲ ဆံထုံးပါရမယ်။ ဒါဆိုရင်ပြီးပြီ။ ကျန်တာ ဘာမှမလိုဘူး။ လမ်းဘေးက သူဆင်းရဲမကို ကောက်ယူလည်းပဲ ပြဿနာမရှိဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီ ဆင်းရဲသူမဟာလည်း ဒီအိမ်ကြီးပေါ်ရောက်လာရင် ရွှေပင့်နားတော့ ရွှေကျေး ဖြစ်မှာမို့လို့ပဲ ...

ငါတို့အတွက်က သူဌေးသမီး သူဌေးမ ဘာတစ်ခုမှ ဖြစ်ဖို့မလိုပါဘူး။ တို့အရိပ်အောက်ကို ဝင်လာတယ် ဆိုကတည်းက ဒီမိန်းကလေးရဲ့ ဘုန်းကံဟာ မြင့်မားလို့ဖြစ်မှာပါ။ ဒါကြောင့် မင်းမိန်းကလေးကို သေချာဆွေးနွေးပါ ...

သူ မင်းနဲ့လက်ထပ်ပြီးရင် ဒီမှာပဲ နေနိုင်မလား။ နေနိုင်တယ်ဆိုရင် ပြီးပြီ။ သူ့မိဘတွေ သဘောမတူလည်းပဲ ပြဿနာမရှိဘူး။ သူ့အသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီပဲ။ သူ့ဘဝကို သူ့စိတ်ကြိုက် ရွေးချယ်ဖန်တီးနိုင်ခွင့်ရှိတယ်။ အေး ... ဒါသည် သူ့တစ်ယောက်တည်းအတွက် ပြောတာ





မဟုတ်ဘူးနော်။ မင်းလည်းပဲ သူ့နောက်ကို လိုက်သွားချင်တယ်ဆိုရင် ငါ တားမှာမဟုတ်ဘူး။ မင်းဘဝကို မင်းစိတ်ကြိုက် ဆုံးဖြတ်ခွင့်ရှိတယ် ...

ဒါပေမဲ့ မင်းကိုတော့ ငါ့မြေးတစ်ယောက်အဖြစ် လုံးဝအသိအမှတ်ပြုတော့မှာ မဟုတ်ဘူး ...

ဒါ ငါ့ရဲ့အပြတ်သားဆုံး စကားပဲ။ ပြီးတော့ မင်းရဲ့ အိမ်ထောင်ရေး အချစ်ရေးကိစ္စအတွက် ငါ့ရဲ့စကားအကုန်ပဲ။ ဒီတော့ အဲဒီကိစ္စတွေနဲ့ ပတ်သက်ပြီး မင်းနဲ့ငါ ဘာမှ ဆက်ပြောစရာ အကြောင်းမရှိတော့ဘူး ...

ကဲ ... မင်း ဘာပြောချင်သေးလဲ"

"ဘာမှမပြောချင်တော့ပါဘူး အဘိုး"

"ဟုတ်ပြီ၊ အဲဒါဆို ငါ နားတော့မယ်"

သူက အဘိုးကို မတ်တတ်ထရပ်လိုက်ပြီးနောက် ခေါင်းတစ်ချက်ညွှတ် အရိုအသေပေးကာ ထွက်လာခဲ့သည်။ အခန်းအပြင်ဘက်ဝမှာ အန်ကယ်ဂျိမ်းက ဆီးကြိုနေသည်။

"စိတ်မကောင်းပါဘူး ဘော့စ်"

"မလိုပါဘူးဗျာ"

"အကြီးအကဲဘက်ကတော့ စကားကုန်သွားပြီ။ ဘော့စ်ဘက်ကပဲ စဉ်းစားဆုံးဖြတ်ဖို့ ကျန်တော့တယ်။ အကြီးအကဲက ဘော့စ်ကို ချောင်ပိတ်မထားပါဘူး။ ဘော့စ်ကိုယ်တိုင်လည်း ရွေးချယ်ခွင့် ရှိတယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတော့ ဘော့စ်ရဲ့စဉ်းစားဆုံးဖြတ်ချက် မှန်ကန်ပါစေလို့ ဆုတောင်းပါတယ်။ နောက်ထပ် ဆယ်နှစ်လောက်အကြာမှာ နောင်တရနေမယ့် အဖြစ်မျိုး ရှိနိုင်လား ဆိုတာလည်း ဘော့စ်ထည့်သွင်း စဉ်းစားရမယ့် အချက်ပဲဖြစ်တယ် ...

အိုခေ ... ဘော့စ် နားလိုက်တော့လေ"

နားကို မနားချင်တော့။ ဖြစ်နိုင်ရင် သေပစ်လိုက်ချင်သည်။ အဘိုးက သူ့ကို ရွေးချယ်ခွင့်တွေ ပေးထားတယ်ဆိုတာလည်း တကယ်တော့ ချောင်ပိတ်ထားတာဖြစ်သည်။ အဲဏီရဲ့မိဘတွေကလည်း ချောင်ပိတ်ထားကြသည်။ အားလုံးက သူ့ကို ချောင်ပိတ်ထားကြသောအခါ သူ့အတွက် ရွေးစရာလမ်းက မရှိတော့ဘူးဟု ထင်ပါသည်။

○ ❦ ○





## ၂၄

"ဒါဆို မောင်က ဒီမှာပဲ နေတော့မယ်ပေါ့၊ အဲဒီလိုလား"

သူ့ကိုမေးလာသော အဲဏီရဲ့အသံက တုန်ဟိုက်နေသည်။ သူက အဝေးသို့ ငေးကြည့်ရင်းမှ ခေါင်းတစ်ချက်ကို မသက်မသာ ညိတ်ပြလိုက်ကာ ...

"ဟုတ်တယ် အဲဏီ၊ ကိုယ့်အတွက် ရွေးစရာလမ်း မရှိပါဘူး"

"ဟင် ... ဒါဆို ဘာလဲ။ အဲဏီတို့က ဒီအတိုင်းပဲ ဝေးနေကြတော့မယ်ဆိုတဲ့ အဓိပ္ပာယ်လား"

"အဲဒီစကားကို ကိုယ် မပြောချင်ဘူး အဲဏီ။ ကိုယ်တို့ဖြစ်နေတဲ့ပုံစံက အရှေ့နဲ့အနောက်ကို တန်းတန်းလျှောက်နေကြတာလေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဏီကလည်း ကိုယ့်ဘက်ကို လိုက်မလာနိုင်ဘူး မဟုတ်လား။ နည်းနည်းလောက် စွန့်စားလိုက်တာနဲ့ အခြေအနေက တစ်မျိုးပြောင်းချင် ပြောင်းသွားမှာပဲလေ။ အဲဏီ မစွန့်စားရဲဘူးလား"

"ဟင် ... အဲဏီကိုကျတော့ စွန့်စားခိုင်းတယ်။ မောင့်ကျတော့ မစွန့်စားတော့ဘူးလား"

"အဲဏီ ... ကိုယ့်အဘိုးမှာက ကိုယ်တစ်ယောက်တည်းပဲ ရှိတော့တာပါ။ ကိုယ့်အဘိုးရဲ့ကျေးဇူးတွေက ကိုယ့်အပေါ်မှာ အများကြီးပဲ ရှိပါတယ်။ အဲဒီကျေးဇူးကို ခုထိ ကိုယ် ဘာတစ်ခုမှ မတုံ့ပြန်ရသေးဘူး"

"အဲဒီလို ပြောစတမ်းဆိုရင် အဲဏီရဲ့မိဘတွေကရော အဲဏီ အပေါ်မှာ ကျေးဇူးမရှိလို့လား"

"ဟုတ်ပါတယ်၊ ရှိပါတယ်။ ကိုယ် အဲဒီလိုတွေ ဘာမှ မပြောချင်ဘူး၊ လူကြီးတွေကို ထိလည်း မထိခိုက်ချင်ဘူး_

အဲဒီတော့ အဲဏီ ဆုံးဖြတ်ဖို့ပဲ လိုတယ်။ အဲဏီရဲ့ ဆုံးဖြတ်ချက်ကိုပဲ ကိုယ် လိုက်နာဖို့ အဆင်သင့်ပဲ"

"ဘာလိုက်နာရမှာလဲ။ ရှင့်ကို အခု စလုံးပြန်လိုက်ခဲ့လို့ ခေါ်ရင် ရှင် လိုက်နာမှာမို့လို့လား"

"အဲဏီ ... ဒီအချိန်က ကိုယ်တို့ ရန်ဖြစ်နေရမယ့်အချိန် မဟုတ်တော့ပါဘူး၊ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချရတော့မယ့် အချိန်ပါ"





"ကောင်းပြီလေ၊ ကျွန်မကတော့ သန်ဘက်ခါပဲ လေယာဉ်လက်မှတ် မှာတော့မယ်၊ အဲဒါ ဆုံးဖြတ်ချက်ပဲ ...

သန်ဘက်ခါအထိ ရှင် စဉ်းစားဆုံးဖြတ်ပေါ့။ သေချာတာတစ်ခုကတော့ နောက်ထပ် ရန်ကုန်ကို လာတော့မှာ မဟုတ်ဘူး ဆိုတာပဲ။ ကဲ ... ဘိုင့်ဘိုင်"

အဲဏီက သူ့ကို အရင်စတင်ပြီး နှုတ်ဆက်ထွက်ခွာသွားသည်။ သူ့ရင်ထဲမှာ တအားကိုပဲ မွန်းကျပ်ရှုပ်ထွေးနေသည်။ အသက်ရှူမဝတော့သလို ဖြစ်နေသော ခံစားမှုများကို လွတ်မြောက်စေသော နည်းလမ်းများက ဘယ်မှာပါလဲ။ အချစ်ဆိုသော ခံစားမှုတစ်ခုရဲ့ နောက်ဆက်တွဲရလဒ်များက ဒီလောက်ထိပဲ ဆိုးရွားသလား။ သူ့ဘက်က ကြည့်တော့လည်း သူ မှန်တယ်ဟု ထင်သည်။ အဲဏီဘက်က ကြည့်တော့ရော ...။

အင်းလေ ... သူမလည်း မှန်နေမှာပါပဲ။ သူမရဲ့ဆန္ဒကိုက ဒီနိုင်ငံမှာ မနေလိုခြင်းဖြစ်သည်။ အဲဏီကိုယ်တိုင်ကလည်း မြန်မာနိုင်ငံမှာ အခြေချဖို့ လုံးဝစိတ်မကူးခဲ့ပေ။ မြန်မာနိုင်ငံသားတစ်ယောက် ဖြစ်ပေမယ့် သူမတို့မိသားစုက ဒီမှာနေလိုခြင်း မရှိကြပါ။ သူကရော ... ? ... ? ။

သူ့ကိုယ်သူ ပြန်လည်မေးခွန်းထုတ်မိတော့လည်း သူက နိုင်ငံခြားသို့ ပြန်လိုခြင်း မရှိတော့။ သူ ဒီမှာပဲ နေလိုသည်။ ဒီနိုင်ငံ ဒီရေမြေရဲ့ အငွေ့အသက်နှင့် ဓလေ့စရိုက်တွေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သည်။ ပြီးတော့ သူ စတင်တည်ထောင်ထားသော ခရီးသွားလုပ်ငန်းအတွက် စိတ်ကူးများ အကြံအစည်များ၊ သူ့ရဲ့ဇာတိရပ်အစစ်အမှန်ဟာ ဒီမှာပဲရှိပါသည်။

ဒါကြောင့် ...။

○ ❦ ○





အိတုံ ဟူသော အစားအသောက် ခပ်မက်မက် ကောင်မလေးကို သူ စတင်သတိရမိသော အချိန်သည် အဲဇာ ပြန်သွားပြီး နောက်တစ်ရက်မှာ ဖြစ်ပါသည်။ အခု အဲဇာ ပြန်သွားတဲ့ အချိန်အထိဖြစ်သည်။ ကြားထဲမှာ သူကလည်း ဖုန်းမဆက်မိသလို သူမကလည်း ဖုန်းမဆက်လာခဲ့ချေ။ သူ စိတ်ရှုပ်နေမှန်းသိ၍ အလိုက်တသိနဲ့ တမင်မဆက်တာဟု ထင်ခဲ့သော သူသည် သူမရဲ့ဖုန်းကို ဆက်လိုက်တော့မှပဲ ဖုန်းပိတ်ထားသော လူကြီးမင်းနဲ့တိုးတော့သည်။

ဘယ်အချိန်ပဲဆက်ဆက် စက်ပိတ်ထားသဖြင့် သူက သူမရှိနေမည့် ကွန်ဒိုသို့ လိုက်သွားခဲ့သည်။ သူလည်းရောက်ရော လုံခြုံရေးအစောင့် ဦးလေးကြီးက သူ့ဆီသို့ လျှောက်လာကာ ...

"လူလေးက ထည့်ဝါခန့် ဆိုတာလား"

"ဟုတ်ပါတယ်"

"ဪ ... ဒါဆိုရင် ဒီကွန်ဒိုရဲ့ ရုံးခန်းထဲကို ခဏလောက် လိုက်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဘာဖြစ်လို့လဲ"

"ဒီကွန်ဒိုမှာနေတဲ့ အိတ့်တို့က ဒီမှာ မရှိတော့ဘူးလေ၊ အဲဒါ အခန်းကို ကွန်ဒိုရဲ့ရုံးခန်းမှာ ပြန်အပ်ထားခဲ့တယ်။ နောက် ဖုန်းတစ်လုံးလည်း အပ်ထားခဲ့တယ်လို့ ပြောတယ်။ အဲဒီပစ္စည်းတွေကို ရုံးခန်းမှာ လိုက်ယူပေးပါ"

"သူတို့က ဘယ်တုန်းက အပ်သွားတာလဲ"

"လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပါ"

သူက သက်ပြင်းချလိုက်သည်။ လွန်ခဲ့တဲ့ တစ်ပတ်ဆိုတော့ အဲဒီ ရောက်လာသည့်နေ့လောက်ကပဲ ဖြစ်လိမ့်မည်။

"အဲဒါ ... လူလေး ..."

"ရတယ် အဘ၊ ကျွန်တော် နောက်မှပဲ တစ်ယောက်ကို လွှတ်လိုက်ပါတော့မယ်။ ခွင့်ပြုပါဦး"

"ကောင်းပါပြီ လူလေး"

သူက ဆယ်ထပ်က အခန်းကို တစ်ချက်မော့်ကြည့်ကာ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ ဘာကြောင့်မှန်း မသိဘဲ ရင်ထဲမှာ တစ်မျိုးဖြစ်နေခဲ့သည်။ နားလည်း မလည်နိုင်ခဲ့။ မိန်းမတွေဟာ သူ့အနားကနေ၍ ဘာကြောင့်များ အဝေးကို ထွက်ခွာပြေးနေကြသလဲတော့ မပြောတတ်တော့ပါ။

သူကလည်း မနေသူတွေကို ဆွဲမထားချင်တော့ပေ။

○❦○






# တစ်နှစ်ခန့် ကြာသောအခါ...

www.burmeseclassic.com

www.burmeseclassic.com







၈

## ၂၁

ဆိုင်ရှေ့သို့ရောက်၍ စက်ဘီးကို ဒေါက်ထောက်ဦးမည် မကြံသေး။ မမြစိမ်းက အိတုံကို ဟင်းထုပ်တွေ မြှောက်ပြကာ ...

"အိတုံရေ ... မောတယ် ပန်းတယ် သဘောမှာမထားပဲနဲ့ Asia Tiger ကို ပြေးပါဦးဟယ်။ ခုလေးတင် အော်ဒါ ရောက်လာတာ"

အိတုံက ဘာမှမပြောဘဲ မကျေနပ်ကြောင်းကို ပြသည့်အနေဖြင့် သောက်ရေတစ်ခွက် ခပ်သောက်ပြီးနောက် ခွက်ကို အသံမြည်အောင် ဆောင့်ချလိုက်သည်။ ဒါကို ကြားသွားသော အမေက ...

"ဟဲ့ ... ဆောင့်အောင့်ချမနေနဲ့။ နင့်ကို အလကားခိုင်းတာ မဟုတ်ဘူး။ လခပေးပြီး ခိုင်းထားတာ ... [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"လခပေးတာလည်း ပေးတာပေါ့။ ဒါပေမဲ့ အမေ့လခက ဖြင့်"

"အပိုတွေ ပြောမနေနဲ့၊ သွား ... သွား။ ဟိုက အမြန်လို မှာထားတာ"

"မြန်ချင်ရင် မနေ့တည်းက မှာထားကြဖို့။ တကယ်ပဲ။ စိတ်ကုန်တယ်"

အိတုံက အမေ့ရဲ့ ပွစိ ပွစိသံတွေ ထွက်မလာခင် ဟင်းထုပ်တွေကို ဆွဲပြီးနောက် စက်ဘီးပေါ် တက်နင်းကာ ထွက်လာခဲ့သည်။ အခုတော့ အိတုံရဲ့ဘဝသည် ဒုံရင်း ဒုံရင်းပဲ ပြန်ဖြစ်သွားခဲ့သည်။ တစ်ခု ပြောစရာရှိတာကတော့ အလုပြင်သင်တန်း တက်ဖို့ရာအတွက် ပါဆယ်ပို့ဝန်ထမ်းအနေဖြင့် အမေ့ထံမှာ လခရယ်လို့ တောင်းခံတော့တာပဲဖြစ်သည်။ တကယ်ဆို အိတုံတို့ ဟိုကွန်ဒိုအခန်းက ထွက်မလာလည်းပဲ ဘာမှမဖြစ်ပါ။ ဘယ်သူကမှ အိတုံကို နှင်ချမှာလည်း မဟုတ်။ ဒါပေမဲ့ ဘာကိုမှ မက်မောချင်စိတ် မရှိတော့သည့် အိတုံသည် ဖုန်းကအစ အားလုံးကို ရုံးခန်းမှာ ပြန်အပ်ပစ်ခဲ့ပြီး အိမ်ပြန်လာခဲ့တာဖြစ်သည်။

ဟုတ်သည်လေ။ အဲဒါသည်သာ အိတုံရဲ့လက်ကျန် မာနလေးပဲ ဖြစ်တော့သည်။ သူ့ဟာသူ အဆင်ပြေသွားတော့မည် ဖြစ်သော လူနှစ်ယောက်အတွက် အိတုံက ဘာမှလိုအပ်တော့တဲ့ သူမှ မဟုတ်တာ။ ပြီးတော့ ကိုယ့်ကို ရင့်ရင့်သီးသီး ပြောတော့





မည့် စကားတွေကိုလည်း အိတုံက နားမထောင်ချင်တော့။ အချစ်ဆိုတာ ဘာမှန်းမသိလိုက်ရဘဲ ဘယ်ဟာက အချစ်လို့ မယ်မယ်ရရ သတ်မှတ်ရကောင်းမှန်း မသိလိုက်သော်လည်း အိတုံ ရင်ထဲမှာတော့ အချစ်အတွက် နာကျင်နေခဲ့ပြီဖြစ်သည်။

ဒါပေမဲ့လည်း ဘဝသမားတွေဖြစ်သော အိတုံတို့ဘဝမှာ အဲဒါကြီးကို ထိုင်ဆွေးနေဖို့ အချိန်မရှိပါ။ ရှိတဲ့ခွန်အားလေးနဲ့ပဲ ဘဝသမုဒ္ဒရာပြင်ကျယ်ကြီးကို ဖြတ်ကျော်ရမှာဖြစ်သည်။ တစ်ခါတလေမှာတော့ ဆင်ဖြူတော်မှီပြီး ကြံစုပ်ခဲ့ရသည့် အခိုက်အတန့်ကာလလေးကို သတိရမိသားပင်။ ဘုဘောက်တွေကြားထဲကပဲ ရင်းနှီးနှောင်ဖွဲ့ခဲ့သော သံယောဇဉ်တွေ အကြောင်းကိုလည်း သတိရမိသား။

သို့သော် ဘယ်လိုမှ ဆုံစည်းနိုင်စရာအကြောင်း မရှိသည့် လူတစ်ယောက်ကို အဝေးကပဲ တမ်းတရင်းနဲ့ အိတုံသည် အယ် ... အယ် ... ဘုရားရေ ... သေပါပြီ။

ဘယ်လောက်တောင်များ အတွေးထဲမှာ နစ်မြောသွားသလဲတော့ မသိချေ။ အိတုံသည် စက်ဘီးကိုအကွေ့မှာ တစ်ဖက်ကလာသောကားကို ရုတ်တရက် မမြင်ဘဲ အနီးရောက်မှမြင်ကာ လက်ကိုင်ကို ဆွဲကွေ့လိုက်သော် စက်ဘီးက လမ်းဘေးမြက်တောထဲသို့ ထိုးကျသွားတော့သည်။ အိတုံမှာ မြက်ဖုတ်ထဲ၌ ဖင်ထောင်လျက်သား။ ဟပ်ထိုးပစ်ကျသည်မို့ ထော်ထော်နှင့် မထနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အီး ... အဲ အော်နေသော အိတုံရဲ့နံဘေးသို့ အသံတစ်ခုက ကျရောက်လို့လာသည်။

"မင်းက ခုထိကို ပျာယာခတ်တုန်းပဲကိုး"

အင်မတန် ရင်းနှီးလှသော ဒီအသံကို အိတုံက ကြားကြားချင်း ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် လုံးဝမျှော်လင့်မထားသော မျက်နှာတစ်ခုက အိတုံကို မခိုးမခန့် ပြုံးစိုက်ပြီး ကြည့်နေသည်။

"ဟင် ... ရှင် ... ရှင်"

"အင်း ... ဟုတ်ပါတယ်၊ မင်းရဲ့ မိတ်ဆွေဟောင်းကြီးပါပဲ"

မတွေ့ရတာ တစ်နှစ်လောက် ရှိပေမယ့် သူက ဘာမှပြောင်းလဲမသွားချေ။ အရင်လို ကြည့်ကောင်းနေတုန်းပဲ အချစ်ရယ် ဟူသော ထွန်းအိန္ဒြာဗိုရဲ့ သီချင်းတစ်ပိုင်းတစ်စကို ဖျတ်ခနဲ သတိရသွားမိသည်။

"မင်းကြည့်ရတာ အစားကောင်းကောင်း မစားရဘူးနဲ့တူတယ်၊ ပိန်သွားသလိုပဲ"

"အင်း ... ဟုတ်မှာပါ"

အိတုံက ဝမ်းနည်းစွာ ပြောပြီးနောက် လဲနေရာမှ မတ်တတ်ထရပ်ကာ စက်ဘီးကို ထောင်မတ်မိသည်။ အိတုံရဲ့ ဟင်းထုပ်တွေကတော့ မြောင်းထဲသို့ ရောက်သွားရှာပြီ။





"မင်း ဟင်းထုပ်တွေ သွားကုန်ပြီနဲ့တူတယ်။ ငါ အလျော်ပေးပါ့မယ်"

"မလိုပါဘူး ရပါတယ်။ ကျွန်မ သွားတော့မယ်"

အိတုံက စက်ဘီးကိုတွန်းကာ လှည့်ထွက်ဖို့ပြင်လျှင် သူက ရှေ့မှကာပြီး ပိတ်ရပ်ထားလိုက်ကာ ...

"အိတုံ"

အိတုံက သူ့ကိုမော့်ကြည့်လိုက်လျှင် သူက အိတုံကို အဓိပ္ပာယ်တစ်မျိုး ပါဝင်သော နက်နက်ရှိုင်းရှိုင်း အကြည့်မျိုးဖြင့် ကြည့်နေသည်။

"မင်းကို ဘယ်သူကမှ နှင်မထုတ်ဘဲနဲ့ ဘာဖြစ်လို့ ထွက်သွားရတာလဲ"

"ဒါက မပြောလည်း သိနေရမယ့် ကိစ္စပါ"

"ကျွတ် ... မင်းက ထင်တာတွေ လျှောက်လုပ်တာကိုး။ ကောင်းပြီလေ၊ မင်းကို ငါ တစ်ခုပြောမယ်။ ငါ့အနားမှာ ငါ့စိတ်ကို ပျော်ရွှင်အောင် ဖန်တီးပေးနိုင်မယ့် လူတစ်ယောက် လိုအပ်နေတယ် အိတုံ။ အဲဒီလူကို ငှားချင်တယ် ... ဘယ်လိုလဲ၊ အဲဒါ မင်း လုပ်နိုင်မလား"

အဲဒီစကားသည် အိတုံရဲ့နားထဲမှာ မိုးကြိုးပစ်သလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ရှင့်ကို ပျော်ရွှင်အောင် ဖန်တီးပေးရမယ်၊ ဟုတ်လား"

"ဟုတ်တယ်။ မင်း လုပ်နိုင်မလား"

ဘုရား... ဘုရား ... အိတုံ နားကြားများ လွဲသလား။ ဒါမှမဟုတ် အိပ်မက် မက်နေတာလား။ ဘာပြောရမှန်းမသိ ဖြစ်နေသော အိတုံရဲ့ ကယောင်ချောက်ချားပုံစံကို သူက နားလည်သဘောပေါက်ဟန်ဖြင့် တစ်ချက်ပြုံးကြည့်ကာ ...

"မင်း အိပ်မက်၊ မက်နေတာ မဟုတ်ပါဘူး။ နားကြားလည်း မလွဲဘူး။ ငါ တကယ်ပြောနေတာ ...

ငါ့မှာ အလုပ်တွေ အများကြီး လုပ်ရတယ်။ Stress တွေရှိတယ်၊ ပင်ပန်းတာတွေ ရှိတယ်။ ဒီတစ်နှစ်အတွင်းမှာ ငါ့ရဲ့ပင်ပန်းနွမ်းနယ်မှုတွေကို တခြားအရာတော်တော်များများနဲ့ ပြေပျောက်အောင် ကုသကြည့်တယ်။ ဆောရီးပဲ မပြေပျောက်ဘူး ဖြစ်နေတယ် ...

ငါ သတိရနေတာ မင်းရဲ့ ဗရုတ်သုတ်ခပုံစံပဲ။ ပေါက်ကရ လုပ်ပြတတ်တဲ့ မင်းရဲ့ဂျိုကာပုံစံကိုပဲ မြင်ယောင်နေမိတာ။ ငါ့အနားမှာ သူယောင်မယ် တစ်ယောက်လို ပုံစံအမျိုးမျိုးနဲ့ နေထိုင်ပြနေတာကိုပဲ ငါ မြင်ချင်မိတော့တယ်ကွာ ...

ဘယ်လိုလဲ"





အိတုံသည် ဘာမှကို ပြန်မပြောနိုင်။ ဒီလိုစကားမျိုးတွေကို ကြားဖို့ သေသည့်အထိတိုင်အောင် မမျှော်လင့်မိခဲ့ပါ။ ဒီလိုလူတစ်ယောက်က ကိုယ့်ကို ဒီစကားမျိုးတွေက လာပြောနေပြီဆိုတာတောင် သေသင့်နေခဲ့ပြီ။ ဒါဟာ တကယ် အစစ်အမှန်ဆိုရင် အိတုံ ရူးသွားလို့ ရပါပြီ။

"အိတုံ"

"ကျွန် ... ကျွန်မလေ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"မင်းကို ငါ ကြိုက်တာ အဲဒီစိတ်ဓာတ်မျိုးတွေပေါ့။ လူတစ်ယောက်ဟာ သူ့ဘဝတစ်သက်တာမှာ ကံအကောင်းဆုံး အချိန်တစ်ခုကိုတော့ ပိုင်ဆိုင်ရတတ်တယ်တဲ့ ...

ဒီအချိန်ဟာ မင်းရဲ့ ကံအကောင်းဆုံး အချိန်လို့ မှတ်ယူလိုက်တော့ ... အိုခေ"

သူက လက်သန်းလေးတစ်ဖက်ကို ထောင်ပေးသည်။ ပုံမှန်အားဖြင့်ဆိုရင်တော့ အိတုံက အဲဒီလက်သန်းလေးကို ဆွဲယူချိတ်ဆက်ရမှာ ဖြစ်ပေမယ့် ဝမ်းသာလွန်းသော အိတုံသည် အဲဒီလက်သန်းလေးကို အားကိုးတကြီးပဲ ဆုပ်ကိုင်မိသွားတော့သည်။ တလှပ်လှပ်ခုန်လာသော ရင်အစုံကြောင့် မျက်လုံးများကို မှေးမှိတ်ထားမိလျှင် တိမ်တွေပေါ်သို့ ရောက်သွားသလို ခံစားသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါအတွက်လည်း အိတုံရဲ့ခံစားချက်ပြည့်နေသော မျက်နှာက ကျေနပ်စရာ ကောင်းနေခဲ့ပြီ။ နားလည်မှုဆိုတာ အဲဒါပဲ။ နားလည်နေသော တစ်နည်းအားဖြင့် ပါးစပ်က ပြောစရာ မလိုသော ခံစားချက်များက စကားလုံးတွေထက် အများကြီး တန်ဖိုးမြင့်နေမှာတော့ သေချာသလောက်ပဲ ရှိလေသည်။

ကဲ ... သူမကို ကျွန်တော်က တိမ်တွေပေါ် ဆွဲတင်လိုက်ပြီဗျာ။

ချစ်ခင်လေးစားစွာဖြင့်

ဆုမြတ်မွန်မွန်
1:30 (A:M)
10-9-2010

BURMESE CLASSIC .com

www.burmeseclassic.com